

www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

သိင်္ဂါပါလ သံယောဇဉ်

## ဆက်လက်ထွက်မည့် စာအုပ်များ

(၃၂) နဝင်္ဂရွှေစင်

(၃၃) မိုးမခ ဝက်ဘာ

(၃၄) ဂမုန်းနက် ရန်စွယ်

(၃၅) မနူဇီဝရှာပုံတော်

(၃၆) ကြယ်နဂါးနဲ့ ရွှေသားလိုဏ်ဂူ

(၃၇) ဝက်နွှဒေဝီ

(၃၈) မဟူရာရန်စွယ်

(၃၉) ဇီဝစိုး ကျိန်စာ

(၄၀) ပါးကွက်ရန်စွယ်နှင့် ဂမ္ဘီရဆန်းကြယ် ဝတ္ထုများ

(၄၁) ပုလဲဝိညာဉ်နှင့်ကံကြမ္မာကလဲ့စား

(၄၂) သလင်းကျောက်နန်းတော် . . . ၊

(၄၃) မြနှင်းဖြူ မြသင်းကြူ မြဝင်းသူ

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## ကြိုစကား

### ပါဝင်သော အခန်းများ

(၁) ကံကြမ္မာဆိုးအတွင်းသို့ ဆင်းလာသူနှစ်ဦး၊
(၂) အသက်ခြွေသော မုန်တိုင်းအန္တရာယ်၊
(၃) ဥပဒ်ဒဏ်ကြောင့် ရောက်ရသည့်ဒုက္ခ၊
အခန်း (၄) အမှောင်တွင်းမှ ထူးဆန်းသော သတ္တဝါများ၊
အခန်း (၅) မှော်ဝင် မီးခိုးငွေ့များနှင့် ကယ်တင်ရှင်၊
အခန်း (၆) ရွှေကြောသိုက်စောင့်သတ္တဝါများ၊
အခန်း (၇) ကျွန်းပေါ်မှ ကယ်တင်ရှင်၊ →
အခန်း (၈) စောမာလာနှင့် ကရုဏာတရား၊
အခန်း (၉) ကဝေမယ်တော်၏ သေတွင်းထောင်ချောက်၊
အခန်း (၁၀) ခါချဉ်များကို အစာကျွေးရခြင်း၊
အခန်း (၁၁) တောနက်ထဲမှ လူသတ်ပွဲ၊
အခန်း (၁၂) ဖန်တီလူရိုင်းများနှင့် တိုက်ခိုက်ရခြင်း၊
အခန်း (၁၃) အချစ်ဖြင့် ဖွဲ့နှောင်သည့် သောက၊
အခန်း (၁၄) ကျားမာန်စွယ်၊ လူ့ရန်စွယ်၊
အခန်း (၁၅) နက္ခတ်ဆရာကြီး သူရဇ္ဇဆိုတာ ဘယ်သူလဲ၊
အခန်း (၁၆) နက္ခတ်ဆရာနှင့် ကဝေမယ်တော်တို့နောက်ဆုံး ပညာပြိုင်ခြင်း၊
အခန်း (၁၇) နောက်ဆုံးတိုက်ပွဲနှင့် နှုတ်ဆက်ခြင်း။



## သိင်္ဂါပါလ သံယောဇဉ်

### ဒိဿနလက်ဆောင်

ဦးနှောက်ဆိုတာ သစ်ပင်တစ်ပင်လိုပဲ၊ သူ့ရဲ့အသီးအပွင့်တွေကို ခူးဆွတ်အသုံးပြုပြီးရင် သူ့အတွက် ရေနဲ့မြေဩဇာကျွေးဖို့တော့လိုတယ်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အရာရာတိုင်းမှာ ထူးချွန်အောင် လုပ်နိုင်သူတို့ရဲ့ တွေ့တ်ထိုး စိတ်ဟာ မကောင်းတာဖြစ်ပေမယ့် လုပ်မယ်ဆိုရင် ဖြစ်အောင်လုပ်တတ်ကြတယ်။





နေပူကြောက်တဲ့သူဟာ အပူထဲမှာ ပိုပြီး လျှောက်ရလေ့ရှိတယ်၊



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အရိပ်လိုချင်ရင် သစ်ပင်စိုက်ရတယ်။ ချမ်းသာခြင်းကို လိုချင်ရင် ကြိုးစားမှု မရှိဘဲ ဘယ်တော့မှ မရဘူး။

❖ ❖ ❖



BURMESE CLASSIC .com



ပန်းတိုင်ကိုသွားဖို့ ရည်ရွယ်ပြီး စ,လှမ်းတဲ့ ခြေလှမ်းဟာ အရေးကြီးသလို အဆုံးသတ် ခြေတစ်လှမ်းလည်း အရေးကြီးတာပဲ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ဘဝကို အောက်ခြေကစပြီး တက်လာတဲ့ သူ့ရဲ့ အောင်မြင်ခြင်းဟာ နိုင်မြဲကြပေမယ့် အမြင့်ကို ရောက်ပြီးမှ ခိုင်မြဲအောင် လုပ်ရသူတွေအတွက်တော့ လေထဲက စွန်တစ်ကောင်လို မငြိမ်မသက် ဖြစ်လေ့ရှိတယ်။

❖ ❖ ❖





လူငယ်တစ်ယောက်ရဲ့ ရွေးချယ်မှုဟာ သူ့ဘဝအတွက် အရေးကြီး ဆုံးပဲ၊ မှန်ရင်စံရပြီး၊ မှားရင်ခံရမှာပဲ၊ ဒါကြောင့် အတ္တနဲ့ ရွေးချယ်မှုထက်၊ ဦးနှောက်နဲ့ ရွေးချယ်တတ်ဖို့ လိုတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ထီးဆိုတာ အရိပ်တစ်ခုဖြစ်ပေမယ့် လက်က အမြဲကိုင်မထားနိုင်ဘူး၊ ကိုယ်ပိုင်အရိပ်ရှိမှ ဘဝမှာ အေးချမ်းမှုရမယ်။

❖ ❖ ❖





အောင်မြင်ကျော်ကြားခြင်းကို ဘယ်သူမဆို ရနိုင်ပေမယ့် ရအောင် လုပ်နိုင်သူတော့နည်းတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ရေထဲမှာနေတဲ့ ငါးတစ်ကောင်အတွက် လေမရှိရင် ဖြစ်ပေမယ့် လေထဲမှာနေတဲ့ ငှက်တစ်ကောင်အတွက်တော့ ရေမရှိရင် မဖြစ်ဘူး။

❖ ❖ ❖





(အခန်း ၁)

## ကြမ္မာဆိုးအတွင်းသို့ ဆင်းလာသူ နှစ်ဦး

BURMESE CLASSIC .com

လောကတွင် ကံတူအကျိုးပေးဟူသော စကားမှာ အံ့သြဖွယ် ကောင်းလောက်အောင် ထူးဆန်းတိုက်ဆိုင်မှုများ ရှိတတ်ပေသည်။

မိုးအကုန် ဆောင်းအကူး ရာသီပင်ဖြစ်လင့်ကစား ဘပွလီပင်လယ် ပြင်ပေါ်တွင် ရာသီဥတုက ထူးထူးခြားခြား ပြောင်းလဲလာသည်ကို ဂါးဖောင်ပေါ်မှ ပင်လယ် အတွေ့အကြုံ ရင့်လှပြီဖြစ်သော ပင်လယ်လုပ်သားကြီး ဦးမွန်ထော်နှင့် နီမောင်တို့က သတိပြုမိသော်လည်း သူတို့အခြေအနေက မည်သို့မှ မတတ်သာသော အခြေအနေမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂါးဖောင်ဆိုတာပင်လယ်ထဲမှာ မျှင်ပုစွန်ထောင်သော ကိရိယာတစ် မျိုးဖြစ်သလို၊ ရေပေါ်မှာ ဆောက်ထားသော အိမ်များဆိုကလည်း မမှားပေ။

ဝါးဘိုးဝါးများကို ဖောင်အဖြစ်တွဲထားပြီး အလယ်တွင် တဲအိမ်တစ်လုံး ဆောက်ထားကာ ဘေးတစ်ဖက်တစ်ချက်တွင် မျှင်ပိုက်များရှိသေးသည်။ ပိုက်ထောင်သောအခါ ရေထဲချထားပြီး ပိုက်မထောင်သောအခါ အပေါ်သို့ ဆွဲတင်ထားသည်။

ထိုသို့ ဆွဲတင်ထားစဉ် အဝေးမှ ကြည့်လျှင် လင်းဆွဲကြီး များပျံလာသည်နှင့် လွန်စွာ တူလှပေသည်၊

အချို့ကလည်း ရေပေါ်ရှပ်ပျံလာသော လေယာဉ်ပျံများဟု တင်စား ခေါ်ဝေါ်ကြသည်။

အများအားဖြင့်တော့ ဂါးဖောင်များကို ရေတက်ရောရေကျပါ ထောင်သဖြင့် ရေထဲချထားလေ့ရှိပါသည်။

ဂါးထောင်သော နေရာမှာ ပင်လယ်တွင်းရေတိမ်သော နေရာများတွင် ထောင်လေ့ရှိသည်။ ဘောင်ပေါ်သို့ သစ်သားကျောက်များ ခိုက်ကာ ခိုင်ခံ့သော နိုင်လွန်ကြိုးများဖြင့် တွဲချည်ထားသည်။ ယခင် နိုင်လွန်ကြိုးများ မပေါ်မီကတော့ နွယ်ကြိုးများ၊ အုန်းဆံကြိုးများကို အသုံးပြုခဲ့ကြသည်။





ဂါးဖောင်၏ ဖွဲ့စည်းပုံမှာ ပင်လယ်တွင်း၌ လှေသမ္ဗန်၊ စက်လှေများထက် ပိုမိုစိတ်ချရသည်။

လှိုင်းတက်လာလျှင်လည်း ရေဝင်မှာ မစိုးရိမ်ရ၊ အပေါ်မှ ကျော်ပြီး ပြန်ဆင်းသွားသည်။ လှိုင်းလူးပြီး မှောက်မှာလည်း မစိုးရိမ်ရပေ။ ဝါးဘိုးဝါးများကို ခိုင်ခံ့စွာ တွဲချည်ထားသောကြောင့် လှိုင်းဖုံး၍ မြုပ်လျှင်လည်း ခဏသာ ဖြစ်သည်၊ လှိုင်းကျသွားသည်နှင့် ပြန်ပေါ်လာသည်သာ ဖြစ်၏။

တစ်ခုပဲ စိုးရိမ်စရာရှိသည်။

လှိုင်းထန်၍ ကျောက်ကြိုးပြတ်သွားလျှင်တော့ ပင်လယ်ထဲသို့ မျော ပါသွားနိုင်ပေသည်။

ဂါးဖောင်ပေါ်မှာ စက်လည်းမရှိ၊ ရွက်လည်းမရှိ၊ လှော်ခတ်စရာ တက်လည်းမရှိသောကြောင့် အကယ်၍ ကျောက်ကြိုးပြတ်သွားပါက ပင်လယ်ထဲသို့ မျောပါသွားရုံသာ ရှိတော့သည်။

ငါးရွှဲဒိုင်မှ လူများကတော့ တစ်ရက်တစ်ခါ စက်လှေများဖြင့် လာပြီး ပုစွန်များ သိမ်းယူလေ့ရှိသည်။ ဂါးဖောင်မှ လူများက လိုအပ်သော ပစ္စည်းများကို ထိုစက်လှေမှ လူများနှင့် မှာကြားရသည်။ ပင်လယ်တွင်းသို့ ဂါးဖောင် ချသော ရာသီမှာ မိုးအကုန်ဆောင်းအကူးရာသီမှစ၍ နောင်နှစ်မိုးဦး မကျခင်



www.burmeseclassic.com

www.burmeseclassic.com



အချိန်ထိဖြစ်သည်။ မိုးရာသီတွင် ပင်လယ်တွင်းမှာ လှိုင်းလေပြင်းထန်သောကြောင့် သားငါးရှာမရရှိသာမက လေးမိုးပြင်းထန်သဖြင့် အန္တရာယ်များလှ၍ ထိုရာသီမရောက်ခင်ကတည်းက ငါးဖောင်များ သိမ်းပြီး မိမိတို့ နေရပ်သို့ ပြန်နားလေ့ရှိကြသည်။

ရေလုပ်သားတို့ဘဝမှာ ထိုအလုပ်မရှိသော ရာသီများတွင် ဝင်ငွေ မရှိသောကြောင့် ငါးရှဲဒိုင်များမှ ကြွေးယူစားကြရပြီး နွေရာသီ အလုပ်ပေါ်မှ ခုနှိမ်၍ ဆပ်ကြရသည်။ ဤသို့ဖြင့် ကြွေးသံသရာမှ ရုန်းမထွက်နိုင်အောင် ဖြစ်ကြရသည်။

သို့သော်လည်း ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုသူများမှာ ထိုလုပ်ငန်းပေါ်မှ မက်လောက်သောငွေများကို ရရှိကြဖူးပေရာ ထိုလုပ်ငန်းကို မစွန့်နိုင်ကြပေ . . ။

စန္ဒားထောင်သူကလည်း စန္ဒားထဲသို့ ငါးအမြောက်အမြားလာသဖြင့် တစ်ချီတည်းနှင့် ချမ်းသာလောက် အောင်ရရှိခဲ့ဖူးသလို ငါးဖောင် ထောင်သူကလည်း မျှင်ကျောကြီးထိုးဝင်လာသဖြင့် ငါးဖောင်တစ်ဖောင်လုံး ရဲရဲနီနေကာငါးဖောင်မဆံ့အောင် ရခဲ့ဖူးကြသဖြင့် မိမိလုပ်ငန်းအပေါ်မှာမက်ထားကာ ဘယ်သောအခါမှ မစွန့်လွှတ်နိုင်ကြပေ . . ။





ငါးဖောင်များမှာ ပင်လယ်ရေပြင်ပေါ်တွင် တစ်ဖောင်ချင်း ထောင်လေ့မရှိဘဲ လေးငါးဖောင်တန်းစီ၍ ထောင်လေ့ရှိကြသည်။ ရေကြောင်းသင့်သော အချို့နေရာများတွင် ဆယ်ဖောင် ဆယ့်ငါးဖောင်အထိ တန်းစီ၍ ထောင်ကြသဖြင့် ရွာတန်းသဖွယ် ပျော်စရာကောင်းလှသည်။ အဝေးမှ လှမ်းကြည့်လျှင် ရွာတန်းလေးသဖွယ် မြင်နိုင်ပေ၏။ ညအခါ ဖောင်တစ်ဖောင်လျှင် မီးအိမ်တစ်လုံးစီ ထွန်းထားရာ ညီညာသော မီးအိမ်တန်းကလေးမှာ လှပလှသည်။ ထိုသို့ မီးထွန်းရခြင်းမှာ ညဥ့်အခါ ဖြတ်မောင်းသွားသော စက်လှေများ အန္တရာယ်ကင်းစေရန်အတွက် ဖြစ်ပေသည်။

အများအားဖြင့်တော့ ရေတက်ချိန်သော်လည်းကောင်း၊ ရေကျချိန် တွင်သော်လည်းကောင်း ငါးဖောင်ချထားသော အချိန်တွင် ငါးဖောင်ပေါ်ရှိ လူများမှာ အားနေကြလေရာ အချို့ငါးဖောင်များတွင် နှလှေငယ်ကလေးများ ပါလာသဖြင့် ထိုလှေငယ်ကလေးများဖြင့် တစ်ဖောင်နှင့် တစ်ဖောင် ကူး၍ လည်ပတ်ကြသည်။

ဝိုင်းဖွဲ့စကားပြောကြသည်။ စု၍ ထမင်းစားကြသည်။ အချို့က အရက်သောက်ကြသည်။ အချို့ကတော့ ဖဲထုပ်များ



www.burmeseclassic.com

www.burmeseclassic.com



ယူသွားပြီး တစ်ရေတက် တစ်ရေကျ ဖဲထိုင်ရိုက်ကြသည်။

ထိုသို့ ရိုက်ကြရာတွင်လည်း ငွေလက်ငင်းပေးစရာ မလိုဘဲ၊ ကြွေးမှတ်၍ ရိုက်ကြခြင်းဖြစ်ရာ ရွာပြန်ရောက်မှ စု၍ စာရင်းရှင်းကြခြင်းဖြစ်သည်။

ဂါးဖောင်တစ်ဖောင်တွင် အနည်းဆုံး လူနှစ်ယောက် လောက်တော့ ရှိသဖြင့် ဂါးဖောင်ဆယ်ဖောင်လောက် တန်းထားလျှင် လူနှစ်ဆယ်ကျော် လောက်ရှိပေရာ တစ်ဖောင်နှင့် တစ်ဖောင် ဇအော်ဟစ်ပြောဆိုနေောက်ပြောင်ကာ ပျော်စရာ တော့ ကောင်းလှပေသည်။ အချို့က ဖောင်ပေါ်မှာ ဘင်ဂျို၊ မယ်ဒလင်၊ ပလွေများ၊ ဆောင်ယူလာပြီး၊ မိမိတို့တဟ်သရွေ့ မှတ်သရွေ့ တီးမှုတ်သီဆိုကြရာ ဘာသံမှ မကြားရသော ပင်လယ်ပြင်ပေါ်မှာတော့ ၎င်းတို့၏ တေးသံများမှာ အပျင်းပြေစရာတော့ ဖြစ်ကြပေသည်။

အချို့အယူသီးသူများကတော့ ပလွေကို မမှုတ်ကြပေ။ ပလွေသံသည် လေချွန်သံနှင့်တူသဖြင့် လေထန်တတ်သည်ဟု အယူသီးသောကြောင့် ဖြစ်သည်။

၎င်းဂါးဖောင်တန်းများတွင် အချို့က ရေဒီယိုကလေးများပါလာ တတ်ပေရာ သူတို့အတွက်တော့ အကောင်းဆုံး





ဖြေဖျော်ရေး ကိရိယာဖြစ်ပေသည်။ သီချင်းနှင့် ဇာတ်လမ်းများ နားထောင်ရရုံမက မိုးလေဝသ အထူး သတင်းများပါ သိရပေသည်။

ယနေ့ နေ့လယ်ပိုင်း အချိန်လောက်ကတည်းက ပင်လယ်ပြင်ကြီး တစ်ခုလုံးထူးထူးခြားခြား ငြိမ်သက်သွားသော အခြေအနေကို ကြည့်ပြီး ဦးမွန်ထော် ရင်ထဲမှာ ဘဝင်မကျလှပေ။

သည်ကြားထဲ ညနေပိုင်း အချိန်ရောက်သောအခါ အမှောင်ရိပ် သမ်းစပြုနေသော ပင်လယ်ပြင်၏ ရာဟုထောင့် (အနောက်မြောက်ထောင့်) ဘက်မှ တိမ်နီရောင်များ သမ်းနေသည်ကို မြင်ရသောအခါ ပို၍ စိုးရိမ်စိတ် ဝင်လာမိသည်။

ထိုအချိန်မျိုးတွင် ပင်လယ်ပြင်ပေါ်တွင် ငါးပုစွန်များက မြူးလာပေရာ ဂါးဖောင်ထဲသို့ မျှင်ပုစွန်များက ဒလဟော ဝင်လာလေတော့သည်။ တစ်ရေ တက်တစ်ရေကျ ထောင်လိုက်ရုံနှင့် ဖောင်ပေါ်မှာ ပုစွန်များ ရဲရဲနီလျက် ရှိနေတော့သည်။

ညဦးပိုင်း အချိန်လောက်တွင် ဒီတက်လာပြီဖြစ်သောကြောင့် ပိုက်ဖော်၍ သန့်ရှင်းရေးလုပ်ကာ ခေတ္တနားကြသည်၊

ထိုအချိန်တွင် တစ်ဖက်ဂါးဖောင်မှ ထွန်းခက လေ့



www.burmeseclassic.com

www.burmeseclassic.com



ကလေးဖြင့် ဦးမွန်ထော်တို့ ဖောင်ဘက်သို့ ကူးလာသည်။

"အဘထော် . . အထိအမိ ကောင်းရဲ့လားဗျ"

ခရီးရောက်မဆိုက် လှမ်းမေးလိုက်သည်။

"အေး ဒီရာသီဥတုမျိုးက ပုစွန်မြူးတော့ အရမဆိုးပါဘူး၊ မင်း ဖောင်ရော အခြေအနေကောင်းရဲ့လား"

"ကောင်းတယ် အဘ ဒီတစ်ရေတည်းနဲ့ မိုးတွင်းက ယူစားထားတဲ့ ကြွေးတွေ ကျေလောက်ပြီ ထင်တယ် . ."

"အေး ဒါပေမယ့် ဒီရာသီဥတုကြီးရဲ့ အခြေအနေကို ငါသိပ် မကြိုက် လှဘူးထွန်းခ"

"ဟုတ်တယ် အဘထော်ကို ကျွန်တော်လည်း အဲဒါ ပြောမလို့ ကူးလာတာ၊ မနက်က ရေဒီယို သတင်းမှာ မုန်တိုင်း အထူးသတင်းတစ်ခု ကြေညာတာ ကြားလိုက်မိတယ်။ အချိန် အခါမဟုတ် ပင်လယ်ပြင် အနှံ့အပြားမှာ မုန်တိုင်းကျနိုင်တယ်တဲ့ဗျ၊ အဲဒါဘယ်လိုလုပ်ရင် ကောင်းမလဲလို့ အဘနဲ့ လာပြီး တိုင်ပင်ကြည့်တာ . ."

ဟု ထွန်းခက ဖောင်ပေါ်တက်လာရင်း မေးသည်။

ဦးမွန်ထော်က ဆေးဘံကို ဆေးဖြည့်၍ မီးညှိကာ တစ်ဖွာနှစ်ဖွာ ဖွာသည်။ အတန်ကြာအောင် စဉ်းစားနေ





သည်။ မလှမ်းမကမ်းမှ ဂါးပိုက်များကို သန့်ရှင်းရေး လုပ်နေသော နီမောင်ကလည်း အခြေအနေကို နားစွင့်နေသည်။ အတန်ကြာမှ ဦးမွန်ထော်က . . .၊

"ရာသီဥတု အခြေအနေ မကောင်းလို့ ပြန်မယ်ဆိုရင်လည်း အခု ရေကျနဲ့ ငါးပုစွန်လာသိမ်းမယ့် စက်လှေနဲ့ ပြန်လိုက်သွားကြရုံပါပဲ၊ သိပ်တော့ မခက်ပါဘူး၊ ဒါပေမယ့်"

ဟု ပြောကာ ခေတ္တ စဉ်းစားနေပြန်သည်။

"မုန်တိုင်းကျမယ်သာ ဆိုတယ်၊ ဘယ်တော့ကျမယ်၊ ဘယ်လောက် အထိ ပြင်းထန်မယ်ဆိုတာ မသိရတော့ အခက်သားပဲ၊ နောက်တစ်ချက်က ဒီရာသီဥတုမျိုးမှာမှ ငါးပုစွန်က အထိ အမိကောင်းတာ၊ ကျန်တဲ့ အချိန်တွေက တစ်ရေလုံး ထောင်တာတောင်မှ အဲဒီလောက်ရချင်မှရတာ မသေချာဘူး၊ ဒီတော့"

"အဘ သဘောပဲ . . အဘပြန်ရင် ကျွန်တော်တို့လည်း ပြန်မယ်၊ အဘ မပြန်ရင် ကျွန်တော်တို့လည်း မပြန်ဘူး ဆက်ထောင်မယ် ဒါပဲ . ."

ထွန်းခတ ရဲဝံ့စွာ ပြောသည်။

"ဒါကတော့ ဟုတ်ပါတယ် ဒါပေမယ့် တစ်ခုခု ဖြစ်ခဲ့ရင်



www.burmeseclassic.com

www.burmeseclassic.com



ငါ့တာဝန် ပုံကျမှာပဲ စိုးရသေးတယ် ထွန်းခရဲ့"

"ဒါကတော့ ကံတရားပေါ့ အဘရာ ဘယ်သူကမှ ဖြစ်လာမှာကို ကြိုပြီး သိနိုင်တာမှ မဟုတ်တာ၊ အဘနေမယ်ဆိုရင် နေကြရုံပဲ"

"အေး ဒါဖြင့်လည်း တို့တစ်တွေ ဆက်နေပြီး အလုပ်လုပ်ကြတာပေါ့၊ တကယ်လို့ မုန်တိုင်းဝင်လာတော့လည်း ပိုက်တွေ ဆွဲတင်ပြီး တဲထဲ ဝင်နေကြ တာပေါ့ မကောင်းဘူးလား ထွန်းခ"

"အဲဒီ အကြံကောင်းတယ်၊ ဒီလိုဆိုရင် ကျွန်တော်ကျန်တဲ့ ဖောင်သမားတွေကို ဒီမှာ ဆက်နေဖို့ ပြောလိုက်တော့မယ်နော်"

"အေး . . ပြောလိုက်"

ထွန်းခက လှေဖြင့် ပြန်ထွက်သွားပြီး ကျန်ဖောင်သမားများကို ဆက်နေကြမည့်အကြောင်း လိုက်လံပြောကြားနေတော့သည်။

ဦးမွန်ထော်က နီမောင့်ဘက်လှည့်ပြီး . . .၊

"ဘယ်လိုလဲ လူလေး၊ အဘတော့ ဒီလိုပဲ ရဲရဲဝံ့ဝံ့ဆုံးဖြတ်လိုက်တယ်၊ ပင်လယ်နဲ့ အသက်မွေးတဲ့ လူတွေပဲ





တစ်ခုခုဖြစ်လာတော့လည်း ဘာမှ ကြောက်စရာမရှိပါဘူး မဟုတ်ဖူးလား" ဟု ပြောသည်။

"ကျွန်တော်ကတော့ ဘာမှ မကြောက်ပါဘူး အဘနေဆိုရင် နေလိုက်ရုံပဲ၊ ပြန်ဆိုရင်လည်း ပြန်သွားရုံပေါ့"

"အေး ယောကျ်ားဆိုတာ အဲဒီလို စိတ်ထားမျိုးရှိမှကောင်းတယ်၊ ဘာမှ မဖြစ်ခင်က ဖြစ်လာမှာကို တွေးကြောက်နေရင် ဘာမှ လုပ်လို့ ရမှာ မဟုတ်ဘူး"

"ကျွန်တော်က အဘမြေးပါ အဘရယ် . . အဘလို စိတ်ထားမျိုးတော့ ရှိရမှာပေါ့ . . ."

"ဒါမှ ငါ့မြေးကွ . . ."

ထိုနေ့ ညတစ်ရေတက်၊ တစ်ရေကျထောင်ကြလေရာ မည်သည့် အန္တရာယ်မှ မရောက်လာသဖြင့် ငါးဖောင်တိုင်း ငါးပုစွန်အထိ အမိကောင်းကြလေတော့သည်။ သို့ကြောင့် အားလုံးက ဦးမွန်ထော်အား ကျေးဇူးတင်နေကြတော့သည်။

"နံနက်လင်းသောအခါ ဒိုင်မှ စက်လှေတစ်စီး ဆင်းလာပြီး စန္ဒားများ၊ ငါးဖောင်များမှာ ရရှိထားသော ငါးပုစွန်များကို လိုက်လံသိမ်းယူလေသည်။ ထိုသို့ သိမ်းယူရာတွင် ချိန်တွယ်၍ စာရင်းများမှတ်ကာ သိမ်းယူခြင်း ဖြစ်၏။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



စန္ဒားများ ဂါးဖောင်များမှ မှာကြားသော ရေစားစရိတ်နှင့် လိုအပ်သော ပစ္စည်းများကိုလည်း တစ်ခါတည်း ချပေးခဲ့သည်။

မကြာမီ ငါးပုစွန်သိမ်းသော စက်လှေက ဦးမွန်ထော် ဂါးဖောင် ရှိရာသို့ ဆိုက်ကပ်လာသည်။

စက်လှေသမား တစ်ယောက်က . . ၊

"ဦးမွန်ထော်ရေ ဧည့်သည်တွေပါလာတယ်ဗျို့" ဟု လှမ်းပြောသည်။

"ဘယ်ကလဲဟ . ."

"ဒီမှာလေဗျာ . . ထွက်ကြည့်ပေါ့"

ဦးမွန်ထော်က ဖောင်ဦးသို့ ထွက်လာသည်။ ထိုအချိန် မှာ စက်လှေထဲမှ လူနှစ်ယောက်ကလည်း အပြင်သို့ ထွက် လာသည်။

"ဟာ . . ကိုဇန်ကောင်းနဲ့ စာရေးဆရာပါလား၊ ဘယ်ကနေ ဘယ်လို ပါလာကြတာလဲဗျ . . ."

"ခင်ဗျားနဲ့ တွေ့ရအောင် လာခဲ့တာပေါ့ ကိုမွန်ထော် ရယ် . . . .၊ ဒီက စာရေးဆရာက ပင်လယ်အတွေ့အကြုံ တွေ အခြေခံပြီး ဝတ္ထုတစ်အုပ် လောက်ရေးချင်ပါတယ် . . ၊ ခင်ဗျားဆီလိုက်ပို့ပါဆိုလို့ ကျုပ်ကိုယ်တိုင် ပို့ပေးရတာပဲဗျို့"





ဟု ဦးဇန်ကောင်းက လှမ်းပြောလေသည်။

ထို့နောက် ဧည့်သည်နှစ်ယောက်တို့မှာ ဦးမွန်ထော် ဖောင်ပေါ်သို့ တက်ကြသည်။

"ကဲ . . ကျွန်တော်တို့ တာဝန်ကျေပြီနော် ဦးမွန်ထော် ဘာလိုသေးလဲဗျ . ."

ဟု စက်လှေသမားက လှမ်းမေးသည်၊

"ဒီတစ်ခါတော့ ရှားရှားပါးပါး ပင်လယ်ပြင်မှာ ဧည့်သည် နှစ်ယောက်လောက် ရောက်လာတာဆိုတော့ ဝမ်းသာစရာပဲ . . စားစရိတ်ကို ဧည့်သည်နှစ်ယောက် အတွက်ပါ ပို့ပြီး ချပေးခဲ့ပါဟေ့"

"ရမယ် . . ရမယ် . . သောက်ရေရော စရိတ်တွေပါ ၄ ယောက်စာလောက်အောင် ချထားပေးခဲ့မယ် ဦးမွန်ထော် ရေ၊ ခင်ဗျားတို့က ဒီရက်တွေမှာ မျှင်က အထိအမိ သိပ် ကောင်းတော့ စရိတ်ဘယ်လောက်ကုန်ကုန် မှုစရာ မလိုပါဘူး ဦးမွန်ထော်ရယ် . . ."

ဟု ပြောကာ စရိတ်နှင့် သောက်ရေများ ချပေးခဲ့ပြီး စက်လှေက ပြန်ထွက်သွားလေတော့သည်။

"ဘယ်လိုလဲ ဦးမွန်ထော် အခြေအနေကောင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



လားဗျ"

"ကောင်းပါတယ် . . ကျုပ်က ခင်ဗျားတို့ ရောက်လာလို့ အံ့ဩနေ တာဗျ၊ ဘယ်လို ဘယ်လို ရောက်လာကြတယ် ဆိုတာလဲ ပြောကြပါဦးဗျာ"

"ဒီလိုဗျ ဒီက စာရေးဆရာ အောင်မင်းအောင်ကိုတော့ ခင်ဗျား ကောင်းကောင်းသိမှာပါ။ ခင်ဗျားဆီ မကြာခဏ ရောက်လာပြီး အကူအညီ တောင်းနေကြပဲဗျာ . ."

"စာရေးဆရာကို မသိဘဲ ရှိပါ့မလားဗျာ . . ကျုပ်ဆီက ဇာတ်လမ်းတွေ ယူယူပြီး စာအုပ်တွေ ရေးခဲ့တာနည်းတော့ တာမှ မဟုတ်တာ၊ အခုလည်း ကျုပ်ဆီလာကြတာ ဇာတ်လမ်း အတွက်ပဲ မဟုတ်လား"

ထိုအခါ စာရေးဆရာ အောင်မင်းအောင်က . . .၊

"ဟုတ်ပါတယ် ဦးမွန်ထော် . . ထုတ်ဝေသူက ပင်လယ်နဲ့ ပတ်သက်တဲ့ ဝတ္ထုတစ်ပုဒ်လောက်ထပ် ရေးပေးပါဆိုလို့ ဦးမွန်ထော်ကို သတိရတာနဲ့ ဒီကိုလာခဲ့တာပါ၊ ကဒုံ ရောက်တော့ ဦးမွန်ထော် ပင်လယ်ထဲမှာဆိုတာနဲ့ ရိက္ခာပို့တဲ့ စက်လှေနဲ့ ကြုံတာနဲ့ လိုက်လာကြတာပါ။ ကျွန်တော် ကိုယ်တိုင်လည်း ပင်လယ်ထဲ ရောက်ဖူးသွားတာပေါ့"





ဟု ပြောပြသည်။

ထိုအခါ ဦးမွန်ထော်က ဆေးတံကို ဖွာလိုက်ရင်း . . .၊

"စာရေးတယ် သားတယ်ဆိုတာ ကိုယ်ရေးသားမယ့် နေရာကို ကိုယ်တိုင်သွားဖူးလာဖူး၊ ရောက်ဖူးတော့ ပိုကောင်းတာပေါ့၊ ပင်လယ်အကြောင်း ရေးတော့မယ်ဆိုရင် ပင်လယ်ကို ရောက်ပြီး ရေးတော့ ပိုကောင်းတာပေါ့၊ မရောက်ဖူးဘဲနဲ့ မှန်းရေးတော့ ရေဘယ်အချိန်တက်မှန်းမသိ၊ ဒီရေဘယ် အချိန်တိုးမှန်းမသိဘဲနဲ့ ခက်ကုန်တာပေါ့၊ စာရေးဆရာ အခုလို ဒီအထိ လိုက်လာတာကို ချီးကျူးပါတယ် . . . ဒါပေမယ့် . ."

ဟု ပြောကာ စကားစကို ရပ်လိုက်သည်။

"ဒါပေမယ့် ဘာဖြစ်သလဲ ပြောပါဗျ ဦးမွန်ထော် . ."

ဦးဇန်ကောင်းက ဝင်မေးလိုက်သည်။

"ဒီလိုဗျ အခုတလော ရာသီဥတု အခြေအနေက သိပ်မကောင်းလှဘူး၊ မုန်တိုင်းအငွေ့အရိပ်တွေ တွေ့နေရတယ်၊ တော်ကြာခင်ဗျားတို့ ရောက်နေတုန်း၊ မတော်တဆ ဥပဒ်ဖြစ်မှာစိုးရိမ်လို့ပါဗျာ . ."

ဟု မပြောချင်ပြောချင် ပြောလိုက်လေသည်။

"ဒီအတွက် ပူမနေပါနဲ့ ဦးမွန်ထော်ရယ်၊ ကျုပ်တို့ကဒုံ .



www.burmeseclassic.com

www.burmeseclassic.com



ရောက်ကတည်းက မုန်တိုင်းသတင်းကို ကြားပါတယ်ဗျ၊ ဒါပေမယ့် ကျုပ်တို့ ရောက်နေတုန်း ပင်လယ်ထဲမှာ မုန်တိုင်း ကျတော့ရော ဘာဖြစ်လဲဗျာ ကျုပ်တို့အတွက် အတွေ့အကြုံသစ်တစ်ခု ထပ်ရတာပေါ့ဗျာ၊ တောတွေ တောင်တွေထဲမှာ ဆင်ရိုင်းတွေ၊ ကျားတွေ၊ ကျားသစ်တွေ၊ လူဝံတွေ၊ မြွေတွေနဲ့ တောင် သူ့အသက် ကိုယ့်အသက် လုခဲ့ကြသေးတာပဲ .. အခုတကယ်လို့ မုန်တိုင်းနဲ့ ရင်ဆိုင်တွေ့တော့လည်း ဘယ်လို အံ့တုရမယ်ဆိုတာ အတွေ့အကြုံသစ်တစ်ခု ရတာပေါ့ မဟုတ်ဘူးလား ကိုမင်းအောင် . . ."

"ဟုတ်ပါတယ်ဗျာ . . ဒီမှာရှိတဲ့ အလုပ်သမားတွေ တောင် မကြောက်မရွံ့ နေနိုင်ကြတာ၊ ကျွန်တော်တို့ ခဏ တဖြုတ်လာတဲ့ လူတွေက ဘာကြောက် စရာရှိသလဲဗျာ . ."

"ကဲ ဒီလိုဆိုရင်လည်း တဲထဲကို လာကြဲဗျာ. . .၊ ကျုပ် ငါးတန်သား ကောင်းကောင်း ချက်ထားတယ်၊ စားရင်း သောက်ရင်း စကားပြောကြရ အောင် . . ."

ဟု ပြောကာ ဧည့်သည်နှစ်ယောက်ကို တဲအတွင်းသို့ ခေါ်သွားကာ နီမောင်ချက်ထားသော ထမင်းဟင်းများနှင့် ကျွေးမွေးဧည့်ခံကာ ရှေးဖြစ် နောက်ကြောင်းများကို စကား





လက်ဆုံ ပြောမကုန်နိုင်အောင် ရှိနေကြသည်။

တကယ်တော့ လူဆိုသည်မှာ အနာဂတ်ကံကြမ္မာကို ကြိုတင်သိ နိုင်စွမ်းမရှိကြပေ . . .။ အကယ်၍သာ ရှိမည် ဆိုပါလျှင် မကြာမီ သူတို့ရှိရာသို့ ရောက်လာတော့မည့် အန္တရာယ်ဆိုးကြီး အကြောင်းကို သိရှိကြပြီး ယခုကဲ့သို့ စကားလက်ဆုံ ပြောနေနိုင်ကြမည် မဟုတ်ပါပေ . . .။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)
## အသက်ခြေသော ရုန့်တိုင်းအန္တရာယ်

ထိုနေ့က ညဥ့်အတော်နက်သည်အထိ ဂါးဖောင်ဦးတွင် ထိုင်၍ စကားပြောနေကြပြီး၊ ညဥ့်အတော်နက်ကာမှ အိပ်ရာဝင်ကြသည်။ နောက်တစ်နေ့ နံနက်အရုဏ်မတက်မီ အချိန်တွင် အစောဆုံးနိုးလာသူမှာ စာရေးဆရာ အောင်မင်းအောင်ဖြစ်သည်။

ရင်းသည် အိပ်ရာမှ နိုးလျှင် နိုးချင်း ထူးထူးခြားခြား တိတ်ဆိတ် ငြိမ်သက်လျက်ရှိသော အခြေအနေကြောင့် ဂါးဖောင်းအတွင်းမှ ထွက်လာကာ ပင်လယ်ပြင်အခြေအနေကို ကြည့်လေသည်။ ပင်လယ်ပြင်တစ်ခုလုံး မြူခိုးများ





ဝေ့ဆိုင်းလျက်ရှိပြီး မှုန်မှုန်မှိုင်းမှိုင်းရှိကာ ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက် လျက်ရှိနေသည်။

ပင်လယ်ပြင်၏ အနောက်မြောက်ထောင့် အရပ်ဘက်တွင် တိမ်နီရောင်များသမ်းနေသည်ကို မြင်သောအခါ အံ့ဩသွားသည်၊ ပထမမြင်စက အရုဏ်တက်လာသော ရောင်နီများဟု ထင်လိုက်မိသော်လည်း အရှေ့ဘက် အရပ်မှ မဟုတ်ဘဲ၊ အနောက်ဘက်အရပ်မှ ရောင်နီများ သမ်းနေသဖြင့် ထူးဆန်းသည်ဟု ထင်ကာ တဲအတွင်းမှ အိပ်ပျော်နေကြသော မိမိအဖော်များကို နှိုးပြီး အကျိုးအကြောင်းပြောပြလိုက်သည်။

အောင်မင်းအောင် နှိုးပြောသဖြင့် တဲအတွင်းမှာ အိပ်ပျော်နေသော ကျန်သုံးယောက်မှာ ကပျာကယာထလာပြီး အခြေအနေကို ထွက်ကြည့်ကြသည်။ ဦးမွန်ထော်က ရာဟုထောင့်ဘက်မှ ပေါ်နေသော တိမ်နီရောင်များကို ကြည့်ပြီး သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဘယ်လိုလဲ ဦးမွန်ထော် ဒါဟာ ပင်လယ်ပြင်မှာ အကြီးအကျယ် မုန်တိုင်းကျတော့မယ့် လက္ခဏာမဟုတ်လားဗျ"

ဟု ဦးဗန်ကောင်းက မေးလိုက်သည်။

"အသေအချာပေါ့ဗျာ . . မကြာတော့မယ့် အချိန်



www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာ ကျုပ်တို့ဆီကို မုန်တိုင်းကြီးတစ်ခု အလည် ရောက်လာတော့မယ့် သဘောပါပဲ . . ."

"ဒီလိုဆိုရင် ကျုပ်တို့စားရေးသောက်ရေးရာအတွက် မုန်တိုင်းနဲ့ ပတ်သက်တဲ့ အတွေ့အကြုံသစ် တစ်ခုရတာပေါ့ဗျာ . . ."

"ဒါက အရေးမကြီးဘူး၊ မုန်တိုင်းက ဘယ်လောက်ပြင်းထန်မယ်ဆိုတာ မသိရဘူး၊ ဒီတော့ လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ထားဦးမှဗျို့"

ဟု ဆိုကာ နီမောင်နှင့်အတူ ဖောင်ပေါ်မှာ ရှိသော အဝတ်အစားများကို မိုးကာပလပ်စတစ်စဖြင့် ထုပ်၍ ကြိုးဖြင့် ချည်ခြင်း၊ ဒန်အိုး ဒန်ခွက်၊ ပန်းကန်အစရှိသည်တို့ကို အိတ်တစ်လုံးဖြင့် ထုပ်ကာ ကြိုးများဖြင့် ချည်ထားခြင်း၊

သောက်ရေထည့်သော ဂါလန်ပုံးများနှင့် စားနပ်ရိက္ခာများ ထည့်ထားသော အိတ်များကို လွင့်စဉ်မကျစေရန် ကြိုးများဖြင့် ခိုင်ခံ့စွာ ချည်ခြင်း များ ပြုလုပ်ပြီးသောအခါ ကျန်သုံးယောက်ကို ကြိုးတစ်ချောင်းစီ ပေးလေသည်။

"ရော့ ဒီကြိုးတစ်စကို ဖောင်ဘန်းမှာ ချည်ထားပြီး ကျန်တဲ့ တစ်စကို ခင်ဗျားတို့ရဲ့ ခါးမှာ ခိုင်ခိုင်ချည်ထားဗျို့၊ ဒါမှ ပင်လယ်ထဲကို လွင့်မကျမှာ ဗျ"





ဟု ပြောသဖြင့် ကျန်သုံးယောက်မှာ ဦးမွန်ထော် ပြောသည့်အတိုင်း ကြိုးစများကို ခါးတွင်ချည်လိုက်ကြသည်။

ထိုသို့ပြုလုပ်နေကြစဉ် အရှေ့ဘက်မှ အရုဏ်အလင်းရောင်များ တက်လာသလို ရာဟုထောင့်ဘက်မှလည်း အနီရောင်များက ပိုမိုများပြားလာတော့သည်။

ထို့အတူ ငြိမ်သက်နေသော ပင်လယ်ပြင်မှာလည်း တစ်စ တစ်စ လှုပ်ရှားစပြုလာလေတော့သည်။

ဦးစွာ အနောက်တောင်ဘက်ဆီမှ လေနုအေးကလေးများ စတင် တိုက်ခတ်လာပြီး မကြာခင်မှာ လေပြင်းများအဖြစ်သို့ တစ်စတစ်စ ပြောင်းလဲလာသည်။ ရာဟုထောင့်ဘက်မှ ကြောက်မက်ဖွယ်ရာ အော်သံကြီးများ စတင် ကြားလာရသည်။

ထိုအော်သံကြီးများမှာ ပင်လယ်ပြင်အနှံ့အပြားသို့ ဝင်ရောက်လာသည်နှင့်အမျှ အရပ်လေးမျက်နှာဆီမှ လေပြင်းများကလည်း တရမန်းကြမ်း တိုက်ခတ်လာလေတော့သည်။

ပင်လယ်ရေပြင်၏ သဘာဝမှာ သူ့ဘာသာသာနေလျှင် လွန်စွာ သိမ်မွေ့သလောက် လေပြင်းနှင့်တွေ့လိုက်လျှင်တော့ ချက်ချင်း ကြောက်မက်ဖွယ်ရာ အသွင်သို့ ပြောင်းလဲ သွားတတ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း စောစောက ငြိမ်သက်နေသော ပင်လယ်ရေပြင်မှာ လေပြင်းများ ကျလာသည်နှင့် လှိုင်းများက ချက်ချင်း ထ,လာလေတော့သည်။

ပင်လယ်ပြင်ပေါ်တွင် လှိုင်းအမျိုးအစားများစွာ ရှိသည့်အနက် လေပြင်း မုန်တိုင်းများ တိုက်ခတ်သည့်အခါ ဖြစ်ပေါ်လေ့ရှိသော ခါးပြတ်လှိုင်းနှင့် လှိုင်းခေါင်းဖြူကြီးများမှာ လွန်စွာကြောက်မတ်ဖွယ်ကောင်းလှပေသည်။ အဝေးမှ တောင်တန်းကြီးများ ရွေ့လာသလို ရောက်လာပြီး အနီး ရောက်လာမှ ဖုံးအုပ်ချလေ့ရှိသည်။

ယခုလည်း လှိုင်းခေါင်းဖြူကြီးများမှာ အဝေးမှ တလိမ့်လိမ့် တက်လာပြီး အနီးရောက်ခါမှ 'ဝုန်း'ခနဲ ဖုံးအုပ်ချလေရာ ဦးမွန်ထော်တို့ ဂါးဖောင် လေးမှာ ရေအောက်ရောက် သွားလိုက် ရေပေါ် ပေါ်လာလိုက်ဖြစ်နေတော့သည်။

လှိုင်းထိပ်ရောက်သွားလျှင် တောင်ထိပ်တစ်ခုသို့ ရောက်သွားသည်နှယ် အဝေးသို့ လှမ်းမြင်ရပြီး၊ လှိုင်းကြားထဲသို့ ရောက်သွားလျှင် ချောက်ကမ်းပါးအတွင်း ကျသွားသကဲ့သို့ ဘေးပတ်လည်ရေပြင်သာ မြင်နိုင်တော့သည်။

သူတို့ ဖောင်မှာ ရေမမြုပ်နိုင်သော ဝါးဘိုးဝါးဖြင့်





ပြုလုပ်ထားရှိသော နစ်လိုက်ပေါ်လိုက်ဖြစ်နေသော်လည်း လှေသမွန်၊ စက်လှေတို့ဆိုရင်တော့ ယခုလောက်ဆိုရင် ရေအောက်သို့ ရောက်နေလောက်သည်မှာ သေချာ လှသည်။

လေပြင်းများ တိုက်ခတ်မှုကြောင့် 'တဝီဝီ'အော်မြည်သံများနှင့်အတူ မိုးသီးများပမာပြင်းထန်သော မိုးသီးမိုးပေါက်ကြီးများ၏ ထိမှန်မှုကို မခံနိုင်ကြသဖြင့် ဖောင်၏ ကြမ်းပြင်ပေါ်မှာ ဝမ်းလျားမှောက်ကာ ဝပ်နေကြရသည်။

ဒါတောင်မှ လှိုင်းလုံးများက ဖောင်ပေါ်မှ ခါချနေသလိုရှိနေလေရာ ဦးမွန်ထော်ပြောသဖြင့် ခါးကို ကြိုးများဖြင့် ချည်ထားရှိသာ တော်ရောသည်။ မဟုတ်လျှင် သူတို့အားလုံး လှိုင်းနှင့်အတူ ပါသွားပြီး ရေအောက်သို့ ရောက်လောက်ပေပြီ။

သူတို့ နားထဲမှာတော့ ပိတုံးကောင်များ အုပ်စုလိုက်ပျံသန်းလာသကဲ့သို့ လေပြင်းတိုက်ခတ်သော တဝီဝီမြည်သံများနှင့် လှိုင်းအော်သံများကိုသာ ကြားနေရပြီး အားလုံးတစ်ချက်ကလေးမှ ခေါင်းမဖော်ဝံ့ကြပေ . . .။

ဤသို့ဖြင့် ပင်လယ်ပြင်ကြီး တစ်ခုလုံး မည်းသည်ထက်မည်း၊ မှောင်သည်ထက် မှောင်လာပြီး မုန်တိုင်းအရှိန်က ပိုမိုပြင်းထန်လာသည်။ မုန်တိုင်း၏ အစွယ်ရာများက ပင်လယ်ပြင်



www.burmeseclassic.com

www.burmeseclassic.com



အနှံ့အပြား ထင်ခဲ့လေပြီ၊ ၎င်းတို့၏ ဂါးဖောင်မှာလည်း အပေါ်သို့ မြောက်တက်သွားလိုက် အောက်သို့ ဝုန်းခနဲ ပြန်ကျလာလိုက်နှင့် ကြာတော့ မဟန်နိုင်တော့ဘဲ ဖောင်၏ ကျောက်ကြိုးပြတ်ကာ လှိုင်းဆွဲရာ နောက်သို့ ပါလေတော့သည်။

"ဖောင်ကြိုးပြတ်ပြီ ဗျို့ . . . အောက်ကို လွင့်မကျအောင် ဖောင်ကြိုးတွေသာ မြဲမြဲကိုင်ထားပေတော့ . . ကဲတရားပဲ . . ."

ဟု အော်သံတစ်သံ ထွက်လာပြီး ဖောင်မှာလည်း လှိုင်းဆွဲရာ နောက်သို့ ကောက်ကောက်ပါအောင် ပါလေတော့သည်။

ဖောင်ကြိုးပြတ်သွားသောအခါ စောစောကထက်တော့ အနည်းငယ် ခံသာသွားသည်။ စောစောကလှိုင်းတက်လာလျှင် ဖောင်ကြိုးကတင်းခံထားသဖြင့် ပြင်းထန်သော်လည်း၊ ယခုအခါ ဆွဲထားသော ဖောင်ကြိုးမရှိတော့သဖြင့် လှိုင်းဆွဲရာနောက် လေကြောင်းတည့်ရာ နောက်သို့ ဦးတည်ရာမဲ့ ပါသွားလေတော့သည်။

လူးကာလိမ့်ကာနှင့် အချိန်မည်မျှကြာအောင် ပါသွားသည်မသိကြပေ၊ လှိုင်းရောလေပါ ငြိမ်သက်သွားကာ





မုန်တိုင်းအစွယ်ရာ ကျိုးသွားသောအခါမှ ဖောင်ပေါ်သို့ ဝမ်းလျှားမှောက်နေကြသူများ နေရာမှ အသီးသီးထကာ မိမိတို့ လူများ စုံလင်အောင် ရှိမရှိကို ကြည့်နိုင်ကြတော့သည်။ ဖောင်ပေါ်တွင် လူလေးယောက်စလုံး စုံစုံလင်လင်တွေ့ရမှ အသီးသီး သက်ပြင်းချနိုင်ကြတော့သည်။

ယခုအခါ မုန်တိုင်းစဲသွားပြီဖြစ်သောကြောင့် ကောင်းကင်ပြင်မှာ ပြန်လည် ကြည်လင်လာပြီး ပင်လယ်ပြင်မှာတော့ လှိုင်းအိကလေးများသာ ရှိတော့သည်။

မိုးတိမ်များကြားမှ ထိုးဆင်းလာသော နေရောင်ခြည်အချို့သည်ပင် ပင်လယ်မျက်နှာပြင်ပေါ်သို့ ဖြာဆင်းကျနေရာ ငွေရောင်အစက်အပြောက်များကို အနှံ့အပြား မြင်နေရသည်။

ပင်လယ်ပြင်တစ်လျှောက် တောင်မြောက်ဝဲယာ မျက်စိတစ်ဆုံးအထိ လှမ်းကြည့်သော်လည်း အရာဝတ္ထုနှင့် တူတာဆိုလို့ ဘာတစ်ခုမှ မတွေ့ရပေ။

သူတို့ဖောင်မှာ ပင်လယ်ရေစီးကြောင်းတစ်ခု အတွင်းမှာ ရောက်နေပြီး ရေစီးနှင့်အတူ ဦးတည်ရာမဲ့ မျောပါလျက်ရှိနေသည်။ ဖောင်၏ ပတ်ဝန်းကျင်မှာတော့ သူတို့ဖောင်နှင့်အတူ မျောပါနေသော အမှိုက်သရိုက်များ၊ ဒိုက်ဖောင်



www.burmeseclassic.com

www.burmeseclassic.com



များကတော့ အဖော်ရှိနေသေးသည်။ ရေစီးချောင်းထဲမှာ မျောပါနေတာ ချင်းအတူတူ အချို့ဒိုက်ဖောင်နှင့် အမှိုက်များက တစ်ခါတစ်ရံ ဖောင်ရှေ့မှ ကျော်တက်သွားပြီး အချို့က နောက်မှ လိုက်လာသည်လည်း ရှိ၏။

ရေတောင်ဝှေးဟုခေါ်သော ရေထဲမှာ တစ်ဝက်မြုပ်ပြီး တစ်ဝက်က ရေပေါ်မှာ ပေါ်နေသော သစ်တုံးများကတော့ ရေအောက်မှ ရေစီး၏ ဆွဲအားကြောင့် ဂါးဖောင်ကို အလွယ်တကူ ကျော်ဖြတ်သွားကြလေသည်။ ရာသီဥတု ကောင်းသွားသောအခါမှ ဖောင်ပေါ်မှ မိမိတို့ကြိုးဖြင့် ချည်ထားသော ပစ္စည်းထုပ်များကို စစ်ကြည့်သောအခါ အားလုံးရှိနေသေးသောကြောင့် တော်သေးသည်ဟု ဆိုရပေမည်။

ထို့ကြောင့် သူတို့သည် ရေစိုနေသော မီးဖိုပေါ်မှာ မီးကို ခက်ခက် ခဲခဲမွှေးပြီး ပါလာသော အစားအသောက်များကို ချက်ပြုတ်စားသောက်ကြလေသည်။

"ဦးမွန်ထော် ကျုပ်တို့ အခု ဘယ်နေရာလောက် ရောက်နေတာလဲဗျ"

စားရင်းသောက်ရင်း ဦးဗန်ကောင်းက မေးလိုက်သည်။

"အသေချာဆုံးကတော့ အခု ကျုပ်တို့တစ်တွေ ပင်လယ်ပြင်





ရဲ့ တစ်နေရာမှာ ရောက်နေကြတယ်ဆိုတာက လွဲပြီး ဘာမှ မသိနိုင်ဘူးဗျို့"

"ကျွန်တော်တို့က ဒီဖောင်ပေါ်မှာ ဘယ်လောက်ကြာအောင် နေကြပြီးမှ ကမ်းပေါ် ပြန်ရောက်မှာလဲဟင် . . . ."

"အေးဗျာ . . . ခင်ဗျားက စာရေးဆရာဆိုတော့လဲ ဘယ်လိုပြောရမလဲ ခင်ဗျားနဲ့ သင့်တော်တဲ့ အဖြေပေးရရင်တော့၊ ကျုပ်တို့တစ်တွေ ကမ်းပေါ် ပြန်ရောက်ဖို့ဆိုတာ ကံကြမ္မာရဲ့ မျက်နှာသာပေးမှုပေါ်မှာပဲ မူတည်တော့တယ်၊ ဇာတ်လမ်းတစ်ခု ရေးသလို ဇာတ်လမ်းထဲမှာ ပါတဲ့ ဇာတ်ကောင်တွေကို ကိုယ်ဖြစ်စေချင်သလို ဖြစ်ပြီး ကိုယ်ပို့ချင်တဲ့ နေရာကို ပို့လို့ မရဘူးဗျာ . . ၊ ကျုပ် စိတ်မကောင်းတာက တစ်ခုပဲရှိတယ်၊ ကျုပ်တို့ချည်း ဒုက္ခခံရမှာကို တိုက်တိုက်ဆိုင် ဆိုင် ခင်ဗျားတို့ နှစ်ယောက်ပါ ရောက်လာရတယ်လို့ဗျာ ခင်ဗျားတို့ အဖြစ်က ဒုက္ခရောက်မယ့် အခေါက်မှ ရောက်လာသလို ဖြစ်နေတာကိုပဲ စိတ်မကောင်း ဖြစ်မိနေတာပါ"

ဟု တကယ့်ကို စိတ်မကောင်းသော အသံနှင့် ပြောလိုက်လေသည်။

ဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ ဦးမွန်ထော်ရယ်



www.burmeseclassic.com

www.burmeseclassic.com



မမြင်ရတဲ့ ကံကြမ္မာဆိုတာ ကိုယ်ဖြစ်စေချင်သလို ဖြစ်လို့မှ မရတာ၊ ဒီတော့လည်း သူဖြစ်တဲ့အတိုင်း လိုက်ပြီး ဖြစ်ရုံပေါ့ဗျာ . . ကျွန်တော်တို့ကတော့ ကံတူအကျိုးပေးလို့ပဲ အောက်မေ့မိပါတော့တယ်"

ဟု အောင်မင်းအောင်က ပြောသည်။

"ဒါပေမယ့် ကျွန်တော်တို့က ပင်လယ်မှာမွေး၊ ပင်လယ်မှာကြီးပြီး တစ်သက်လုံး ပင်လယ်ပြင်မှာ လုပ်စားလာခဲ့ကြတာ၊ တော်ရုံဒုက္ခတွေလောက်တော့ ရင်စည်းပြီး ခံနိုင်ပါတယ်၊ သေသွားတော့လည်း ဘာမှ အကြောင်း မဟုတ်ဘူး၊ ဆရာတို့က မြို့ကြီးပြကြီးမှာနေပြီး အခုလို ခဏတဖြုတ်လာတုန်းမှာ ဒုက္ခနဲ့ ကြုံရတာကို မခံနိုင်ကြမှာ စိုးလို့ပါဗျာ . . "

နီမောင်စကားကြောင့် ဦးဗန်ကောင်းက . . . .၊

"နီမောင်ရယ် မင်းရဲ့ စေတနာကို ငါတို့နားလည်ပါတယ်ကွာ ဒါပေမယ့် မြို့မှာပဲနေနေ၊ တောမှာပဲနေနေ၊ လူချင်းကတော့ အတူတူပါပဲကွာ၊ အခြေအနေအရ နေနိုင်လို့ နေကြတာပါ . . ဒုက္ခတွင်း ဆင်းရပြီဆိုရင် မြို့မှာနေတဲ့ လူပဲဖြစ်ဖြစ် တောမှာနေတဲ့ လူပဲဖြစ်ဖြစ်၊ ခံနိုင်ရည် ရှိသလောက်တော့ ခံကြရမှာပဲ၊ နောက်ဆုံး ခံနိုင်ရည်မရှိတော့လည်း အားလုံး





အတူတူ သေကြရတာချည်းပါပဲကွာ . . . ."

ဟု ပြောလိုက်လေသည်။

ဤသို့ဖြင့် သူတို့လေးယောက်သည် ဂါးဖောင် တစ်ဖောင်နှင့် ရက် အတန်ကြာသည်အထိ ပင်လယ်ရေပြင်ပေါ်မှာ ရေစီးကြောင်း သယ်ဆောင် ရာနောက်သို့ မျောပါ နေကြရသည်။

မနက်လင်းသည်နှင့် နေလုံးကြီးက အရှေ့ဘက် ပင်လယ်ရေပြင် အောက်မှ တက်လာပြီး နေဝင်သည်နှင့် ပင်လယ်ရေပြင်အောက်သို့ တဖြည်းဖြည်း ငုပ်လျှိုးဆင်းသွားသည်ကိုသာ လှမ်းမြင်ရသည်။ မိုးတိမ်များ ကင်းစင်သော တစ်ညတွင် လရောင်မှုန်ဝါးဝါးနှင့် ကောင်းကင်ပြင်ပေါ်တွင် ကြယ်တာရာ များစွာတို့ကို တွေ့ရသဖြင့် ဦးဗန်ကောင်းက ၊

"အင်း . . အခု တန်ဆောင်မုန်းလဆိုတော့ ကောင်းကင်ပြင်မှာ နက္ခတ်တာရာတွေက တယ်ပြီး စုံတာပဲ၊ တန်ဆောင်မုန်းလရဲ့ ညအချိန်မှာ ကြတ္တိကာ နက္ခတ်ဟာ ကျီးတာရာနဲ့ စန်းယှဉ်ပြီး နေ့အခါမှာတော့ နေ . . ဝိသာခါ နက္ခတ်နဲ့ စန်းယှဉ်ပြီးနေတယ်ဗျ"

ဟု ေ. ာင်းကင်ကို မော့ကြည့်ကာ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြတ္တိကာ နက္ခတ်ဆိုတာ ဘယ်ဟာလဲ ဆရာကြီး"

နီမောင်က လူငယ်ပီပီ သိချင်တာကို မေးလိုက်သည်။

"ဖျောက်ဆိပ်ကြယ်လို့ ဟောဟိုမှာ မြင်နေရတဲ့ ခုနစ်စဉ် ကြယ်တန်းဟာ ကြတ္တိကာနက္ခတ်ပဲပေါ့ မောင်ရာ .. ဒါကြောင့် ရှေးစာဆိုတွေက .. ဖျောက်ဆိပ်ကြယ်ဖော်၊ ခုနှစ်ဖော် ယူသော်ကြတ္တိကာ ရယ်လို့ဖွဲ့ဆိုခဲ့ကြတာပဲ"

ဟု ရှင်းပြလေသည်။

"ရှေးအခါကတော့ မြန်မာဘုရင်တွေ လက်ထက်က ကြတ္တိကာ နက္ခတ်ထွန်းပတဲ့ တန်ဆောင်မုန်းလတစ်လလုံးကို၊ ရွှေမြို့တော်နဲ့တကွ မြို့တွင်းမြို့ပတွေအားလုံးမှာ ကြတ္တိကာ နက္ခတ်ပွဲသဘင်တွေ ဆင်ယင်ခဲ့ကြတာဗျ၊ ကျုပ်တို့ကတော့ တန်ဆောင်မုန်းလ တစ်လလုံးများ ပင်လယ်ထဲမှာ ရေရှူ သဘင် ဆင်ယင်ပွဲကြီး ကျင်းပရလေမလား မပြောတတ်တော့ပါဘူးဗျာ . . ."

ဟု ပြောလိုက်ရာ ကျန်သုံးယောက်မှာ မချိပြုံးကလေးများသာ ပြုံးလိုက်နိုင်ကြတော့သည်။

အဘယ်ကြောင့်ဆိုသော် . . . .။

အချိန်မည်မျှကြာအောင် ကယ်မည့်သူမတွေ့၊ ကျွန်း





မတွေ့ရဘဲ ပင်လယ်ထဲမှာ အစုန်အဆန်မျောပါနေကြရမည် မသိနိုင်သောကြောင့် ဖြစ်ပေသည်။

"ကဲဗျာ .. ကြည့်လက်စနဲ့ ကျုပ်တို့ ဖောင်ဘယ်ဒေသ ဘက်ကို ဦးတည်ပြီး မျောပါနေသလဲဆိုတာကိုလည်း တဆိတ်လောက် ခန့်မှန်းစမ်းပါ ဦးဗျာ . . . ."

ဟု ဦးမွန်ထော်က ဝင်ပြောလိုက်သည်။

"ဖျောက်ဆိပ်ကြယ်ရဲ့ အနေအထားနဲ့ အရှေ့အနောက် အနေအထားကို ကြည့်ရတာတော့ ကျုပ်တို့ ဖောင်ဟာ မြောက်ဘက်ကနေ တောင်ဘက်ကို စီးနေတဲ့ ပင်လယ် ရေစီးကြောင်းတစ်ခုထဲမှာ မျောပါနေတာပဲဗျ၊ ကျုပ်အထင် ပြောရရင်တော့ ကျုပ်တို့ ဖောင်ဟာ မြန်မာပြည်ရေပိုင်နက်ထဲ ကတော့ မလွန်လောက်သေးဘူးလို့ ယူဆရတာပဲ . . ."

ဟု ရှင်းပြလေသည်။

"ဘာကြောင့်လဲဗျ . . . ."

"အခုလေဟာ မြောက်ကနေ တောင်ဘက်ကို မှန်မှန် လေးတိုက်နေသလို ရေစီးကြောင်းကလည်း မြောက်ဘက်က နေ တောင်ဘက်ကို မှန်မှန်စီး နေတာပဲ၊ ဒီအတိုင်းဆိုရင် ကျုပ်တို့ ဖောင်ရဲ့ အရှေ့ဘက်မှာ တနင်္သာရီကမ်းခြေပင်



www.burmeseclassic.com

www.burmeseclassic.com



ဒေသရဲ့ မြိတ်ကျွန်းစုတွေ ရှိသလို အနောက်ဖက်မှာလည်း ကိုကိုးကျွန်း အပါအဝင် ကပ္ပလီပင်လယ်ထဲက ကျွန်းတွေ အများကြီးရှိတာဗျ၊ ကျုပ်တို့ တစ်တွေ ကံကောင်းထောက်မ, လို့ လေကြောင်း ပြောင်းသွားခဲ့ရင် ကျွန်းတစ် ကျွန်းကိုတော့ ရောက်သွားမှာ သေချာတယ်"

"ဘယ်လိုလေကြောင်း ပြောင်းတာမျိုးလဲ"

"ဒီလိုဗျာ အခု ဆောင်းဦးပေါက်ရာသီဆိုတော့ မြောက်လေဆိုတာ ရာသီမှန်တဲ့လေမျိုးပါပဲ၊ ဒါပေမယ့် တစ်ခါတစ်ခါမှာလည်း အရှေ့လေတိုက်လာ တတ်သလို၊ တစ်ခါတစ်ခါမှာလည်း အနောက်လေ၊ အနောက်မြောက်လေတွေ တိုက်ခတ်လေ့ရှိတယ်။ တကယ်လို့ အရှေ့လေ အရှေမြောက်လေတွေ တိုက်ခတ်လာရင် ကျုပ်တို့ ဖောင်ဟာ ကပ္ပလီပင်လယ်ထဲက ကျွန်း တစ်ကျွန်း ကျွန်းကိုရောက်သွားနိုင်သလို၊ အနောက်လေ အနောက်မြောက်လေတွေ တိုက်ခတ်လာခဲ့ရင် မြိတ်ကျွန်းစုတွေဘက် ရောက်သွားနိုင်တာပေါ့ဗျာ . . . ."

ဟု ရှင်းပြသဖြင့် ကျန်လူများမှာ အနည်းငယ်တော့ အားရှိသလို ခံစားကြရသည်။ ဘာပဲပြောပြော မြန်မာ ပြည်နယ်နိမိတ်ကို မကျော်လောက်သေး ဟု ဦးဗန်ကောင်း၏ ခန့်မှန်း





ချက်ကပင် သူတို့ ရင်ထဲမှာ မျှော်လင့်ချက်ကလေး တစ်ခု ဖြစ်စေတော့သည်။

သို့သော်လည်း နောက်တစ်ရက်နှစ်ရက် ကြာသည် အထိ လေကြောင်းက မပြောင်းသလို၊ ရေကြောင်းကလည်း မပြောင်းသဖြင့် လူလေးယောက်အား သယ်ဆောင်လာသော ဝါးဖောင်လေးမှာ ပင်လယ်ရေစီးကြောင်းအတိုင်း လူးကာ လိမ့်ကာနှင့် မျောပါလျက်ရှိနေတော့သည်။

ညဘက်အလင်းရောင်မရှိသောအခါများတွင် အရှေ့ဘက်ဆီမှ မီးပြ တိုက်မှ မီးရောင်ကဲ့သို့ လက်ခနဲ၊ လက်ခနဲ မြင်ရသော မီးရောင်အချို့ကို မြင်ရသည်မှ လွဲ၍ အခြား ထူးခြားမှုများကိုတော့ မတွေ့ကြရပေ . . . ။

လေးယောက်သား ဖောင်ပေါ်မှာ ပါလာသော ရေနှင့် စားနပ်ရိက္ခာများကို အထူး ချွေတာကာ စားသောက်ကြရုံမက၊ ဦးမွန်ထော်နှင့် နီမောင်က ဖောင်ပေါ်မှာ ပါလာသော အသွားထစ်ပါသည့် မှိန်းကို အရိုးတွင် ကြိုးတပ်ကာ ဖောင်အနီးသို့ ကူးခတ်လိုက်လာသော ငါးကြီးများကို ထိုးဖမ်းကြသဖြင့် ရလာသော ငါးများကို အစားထိုးရိက္ခာအဖြစ် စားသောက်ကြသည်။

ပိုသော ငါးများကို ဖောင်ပေါ်တွင် အခြောက်လှန်း



www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ သို့သော် ထိုငါးခြောက်များကိုတော့ သူတို့ချည်းစားသောက်ရတာ မဟုတ်ပေ . . .။

တစ်ခါတစ်ရံ ငါးမန်းများက အုပ်စုဖွဲ့၍ ဝိုင်းလာပြီး ဖောင်ကို ရန်ပြုဖို့ ကြိုးစားလာလျှင် ဖောင်အနီးမှ ခွာသွားစေရန် ထိုငါးများကို အဝေးသို့ ပစ် ပေးခဲ့ရ သည်များလည်း ရှိသည်။ ငါးများ ပစ်ပေးစရာမရှိတော့လျှင် ဖောင် အနီးသို့ ကပ်လာသော ငါးမန်းတစ်ကောင်ကောင်ကို ဖောင်ပေါ်မှ ဓားလှံများဖြင့် သွေးထွက်အောင် ခုတ်ထိုးလိုက်ရသည်။

ငါးမန်းဆိုသော သတ္တဝါမျိုးက သွေးထွက်လာလျှင် ဇာတ်တူသားရော ဘာရော ဘာမှ မထားဘဲ ဝိုင်းကိုက်လေ့ရှိရာ ထိုဒဏ်ရာရပြီး သွေးထွက်နေသော ငါးမန်းကို ကျန်ငါးမန်းများက ဝိုင်းဝန်းကိုက်ခဲနေစဉ်မှာ မိမိတို့ ဂါးဖောင်အား အဝေးသို့ ရောက်အောင်သွားကြရလေသည်။

နောက်ထပ်တစ်ရက်နှစ်ရက်ခန့် ကြာသောအခါ သူတို့ဖောင်ရွေ့ရှားမှု အနေအထားပြောင်းလာသည်ကို သတိပြုမိကြသည်။

မူလက မြောက်မှတောင်သို့ ဦးတည်သွားနေရာမှ နေထွက်ရာ အရှေ့ဘက်အရပ်သို့ ဦးတည်မျောပါနေသည်





တို့ တွေ့ကြရသည်။ ထိုအခါ ၎င်းတို့ ဂါးဖောင်နောက်သို့ ပင်လယ်စင်ရော်ကြီးများ ဝဲပျံလိုက်လာသည်ကို တွေ့ကြရသည်။

“ပင်လယ်စင်ရော်ကြီးတွေ လိုက်လာပုံထောက်တော့ ကျုပ်တို့ ဖောင်မျောနေတာ ကမ်းခြေ ဒါမှမဟုတ် ကျွန်းတစ်ကျွန်းကျွန်းနဲ့ သိပ်ပြီး မဝေးဘူးထင်တယ်”

ဦးမွန်ထော်က ပြောလိုက်သည်။

စင်ရော်ကြီးများက အော်သံများပေးကာ ဖောင်ပေါ်မှ ဝဲပျံလိုက်လာကြသည်။ အားလုံးမှာ စင်ရော်ကြီးများကို မြင်ရသဖြင့် စိတ်ထဲမှာ အတန်အသင့်တော့ အားရှိကြသည်။ ကမ်းခြေ၊ ဒါမှမဟုတ် သင်္ဘောတစ်စင်းစင်းနှင့် တွေ့လိမ့်မည်ဟု မျှော်လင့်နေမိကြသည်။

သို့သော်လည်း နောက်တစ်နေ့ နံနက်ပိုင်း ရောက်သောအခါ စင်ရော်ကြီးများ တစ်ကောင်မှ မကျန်တော့ဘဲ နောက်ကြောင်းပြန်လှည့်သွားသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ကြရသည်။

စင်ရော်ဆိုသော သတ္တဝါမှာ ၎င်းတို့ ပိုင်နက်ကျော်လျှင် မည်သည့် အရပ်ဒေသကိုမှ ကျော်လိုက်လေ့မရှိကြပေ . . .။

“အင်း . . စင်ရော်ကြီးတွေတော့ ကျုပ်တို့ကို နှုတ်ဆက်ပြီး ပြန်လှည့် သွားကြပြီ . . .၊ ကျုပ်အထင်ပြောရရင်တော့



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်ရေပိုင်နက် နယ်နိမိတ် ကျော်လို့ ပြန်သွားကြတာ ဖြစ်မယ်ဗျ”

ဟူသော ဦးဖန်ကောင်း၏ မှတ်ချက်ကို ကြားသော အခါ ကျန်သုံးယောက်မှာ စိတ်ထဲ၌ ဝမ်းနည်းသလိုလို ခံစားကြရသည်။

“ဒီသတ္တဝါတွေက မုန်တိုင်းကျတာတို့၊ လေပြင်း တိုက်ခတ်မှာတို့ကိုလည်း ကြိုတင်သိလေတော့၊ မုန်တိုင်း တစ်ခုခု အရိပ်အငွေ့ရှိလို့ လှည့်ပြန်သွားတာလည်း ဖြစ်နိုင်တာပဲ”

ဦးမွန်ထော်က စိတ်ပြေရာ ပြေကြောင်း ဝင်ပြောတာ ဖြစ်သော်လည်း မကြာမီ ထိုထင်မြင်ချက် မှန်ကန်ကြောင်း လက်တွေ့ သိရလေတော့သည်။

အဘယ့်ကြောင့်ဆိုသော် နေ့လယ်ဘက်တွင် ပင်လယ်ပြင်တစ်ခုလုံး မည်းမှောင်လာပြီး လေပြင်းများ ထပ်မံကျလာ ပြန်လေတော့သည်။

ဆိုင်းမဆင့် ဗုံမဆင့် ပြင်းထန်စွာ တိုက်ခတ်လာသော လေပြင်းများ ဒဏ်ကြောင့် လေးယောက်သား ကြိုတင်ပြင်ဆင်ချိန်ပင် မရတော့ဘဲ တဲအတွင်းသို့ ဝင်ပြေးကြရသည်။

လေပြင်းအော်မြည်သံကြီးမှာ ကြောက်မက်ဖွယ်ရာ ကြားနေရပြီး မိုးသီးမိုးပေါက်ကြီးများလည်း ကျဆင်းလာ





သည်။ ပင်လယ်ပြင်၏ သဘာဝမှာ လေပြင်းလျှင် ပြင်းသလောက် လှိုင်းအသွင် ပြောင်းသွားလေ့ရှိရာ ယခုအခါမှာလည်း လေတိုက်နှုန်းက ပြင်းထန်လှသောကြောင့် လှိုင်းလုံးကြီးများ ထကြွလာလေတော့သည်။ သို့ကြောင့်လည်း ဝါးဖောင်လေးမှာလည်း အပေါ်သို့ မြောက်တက်သွားလိုက် အောက်သို့ ပြန်ကျလာလိုက်နှင့် အထက်အောက် ကျွမ်းပြန် နေရာ တဲအတွင်းမှ လူများမှာ ရဟတ်စီးနေရသကဲ့သို့ အပေါ် ရောက်လိုက်၊ အောက်ရောက်လိုက် လူးလှိမ့်လျက်ရှိ နေတော့သည်။

မုန်တိုင်းမှာ တစ်စတစ်စ ပြင်းထန်လာသောကြောင့် ဝါးဖောင်ဝါးလုံးများကို တွဲထားသော ကြိုးများပင် ‘ဖျစ် . . ဖျစ်’ မြည်လာကာ ပြတ်လုပြတ်ခင် အနေအထားသို့ ရောက်လာတော့သည်။

တစ်ကြိမ်တွင် လေပြင်းတစ်ချက် ဆောင့်ရိုက်လိုက်ရာ တဲအမိုးများ လန်ထွက်သွားရုံမက အောင်မင်းအောင်မှာ လေနှင့် အတူ ပါသွားကာ ဖောင်ဦးဘက်သို့ ရောက်သွားတော့သည်။

သို့သော် ကံအားလျော်စွာ ဖောင်ဦးတွင် ကျနေသော ကျောက်ကြိုးကို ဖမ်းဆွဲလိုက်မိသဖြင့်သာ ရေထဲသို့ ပါမသွားခြင်း ဖြစ်တော့သည်။ သို့သော် လည်း လေပြင်းနှင့် လှိုင်းလုံး



www.burmeseclassic.com

www.burmeseclassic.com



သည့်ဒဏ်၊ လှိုင်းပုတ်သည့် ဒဏ်ကြောင့် မကြာခင် ပင်လယ်ထဲသို့ ပြုတ်ကျသွားတော့မည့် အနေအထားရှိနေစဉ် ဦးဗန်ကောင်းက ဖောင်တွင် တွဲချည်ထားသော ကြိုးတစ်ချောင်းကို ၎င်း၏ ခါးတွင် ပတ်ချည်ပြီး အောင်မင်းအောင်ရှိရာသို့ ကြိုးစားပြီးသွားလေတော့သည်။

"ကိုမင်းအောင် ကြိုးကိုမြဲမြဲကိုင်ထားနော်၊ ဘာမှ အားမငယ်နဲ့ ကျုပ် လာခဲ့မယ် . . ."

ဟုသာ ပြောသော်လည်း သူကိုယ်တိုင်ပင် ဖောင်ဦးသို့ ရောက်အောင် မနည်းကြီး ကြိုးစားကာ သွားနေရသည်။

လှိုင်းပုတ်သည့်ဒဏ်၊ ဖောင်လူးသည့်ဒဏ်ကြောင့် နှစ်ကြိမ်သုံးကြိမ်ထက်မနည်း ရေထဲသို့ ပြုတ်ကျလုမတတ် ဖြစ်သွားလေသည်။ သို့သော်လည်း ၎င်း၏ မလျှော့သော ဇွဲဖြင့် ကြိုးစားမှုကြောင့် ရေထဲမှာ တန်းလန်းကြီး ဖြစ်နေသော အောင်မင်းအောင်ဆီသို့ ရောက်သွားကာ ဖောင်ပေါ်သို့ ကြိုးစားပန်းစား ဆွဲတင်နိုင်သော်လည်း ၎င်းအတွက်ကတော့ ကံမကောင်းရှာတော့ပေ။ ၎င်း ကိုင်ထားသော ကြိုးစကို အောင်မင်းအောင်အား လှမ်းပေးလိုက်ပြီး အချိန်မှာပင် လှိုင်းလုံးကြီးတစ်လုံးက ဖောင်ပေါ်သို့ ဝုန်းခနဲ ဖုံးအုပ်ချလိုက်





ရာ ဦးဗန်ကောင်းမှာ လှိုင်းနှင့်အတူ ရေထဲသို့ လွင့်စဉ်ပါသွားတော့သည်။

ထိုအခြေအနေတွင် ကျန်သုံးယောက်ကလည်း ဘယ်လိုမှ အကူအညီ မပေးသာအောင် ရှိတော့သည်။

ဖောင်ပေါ်မှ လှမ်းကြည့်သော်လည်း လေမိုးများကြောင့် ဦးဗန်ကောင်းကို ဘယ်လိုမှ လှမ်းမမြင်ရပေ။

"ဦးဗန်ကောင်း၊ ဗျို့ ဦးဗန်ကောင်း"

ဦးမွန်ထော်က ဝမ်းလျားမှောက်အနေအထားမှ အသံကုန် ကျယ်အော်ရာ လှိုင်းကြားထဲမှ အသံသဲ့သဲ့ တစ်ချက်သာ မသဲမကွဲ ပြန်လည် ကြားရလေသည်။

သို့ကြောင့် ဦးမွန်ထော် ရေမရှိတော့သော သောက်ရေထည့်သည့် ပလပ်စတစ်ပုံးလွတ်နှစ်လုံးကို ပူးချည်ပြီး အသံကြားရာသို့ မှန်းပြီး ပစ်ချပေးလိုက်သည်။ ထို့နောက်တွင် ဖောင်ပေါ်မှ အသံအမျိုးမျိုးနှင့် ခေါ်ကြည့်ကြသော်လည်း ဦးဗန်ကောင်း၏ ပြန်အော်သံကို လုံးဝ မကြားရတော့သလို၊ ၎င်း၏ အရိပ်အယောင်ကိုလည်း မတွေ့ရတော့ပေ။ ဦးဗန်ကောင်းမှာ ၎င်းပြောနေကျ စကားကဲ့သို့ "ကံမကောင်းတဲ့ ဗန်ကောင်း"ဆိုသော အတိတ်နိမိတ် အတိုင်းပင် လှိုင်းကြား



www.burmeseclassic.com

www.burmeseclassic.com



လေကြားထဲမှာ ပျောက်ဆုံးသွားခဲ့လေပြီ . . . . ။

မုန်တိုင်းသည် တစ်နေ့နှင့်တစ်ညလုံးလုံးပြင်းထန်စွာ တိုက်ခတ်ပြီး နောက်တစ်နေ့ ရောက်ခါမှ ပြန်လည် ငြိမ်သက်သွားလေတော့သည်။

လှိုင်းလေငြိမ်သွားသောခါ ပင်လယ်ရေမျက်နှာပြင်ပေါ်တွင် ဦးဗန်ကောင်း၏ အစအနကို တွေ့လိုတွေ့ငြား မျက်စိ တစ်ဆုံး ရှာဖွေကြည့် သော်လည်း မတွေ့ရတော့ပေ။

ၡင်းတို့၏ အခင်မင်ဆုံး မိတ်ဆွေကြီး တစ်ယောက်ကတော့ ပင်လယ်ပြင်မှာ ပျောက်ဆုံးသွားခဲ့လေပြီ . . . ။

ထို့အတွက် ကျန်ခဲ့သော သုံးယောက်မှာ ဘယ်လိုမှ စိတ်မကောင်း နိုင်ကြတော့ပေ၊ အောင်မင်းအောင် တစ်ယောက်ကတော့ ၡင်း၏ အသက်ကို ကယ်ဆယ်ရင်းနှင့် ဦးဗန်ကောင်း တစ်ယောက် ထိုကဲ့သို့ သေဆုံးသွားရသဖြင့် ပို၍ စိတ်မကောင်း ဖြစ်ရလေသည်။ နောက်ထပ်နှစ်ရက်ခန့် ကြာသောအခါ ၡင်းတို့သည် ကံကောင်းထောက်မ,စွာဖြင့် ကမ်းခြေတစ်ခုသို့ ဆိုက်ရောက် သွားလေတော့သည်။





အခန်း (၃)

## ဥဝဒ်ဒက်ကြောင့် တွေ့ရသည့် ဒုက္ခ

ကံကောင်းထောက်မစွာဖြင့် သူတို့ရောက်သွားသောနေရာမှာ ကျွန်းတစ်ကျွန်း၏ ကမ်းခြေတစ်နေရာဖြစ်၏။

သို့သော် လူနေထူထပ်သော မြို့ပြကမ်းခြေမဟုတ်ဘဲ အုန်းတောများ၊ သစ်တောများက ကမ်းတစ်လျှောက်မှာ ထူထပ်စွာ ပေါက်နေသော ကမ်းခြေ တစ်ခုဖြစ်သည်။

အုန်းတောများထဲမှာ လူနေဟန်ရှိသော တဲငယ်ကလေးများကို လှမ်းမြင်ရသည်၊ အိမ်များကတော့ မြန်မာပြည်မှ အိမ်များနှင့်တော့ မတူလှပေ။

ပင်လယ်ကမ်းခြေတစ်လျှောက်မှာတော့ ကျယ်ပြန့်



www.burmeseclassic.com

www.burmeseclassic.com



သော သဲသောင်ပြင်ကြီးများရှိပြီး ကမ်းခြေတွင် စက်လှေတစ်စီးနှစ်စီး ဆိုက်ကပ်ထားသည်။ ရေလွတ်သော သောင်ပြင်ပေါ်မှာတော့ လှေငယ်ကလေးများကို ဆွဲတင်ထားသည်။

သူတို့ရောက်သွားသော နေရာမှာ လူနေအိမ်များနှင့် မဝေးလှသောကြောင့် မကြာမီ လူအချို့ ရောက်လာသည်။ လူပုံစံများကတော့ ကုလားလူမျိုးများနှင့်တူလှပေသည်။ ဝတ်စားဆင်ယင်ပုံကလည်း ကုလားလူမျိုးများ ဝတ်စားဆင်ယင်ပုံနှင့် များစွာ မကွာလှပေ . . .။

သူတို့ ကျွန်းပေါ် ရောက်သွားသော အချိန်မှာ နံနက်ပိုင်းအချိန်ဖြစ်ပြီး မိုးလေးဝသ ကောင်းမွန်နေသောကြောင့် ပတ်ဝန်းကျင်မှာ သာသာယာယာ ဖြစ်နေလေသည်။ ရောက်လာသူများမှာ အမျိုးသားများရော အမျိုးသမီးများရော ဆယ်ယောက်ခန့်ရှိသည်။ သူတို့နှင့်အတူ ခွေးနှင့်ကလေးများလည်း ပါလာကြသည်။

သူတို့က အနားလာပြီး ကုလားစကားနှင့်တူသော စကားများဖြင့် လာရောက်မေးမြန်းကြရာ သုံးယောက်စလုံး ဘာမှ နားမလည်သောကြောင့် ဘာမှ ပြန်မပြောနိုင်ကြပေ။

အတန်ကြာသောအခါမှ အောင်မင်းအောင်က . . ။





"ကျွန်တော်တို့ ဖောင်က အနောက်မြောက် လေမိပြီး အရှေ့ဘက်ကို လွင့်ပါလာတာဆိုတော့ အိန္ဒိယနိုင်ငံရဲ့ ကမ်းခြေတစ်ခုကို ရောက်နေတာတော့ မဟုတ်နိုင်ဘူး၊ အိန္ဒိယနိုင်ငံက ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အနောက်ဖက်မှာ ရှိတာ မဟုတ်လား"

"ဟုတ်တယ် စာရေး ဆရာ . . ."

"ကျွန်တော့် အထင်ပြောရရင်တော့ ကျွန်တော်တို့ တစ်တွေ သီဟိုဠ်ဘက်က ကျွန်းတစ်ကျွန်းကျွန်းကို ရောက်လာပုံရတယ်၊ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ပုံ ကြည့်ရတာ သီရိလင်္ကာကျွန်းသားတွေနဲ့ ပုံစံအတော်တူတယ်"

ဟု ပြောဆိုနေကြစဉ် လူအုပ်ထဲမှ အတန်ငယ် သွက်လက်ဟန်ရှိသော လူကြီးတစ်ယောက် ထွက်လာပြီး မြန်မာစကားဖြင့် မေးသည်။

"ခင်ဗျားတို့ မြန်မာပြည်က မြန်မာလူမျိုးတွေ မဟုတ်လား"

ဟု မေးသောအခါ သုံးယောက်သား ဝမ်းသာသွားသည်။ ယခုလို နေရာမျိုးတွင် မိမိတို့ ဘာသာစကား တတ်ကျွမ်းသူ လူတစ်ယောက်နှင့် တွေ့ရခြင်းမှာ များစွာ အဆင်ပြေလှပြီး ဝမ်းသာစရာပင် မဟုတ်ပါလား . . .၊



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ကျုပ်တို့ မြန်မာလူမျိုးတွေပါ၊ ပင်လယ်ထဲမှာ အလုပ် လုပ်ရင်း မုန်တိုင်းမိပြီး ဒီကို ရောက်လာတာပါ၊ သောက်ရေနဲ့ စားစရာလေးများ ရှိရင် နည်းနည်းလောက် ပေးပါဗျာ"

ဟု ဦးမွန်ထော်က ပြောလိုက်သဖြင့် အုန်းသီးအစိမ်းများကို ထိပ်မှ ဖောက်ပြီး ယူလာပေးသည်။ ချိုမြသော အုန်းရည်ကို သောက်လိုက်ရသောကြောင့် ရေငတ်သည်လည်း ပြေ၊ ဝမ်းထဲမှ ဆာလောင်မှုများလည်း အတန်အသင့် သက်သာသွားသည်။

"ကျေးဇူးတင်ပါတယ်ဗျာ . . . ၊ ကျုပ်တို့ အခု ဘယ်နေရာ ရောက်နေတာလဲဆိုတာ တဆိတ်လောက် ပြောပြပါဦး"

"အခု . . ခင်ဗျားတို့ ရောက်လာတာ သီရိလင်္ကာ နယ်နိမိတ်ထဲက လင်္ကာဒီပကျွန်းစွယ်တစ်ခုပေါ်ကို ရောက်လာတာဗျ၊ ခင်ဗျားတို့ အတော် ကံထူးကြတဲ့ လူတွေပဲ ဒီရက်တွေမှာ ပင်လယ်ပြင်မှာ ရာသီဥတု အခြေအနေက သိပ်ကောင်းလှတာ မဟုတ်ဘူး၊ မသေမပျောက်နဲ့ ဒီကို ရောက်လာတာ အတော့်ကို ကံကောင်းကြတယ်လို့ ပြောရမှာပဲ . . . ."

"ကျုပ်တို့ လူတစ်ယောက်တော့ ပင်လယ်ထဲမှာ ကျန်ရစ်





ခဲ့တယ်ဗျာ . . . ."

ဟု စိတ်မကောင်းသော လေသံဖြင့် ဦးမွန်ထော်က ပြောလိုက်သည်။

"အော် . . ခင်ဗျားတို့ မုန်တိုင်းမိတာ လေးယောက်ပေါ့ ဟုတ်လား"

"ဟုတ်တယ်ဗျာ . . ကျန်ခဲ့တဲ့တစ်ယောက်အတွက် အတော့်ကို စိတ် မကောင်းဖြစ်နေကြတာ . . ."

"ကံတရားလို့သာ သဘောထားပါ မိတ်ဆွေကြီးရာ . . ကျွန်တော်လည်း မြန်မာပြည်မှာ အတော်ကြာကြာနေခဲ့ဖူးလို့ ကံတရားရဲ့ အကြောင်းကိုတော့ ယုံကြည်ပါတယ်၊ ဒါပေမယ့် ပင်လယ်ပြင်မှာ မုန်တိုင်းမိတယ်ဆိုတာ လွယ်တာ မဟုတ်ဘူး၊ လွတ်တဲ့သူ အတော်နည်းပါတယ်၊ ခင်ဗျားတို့ လွင့်လာတဲ့ နေရာကနေ တွက်ကြည့်ရင် ဒီနေရာရောက်အောင် မိုင်ပေါင်းရာနဲ့ချီပြီး ဝေးပါတယ်၊ ဒီခရီးတစ်လျှောက်လုံးမှာ မသေမပျောက် ဒီကိုရောက်လာတာကတော့ အတော့်ကို ကံကောင်းကြတယ်လို့ ဆိုရမှာပဲဗျ . ."

ထိုသူက မြန်မာစကားကို ရေရ်ရလည်လည် ပြောဆိုတတ်ပြီး ၎င်းတို့ကိုပင် ဖျောင်းဖျပြောဆိုနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဒါပေါ့ဗျာ . . . ဒါပေမယ့် ကျုပ်တို့ရဲ့ အပေါ်မှာ အင်မတန် ကောင်းခဲ့တဲ့ မိတ်ဆွေကြီးအတွက်တော့ စိတ်မကောင်းဖြစ်မိတာပေါ့၊ ဒါထက် ကျုပ်တို့ မြန်မာပြည်ကို ပြန်ဖို့ လမ်းစကလေးများ ဘယ်လိုရနိုင်မလဲဆိုတာ တဆိတ်လောက် ပြောပြပါဦးဗျာ ကူညီနိုင်ရင်လည်း ကူညီပေးကြပါဦး"

ဟု ဦးမွန်ထော်က ပြောသောအခါ ထိုလူက အတန်ကြာအောင် စဉ်းစားနေပြီးမှ သူ့လူများဘက် လှည့်ကာ သူတို့ဘာသာ စကားများဖြင့် ပြောဆို တိုင်ပင်ကြသည်။

အတန်ကြာမှ . . . .၊

"အမှန်ကတော့ ခင်ဗျားတို့ သတင်းကို သီရိလင်္ကာ အစိုးရဆီကို အကြောင်းကြားရမယ်၊ သူတို့က ခင်ဗျားတို့ကို လာခေါ်ပြီး မြန်မာအစိုးရ သံရုံးကို အကြောင်းကြားပြီးတော့ ပို့ပေးရမယ်၊ အဲဒီကမှ တစ်ဆင့် မြန်မာသံရုံးက အစီအစဉ်နဲ့ မြန်မာပြည်ကို ပြန်ကြရမှာပဲ . . .၊ ဒီအစီအစဉ်အတိုင်း သွားရင်တော့ ခင်ဗျားတို့ ဒီကျွန်းမှာ လအတော်ကြာအောင် နေကြရဦးမှာဗျ"

ဟု ပြောပြသည်။





"ဘာကြောင့်လဲဗျ"

"ဘာကြောင့်လဲဆိုတော့ ဒီနေရာကနေ သီရိလင်္ကာ ရောက်ဖို့ကို မလွယ်တာ . . ခင်ဗျားတို့ဆီမှာလို မြန်မာပြည်ကနေ ကိုကိုးကျွန်းတို့ ဘာတို့ ဝေးသလောက်ကို ဝေးတာ၊ ရာသီဥတု သာယာရင် သီရိလင်္ကာက ကျွန်းပတ်သင်္ဘောတွေက (၁၅)ရက်တစ်ခါလောက် လာပါတယ်၊ အခုလို ရာသီဥတု မသာယာရင်တော့ တစ်လတစ်ခါ နှစ်လတစ်ခါတောင်မှ ရောက်ချင်မှ ရောက်တာဗျ သီရိလင်္ကာကနေ ပြန်မယ်ဆိုရင် ကျွန်းပတ်သင်္ဘောလာတဲ့အထိ ခင်ဗျားတို့ ဒီကနေ စောင့်ကြရမယ်"

ထိုစကားကြောင့် သုံးယောက်သား အတော့်ကို စိတ်အားလျော့သွား ကြသည်။ ဒီအတိုင်းဆိုရင် ပင်လယ်ထဲမှာ သေသွားတာကမှ ပိုကောင်းဦးမည် ဟု တွေးလိုက်မိကြသည်။

ဒါပေမယ့် တစ်ခုတော့ ရှိတယ်ဗျ"

ထိုလူက ဆက်ပြောသည်။

"ဘာများပါလိမ့်"

"ဟို သောင်စပ်မှာ ဆိုက်ထားတဲ့ စက်လှေတစ်စင်းကတော့ ရာသီဥတု သာယာရင် ခုတစ်ပတ်နှစ်ပတ်လောက်မှာ မြန်မာပြည်ဘက်ကို သွားကြလိမ့်မယ် . . . "



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . ဟုတ်လား၊ သူတို့က မြန်မာပြည်ကလာတဲ့ စက်လှေလား"

"မဟုတ်ဘူးဗျ ဒီက စက်လှေပဲ . . "

"ဘာကိစ္စနဲ့ သွားကြမှာလဲ . . ငါးဖမ်းဖို့ အတွက်လား"

"ငါးဖမ်းဖို့ သွားကြမှာ မဟုတ်ဘူး၊ ဒီကထွက်တဲ့ စန္ဒကူး သစ်တွေကို ယူသွားပြီးတော့ မြန်မာပြည်မှာ သွားရောင်းကြမှာ . . ဒါပေမယ့် တရားဝင်တော့ မဟုတ်ဖူးဒပါဗျာ . . ခိုးဝင်ကြမှာပေါ့ . . "

"စန္ဒကူးသစ်ဟုတ်လား၊ စန္ဒကူးသစ်က ဒီမှာ ရှိလို့လား"

"ရှိတာပေါ့ဗျာ . . စန္ဒကူးသစ်ဆိုတာ ကျုပ်တို့ လက်ဒီပကျွန်းတွေ ဘက်မှာ အဓိက ပေါက်တာပဲပေါ့၊ ခင်ဗျားတို့ မြန်မာပြည်မှာ ကျွန်းသစ်ပေါ သလိုကို ပေါတာ . . ၊ ကျွန်းတိုင်းမှာ စန္ဒကူးသစ်ရှိတယ်"

"ကျုပ်တို့က စန္ဒကူးသစ်ဆိုတာ ရွှေလောက်ကို ရှားပြီး တန်ဖိုးရှိတယ်လို့ ထင်တာ၊ ပွင့်ဖြူနယ်ဘက်က ကျောင်းတော်ရာ ဘုရားမှာတော့ ရှားရှားပါးပါး စိုက်ထားတယ်လို့တော့ ပြောသံကြားဖူးတယ်၊ ကိုယ်လည်း မရောက်ဖူးတော့ တစ်ခါမှ မမြင်ဖူးပါဘူးဗျာ . . . . "





ထိုလူက စကားဆက်ပြောသည်။

"အဲဒီစက်လှေသမားတွေက ကျုပ်နဲ့ ရင်းနှီးတော့၊ ခင်ဗျားတို့ ပြန်လိုက်သွားမယ်ဆိုရင် ကျုပ်ပြောပြီး ထည့်ပေးလိုက်ပါ့မယ်"

"ဟင် တကယ် ပြောတာလား၊ ဒီလိုသာ ပြန်ထည့်ပေးရင် ပြန်လိုက် သွားမှာပေါ့ဗျာ . . . အခုလို ကူညီပေးတဲ့ အတွက်လည်း ခင်ဗျားကို ကျေးဇူး တင်ပါတယ်၊ ဘယ်တော့ ထွက်ရမှာလဲဗျ"

အောင်မင်းအောင်က ဝမ်းသာအားရ ဝင်ပြောလိုက်သည်။

"ဒါပေမယ့် တစ်ခုတော့ ရှိတယ်ဗျ၊ သူတို့နဲ့ လိုက်ရင် ခင်ဗျားတို့လည်း အခကြေးငွေမတတ်နိုင်တော့ စက်လှေပေါ်မှာ ဝိုင်းလုပ်ဝိုင်းစား သဘောမျိုးနဲ့ လိုက်ကြရမှာ ဘယ်လိုလဲ လိုက်နိုင်ကြပါ့မလား"

"လိုက်ခွင့်ရတာကိုပဲ ကျေးဇူးတင်လှပါပြီ . . . ၊ ကျုပ်တို့က အလုပ်ကြမ်း သမားတွေပဲ၊ ဘာမဆို လုပ်နိုင်ပါတယ်"

"ဒါဖြင့်လည်း ကောင်းပြီးလေ . . ကျုပ်ပြောပြီး ထည့်ပေးလိုက်ပါမယ်၊ ဒါပေမယ့် လေးငါးဆယ်ရက်တော့ ကြာဦးမယ် ထင်တယ်၊ ပစ္စည်းလည်းစုံ၊ မိုးလေဝသအခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ကောင်းမှ ထွက်ဖြစ်ကြမှာ . .၊ ဒီတော့ ခင်ဗျားတို့ ရွာလိုက်ခဲ့ကြပြီး အေးအေးဆေးဆေး နေကြဦးပေါ့ဗျာ”

ဟု ပြောကာ ခေါ်သွားသဖြင့် ဦးမွန်ထော် နီမောင်နှင့် အောင်မင်း အောင်တို့သည် ရွာသို့ လိုက်သွားကြတော့သည်။

ထိုရွာကလေးမှာပင် တစ်ပတ်ခန့် နေကြရပြီး နောက်တစ်နေ့တွင် စက်လှေပြန်ထွက်တော့မည်ဖြစ်ကြောင်း လာပြောသဖြင့် သုံးယောက်သား ကမ်းစပ်သို့ ဆင်းခဲ့ကြသည်။

ကျောက်ဆောင်များကြားဝယ် ကွယ်၍ဆိုက်ကပ်ထားသော စက်လှေမှာ သစ်သားဖြင့် တည်ဆောက်ထားသော ငါးပေါင်းစက်လှေ အမျိုးအစားဖြစ်ကာ အတော်အတန်ကြီးမားသည်။

စက်လှေဝမ်းထဲမှာ အရင်းအဖျား ပိုင်းဖြတ်ထားသော သစ်လုံးများကို မြင်ရသည်။

သူတို့ပြောသော စန္ဒကူးသစ်များ ဖြစ်ဟန်ရှိသည်။

စက်လှေမှာ ဝမ်းထဲမှာ သစ်လုံးများ ထည့်ထားသောကြောင့် အတော် အတန်လေးနေသည်။ အလုပ်သမားများက ထိုသစ်လုံးများပေါ်မှ တာလပတ် စများကို ဖုံးအုပ်ပြီး အပေါ်မှာ အခြားပစ္စည်းများကို တင်ကြသည်။ ငါးခြောက် အိတ်များ





တင်လိုက်သောအခါ အောက်မှ သစ်လုံးများ ပျောက်သွားတော့သည်။

စက်လှေပေါ်မှာ အလုပ်သမား (၁၀)ယောက်ခန့်ရှိပြီး အားလုံးမှာ သီရိလင်္ကာ လူမျိုးများချည်းဖြစ်သည်။

အမှန်တော့ သူတို့ကို ကူညီစောင့်ရှောက်ထားသူမှာ ထိုစက်လှေ၏ ဦးစီးဖြစ်ပြီး၊ စက်လှေထွက်သွားသောအခါ သူလည်း ပါလာသည်။ စက်လှေ ထွက်သောအခါမှ သူက ပြောပြသည်။

“ကျုပ်က ခင်ဗျားတို့ကို ခေါ်လာတာ အကြောင်းမဲ့တော့ မဟုတ်ဘူးဗျ၊ ဒုက္ခရောက်နေတာကို ကူညီတာလည်း ပါတယ်၊ နောက်ပြီး စက်လှေပေါ်မှာ လည်း အကြောင်းရှိရင် အသုံးချရတာပေါ့၊ ဒါ့အပြင် မြန်မာပြည် ရေပိုင်နက်ကို ဝင်သွားရင် ခင်ဗျားတို့ ပါလာတော့ အကြောင်းပြချက် ပိုပြီး ခိုင်လုံတာ ပေါ့ဗျာ . . .”

ဟု ပြောသောအခါမှ မိမိတို့အား အသုံးချရန်အတွက် တမင်ခေါ်လာခဲ့ ကြောင်း ရိပ်မိလေတော့သည်။

သို့သော်လည်း ယခုမှတော့ မတတ်နိုင်တော့ပေ။

ပင်လယ်ထဲ ခုန်ချလို့လည်း မဖြစ်။ အကြောက်အကန်



www.burmeseclassic.com

www.burmeseclassic.com



ပြင်းဆိုရန်လည်း သူတို့မှာ လူအင်အားရော လက်နက်များလည်းပါသဖြင့် ဖြစ်သမျှအကြောင်း အကောင်းဟုသာ သဘောထားကာ နောက်ဆုံး မြန်မာပြည် ပြန်ရောက်လျှင်တော်ပြီဟုသာ စိတ်ကို လျှော့ချထားလိုက်ရတော့သည်။

စက်လှေထွက်လာပြီး တစ်ရက်နှစ်ရက်ကြာသည်အထိ ရာသီဥတု ကလည်းသာယာ၊ အခြားအနှောင့်အယှက်များလည်း မတွေ့ရသောကြောင့် အေးအေးဆေးဆေး ရှိနေကြသည်။

စက်လှေပေါ်မှာလည်း အခြားအလုပ် မယ်မယ်ရရ မရှိလှပေ . . .၊ စက်လှေ စ,ထွက်လာပြီး ပင်လယ်ပြင်ရောက်လာကတည်းက စက်မောင်းသူ တက်မကိုင်သူနှင့် ထမင်းချက်မှ လွဲပြီး ကျန်သင်္ဘောသားများကတော့ ဘိန်းရှူ သူကရှူ၊ အရက်သောက်သူက သောက်၊ ဝိုင်းဖွဲ့ပြီး ပဲချသူ ချနှင့် ဇိမ်ခံကာ လိုက်ပါလာကြသည်။

နီမောင်၊ အောင်မင်းအောင်နှင့် ဦးမွန်ထော်တို့ကတော့ ညဘက်တွင် သစ်လုံးများအပေါ် ဆင်းအိပ်ကြပြီး နေ့အခါတွင် အလုပ်မရှိသည့်အခါ စက်လှေကုန်းပတ်ပေါ်မှာ လိုက်ကြသည်။ တစ်ခါတစ်ရံမှာလည်း ပင်လယ်ပြင် သဘာဝနှင့် ရေကြောင်းလေကြောင်း ကျွမ်းကျင်သော ဦးမွန်ထော်က





တက်မ ဝင်ကိုင်ပေးပြီး၊ နီမောင်က ထမင်းဟင်းချက်သည့်နေရာမှာ ဝင်ကူပေးလေသည်။ အောင်မင်းအောင်ကတော့ ဘယ်နေရာက ရလာမှန်းမသိသော စာအုပ် တစ်အုပ် ခဲတံတစ်ချောင်းနှင့် ပင်လယ်ပြင် ဗဟုသုတများ ရေးမှတ်ရင်းလိုက်လာသည်။ တစ်နေ့ သုံးယောက်ဆုံမိကြသောအခါ ဦးမွန်ထော်က အောင်မင်းအောင်ကို မေးသည်။

"ဒီလို စာရေးဆရာရဲ့ ကျုပ်ရဲ့ စိတ်ထဲမှာ မရှင်းတာ တစ်ခုရှိလို့ မေးစမ်းပါရစေ . . ."

"ဘာမေးမှာလဲ ဦးမွန်ထော်ရဲ့"

"စန္ဒကူးသစ်တွေနဲ့ ပတ်သက်တဲ့ ဗဟုသုတလေးတွေ ကျုပ်ကို ပြောပြစမ်းပါ၊ ကျုပ်တို့ မြန်မာပြည်မှာ ရှိတဲ့ စန္ဒကူး နံ့သာကျောင်းတော်ရာ ဘုရားဆိုတာ စန္ဒကူးသစ်တွေနဲ့ ဆောက်ဆည်ထားတာလားဟင် . .၊ စန္ဒကူးသစ်ဆိုတာ အခုကာလမှာ တကယ်ရော ရှိနေသေးလို့လားဗျ . . ."

"စန္ဒကူးနံ့သာသစ်ကတော့ တကယ်ရှိပါတယ်၊ အခု ကျောင်းတော် ရာ ဘုရားပရိဝုဏ်ထဲမှာတောင် စိုက်ထားတာ ရှိပါသေးတယ်၊ အမှန်တော့ စန္ဒကူး သစ်ဆိုတာ အလွန်မွှန်မြတ်တဲ့ သစ်မျိုးပေါ့၊ ရှေးအခါကတော့ မှတ်တမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



အရဆိုရင် စန္ဒကူးသစ်ဆိုတာ မြင်းမိုရ်တောင်နဲ့ ဟိမဝန္တာတောင်ပေါ်တွေမှာသာ ပေါက်လေ့ရှိတယ်လို့ ဆိုတယ်။ နောက်တော့ မြတ်စွာဘုရားရဲ့ စွယ်တော်ဓာတ် ဆံတော်ဓာတ်တွေ ကိန်းဝပ်မယ့် အရပ်တွေမှာ စန္ဒကူးသစ်တွေကို နတ်ပြဟ္မာတွေက ရွှေ့စိုက်ခဲ့ကြတယ်"

"စိတ်ဝင်စားစရာပဲ . . ."

"ဒါကြောင့် အခုဆိုရင် မြတ်စွာဘုရားရဲ့ စွယ်တော်ဓာတ်တွေ ကိန်းဝပ်တဲ့ တရုတ်ပြည် ခွန်လွန် တောင်တန်းတွေနဲ့ သီဟိုဠ် (သီရိလင်္ကာ)မှာ ရှိတဲ့ ကျွန်းတွေမှာ စန္ဒကူးသစ်တွေ ပေါက်လေ့ရှိတယ်၊ တခြားဒေသမှာ မပေါက်ဘူး"

"မြန်မာပြည်မှာရော ပေါက်တယ်မဟုတ်ဖူးလား"

"ပေါက်ပါတယ် မြန်မာပြည်မှာက မြတ်စွာဘုရားရဲ့ ဆံတော်ဓာတ် တွေ ကိန်းဝပ်နေတာ အများကြီးရှိတာပဲ . . .၊ အခု စန္ဒကူးပင်တွေ ရှိတဲ့ နေရာကလည်း မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်က (၇)ရက် သီတင်း သုံးတော်မူတဲ့ နေရာထူး နေရာမြတ်ဖြစ်လို့ပဲဗျ . . ."

"ကျုပ်ကို အဲဒီအကြောင်းလေးတွေ နည်းနည်းလောက် ပြောပြစမ်းပါ စာရေးဆရာရယ် . . ."





"ဦးမွန်ထော် စိတ်ဝင်စားရင် ပြောပြပါ့မယ် . . စန္ဒကူးနံ့သာ ကျောင်းတော်ရာဆိုပြီး ဖြစ်ပေါ်လာတာက သမိုင်းရာဇဝင်ရှိတယ်ဗျ . . ."

ဟု ပြောကာ အောက်ပါ သမိုင်းကြောင်းကို ပြောပြလေသည်။

"မြတ်စွာဘုရားပွင့်တော်မူစဉ်ကာလမှာပဲ ဝါဏိဇ္ဇဂါမရွာမှာနေတဲ့ စူဠပုဏ္ဏသူကြွယ် ဦးဆောင်တဲ့ ကုန်သည်ငါးရာတို့ဟာ ကုန်သွယ်ဖို့အတွက် လှေကြီးတစ်စင်းနဲ့ မဟာသမုဒ္ဒရာကို ဖြတ်ပြီး ခရီးထွက်ခဲ့ကြတယ်၊ အဲဒီလို ထွက်ခဲ့ရင်းရက်အတန်ကြာတော့ သမုဒ္ဒရာထဲက မလ္လာယုဆိုတဲ့ ကျွန်းတစ်ကျွန်းကို ရောက်သွားကြတယ်၊ အဲဒီကျွန်းတစ်ကျွန်းလုံးမှာ စန္ဒကူးသစ်တွေ ချည်းပေါက်ပြီး၊ နတ်ဘီလူးတွေချည်းပဲရှိတဲ့ ကျွန်းပေါ့ . . . ."

"ဆက်ပြောပါဦး စာရေးဆရာရယ် . . ."

"ကုန်သည်တွေဟာ ကျွန်းပေါ်တက်ကြည့်ကြတော့ အဖိုးတန်လှတဲ့ စန္ဒကူးသစ်တွေကို တွေ့တာနဲ့ လှေပေါ်မှာ ပါတဲ့ ကုန်ပစ္စည်းတွေကို အကုန်ချပြီး စန္ဒကူးသစ်တွေကို လှေအပြည့်ခုတ်တင်ယူကြတယ်၊ လှေပြန်ထွက်လို့ သမုဒ္ဒရာထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



နတ်မြုပ်ပျက်စီးအောင်လို့ နည်းအမျိုးမျိုးနဲ့ နှောင့်ယှက်ဖျက်ဆီးကြတော့တယ် . . .”

“ကြောက်စရာပါလား”

“စူဠပုဏ္ဏသူကြွယ်ဟာ ဒုက္ခရောက်တဲ့အခါမှာ အစ်ကိုဖြစ်တဲ့ မဟာပုဏ္ဏရဟန္တာမထေရ်မြတ်ကို တိုင်တည် ရတော့တယ်၊ အဲဒီအခါမှာ မဟာ ပုဏ္ဏရဟန္တာမထေရ်မြတ် ကြွလာပြီး တန်ခိုးတော်နဲ့ တားဆီးပေးခဲ့လို့ ဘီလူးတွေ ရန်ကကင်းလွတ်ပြီး စန္ဒကူးသစ်တွေကို ဝါဏိဇ္ဇဂါမရွာရောက်အောင် သယ်ခဲ့ကြတယ်”

“ဝါဏိဇ္ဇဂါမဆိုတာ ဘယ်နေရာလဲ စာရေးဆရာ”

“ဝါဏိဇ္ဇဂါမဆိုတာ မကွေးတိုင်၊ ပွင့်ဖြူမြို့နယ်ထဲက အခုလယ်ကိုင်း ကျောင်းတော်ရာ နေရာပေါ့၊ စန္ဒကူးနံ့သာကျောင်းတော်ရာ ဘုရားကြီး တည်ထားတဲ့ နေရာပါပဲ . . .”

“သိပြီ . . . သိပြီ . . နောက်တော့ ဘယ်လို ဇာတ်ဖြစ်တယ် ဆိုတာကိုလဲ ပြောပြပါဦး”

“တိုတို ပြောရရင်တော့ မဟာပုဏ္ဏရဟန္တာမထေရ်မြတ်တန်ခိုးတော်ကြောင့် ရလာတဲ့ စန္ဒကူးသစ်တွေကို သူတို့မသုံးကြတော့ဘဲ စန္ဒကူးနံ့သာ ကျောင်းတော်ကြီး ဆောက်





လုပ် လှူဒါန်းခဲ့ကြတယ်၊ နောက်တော့ မဟာပုဏ္ဏ မထေရ်မြတ်ရဲ့ ပင့်ဆောင်မှုကြောင့် မြတ်စွာဘုရား ကြွလာပြီး (၇)ရက်သီတင်းသုံးခဲ့တဲ့ နေရာပေါ့၊ နောက်တော့ မဟာပုဏ္ဏ မထေရ်မြတ် ပရိနိဗ္ဗာန် ပြုတဲ့အခါကျတော့ စန္ဒကူးနံ့သာ ကျောင်းတော်ကြီးကို အမိဋ္ဌာန်ပြုပြီး ကွယ်ပျောက်စေခဲ့တယ်။ အဲဒီနေရာမှာ အခု စန္ဒကူးနံ့သာ ကျောင်းတော်ရာ စေတီတော်ကြီးတည်ထားကိုးကွယ်ခဲ့ကြတယ်”

“နောက်တော့ နတ်ဘီလူးတွေက ဘယ်လိုဖြစ်သွားကြတယ် ဆိုတာလည်း တဆိတ်လောက် ပြောပြပေးပါဦး”

“အရှင်ဓမ္မာစာရ ရေးတဲ့ ကျောင်းတော်ရာ သမိုင်းထဲမှာတော့ ကံ ကမ္မနိမိတ်၊ ဂတိနိမိတ်သဘောအရ နတ်ဘီလူးတွေဟာ စုတိစိတ်ကျ ခါနီးမှာ သယ်ဆောင်သွားတဲ့ စန္ဒကူးသစ်တွေရဲ့ အပေါ်မှာ အာရုံစွဲကြလို့ ငါးတွေ ဘဝနဲ့ သစ်တွေရှိရာ နောက်ကို လိုက်ကြတယ်လို့ ရေးထားတယ်။ အခု ဝါဝင်ရင် ရောက်လာပြီး ဝါကျွတ်တာနဲ့ ပြန်သွားကြတဲ့ ဘုရားဖူးငါးတွေပဲပေါ့ ဦးမွန်ထော် . . .”

“အတော် ဆန်းကြယ်ပါလား . . အခု ကျုပ်တို့ လိုက်လာတဲ့ စက်လှေ ပေါ်မှာလည်း စန္ဒကူးသစ်တွေ ပါလာတယ်



www.burmeseclassic.com

ဆိုတော့ ကျွန်းစောင့်ဘီလူးတွေ လိုက်များ လာဦးမှာလား စာရေးဆရာရယ် . . . ”

“ကြံကြံဖန်ဖန် ဦးမွန်ထော်ရယ် . . . ”

နောက်တစ်ရက်မှာတော့ ကျွန်းစောင့်ဘီလူးများ လိုက်မလာဘဲ သီရိ လက်ာပင်လယ်စောင့်တပ်ဖွဲ့မှ စစ်ရေယာဉ်လိုက်သဖြင့် စက်လှေကို စက်နှစ်လုံးဖွင့်ပြီး တရမန်းကြမ်း မောင်းပြေးရလေတော့သည်။

“ဘယ့်နှယ့်လဲ စာရေးဆရာ ခင်ဗျားပြောတော့ ကျွန်းစောင့်ဘီလူးတွေ မလိုက်ဖူးဆို . . အခု ပင်လယ် စောင့်တွေ လိုက်လို့ ပြေးနေရပါရောလား ဗျာ . . . ”

“အရေးထဲမှာ ဦးမွန်ထော်ရယ်၊ ခင်ဗျားမို့ ဒါတွေ တွေးနေနိုင်သေးတယ်၊ တော်ကြာ ဟိုက အမြောက်နဲ့ လှမ်းထုလို့ စက်လှေမြုပ်သွားမှ ဟုတ်ပေ့ဖြစ်နေမယ်”

သူတို့ စက်လှေမှာ နောက်မှ တရမန်းကြမ်းလိုက်သဖြင့် လွတ်မြောက် ရေးအတွက်သာ မောင်းပြေးရသောကြောင့် ဦးတည်ရာ လမ်းကြောင်း ပျောက်ကုန်တော့သည်။

သို့သော် ၎င်းစက်လှေက တစ်ပန်းသာသော အချက်မှာ ကျွန်းကြား လမ်းများမှ ကွေ့ကွေ့ပတ်ပတ် မောင်းပြေး၍





ရခြင်းပင်ဖြစ်သည်။ နောက်တော့ နောက်မှ လိုက်လာသော ပင်လယ်စောင့် ကင်းသင်္ဘောမှာ မျက်ခြည် ပြတ်သွားပြီး ဆက်မလိုက်ဘဲ ကျန်ခဲ့တော့သည်။

ထို့အတွက် ကံကောင်းသည်ဟု ဆိုရမည်ဖြစ်သော်လည်း ကံမကောင်းသော အချက်က ကျောက်ဆောင်များ ပေါသော ကျွန်းကြား ရေလက်ကြားမှ တရမန်းကြမ်းဖြတ်မောင်းခဲ့စဉ် စက်လှေမှာ အောက်ဖက်မှ ကျောက်ဆောင်နှင့် တိုက်မိပြီး ဝမ်းဗိုက်ပေါက်သွားခြင်းဖြစ်တော့သည်။

ထိုနေရာမှ ရေများ ဝင်လာသောကြောင့် ကျွန်းတစ်နေရာတွင် စက်လှေကို ရပ်ပြီး ပြုပြင်ဖာထေးကြရသည်။

အလုပ်သမားအတော်များများက ကံမကောင်းသော သူတို့သုံးယောက် ပါလာသောကြောင့် ယခုလို ဖြစ်ရသည်ဟု ယူဆနေကြဟန်ရှိသည်။ ထို့ထက် ဆိုးသည်မှာ စက်များမှာ သာမန်ထက်ပိုပြီး ကြမ်းကြမ်းတန်းတန်း မောင်းရသဖြင့် စက်နှစ်လုံးစလုံး ချို့ယွင်းမှု ရှိသဖြင့် ထိုကျွန်းမှာပင် နားပြီး စက်ပြု ပြင်ရမည်ဖြစ်သည်။

သို့ကြောင့် . . . . .၊

စက်လှေကို လုံခြုံစိတ်ချရသော တောစပ်တစ်နေရာ၌

www.burmeseclassic.com



သော်င်ခြေတွင် တင်ပြီး လိုအပ်သော ပြင်ဆင်မှုများ ပြုလုပ်နေကြစဉ် စက်လှေ ဦးစီးက ဤသို့ ပြောသည်။

"တို့စက်လှေက စက်တွေချို့ယွင်းနေတာဆိုတော့ ကောင်းတဲ့ အချိန်ထိ ဘယ်လောက်ကြာမယ်မှန်း မသိဘူး၊ စက်ကောင်းမှ ဆက်သွားလို့ရမှာ ဆိုတော့၊ ပါလာတဲ့ ရိက္ခာတွေကို ချွေတာဖို့ လိုတယ်၊ ကျွန်းပေါ်မှာရှိတဲ့ အချိန်မှာ ရှာစားလို့ရတယ်၊ ပင်လယ်ထဲ ရောက်ရင် ရှာစားလို့မရဘူး၊ ဒါကြောင့် ဒီမှာနေကြတဲ့ အချိန်မှာ ကျွန်းပေါ်တက်ပြီး ရိက္ခာရှာစားကြမယ်ဟေ့"

ဟု ပြောသဖြင့် နောက်တစ်နေ့မှစ၍ စက်လှေသမားများရော ဦးမွန် ထော်တို့ သုံးယောက်မှာ ကျွန်းပေါ်တက်ပြီး ရေနှင့်ရိက္ခာများ ရှာကြရလေသည်။

ထိုအချိန်မှစ၍ သူတို့ဆီသို့ အန္တရာယ်ဆိုးများက တစ်ခုပြီးတစ်ခု ရောက်လာလေတော့သည်။





## အခန်း (၄)

## အမှောင်တွင်းမှ ထူးဆန်းသော သတ္တဝါများ

သူတို့ရောက်လာသောအချိန်က မှောင်ရိသမ်းနေသောအချိန်လည်း ဖြစ်ပြန်၊ နောက်မှလိုက်လာသော အန္တရာယ်များအတွက်ကလည်း စိတ်မချရသောကြောင့် ပတ်ဝန်းကျင်ကို သေသေချာချာ မကြည့်မိကြပေ၊ ကျွန်းပေါ် တက်ရမည်ဆိုသောအခါမှ ကျွန်း၏ အနေအထား အခြေအနေကို အသေအချာ ကြည့်ရတော့သည်။

ကျွန်းမှာ အတော်အတန်ကြီးမားပြီး သမုဒ္ဒရာထဲမှ ကျွန်းတစ်ကျွန်း ဆိုတာလောက်သာ သိကြရသည်။ ဘယ်နေရာမှာရှိပြီး ကျွန်းပေါ်တွင် ဘယ်လိုအခြေအနေမျိုး ရှိသည်ကိုတော့ မခန့်မှန်းနိုင်ကြပေ။ ပင်လယ် ကမ်းခြေ တစ်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ ကျယ်ပြန့်သော သဲသောင်ပြင်များ၊ ကျောက်ဆောင် ကျောက်တောင်များရှိသည်။

ကမ်းခြေလွန်သည်နှင့် ချုံနွယ်များ၊ မြင့်မားသော သစ်ပင် သစ်တောများက ကာဆီးလျက်ရှိသည်။

ဟိုအဝေးဆီမှာတော့ တောင်တန်းတောင်စွယ်ကြီးများ၊ မီးတောင်ကဲ့သို့ ထိပ်ဖျားချွန်သော တောင်များကိုလည်း တွေ့ရသည်။ ကျွန်းပေါ်တွင် မျောက်နှင့် ငှက်အော်သံများကိုသာ ကြားရသည်။ ပင်လယ်ကမ်းခြေတစ်လျှောက် သဲသောင်ပြင်မှာတော့ ပင်လယ် ကဏန်းနှင့်လိပ်များ တက်လိုက် ဆင်းလိုက် လုပ်နေကြသည်ကို လှမ်းမြင်ရသည်။ မလှမ်းမကမ်း ကျောက်ဆောင် များပေါ်မှာတော့ ပင်လယ်ဖျော် ငှက်များ အုပ်စုလိုက် ပျံနေကြသည်။

ထိုအရာကို မြင်သော နီမောင်က . . .၊

"ကျွန်တော်တို့အတွက် စားစရာရဖို့တော့ သိပ်ပူစရာ မလိုတော့ဘူး၊ တခြား မရရင်တောင် လိပ်ဥနဲ့ ငှက်ဥလောက် ကတော့ ရဖို့ သေချာသွားပြီ"

ဟု ပြောသည်။

သို့သော် တကယ်တမ်း ငှက်ဥသွားနှိုက်သောအခါ





ငှက်များက ဝိုင်းအုံအော်ဟစ် ထိုးဆိတ်သည်က တစ်ကြောင်း၊ ကျောက်ဆောင် ကျောက်တုံးများက ရေညှိကြောင့် ချော် နေ၍ တက်မရသည်ကတစ်ကြောင်း၊ ကြောင့် ငှက် ဥမရဘဲ၊ သဲသောင်ပြင်ပေါ်မှာ အလွယ်တကူ တူးဆွယူရ သော လိပ်ဥ များကိုသာ တူးဆွယူကြရသည်။

"အဘသော် . ."

"ဟေ . . ."

"ကျွန်တော်တော့ ဒီကျွန်းကြီးကို ကြည့်ရတာ စိတ်ထဲမှာ မသိုးမသန့် နဲ့ တစ်မျိုးကြီးဖြစ်နေတယ်"

"ဘာကြောင့်လဲဟ ကျွန်းက သူ့ဘာသာ ရှိနေတာပဲဟာ"

"မဟုတ်ဘူးဗျ . .၊ ဒီကျွန်းပေါ်မှာ ကျွန်တော်တို့ကို အန္တရာယ် ပေးနိုင် တာတွေ ရှိနေတယ်လို့ စိတ်ထဲမှာ ထင်နေမိတယ်"

"ဒါကတော့ကွာ . . ဒီလောက်လူသူ အရောက် အပေါက် မရှိတဲ့ ကျွန်းပေါ်မှာ လူကို အန္တရာယ်ပေးနိုင်တာတွေကတော့ ရှိမှာပေါ့၊ ဘာပဲဖြစ်ဖြစ် သတိနဲ့ နေရင် ပြီးတာပါပဲ . . . ."

"ဒါထက် ကျွန်တော်တို့ စက်လှေက ဒီကျွန်းက ဘယ်တော့လောက် ပြန်ထွက်နိုင်မလဲ မသိဘူးနော် . ."

"စက်ပစ္စည်းဆိုတာ မိန်းမတစ်ယောက်လိုပဲ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



လေးရ သူစိတ်ကောင်းနေရင်သာ အသုံးချလို့ ခိုင်းလို့ ကောင်းတာ . . .၊ သူဖောက်လာပြီဆိုရင်တော့ ဘာမှ လုပ် မရတော့ဘူးလို့သာ မှတ်ပေတော့ဟေ့"

"အဘကလလည်းဗျာ . . . ကြံကြံဖန်ဖန်ပြော ရှော့မယ်"

"ငါက ကြံကြံဖန်ဖန် ပြောတာမဟုတ်ဖူး၊ အမှန်တရားကိုပြောတာကွ၊ ကဲ ဒါတွေထားတော့ အချိန်မရှိတော့ဘူး၊ လိပ်ဥတွေ ရသမျှယူပြီး စက်လှေ ပြန်ကြရအောင်ဟေ့"

ဟု ပြောသဖြင့် နှစ်ယောက်သား လိပ်ဥများကို ရသမျှတူးယူပြီး စက်လှေပြန်ခဲ့ကြသည်။

စက်လှေပေါ်မှာတော့ စက်ပြင်ဆရာနှစ်ယောက်နှင့် ဦးစီးသာ ကျန်ခဲ့ပြီး ကျန်လူတွေအားလုံးက ကျွန်းပေါ်တက်ကာ ရိက္ခာရှာကြလေသည်။

ကိုယ့်အဖွဲ့နှင့်ကိုယ် နှစ်ယောက်တစ်တွဲ၊ နှစ်ယောက်တစ်တွဲ သွားကြရာ ပြန်ရောက်လာသူများမှာ ဖွတ်၊ ငှက်၊ မျောက်နှင့် သားငါးများ အသီးသီးပါလာကြသည်။ အချို့ကသောက်ရေကို သယ်ယူလာကြပြီး အချို့ကလည်း စားကောင်းသည်ဟု ထင်သော အသီးအနှံများ ယူလာကြသည်။ တောဝင်နေသော ငှက်ပျောရိုင်းသီးမှည့်များလည်း ပါလာသည်။ ငှက်ပျောရိုင်းသီးများမှာ အသားထက် အစေ့ကများသဖြင့် အစားရခက်သော်လည်း ဝမ်းပြည့်ရုံ အဆာပြေရုံတော့ စား၍ ရသည်။





စက်လှေသမား ၁၀ ယောက်နှင့် သူတို့ သုံးယောက်ဆိုလျှင် အားလုံး (၁၃)ယောက်ပါလာရာ စက်လှေပေါ်မှာ သုံးယောက် ကျန်နေခဲ့ပြီး ကျန်ဆယ် ယောက်က ကျွန်းပေါ်တက်ပြီး ရိက္ခာရှာကြရခြင်းဖြစ်ရာ ညနေပိုင်း အချိန်အထိ ရှစ်ယောက်သာ ပြန်ရောက်လာပြီး ကျန်နှစ်ယောက်မှာ အချိန်ကုန်သည်အထိ ပြန်ရောက်မလာပေ . . .၊ သို့ကြောင့် မှောင်ရိပ်သမ်းလာပြီ ဖြစ်သောကြောင့် ဘယ်လိုမှ မတတ်သာတော့ဘဲ နောက်တစ်နေ့ နံနက်လင်းသောအခါမှသာ လိုက်ရှာကြရန် ဆုံးဖြတ်ကြသည်။

ထိုညက ကျွန်းပေါ်မှ ထူးခြားသော အသံအချို့ကို မသဲ မကွဲကြားရသော်လည်း မည်သို့သော အသံမျိုးဖြစ်သည်ကိုတော့ မသိကြရပေ . . .။

နောက်တစ်နေ့ နံနက်လင်းသောအခါ သေနတ်များပါ ယူဆောင်ပြီး စက်လှေဦးစီးပါ ကျွန်းပေါ်တက်လိုက်ကာ ရှာဖွေသော်လည်း ပျောက်သွား သူနှစ်ယောက်၏ အစအန



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ မတွေ့ရပေ။ မွန်းတည့်ချိန်လောက် ရောက်သော အခါမှ ဆူးချုံတွင် ငြိကာ စုတ်ပြဲကျန်ခဲ့သော အဝတ်အစား အချို့နှင့် သစ်ရွက်များပေါ်တွင် တင်ကျန်နေသော သွေးစက်များကို တွေ့ရသည်။ ထိုနေရာတစ်ဝိုက်တွင် တောခြေရှင်းပြီး မြေသားပျော့သဖြင့် မြေပေါ်တွင် ရှုပ်ထွေးနေသော ခြေရာများကို တွေ့ရသည်။ ထင်နေသော ခြေရာများမှာ လူခြေရာနှင့် သိပ်မတူလှဘဲ မျောက်ခြေရာများနှင့် ဆင်ဆင်တူလေသည်။

ပတ်ဝန်းကျင်တစ်ဝိုက်မှ ခြေရာတွေမှာ ရှုပ်ထွေးနေသဖြင့် မိမိတို့ လူနှစ်ယောက်မှာ အန္တရာယ်တစ်စုံတစ်ရာနှင့် ကြုံတွေ့သွားရပြီဖြစ်ကြောင်း အားလုံး ရိပ်မိလိုက်ကြသည်။ သို့ကြောင့် အားလုံး သတိဝီရိယထားကာ ထပ်မံလိုက်ရှာလေရာ တောတွင်းတစ်နေရာတွင် ကျောက်တုံးကျောက်ခဲများနှင့် ဆောက်ထားသော အဆောက်အအုံ ပျက်ကြီးတစ်ခုကို လှမ်းမြင်ရသည်။ ထိုကျောင်းဆောင်နှင့်တူသော အဆောက်အအုံ ပျက်ကြီး၏ အဝင်ဝနေရာတွင် လူတစ်ယောက် ရပ်နေသည်ကို မြင်ရသဖြင့် သေနတ်များဖြင့် ချိန်လိုက်ကြသည်။

သို့သော် ထိုလူက မတုန်မလှုပ်ရပ်နေသဖြင့် သေနတ်များဖြင့် ချိန်ကာ တဖြည်းဖြည်း အနီးသို့ တိုးကပ်သွားရာ





ထိုလူမှာ လူတစ်ယောက်ဟုသာ ဆိုသော်လည်း အသက်ရှိသူတော့မဟုတ်ပေ။ လူနှင့် တူလှသော ကျောက်ရုပ် တစ်ရုပ်သာ ဖြစ်နေသည်။

"ငါက လူမှတ်တာ၊ လက်စသတ်တော့ ကျောက်ရုပ်ကြီးကိုး"

စက်လှေဦးစီးက စိတ်သက်သာရာ ရသွားဟန်ဖြင့် မှတ်ချက်ချလေသည်။

ထိုအခါ စက်လှေသမားတစ်ယောက်က . . .၊

"ဆရာ . . သူ့ကို သေသေချာချာ ကြည့်ပါဦး၊ ကျွန်တော်တို့ စက်လှေပေါ်က ပျောက်သွားတဲ့ လူမဟုတ်လား"

ဟု အလန့်တကြားပြောလိုက်ရာ ထိုအခါမှ အလန့်တကြား ဝိုင်းကြည့်သောအခါ ထိုကျောက်ရုပ်၏ မျက်နှာမှာ ပျောက်ဆုံးနေသော စက်လှေသမား၏ မျက်နှာဖြစ်နေကြောင်း ထိတ်လန့်ဖွယ်ရာ တွေ့ရလေသည်။

"ဟင် . . . ."

စက်လှေဦးစီးက ထိုအခါမှ မရဲတရဲနှင့် အနားကပ်၍ ကြည့်လိုက်ရာ လူတစ်ယောက်လုံး ကျောက်သားပကတိ ဖြစ်နေသော်လည်း၊ ၎င်း၏ မျက်လုံးမှာ လူ၏ မျက်လုံးအတိုင်း ပကတိကျန်နေသေးသည်ကို တွေ့လိုက်ရသဖြင့် အလန့်တကြား



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ ဆုတ်လိုက်လေသည်။ သို့သော် ၎င်း၏ မျက်လုံးမှာ လှုပ်ရှားမှု ကင်းမဲ့နေသဖြင့် သေဆုံးနေပြီဖြစ်ကြောင်း သိလိုက် သည်။

"ဘယ်လိုလုပ်မလဲ စက်လှေဆရာ ..."

ဦးမွန်ထော်က မေးလိုက်သည်။

"ဘယ်လိုမှ လုပ်လို့မရတော့ဘူး၊ သူသေနေပြီ ... ကျုပ်စဉ်းစားမရ တဲ့ အချက်က သူဟာ လူတစ်ယောက်ကနေ ဘယ်လိုဖြစ်လို့ ကျောက်ရုပ် ဘ၀ပြောင်းသွားတယ်ဆိုတာပဲ"

"သူ့ကိုယ်ပေါ်က ကျောက်တွေကို ရိုက်ခွာကြည့်မလား"

"မရတော့ဘူး၊ ကျုပ်ကြည့်ပြီးပြီ .. သူ့ကိုယ်ပေါ်က ကျောက်တွေက ခဲသွားရင် ခွာမရတော့တဲ့ သဘာ၀ကျောက် တွေပဲ၊ ရိုက်ခွာနေလည်း အပိုပဲ..."

"ဒီတော့ ဘာလုပ်မလဲ .."

"အကောင်းဆုံးက ကျုပ်တို့ ဒီနေရာက အမြန်ဆုံးသွား ကြဖို့ပဲ၊ ဖြစ်နိုင်ရင် ဒီမိစ္ဆာကျွန်းကြီးနဲ့ ဝေးတဲ့နေရာကို စက် လှေပါ တစ်ခါတည်း ရွှေ့သွားနိုင်ရင် ပိုကောင်းမယ် ...."

ဟု ပြောဆိုကာ စက်လှေရှိရာသို့ ပြန်ဆင်းခဲ့ကြသည်။ ကမ်းစပ် ရောက်တော့ ဒီရေကျသွားပြီ ဖြစ်သောကြောင့်





စက်လှေက ကမ်းပေါ်မှာ တင်ကျန်နေလေပြီ ....။ စက်လှေကို တစ်နေရာသို့ ရွှေ့ရန် ဘယ်လိုမှ မရနိုင် တော့ပေ ...၊ စက်လှေအနီးကမ်းစပ်သို့ ရောက်သောအခါ နှလုံးသွေး ပျက် ဖွယ်ရာ မြင်ကွင်းကို တွေ့ကြရသည်။

အခြားမဟုတ်ပေ ...၊

စက်လှေအနီး သဲပြင်ပေါ်မှာ မျောက်ခြေရာနှင့် တူသော ခြေရာများစွာ ကို တွေ့ရပြီး ထိုနေရာတစ်ဝိုက်မှာ သွေးကွက် ကြီးများ တွေ့ရသောကြောင့် ဖြစ်သည်။ သွေးကွက်ကြီးများ ပေါ်တွင် ယင်မမည်းရိုင်းများက တဝေါဝေါနှင့် ဝိုင်းအုံနေကြ သည်။

အားလုံးစက်လှေပေါ်တွင် ကျန်ခဲ့သော စက်ဆရာ နှစ်ယောက်၏ ကံကြမ္မာကို စိုးရိမ်စွာဖြင့် စက်လှေပေါ် အပြေး အလွှားတက်ကြည့်သောအခါ စက်လှေတစ်စင်းလုံး ပစ္စည်း များ ဖရိုဖရဲဖြစ်နေပြီး စက်ဆရာနှစ်ယောက်ကတော့ မရှိ တော့ပေ ..၊

"ဒုက္ခပါပဲဗျာ .. ဒုက္ခပါပဲ .. ရန်သူကိုလည်း မတွေ့ရ ဘဲ ကျုပ်တို့ စက်လှေက လူတွေ တစ်ယောက်ပြီး တစ်ယောက် သေကုန်တယ်ထင်တယ်၊ စက်ကလည်းပျက်၊ စက်လှေက



www.burmeseclassic.com

www.burmeseclassic.com



လည်း ဝမ်းဗိုက်ပေါက်ပြီး သောင်ပေါ်ရောက်နေပြီး တကယ်ကို ဒုက္ခပါပဲ . . .”

စက်လှေဦးစီးက စိတ်မာတ်ကျစွာနှင့် အော်ဟစ်ညည်းညူနေသည်။

“စက်လှေဆရာ ဒီအတိုင်း စိတ်မာတ်ကျနေလို့တော့ ဘာမှဖြစ်မှာ မဟုတ်ဘူး၊ အခုကျုပ်တို့ (၁၃)ယောက်က (၉)ယောက်ကျန်သေးတယ်။ ကျန်တဲ့ လူတွေ ဘာဆက်လုပ်ကြမယ်ဆိုတာ တိုင်ပင်ကြမှဖြစ်မယ် . . .”

ဟု ဦးမွန်ထော်က ပြောလိုက်သည်။

“ဘယ်လိုလုပ်ရင် ကောင်းမလဲ ခင်ဗျားပဲ အကြံပေးပါဦး”

ဟု ဦးမွန်ထော်အား ပြန်၍ အကြံတောင်းလေသည်။

“အကောင်းဆုံးကတော့ ကျုပ်တို့ သတိဝီရိယနဲ့နေမှ ဖြစ်တော့မယ်၊ ကျုပ် အထင်ပြောရရင်တော့ ဒီကျွန်းဟာ ကြောက်စရာကောင်းလှတဲ့ မိစ္ဆာကျွန်းတစ်ကျွန်းပဲ၊ ကျွန်းပေါ်မှာ လူကို အန္တရာယ်ပေးနိုင်တဲ့လူ၊ ဒါမှ မဟုတ် တိရစ္ဆာန်တွေ ရှိပုံရတယ်”

“ဟုတ်တယ်ဗျ ကျုပ်တို့ လူတွေ သေရတာ တစ်ယောက်





ယောက် လက်ချက်ဆိုတာကတော့ ထင်ရှားတယ် . . .”

“ဒါပေမယ့် ရန်သူဆိုတာ သူမြင် ကိုယ်မြင် တိုက်ခိုက်ရတာ ဘာမှ အပန်းမကြီးဘူး၊ လွတ်မြောက်ဖို့လမ်း၊ နိုင်လောက်မယ့် အခြေအနေကို ကြည့်ပြီး တိုက်ခိုက်လို့ရတယ်၊ ဆိုးတာက ရန်သူကို မမြင်ရဘဲ အခုလို လျှို့ဝှက်ပြီး အတိုက် ခံရတာပဲ”

“ဟုတ်တယ်ဗျာ . . . အခု လူလေးယောက်သာ သေသွားတယ်၊ ဘယ်သူ့လက်ချက်မှန်း မသိရသေးဘူး”

“အကောင်းဆုံးက လက်နက်တွေကို ကိုယ်နဲ့မကွာထားပြီး၊ တစ်ယောက်နဲ့ တစ်ယောက် စည်းစည်းလုံးလုံး ရှိကြဖို့ပဲ . . ၊ ညဘက်တွေမှာလည်း အလှည့်ကျ ကင်းစောင့်ပြီးနေမှဖြစ်မယ်၊ ကျုပ်ပြောတာ ဘယ်လို သဘောရသလဲ”

ဟု ဦးမွန်ထော်က အားလုံးသဘောဆန္ဒကို မေးရာ ဘယ်သူမှ မငြင်းကြသဖြင့် ထိုနေ့ညဘက်မှ စပြီး စက်လှေပေါ်မှာ ကင်းချထားကာ နေကြရသည်။ ထိုနေ့ညက နီမောင်နှင့် စက်လှေသမားတစ်ယောက်တို့သည် သန်းခေါင်ကျော် အချိန်တွင် ကင်းစောင့်ကြရသော အလှည့်ဖြစ်သည်။ ညဦးပိုင်းက နှစ်ယောက်တစ်တွဲ ကင်းစောင့် ပြီးသွားပြီဖြစ်သောကြောင့် သန်းခေါင်ယံ အချိန်မှ စ၍ မိုးလင်းသည့် အချိန်အထိ



www.burmeseclassic.com

www.burmeseclassic.com



နီမောင်နှင့် စက်လှေသမားတစ် ယောက်တို့ ဆက်၍ ကင်းစောင့်ကြရသည်။

သူတို့စက်လှေပေါ်မှာ ထွက်လာခါစက ၎င်းတို့သုံးယောက်နှင့် စက်လှေသမား (၁၀)ယောက်၊ စုစုပေါင်း ဆယ့်သုံးယောက်လိုက်ပါလာသော်လည်း ယခု ထိုကျွန်း ရောက်ခါမှ အန္တရာယ်အမျိုးမျိုးတို့ကြောင့် လူလေးယောက် ပျောက်ဆုံးသွားခဲ့ပြီဖြစ်၏။ တစ်ယောက်ကတော့ ကျောက်ရုပ် ဖြစ်နေသည်ကိုသာ တွေ့ခဲ့ရပြီး မည်သို့ ထိုကဲ့သို့ ဖြစ်သွားသည်ကို မသိနိုင်ကြသဖြင့် သောင်ပြင်ပေါ်တွင် ဘယ်လိုမှ ခွာမရသော စက်လှေပေါ်တွင် ရင်တထိတ်ထိတ်နှင့် နေရသောကြောင့် မည်သူမျှ ကောင်းစွာ အိပ်မပျော်ကြပေ . . .။

မိမိတို့ အလှည့်ဘယ်တော့ ရောက်လေမလဲဟုသာ ကြောက်ရွံ့ထိတ်လန့်စွာ တွေးတောနေမိကြသည်။

ပင်လယ်ကမ်းစပ်မှ ဒီရေတက်သံ၊

ပင်လယ် ဟီးသံ ၊

တောထဲမှ မျောက်များ၊ ငှက်အုပ်များ၊ ဆူညံစွာ ပေါ်ထွက်လာသော အသံများကြားလျှင်သော်မှ ကျောချမ်းနေကြသည်။ စက်လှေမှာ သဲသောင်ပေါ်မှာ တင်နေသဖြင့်





ဘယ်လိုမှ တွန်းချ၍ မရသည်က တစ်ကြောင်း၊ ရသည့်တိုင်အောင် ဝမ်းဗိုက်က ပေါက်ထွက်နေပြီး စက်နှစ်လုံးစလုံးကပါ ပျက်နေသောကြောင့် ဘယ်လိုမှ ခရီးဆက်၍ မရနိုင်ကြပေ . . .။

သူတို့သောင်စပ်တွင် စက်လှေ မှေးဆိုက်ထားသောအချိန်က တက်ရေအမြင့်ဆုံး အချိန်ဖြစ်သော 'ရေတက်ရက်'ဖြစ်သော်လည်း ယခုအခါ ရေသေရက်သို့ တဖြည်းဖြည်းရောက်လာပြီဖြစ်သဖြင့် ပင်လယ်ရေက တစ်နေ့တခြား ဆုတ်သွားလေရာ စက်လှေဆီသို့ ပြန်မရောက်တော့ပေ . . .။

နောက်တစ်ကြိမ်စက်လှေဆီသို့ ရေရောက်ရန် အချိန်ဆိုလျှင် အနည်းဆုံး လဝက်ခန့် ထပ်စောင့်ရတော့သည်။ အဘယ်ကြောင့်ဆိုသော် ပင်လယ်ရေသည် တစ်လမှာ ရေထနှစ်ကြိမ်ရှိပြီး ရေသေနှစ်ကြိမ်ရှိသောကြောင့် ဖြစ်သည်။

အဆိုးဆုံးက ပင်လယ်သောင်များ၏ သဘာဝအတိုင်း သောင်ပြင်ပေါ်သို့ လှေ၊ သမ္ဗန်၊ စက်လှေ၊ သင်္ဘောများ တင်သွားပါက ချက်ချင်းလွတ် မြောက်အောင် လုပ်ကြရသည်။ မဟုတ်ပါက သဲကိုက်သွားပါက ကျောက်ချ ထားသလိုဖြစ်ကာ ရုတ်တရက် ခွာထွက်၍ မရတော့ပေ . . .။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း နီမောင်၊ ဦးမွန်ထော်နှင့် အောင်မင်းအောင်တို့မှာ သဲသောင်ပေါ်ဝယ် ဘယ်လိုမှ ရွေ့မရနိုင်သောစက်လှေပေါ်တွင် ရောက်နေသဖြင့် အကယ်၍ ရန်သူများရောက်လာပါက ခုခံတိုက်ခိုက်နိုင်လျှင် ပြန်လည်ခုခံ တိုက်ခိုက်ပြီး၊ မနိုင်လျှင်တော့ သည်အတိုင်းသာ လည်စင်းခံရတော့မည့် အခြေအနေမျိုးဖြစ်သည်။

စက်လှေပေါ်တွင် သေနတ်များပါသော်လည်း နီမောင်တို့က သေနတ် မပစ်တတ်သောကြောင့် ဓား၊ လှံ၊ ကပ်ပါး၊ ရဲဒင်းကြီးများကိုသာ လက်နက်သဲဖွယ် အားကိုးကြရလေသည်။ ထိုညက နီမောင်နှင့်အတူ ကင်းစောင့်သူက သေနတ်တစ်လက်ကိုင်ထားပြီး၊ နီမောင်ကတော့ သစ်ခုတ်ရာတွင် အသုံးပြုသည့် အသွားထက်လှသည့် ကပ်ပါးအလတ်စားတစ်လက်ကိုသာ ကိုင်ဆောင်ထားသည်။ ကပ်ပါးဆိုသည်မှာ ရဲဒင်းအကြီးစားဖြစ်သော်လည်း ရဲဒင်းထက် ဖျက်ကျယ်၍ အသွားထက်သောကြောင့် အသုံးပြုရတာ ပို၍ ထိရောက်မှုရှိလေသည်။

သန်းခေါင်ကျော်လာသောအခါ ကင်းစောင့်နေသူ နှစ်ယောက်မှလွဲပြီး ကျန်လူများမှာ အိပ်မောကျသွားကြပြီဖြစ်၏။





ထိုအချိန်တွင် ကမ်းခြေနှင့် မနီးမဝေးရှိ သစ်တောအတွင်းမှ တောကြက်နှင့် ငှက်အော်သံများ ဝေါခနဲ ပေါ်လာသည်ကို ကြားလိုက်ရသဖြင့် နှစ်ယောက်သား လက်နက်များကို အဆင်သင့်ပြင်ကာ အသံကြားရာဘက်သို့ မျက်တောင်မခတ် စိုက်ကြည့်နေကြသည်။ ရာသီဥတုမှာ သာယာနေသောကြောင့် လရောင်နှင့် ကြယ်ရောင်ကလေးများရှိသဖြင့် ပတ်ဝန်းကျင်ကို ဝိုးတဝါး လှမ်းမြင်နိုင်ပေသည်။

၎င်းတို့ စက်လှေတင်နေသော အနေအထားမှာ ကမ်းစပ်နှင့်လည်း မဝေးလှ၊ သစ်တောများနှင့်လည်း မဝေးလှဘဲ စက်လှေ၏ နောက်ဖက်နားတွင် ကျောက်တန်း ကျွန်းစွယ်တစ်ခုရှိပြီး ထိုနေရာတွင် ပင်လယ်သစ်ပင်ကြီးများ ပေါက်ရောက်လျက်ရှိသည်။ ထိုသစ်ပင်ကြီးများ၏ သစ်ကိုင်း၊ အချို့က စက်လှေပေါ်သို့ပင် ကိုင်းကျနေသည်။ သို့သော် အသံကြားရသည်က အရှေ့ဘက်မှဖြစ်သည်။

"ဟော့ . . ဟိုတောစပ်မှာ လှုပ်လှုပ်ရွရွနဲ့ ဘာကောင်တွေ ဆင်းလာတာလဲ သေသေချာချာ ကြည့်ပါဦး"

နီမောင် လှမ်းကြည့်လိုက်တော့ လရောင်တစ်စွန်းတစ်စ ကျရောက်နေသော သဲပြင်ပေါ်မှာ အနက်ရောင်မည်း



www.burmeseclassic.com

www.burmeseclassic.com



မည်း သဏ္ဍာန်များ တန်းစီပြီး တရွေ့ရွေ့ ဆင်းလာသည်ကို လှမ်းမြင်လိုက်ရသည်။

ဆင်းလာသော သတ္တဝါများမှာ တောပေါ်မှ အနက်ရောင် မှင်ရေများ သွန်းချလိုက်သဖြင့် တအိအိစီးကျလာသည်နှင့် တူလှသော်လည်း ဘယ်လို သတ္တဝါမျိုးဖြစ်သည်ကိုတော့ သဲသဲကွဲကွဲ မသိရပေ . . .။

ဆင်းလာသော အမည်းရောင် အတန်းကြီးမှာ မျက်စိတစ်ဆုံးတစ်မျှော် တစ်ခေါ် ရှည်လျားလှပြီး တရွေ့ရွေ့ဆင်းလာပုံမှာ စက်လှေရှိရာကို လခြမ်းပုံ သဏ္ဍာန်ပတ်ဝိုင်းပြီး ဆင်းလာခြင်းဖြစ်၏။

ၿင်းတို့ ရွေ့လျားလာပုံမှာ စနစ်တကျ ဖွဲ့စည်းထားသော စစ်တပ်ကြီး တစ်တပ်နှင့်ပင် တူတော့သည်။

ၿင်း သတ္တဝါများမှာ စက်လှေရှိရာနှင့် ကိုက်အနည်းငယ်ကွာသည့် နေရာသို့ရောက်သောအခါ စက်လှေကို ကဏန်း လက်မ ပုံသဏ္ဍာန် ပတ်ဝိုင်းထားကာ ရပ်တန့်သွားလေတော့သည်။

သောင်ပြင်ပေါ်မှာ လရောင်တစ်စွန်းတစ်စ ကျနေသဖြင့် ငွေရောင်များ လင်းနေသော်လည်း ၿင်းသတ္တဝါများရှိ





နေသော နေရာမှာ အမည်းရောင်များ ဆေးခြယ်ထားသကဲ့သို့ ရှိနေတော့သည်။

"အဲ အဲဒါ ဘယ်လို သတ္တဝါတွေလဲ ကြွက်တွေလား၊ ပိုးဟပ်တွေလား၊ ဒါမှမဟုတ် မြွေတွေများလား၊ ဒီလောက်များတဲ့ သတ္တဝါတွေကို တစ်ခါမှ မတွေ့ဖူးသေးဘူး"

ဟု တစ်ယောက်က ပြောသည်။

"ကျုပ်အထင်ပြောရရင်တော့ တောထဲက တွင်းအောင်း သတ္တဝါအမျိုးမျိုးဖြစ်မယ်ထင်တယ်။ အနီးစပ်ဆုံး ပြောရရင်တော့ အဆိပ်ပြင်းတဲ့ ပင့်ကူနက်တွေများ အုပ်စုလိုက်ဆင်းလာရော့သလား မသိဘူး"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ . . ."

"အကောင်းဆုံးကတော့ ကျန်တဲ့လူတွေကို လိုက်နှိုးလိုက်ရင်ကောင်းမယ်"

"အေးကောင်းတယ်"

ဟုဆိုကာ ထိုလူက သေနတ်ကို ကိုင်ပြီး နေရာမှ ထလိုက်စဉ် မမျှော်လင့်သော အန္တရာယ်များက စက်လှေပေါ်သို့ ရောက်လာတော့သည်။ ရောက်လာပုံမှာ သူတို့ လှမ်းမြင်နေရသော မည်းမည်းသဏ္ဍာန်များရှိရာဘက်မှ မဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



စက်လှေပေါ် ကိုင်းကျနေသော သစ်ပင်များပေါ်မှ ခုန်ချလာကြခြင်း ဖြစ်သည်။

အန္တရာယ်ကောင်များမှာ သူတို့ လှမ်းမြင်နေရသော မည်းမည်း သဏ္ဍာန်များကဲ့သို့ မဟုတ်ဘဲ လူလောက်နီးနီး ကိုယ်ခန္ဓာကိုယ်ကြီးသော မျောက်သဏ္ဍာန် သတ္တဝါများ ဖြစ်တော့သည်။

ထိုသတ္တဝါတို့၏ ခုန်ပျံ တိုက်ခိုက်ပုံမှာ လူတစ်ယောက်နှင့် မတူလှဘဲ မျောက်တစ်ကောင် လှုပ်ရှားမှုနှင့် တူလှပေသည်။ မမျှော်လင့်ဘဲ အလွန်လျင် မြန်လှစွာ ဝင်ရောက်တိုက်ခိုက်ကြသောကြောင့် ၎င်းတို့နှစ်ယောက် မယ်မယ်ရရ မတုံ့ပြန်နိုင်ခင်မှာ သေနတ်ကိုင်ထားသော လူသည် သေနတ် တခြားလူတစ်ခြားဖြစ်ကာ ၎င်းတို့နောက်သို့ ပါသွားလေတော့သည်။

နီမောင်ကတော့ မိမိရှိရာသို့ ရောက်လာသော သတ္တဝါကို ကပ်ပါးဖြင့် ဆီးခုတ်လေသည်။ ထိုသတ္တဝါမှာ အရှယ်နှင့် မလိုက်အောင် လျင်မြန်စွာဖြင့် ပြန်ခုန်ထွက်သွားသော်လည်း နီမောင့်ကပ်ပါးခုတ်ချက်တော့ မိမိရရ ထိသွားသည်။

၎င်းတို့၏ ရည်ရွယ်ချက်မှာ လူကို သတ်ဖို့ထက် လူကို လိုချင်သဖြင့် လာရောက်တိုက်ခိုက်ကြကြောင်း ထင်ရှားလှသည်။





အဘယ်ကြောင့်ဆိုသော် . . .

အမဲလိုက်သူများကဲ့သို့ လူတစ်ယောက်ရသောအခါ ကျန်တစ်ယောက်ကိုပင် အန္တရာယ်မပေးတော့ဘဲ သစ်ပင်များပေါ်သို့ လွှားခနဲ ပြန်ခုန်တက်သွား ကြလေတော့သည်။

စက်လှေထဲမှ အိပ်နေသူများ နိုးလာသောအခါ သတ္တဝါ တစ်ကောင်မှ မရှိတော့ပေ . .။

နီမောင်က မိမိလူများကို ပြရန်အတွက် စောစောက သောင်ပြင်ပေါ်မှာ မြင်နေရသော မည်းမည်းသဏ္ဍာန်များ ရှိရာသို့ လှမ်းကြည့်လိုက်သောအခါ သောင်ပြင်ပေါ်မှာ လရောင်မှလွဲပြီး ဘာမှမရှိတော့ပေ . . .။

မည်းမည်း သတ္တဝါများက အံ့သြဖွယ်ရာ ကောင်းလောက်အောင် ပျောက်ဆုံးသွားခဲ့ကြလေပြီ . . . .။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

### မှော်ပင်မီးခိုးငွေ့များနှင့် ထယ်ထင်ရှင်

နောက်တစ်နေ့ စက်လှေကြမ်းပြင်ပေါ်တွင် ကျန်ရစ်ခဲ့သော သွေးစက်များကို ကြည့်ရှုကြသောအခါ သွေးများမှာ သတ္တဝါတစ်ကောင်၏ သွေးနှင့် မတူဘဲ လူသွေးနှင့်တူကြောင်း အံ့ဩဖွယ်ရာတွေ့ရသည်။ ညက မည်းမည်း သတ္တဝါများ အုပ်စုလိုက်ဆင်းလာသော သဲပြင်ပေါ်သို့ သွားရောက်ကြသောအခါ ထိုနေရာများတွင် ကဏန်းခြေရာကဲ့သို့ ပွနေသော ခြေရာများကို တွေ့မြင်ရသဖြင့် မိမိတို့ထင်ထားသလို ပိုးဟပ်ကဲ့သို့ သတ္တဝါများ၊ ဒါမှမဟုတ် ပင့်ကူလို သတ္တဝါများ ဖြစ်လိမ့်မည်ဟု ခန့်မှန်းကြသည်။ ထို့နောက်တွင် ဦးမွန်ထော်နှင့် စက်လှေဦးစီးတို့ ခေါင်းဆောင်ကာ အားလုံး လက်နက်များ





အသီးသီး ကိုင်ဆောင်ကြကာ ယမန်နေ့က ကျောက်ရုပ်ကြီး တွေ့ခဲ့ရသော ကျောင်းပျက်ကြီးရှိရာသို့ တက်ခဲ့ကြသည်။ ရည်ရွယ်ချက်ကတော့ ရန်သူက မိမိတို့ကို လာရောက် တိုက်ခိုက်တာကို ခံရတာနှင့်စာလျှင် မိမိတို့က ရန်သူကို လိုက်လံရှာဖွေပြီး သူသေကိုယ်သေ တိုက်ခိုက်ကြရန် ရည်ရွယ်ပြီး တက်လာဝခဲ့ကြခြင်း ဖြစ်၏။

တောထဲမှာ သစ်ပင်ချုံနွယ်များ ရှုပ်ထွေးသည်ဆိုသော်လည်း သွား လာ၍ မရလောက်အောင်တော့ မဆိုးလှပေ ။

သူတို့ အဖွဲ့မှာ တစ်နေ့က ထိုနေရာဘက်သို့ ရောက်ခဲ့ဘူးသဖြင့် လမ်းကို ကောင်းစွာ မှတ်မိနေသောကြောင့် အခက်အခဲမရှိရုံမက လမ်းခရီးတစ် လျှောက်လုံးမှာ မည်သည့် အန္တရာယ်အနှောင့်အယှက်ကိုမှ မတွေ့ရပေ . . . ။ နီမောင် စိတ်ထဲမှာ လွန်စွာ အံ့ဩနေသော အချက်တစ်ချက်ရှိသည်။ ထိုကား အခြားမဟုတ်ပေ . . . . ။

ညက သဲသောင်ပြင်ပေါ်သို့ ဆင်းလာသော ထောင်ပေါင်းများစွာ များလှသော သတ္တဝါများက ယခုအခါ ဘယ်နေရာသို့ သွားရောက်ပုန်းနေ ကြသည်လဲ . . . ။

လင်းနို့များကဲ့သို့ ညဘက်တွင် အပြင်ထွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နေ့ဘက် တွင် ဂူများ အတွင်းမှာ ခိုအောင်းနေပြီလား။

ဒါမှမဟုတ် ပဒ္ဒကောင်များလို မြေတွင်းအောင်းနေသည်လား၊ အတွေး မဆုံးမီ သူတို့ပတ်ဝန်းကျင် တစ်ဝိုက်ဆီမှ တဖျောက်ဖျောက်နှင့် သစ်ရွက်များပေါ် နင်းလျှောက်လာသော ခြေသံများကို ကြားရသည်။ အသံများမှာ သစ်သားကို ခြကိုက်နေသော အသံမျိုးဖြစ်၏။ ထို့ပြင် ခြေသံများက စက်ဝိုင်းသဏ္ဍာန် ပတ်ဝိုင်းလာပြီး တဖြည်းဖြည်း နီးလာသည်။

အားလုံးလက်နက်များကို အသင့်ပြင်ပြီး ကျောချင်းကပ်ကာ ရပ်နေလိုက်ကြသည်။

ကြားနေရသော ခြေသံများမှာ အတော်နီးသော နေရာသို့ ရောက်လာသည့်တိုင် သတ္တဝါများကိုတော့ မမြင်ရသေးပေ . . .။

ထူးဆန်းသည်မှာ သူတို့နှင့်သစ်တစ်ပင်၊ ချုံတစ်ကွယ် အနီးသို့ ရောက်လာသောအခါမှာ ကြားနေရသော ခြေသံ အားလုံး တစ်ပြိုင်တည်းလို ရပ်တန့် သွားခြင်းဖြစ်၏။

အတန်ကြာအောင် စောင့်ကြည့်ကြသော်လည်း အခြေအနေက မထူး၊ ငြိမ်သက်မြဲငြိမ်သက်နေ၏။

သို့ကြောင့် အားလုံး အရဲစွန့်ကာ ရှေ့သို့ ဝင်ကြည့်





သည်။ တောက ပကတိငြိမ်သက်နေပြီး သတ္တဝါဆိုလို့ တစ်ကောင်တစ်လေမှပင် မတွေ့ရခြင်းက အတော်ဆန်းသည်။

လိုက်ရှာကြည့်သော်လည်း ဘာတစ်ခုမှ မတွေ့ရခြင်းပင် . . .။

သူတို့ သတိမပြုမိသောအချက်မှာ . . .။

သူတို့ ပတ်ဝန်းကျင်ရှိ သစ်ပင်များပေါ်မှ သစ်ရွက်များမှာ ထူးဆန်းစွာ လှုပ်နေခြင်းပင်ဖြစ်တော့သည်။

ဒါကိုတော့ ဘယ်သူမှ မော့မကြည့်မိသောကြောင့် သတိ မပြုမိကြခြင်း ဖြစ်သည်။

ထိုအခိုက်မှာပင် တောတွင်းမှ အော်ဟစ် ပြေးလွှားလာသော အသံများကို ကြားလိုက်ရသဖြင့် အားလုံး ခြေဦး တည့်ရာ ပြေးကြရလေတော့သည်။ တောထဲမှာ ပြေးရသောအခါ ယယ်ကွင်းထဲမှာ ပြေးရသလို တညီတ ညွတ်တည်း ပြေး၍ ရသောကြောင့် လွတ်ရာလွတ်ကြောင်း ပြေးကြရသဖြင့် ကြောမီ လူစုကွဲသွားတော့သည်။

နောက်မှ အော်သံများကလည်း တစ်တောလုံး အနှံ့အပြားမှ ကြားနေရပြီး ညာသံပေး၍ လိုက်လာနေသကဲ့သို့ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြေးရာတွင် နီမောင်တို့ သုံးယောက်က တစ်ဖွဲ့၊ ကျန်တဲ့ စက်လှေသမားများက တစ်ဖွဲ့ တခြားစီဖြစ်သွားတော့သည်။ နီမောင်တို့က ဘုရားကျောင်းပျက်ကြီးရှိရာသို့ ရောက်လာလေတော့သည်။ ဘုရားကျောင်းပျက်ကြီး အဝင်ပေါက်ဝမှာ ယမန်နေ့က တွေ့ခဲ့ရသော ကျောက်ရုပ်ကြီးက ခြေရာလက်ရာမပျက် ရှိနေရုံမက အခြားတစ်ဖက်တွင် နောက်ထပ်ကျောက်ရုပ်အသစ် တစ်ခုပင် ထပ်မံရောက်ရှိနေသည်။

ထိုကျောက်ရုပ်၏ မျက်နှာမှာ သူတို့စက်လှေမှ ပျောက်ဆုံးသွားသော စက်ဆရာနှစ်ယောက်မှ တစ်ယောက်၏ မျက်နှာပင်ဖြစ်၏။ သို့သော်လည်း ထိုကျောက်ရုပ်များကို မကြည့်အားတော့ဘဲ ကျောင်းပျက်ကြီးအတွင်းသို့ ပြေးဝင်ခဲ့ကြသည်။

ကျောင်းပျက်ကြီးမှာ အုတ်ခဲနှင့် ကျောက်တုံးများဖြင့် အခိုင်အခံ့ ဆောက်ထားသော်လည်း အသုံးမပြုတာကြာပြီဖြစ်သောကြောင့် ရေညှိများ၊ သစ်ပင်ချုံနွယ်များ ပေါက်ရောက်နေသည်။ အတွင်းပိုင်း တစ်နေရာတွင် ထုထည်ကြီးမားသော ရုပ်တုကြီးတစ်ခုရှိသည်။ ရုပ်တုကြီးမှာ လွန်စွာ ထူးဆန်းသော ပုံသဏ္ဌာန်ဖြစ်သည် မျက်နှာမှာ ဘီလူးမျက်နှာကဲ့သို့ နဖူးမောက်မောက် နှာယောင်ကောက်ကောက်နှင့်





ပါးစပ်ပြဲပြဲ၊ နှာခေါင်းပွပွဖြစ်သည်။ ပါးစပ်ထဲမှာ အစွယ်ဘစ်ချောင်းက အပြင်သို့ ငေါထွက်နေသည်၊ ၎င်း၏ ကိုယ်မှာ မျောက်တစ်ကောင်၏ ခန္ဓာကိုယ်ဆိုက မမှားပေ . . .၊ သို့သော်လည်း သုံးယောက်သား ရုပ်တုကြီးကို စေ့စေ့စပ်စပ် မကြည့်နိုင်ကြဘဲ ရုပ်ထုကြီးပေါ် တက်ပြီး နောက်ဘက်တွင် ဝင်ရောက် ပုန်းနေကြရသည်။

အတန်ကြာသောအခါ အပြင်ဘက်မှ ကြားနေရသော အသံများ နီးသည်ထက်နီးလာပြီး ဘုရားကျောင်းထဲသို့ ဝင်လာသော အသံများ ကြားရသဖြင့် သုံးယောက်သား ချောင်းကြည့်လိုက်ကြသည်။

"အလိုလေး . . ဘီလူးမျက်နှာ၊ မျောက်ခန္ဓာကိုယ်နဲ့ လူတွေပါလား"

ဟု အောင်မင်းအောင်က တိုးတိုးလေး ရေရွတ်လိုက်သည်။

သူတို့ သုံးယောက် မြင်နေရသော မြင်ကွင်းမှာ . . .။

မျောက်တစ်ကောင်ကဲ့သို့ ခန္ဓာကိုယ်ရှိပြီး ခြေတံ လက်တံများမှာ မျောက်ခြေ မျောက်လက်များနှင့် ဘီးလူး မျက်နှာလို ကြောက်မက်ဖွယ်ရာ မျက်နှာနှင့်လူများမှာ လူတစ်ယောက်ကဲ့သို့ပင် ထွားကျိုင်းသန်မာသော ကိုယ်ဟန်ရှိပြီး၊ တိရစ္ဆာန်



www.burmeseclassic.com

www.burmeseclassic.com



သရေများကို ဝတ်ဆင်ထားကြသည်။

သူတို့ လက်ထဲမှာ ဓား၊ လှံ၊ ပုဆိန်များကို ကိုင်ဆောင်ထားကြပြီး ၎င်းတို့ အဓိကထား၍ အသုံးပြုသော လက်နက်မှာ လေးနှင့်မြားဖြစ်ဟန်ရှိသည်။ လူတိုင်းလေးနှင့်မြား ကိုင်ဆောင်ထားကြသည်။ ရှေ့မှ ခေါင်းဆောင် ဖြစ်ဟန်တူသူ၏ ခေါင်းပေါ်တွင် အစွယ်များနှင့် ငှက်မွေးတောင်များကို ခေါင်းဆောင်းသဖွယ် အသုံးပြုကာ ဝတ်ဆင်ထားကြသည်။ လည်ပင်းမှာလည်း တိရိစ္ဆာန်အစွယ်များကို သီ၍ လည်ဆွဲသဏ္ဍာန်ဆွဲထားသည်။

ခေါင်းဆောင်လုပ်သူ၏ လက်ထဲတွင် ပြက်ကျယ်သော ရဲဒင်းကြီး တစ်လက်ကို ကိုင်ဆောင်ထားပြီး နေရောင်အလင်းရောင်နှင့်ထိသောအခါ ထိုရဲဒင်းကြီးမှ ရွှေရောင်များ တောက်ပနေသည်။

သူတို့သည် ကျောက်ရုပ်ဖြစ်နေသော လူတစ်ယောက်ကို သယ်သူ လာပြီး ရုပ်တုကြီး ရှေ့တွင် ထောင်ကာ ၎င်းတို့ ဘာသာစကားဖြင့် ရွတ်ဆို ပူဇော်ကြသည်။

မကြာမီ ရုပ်တုရှေ့တွင် မီးပုံကြီးတစ်ပုံကိုလည်း ဖိုကြလေသည်။ မီးဖိုမှ မီးတောက်များ တက်လာသောအခါ





ကျွန်းသားများက မီးပုံကို ပတ်၍ အော်ဟစ် က,ခုန်ကြသည်။

နီမောင်တို့ သုံးယောက်မှာ မျက်တောင်မခတ် ကြည့်နေကြသည်။ အတန်ကြာသောအခါ အပေါက်ဝဆီမှ လူလေးယောက်တို့က သစ်သားဖြင့် ပြုလုပ်ထားသော ထမ်းစင်တစ်စင်ကို ထမ်း၍ဝင်လာကြသည်။ စင်ပေါ်မှာ လူတစ်ယောက်ထိုင်လိုက်လာသည်။

သို့သော် မတ်မတ်ထိုင်လိုက်လာခြင်း မဟုတ်ဘဲ ဒူးတုပ်၍ ဝပ်လိုက်လာသဖြင့် မည်သူမည်ဝါမှန်း မမြင်ရသေးပေ။

ထိုသူဝင်လာသောအခါ ကျွန်းသူကျွန်းသားများက နံရံဘေးတစ်ဖက် တစ်ချက်ဆီသို့ ကပ်ပေးလိုက်ကြသည်။

ရုပ်တုကြီးရှေ့ ကွက်လပ်တွင် ရှင်းသွားပြီး မီးပုံကြီး တစ်ပုံနှင့် ကျောက် ရုပ်ကြီးသာ ကျန်ခဲ့သည်။

ကျွန်းသားများက ထမ်းစင်ကို ထိုနေရာတွင် ချပေးလိုက်သောအခါ အပေါ်မှ လိုက်လာသူက အောက်သို့ ဆင်းလာသည်။ ၎င်း အောက်ရောက်သည်နှင့် ကျွန်းသားများက အပြင်သို့ ပြန်ထွက်သွားကြသည်။ ထမ်းစင်ပေါ်မှ ဆင်းလာသူမှာ အသက်အရွယ် လွန်စွာ အိုမင်းရင့်ရော်ပြီး ကြောက်စရာ ကောင်းလှသော မျက်နှာပိုင်ရှင် အဘွားအို တစ်ဦးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုက အဝတ်နက်ကြီးကို ခြုံထားပြီး လက်တစ်ဖက်က တောင်ဝှေးတစ်ချောင်းကိုင်ထားသော်လည်း ကိုယ်မှာ မတ်မတ်ရပ်နိုင်စွမ်း မရှိပေ . . .။

ခါးကုန်း၍သာ ရပ်နေရသည်။

ခေါင်းပေါ်မှ ခြုံထားသော အဝတ်နက်ကို ဖယ်ရှားလိုက်သောအခါမှ ၎င်း၏ မျက်နှာမှာ ကဝေမကြီး တစ်ယောက်ကဲ့သို့ လွန်စွာ ကြောက်စရာ ကောင်းကြောင်း လှမ်းမြင်ရသည်။ ထိပ်မှာ ငှင်းတတစ်ကောင်ကဲ့သို့ ပြောင်နေပြီး ဦးခေါင်းပေါ်မှာ ဖြူဖွေးသော ဆံပင်အနည်းငယ်ရှိသည်။ မျက်နှာပြင်ပေါ်ရှိ အရေပြားများမှာ တွန့်ရှုလျက် ရှိသည့်အပြင် ၎င်း၏ နှာခေါင်းမှာ လင်းငှတစ်ကောင်၏ နှုတ်သီးကဲ့သို့ ရှေ့သို့ ချွန်ထွက်နေသည်။ သွားမရှိ တော့သော ပါးစပ်မှာ အတွင်းသို့ ချိုင့်ဝင်နေသော်လည်း ၎င်း၏ မျက်လုံးများကတော့ အရွယ်နှင့်မလိုက်အောင် စူးရှတောက်ပြောင်လျက်ရှိသည်။ မီးရောင်ကြောင့် အရောင်များ လက်နေကြသည်။

၎င်း အဘွားအိုမှာ အခြားမဟုတ်ပေ . . .။

ကျွန်းသူကျွန်းသားများ လွန်စွာ ကြောက်ရွံ့ရိုသေကြရသော ကဝေမကြီးဟု ကင်ပွန်းတပ်ထားသော 'မယ်ဇာ





အို'ပင်ဖြစ်သည်။

မယ်ဇာအိုသည် ကဝေမအတတ်နှင့် မှော်အတတ်ပညာများကို တတ်မြောက်သဖြင့် ကျွန်းသူကျွန်းသားများ က ကြောက်ရွံ့ကြသည်။ မယ်ဇာအို၏ အသက်အရွယ်ကို မခန့်မှန်းနိုင်သော်လည်း ၎င်းသည် ကျွန်းပေါ်တွင် သက်တမ်းအကြာမြင့်ဆုံးနေထိုင်သူဖြစ်သည်။

မယ်ဇာအိုသည် ကျောက်ရုပ်ကြီးအနီးသို့ တရွေ့ရွေ့လျှောက်လာပြီးနောက် အနီးသို့ ရောက်လာသောအခါ ခေါင်းပေါ်သို့ အဝတ်နက်ကြီးကို ခြုံလိုက်သည်။ ပြီးလျှင် အသင့်ဆောင်ယူလာသော ဆေးမှုန့် အချို့ကို မီးပုံအတွင်းသို့ ဖြူးချလိုက်ရာ အပြာရောင်လိုလို၊ အမည်းရောင်လိုလို မီးခိုးငွေ့များ ထွက်လာပြီး၊ ခဏအတွင်းမှာပင် ကျောက်ဆောင်အတွင်းသို့ မီးခိုးငွေ့များ ပြန့်နှံ့လာလေတော့သည်။ ကျွန်းသူကျွန်းသားများသည် ထိုမီးခိုးငွေ့များကို မြင်သောအခါ ကြောက်လန့်တကြား အော်ဟစ်ညည်းညူကာ အသီးသီး ကြမ်းပြင်ပေါ်သို့ ဝပ်ကျသွားလေတော့သည်။

နီမောင်တို့ သုံးယောက်မှာ အံ့ဩစရာ မြင်ကွင်းကြောင့် မီးခိုးငွေ့များ ရှိရာသို့ လှမ်းကြည့်လိုက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



လွန်စွာ ကြောက်မတ်ဖွယ်ရာ ကောင်းသော မြင်ကွင်းများအား လှမ်းမြင်လိုက်ကြရသည်။

ထိုမှာ အခြား မဟုတ်ပေ . . .၊

မီးခိုးငွေ့များမှာ ၎င်းတို့ရှိရာသို့ အငွေ့အသက်မှုသာ ရောက်လာသည် ဆိုသော်လည်း အညှီနံ့ကဲ့သို့ အလွန်ဆိုးသော အနံ့မျိုးဖြစ်သည်။ သွေးညှီနံ့ ကဲ့သို့ အနံ့မျိုးဖြစ်သည်။ မီးခိုးငွေ့များမှာလည်း မည်းမှောင်နက်ရှိုင်းသော တိမ်တောင်တိမ်လိပ်ကြီးများအသွင် ပြောင်းလဲလာသည်။ ထိုတိမ်မည်းများကြီး အတွင်းမှ လွန်စွာ ကြောက်မတ်ဖွယ်ကောင်းသော တစ္ဆေ သရဲ ဖုတ်၊ ပြိတ္တာ၊ ဘီလူး၊ သဘက်ကြီးများ၏ သဏ္ဍာန် အမျိုးမျိုးပေါ်ထွက်လာ လေရာ ကျွန်းသူကျွန်းသားများမှာ လွန်စွာ ကြောက်ရွံ့ဟန်ဖြင့် ဦးခေါင်းကို မြေကြီးနှင့် ဂပ်ထား ကြသည်။ ထိုနေရာမှ ထွက်လာသော အငွေ့အသက် ကလေးရရုံနှင့်ပင် နီမောင်တို့ သုံးယောက်စလုံးမှာ မတုန်မလှုပ်ကျောက်ရုပ်သဖွယ် ငြိမ်သက် သွားကြပြီးနောက် သတိမေ့ လဲကျသွားတော့သည်။

အချိန်မည်မျှကြာအောင် သတိမေ့မျောသွား သည် မသိပေ၊ သူတို့ သတိ ပြန်ရလာတော့ အခန်းကြီးတစ်ခုလုံး





အမှောင်များ ဖုံးနေပြီး တိတ်ဆိတ်ငြိမ် သက်လျက်ရှိနေသည်။

သုံးယောက်သား အသီးသီး သတိပြန်ရလာသော်လည်း၊ ကိုယ်ထဲမှာ ခွန်အားများကို နုတ်ယူခံထားရသကဲ့သို့ မလှုပ်နိုင်အောင် ဖြစ်နေကြသည်။ သို့သော်လည်း နေရာမှ ကြိုးစားထကာ အခန်းအလယ်ကို လှမ်းကြည့်လိုက်တော့ ကျောက်ရုပ်ကြီးနှစ်ရုပ်နှင့် မီးသေစပြုနေသော မီးပုံကိုသာ တွေ့ရပြီး သက်ရှိ သတ္တဝါ တစ်စုံတစ်ယောက်မှ မရှိတော့ပေ။

"ကျွန်တော်တို့ ဘယ်လိုဖြစ်သွားကြတာလဲ ဦးမွန်ထော်"

အောင်မင်းအောင်က လေသံတိုးတိုးဖြင့် မေးလိုက်သည်။

"ကျုပ်လည်း မသိဘူးဗျာ . . . အဲဒီအဘွားကြီးက မီးပုံထဲကို ဘာဆေး မှုန့်တွေ ဖြူးလိုက်သလဲ မသိပါဘူး၊ ကြောက်စရာကောင်းတဲ့ မီးခိုးငွေ့တွေ ထွက်လာပြီးကတည်းက မေ့လဲသွားတာပါပဲ၊ ကံကောင်းလို့ သေမကုန်ကြတယ်. . ."

"ဟုတ်တယ် အဘရာ . . ခဏလေး ရှူလိုက်မိတာနဲ့ တင် မေ့လဲကျ သွားတယ်ဆိုတော့ များများသာ ရှူမိရင် တစ်ခါတည်း သေသွားမလားမသိပါဘူး"

နီမောင်ကပါ ဝင်ပြောသည်။

"ဒါက အရေးမကြီးဘူး၊ အပြင်မှာတော့ အခြော်



www.burmeseclassic.com

www.burmeseclassic.com



မှောင်နေပြီ၊ ကျွန်တော်တို့ စက်လှေ ပြန်ဖို့တော့ ဘယ်နည်းနဲ့မှ ဖြစ်မှာမဟုတ်တော့ဘူး ဘယ်လိုလုပ်ကြမှာလဲ ဦးမွန်ထော်"

"ဒီညတော့ ဒီမှာပဲနေတာ အန္တရာယ်အကင်းဆုံး ဖြစ်မှာပဲ၊ မနက်လင်းမှပဲ အခြေအနေကို ကြည့်ပြီး လှုပ်ရှားကြရမှာပဲ စာရေးဆရာရဲ့"

"အေးဗျာ . . . ဒီတစ်ခေါက် ဆန်းဆန်းပြားပြား ဇာတ်လမ်းလေးများ ရမလားဆိုပြီး ပင်လယ်ထဲလိုက်လာမိကာမှ အန္တရာယ်တွေနဲ့ချည်း တွေ့နေတော့တာပါပဲ . ."

"အခု တွေ့နေတာတွေက မထူးဆန်းပေဘူးလား"

"ထူးဆန်းပါပေ့ဗျာ . . ထူးဆန်းလွန်းလို့ အသက်တောင် ထွက်လု မတတ်ပါပဲ . . ."

"အဲဒါ သူများတွေ မရနိုင်တဲ့ မရေးနိုင်တဲ့ အကြောင်းအရာတွေပဲပေါ့ စာရေးဆရာရယ် . . . .၊ ဒီကနေ မသေမပျောက် မြန်မာပြည်ကို ပြန်ရောက်တဲ့အခါ ဒီအကြောင်းတွေကို ရေးပြီး စာအုပ်ထုတ်လိုက်ရင် စာဖတ်သူတွေ အတွက် ထူးဆန်းတာတွေ သိရတာပေါ့ဗျာ . . ."

ဟု ဦးမွန်ထော်က အားပေးလေသည်။

"ဟုတ်တော့ ဟုတ်တာပေါ့ဗျာ . . . ဒါပေမယ့်





ကျွန်တော်တို့က ဒီကျွန်းကနေ ဘယ်အချိန်မှ ပြန်ထွက်နိုင်ကြရမယ်ဆိုတာ မသိရသေးဘူး မဟုတ်လား၊ ဒီကျွန်းပေါ်မှာတင် သေသွားရင်ကော ဘယ့်နှယ်လုပ်မလဲဗျ . . ."

"ဒီအတွက် စိတ်မပူစမ်းပါနဲ့ စာရေးဆရာရယ် . . လူဆိုတာ သေနေ့စေ့ မှ သေရတာပါ . . ၊ သေနေ့မစေ့ရင် တုတ်နဲ့ ရိုက်သတ်တာတောင် မသေပါဘူး၊ ကဲ ဒါက အရေးမကြီးဘူး၊ ဗိုက်ထဲမှာ အစာမရှိတော့ အတော်အခံရခက်နေတယ်၊ တစ်ခုခု စားရအောင်တော့ ကြံဦးမှ ထင်တယ် . . ."

"ဒီအထဲမှာ ဘာရှိမလဲဗျာ . . ."

"ရှိလို့ရှိငြား လိုက်ရှာကြည့်သေးတာပေါ့၊ မတွေ့တော့လည်း အရှုံး မရှိပါဘူးဗျာ . . . ."

ထို့နောက် သုံးယောက်သား နေရာမှ ကြိုးစားထပြီး၊ ရုပ်တုကြီးရှေ့ဘက်သို့ ထွက်လာကြသည်။

နေ့လယ်က ဖိုထားသော မီးပုံမှာ မီးကြွင်းမီးကျန်များ ရှိနေသေးသော်လည်း မီးခိုးငွေ့များက ပုံမှန်ထွက်နေသော မီးခိုးငွေ့များသာ ရှိသည်။ ထူးခြားတာက နေ့လယ်က ကျွန်းသားများ သယ်ယူလာသော ကျောက်ရုပ်ကြီးကို ရုပ်တုကြီး၏ လွတ်နေသော နေရာတွင် ထောင်ထားလိုက်သဖြင့် စုစုပေါင်း



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ရုပ် လေးရုပ်စုံသွားပြီဖြစ်၏။

အဝင်ပေါက်မှာ နှစ်ရုပ်၊ အတွင်းဘက်ရုပ်တုကြီးရှေ့မှာ နှစ်ရုပ် ဖြစ်လေသည်။

သူတို့ မီးပုံအနီးသို့ ရောက်သောအခါ ရုပ်တုကြီးရှေ့ဘက် တစ်နေရာတွင် တင်ထားသော ပစ္စည်းနှစ်ခုကို မြင်လိုက်ရသဖြင့် သုံးယောက်သား အနီးသို့ သွားကြည့်သောအခါ ဝမ်းမြောက်ဖွယ်ရာ မြင်တွေ့ရလေသည်။

ထိုပစ္စည်းနှစ်မျိုးမှာ အခြားမဟုတ်ပေ . . .။

ငှက်ပျောသီးနှင့် သစ်သီးများ ထည့်ထားသော ခြင်းတစ်ခြင်းနှင့် ဝါးဆစ်ပိုင်းနှင့် ထည့်ထားသော သောက်ရေများပင် ဖြစ်တော့သည်။

"အဘထော် ဒီမှာ သစ်သီးတွေနဲ့ သောက်ရေတွေဗျ . . ဘယ်သူလာ တင်ထားတာလဲ မသိဘူး"

နီမောင်က ဝမ်းသာအားရ ပြောလိုက်သည်။

"ဒါ နတ်ရုပ်ကြီးကို လာပြီး ဆက်သထားတာဖြစ်မယ်ထင်တယ်"

အောင်မင်းအောင်က ထင်ကြေးပေးသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ ဒီစားစရာတွေက အခုအချိန်မှာ





ကျုပ်တို့အတွက် အသက်ရှည်ဆေးတွေပဲ . . နောက်ဖြစ်လာမယ့် ကိစ္စ၊ နောက်မှ ရှင်းကြတာပေါ့ အခုလောလောဆယ်တော့ ဒီစားစရာတွေ စားကြတာပေါ့"

"ဘယ်သူလာတင်ထားတာလဲ မသိဘူးနော် . . ."

"ဘယ်သူလာတင်တင်ပေါ့ဗျာ . . အခုလောလောဆယ်မှာတော့ အဲဒီ လူဟာ ကျုပ်တို့ရဲ့ ကျေးဇူးရှင်လို့ သတ်မှတ်ရမှာပဲဗျို့" ဟု ပြောဆိုကာ ခြင်းထဲမှ သစ်သီးများကို ထုတ်ယူစားသောက်ကြကာ အဆင်သင့်တွေ့ရသော ရေကို သောက်ကာ မီးပုံနံဘေးမှာပင် တစ်ရေးတမော အိပ်လိုက်ကြသည်။

ထိုညက အနှောင့်အယှက် ကင်းစွာဖြင့် အိပ်စက်ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)
### ရွှေကြောသိုက်စောင့် သတ္တဝါများ

နောက်တစ်နေ့ နေအတော်မြင့်သောအခါမှ သူတို့ အိပ်ရာမှ နိုးလာကြသည်။ ညက သစ်သီးများကို စားသောက်ခဲ့ရပြီး ကောင်းမွန်စွာ အိပ်ခဲ့ရသဖြင့် သုံးယောက်သား အတော်အတန် အားအင်ပြည့်ဖြိုးလျက် ရှိနေသည်။

သူတို့ အဖွဲ့တွင် အသက်အကြီးဆုံးလည်းဖြစ်၊ အတွေ့အကြုံလည်း များသော ဦးမွန်ထော်က ဤသို့ ပြောသည်။

"ကျုပ်တို့ စက်လှေကို ပြန်ဆင်းလို့တော့ မဖြစ်တော့ဘူး၊ စက်လှေ ပေါ် ပြန်ဆင်းနေရင် ကိုယ့်သေတွင်းကိုယ်တူးသလို ဖြစ်နေမှာပဲ၊ ဘာကြောင့်လဲဆိုတော့ ဘီလူးမျက်နှာနဲ့ မျောက်လူတွေက ကျုပ်တို့ရှိတဲ့နေရာကို သိနေတော့ တစ်နေ့မဟုတ်





တစ်နေ့ ဆင်းလာပြီး ဖမ်းမှာသေချာတယ်၊ ဖမ်းမိသွားရင် လူစင်စစ်ကနေပြီး ကျောက်ရုပ်ကြီးတွေ ဖြစ်သွားမှာဗျ . ."

"လူကနေ ချက်ချင်းကျောက်ရုပ်ဖြစ်သွားအောင် ဘယ်လို လုပ်လိုက် ကြသလဲ မသိဘူးနော် အဘ. . ."

ငါထင်တာတော့ လူအရှင်ကို ဖမ်းမိရင် ကျောက်ရည်တွေပဲ လောင်းချလိုက်သလား ဒါမှမဟုတ် ချော်တွင်းလို နေရာမျိုးမှာ မြှုပ်လိုက်သလား မသိဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ . . . ."

"ဒီတော့ ဘယ်လိုလုပ်မလဲ ဦးမွန်ထော် . . . ."

"ကျုပ်အထင်ပြောရရင်တော့ ဒီကနေ လှမ်းမြင်နေရတဲ့ ကျောက်တောင် တန်းတွေဘက်သွားကြည့်ရင် အခြေအနေ တစ်ခုခု ထူးနိုင်တယ်၊ အနည်းဆုံး ကျုပ်တို့အတွက် ခိုအောင်းစရာ တစ်နေရာတော့ ရနိုင်တယ်၊ နောက် တောင်ထိပ်ကနေ ကြည့်တော့ ပင်လယ်ထဲမှာ သွားလာနေတဲ့ စက်လှေအတွက် အကူအညီရနိုင်တယ်၊ ဘယ့်နှယ်လဲ . . ."

ဦးမွန်ထော်က အားတက်သရောပြောသည်။

"ကျုပ်တို့ သုံးယောက်မှာ ဦးမွန်ထော်က အသက်လည်း ကြီးတယ်၊ အတွေ့အကြုံလည်းများတယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



ဦးမွန်ထော် စိစဉ်တာကို လိုက်နာပါ့မယ်"

ဟု အောင်မင်းအောင် က ပြောလိုက်သဖြင့် သုံးယောက်သား ကျောင်းဆောင်အတွင်းမှ ထွက်ပြီး သစ်တောများမှ ဖြတ်ကာ၊ လှမ်းမြင်နေရသော တောင်တန်းများဘက်သို့ ခရီးဆက်ခဲ့ကြသည်။ သူတို့သုံးယောက်မှာ သေနတ် တစ်လက်၊ ဓါးတစ်ချောင်းနှင့် ကပ်ပါးတစ်လက်ပါသည်။ ဘုရား ကျောင်းထဲမှာ တွေ့သော ရေဘူးနှင့် သစ်သီး လက်ကျန်များကိုပါ ယူဆောင်ခဲ့ကြသည်။ ပင်လယ်ကမ်းခြေဘက်မှ တက်လာကတည်းက ကုန်းမြေမှာ တဖြည်းဖြည်း မြင့်တက်လာပြီး၊ မြေသားအသွင်မှ ကျောက်သားမြေအသွင်သို့ ပြောင်းလာသည်။ ကမ်းခြေတွင် မြင်ရသော ချုံနွယ်များအစား သစ်ပင်ကြီးများကို ပိုမို မြင်လာရသည်။

အချို့သစ်ပင်ကြီးများမှာ ပင်စည်လုံး ချောကြီးများဖြစ်ပြီး အပေါ်ရောက်မှ သစ်ကိုင်းသစ်ခက်၊ သစ်ရွက်များရှိသည်။

တောသမားများ အခေါ်အတိုင်း ခေါင်းပေါင်းကျွတ်လောက်အောင် လှင့်နေအောင် မြင့်လှသည်။ အချို့သစ်ပင်ကြီးများထိပ်တွင် သိမ်းငှက်ကြီးများ၊ စွန်ကြီးများ၏ အသိုက်





ကြီးများရှိသည်။ အသိုက်ရှိသော သစ်ပင်ကြီးများထိပ်တွင် သိမ်းငှက်ကြီးများ၊ စွန်ကြီးများ နားနေသည်ကိုသော်လည်းကောင်း၊ ပျံဝဲနေသည်ကိုသော်လည်းကောင်း လှမ်းမြင်ရသည်။

အတန်ငယ်တက်လာသောအခါ ကျောက်တောင်ကျောပေါ်သို့ ရောက်လာကြသည်။

တစ်နေရာအရောက်တွင် အိုင်တစ်ခုအနီးမှာ ကျောက်ဖြစ်နေသော တောကောင်ကြီးတစ်ကောင်ကို လှမ်းမြင်လိုက်ရသဖြင့် ခြေလှမ်းများ ရပ်တန့်သွားကြသည်။ တွေ့လိုက်စဉ်က ကျားဖြူကြီးတစ်ကောင် ရပ်နေသည်ဟု ထင်ကာ လန့်သွားကြသည်။ အသေအချာကြည့်တော့မှ မလှုပ်မယှက်ရပ်နေသော ကျောက်ရုပ်ကြီးတစ်ရုပ်ဖြစ်နေမှန်း သိရပြီး အနားသို့ တိုးကပ်သွားကြသည်။

ကျားကြီးမှာ အတော်အတန်ကြီးလှပြီး မည်သို့မည်ပုံ ကျောက်ရုပ်ဖြစ် သွားသည်ကိုတော့ မတွေးတတ်အောင် ဖြစ်နေကြသည်။

"ဒီလောက်ကြီးတဲ့ ကျားကြီးတစ်ကောင်ကို လူက ကျောက်ရုပ်ဖြစ် သွားအောင် လုပ်ဖို့ဆိုတာတော့ ဘယ်လိုမှ ဖြစ်နိုင်ဘူး ထင်တယ် အဘ ထော် . ."



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က အံ့ဩစွာ ပြောလိုက်သည်။

"အေး ဟုတ်တယ် ငါလည်း ဒါကိုပဲ စဉ်းစားနေတာပဲ ဒီတောကောင်ကြီးကိုတော့ လူတစ်ယောက်က ကျောက်ရုပ်ဖြစ်အောင် လုပ်ဖို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ နောက်တစ်ချက်က ဘယ်တိရစ္ဆာန်ကမှ ကျောက်ရုပ် ဖြစ်ဖို့ကိစ္စကို လွယ်လွယ်ကူကူ လက်ခံမှာ မဟုတ်ဘူး"

ဦးမွန်ထော်က ပြောရင်း ကျောက်ရုပ်ကြီးနှင့် မနီးမဝေးတွင်ရှိသော မျက်နှာပြင် တင်းနေသော ကျောက်သားမြေပြင်တစ်ခုကို သတိပြုမိသွားသည်။ ထိုနေရာမှ ကွက်လပ်ကြီးဖြစ်နေပြီး သစ်ပင်၊ ချုံနွယ် ဟူ၍ ဘာတစ်ခုမှ မပေါက်ပေ။

ကွက်လပ်မှာ အတော်အတန် ကျယ်ဝန်းပြီး၊ အပေါ်ယံမှ ကြည့်လျှင် သာမန်မြေသားတစ်ခုလိုသာ ထင်ရသည်။

သို့သော် ကျားရုပ်ကြီး နောက်နားတွင် ကျောက်ရည်စက်ကလေးများ ခဲနေသည်ကို သတိပြုမိလိုက်သဖြင့် ဦးမွန်ထော်က အနီးမှ သစ်ကိုင်း ရှည်တစ်ချောင်းကို ခုတ်ယူပြီး လှမ်းထိုးကြည့်သည်။ ကျားရုပ်ကြီးနောက်နားအထိ သာမန်မြေသားတစ်ခုလို မာနေပြီး ထိုနေရာမှ လွန်သွားသောအခါ တုတ်မှာ နွံအိုင်တစ်ခုအတွင်းသို့ ကျွံဝင်သွားသည်။





ဦးမွန်ထော်က တုတ်ကို ကပျာကယာ ပြန်နုတ်လိုက်သည်။

တုတ်၏ အဖျားတွင် အဖြူရောင် အရည်များကပ်ပါလာသည်ကို အံ့ဩစွာ တွေ့ရသည်။

ထုံးအိုင်ထဲကို ထိုးနှစ်ပြီး ပြန်ယူလိုက်သလို အဖြူရောင်အရည်များ ဖြစ်သည်။

အံ့ဩဖွယ်ကောင်းလှသည်မှာ ထိုအဖြူရောင် အရည်များမှာ ပြင်ပလေနှင့် ထိလိုက်သည်နှင့် ချက်ချင်းမာကျောလာကာ ခဏလေးမှာ ကျောက်သား အသွင်ပြောင်းသွားခြင်းပင်ဖြစ်၏။

ဦးမွန်ထော်က မကျေနပ်သဖြင့် ကျန်တစ်ဖက်ကိုပါ နွံအိုင်ထဲကို ထိုးနှစ်ပြီး ပြန်ဆွဲနုတ်လိုက်ရာ ထိုဘက်မှာလည်း အချိန်အနည်းငယ်အတွင်းမှာ ကျောက်ဖြစ်သွားလေ၏။

"အလွန်ကြောက်စရာကောင်းတဲ့ သဘာဝထုံး ကျောက်နွံအိုင်တွေပဲဗျို့ ထုံးကျောက်ရည်တွေက မြေအောက်မှာ ရှိနေတယ်၊ ဒီထဲကို လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ် ကျွံကျသွားရင် ပြန်တက်လာလို့ အပေါ်ရောက်လို့ ပြင်ပလေနဲ့ ထိလိုက်တာနဲ့ချက်ချင်းကျောက်ဖြစ်သွားတာပဲ၊ နွံအိုင်ထဲကျသွား



www.burmeseclassic.com

www.burmeseclassic.com



ရင် အသာလေးငြိမ်နေရင် ဘာမှမဖြစ်ဘူး၊ ကြောက်အားလန့်အားနဲ့ အပေါ်တက်လာတဲ့အခါမှ လေနဲ့ ထိပြီး ချက်ချင်း ထုံးရည်တွေက ကျောက်ဖြစ်သွားတာ"

ဟု ရှင်းပြသည်။

"အဘထော် လူတွေ အဲဒီထဲ ကျသွားရင် ထုံးရည်တွေကို ချက်ချင်း သုတ်ပစ်လိုက်လို့ မရဘူးလား"

နီမောင်က မေးလိုက်သည်။

"မသိဘူးလေ မသိလို့ခံရတာပေါ့၊ လူတစ်ယောက်က ထုံးကျောက် နွံအိုင်ထဲ ကျသွားတာနဲ့ ကြောက်အားလန့်အားနဲ့ ချက်ချင်းအပေါ်ကို ပြန်တက် လာမှာသေချာတယ်၊ အပေါ် ရောက်တာနဲ့ ပြင်ပလေနဲ့ ထိလိုက်တာနဲ့ ထုံးကျောက်ရည် တွေက ချက်ချင်းကျောက်ဖြစ်သွားမှာပဲ၊ သူသိလိုက်တဲ့ အချိန် မှာ လက်တွေ ခြေထောက်တွေက ကျောက်ဖြစ်သွား တော့ လှုပ်လို့ မရတော့ဘူးလေ . . ."

"ကြောက်စရာ ကောင်းလှပါလား"

"လူတွေ သတ္တဝါတွေက အဲဒီနည်းအတိုင်းပဲ လူစင်စစ် ကနေ ကျောက်ရုပ်ဘဝရောက်ပြီး သေသွားကြတာ ပါးစပ် ပေါက်တွေ နှာခေါင်းပေါက်မှာ ကပ်နေတဲ့ ထုံးကျောက်ရည်





တွေကို လက်က ဖယ်မပစ်နိုင်တော့ အပေါက်တွေပိတ်ပြီး အသက်ရှူကျပ်ပြီး သေသွားကြတာပဲဗျာ၊ ကျုပ်တို့ စက်လှေ က လူတွေဟာ တောထဲမှာ သွားရင်းလာရင်းနဲ့ ထုံးကျောက် အိုင်ထဲကျပြီး ကျောက်ရုပ်တွေ ဖြစ်ကုန်ကြတာဖြစ်မယ်၊ ကျောက်ဖြစ်တော့မှ ဘီလူးမျက်နှာနဲ့ လူ မျောက်တွေက ဘုရားကျောင်းမှာ ရွှေ့ထားတာ ဖြစ်မယ်"

"ဒါဖြင့် ကျန်တဲ့လူတွေရော ဘယ်ရောက်သွားလဲ အဘထော် . ."

"တောထဲမှာ သွားရင်းလာရင်း၊ အန္တရာယ်တစ်ခုခုနဲ့ တွေ့သွားတာ ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် လူမျောက်တွေ ဖမ်းသွားပြီး တစ်ခုခု လုပ်တာလည်း ဖြစ်နိုင်တာပဲ"

"ဒါဖြင့် ကျွန်တော်တို့ ဒီကျွန်းပေါ်မှာ အသက် အန္တရာယ်ဖြစ်တာတွေ အများကြီး ရှိတာဆိုတော့ ကျွန်တော် တို့ အတော်သတိထားမှ ဖြစ်မယ် ဦးမွန်ထော်"

"ဒါကတော့ မမှားဘူးပေါ့ စာရေးဆရာရယ် . . ဘယ်နေရာမှာမဆို သတိဆိုတာ ပိုတယ်မှ မရှိတာ၊ သတိ ထားလေ အန္တရာယ်ကင်းလေ အသက် ပိုရှည်လေပေါ့ဗျာ. . ကိုင်း ပါလာတဲ့ သစ်သီးလက်ကျန်တွေကို မျှတ စားပြီး



www.burmeseclassic.com

www.burmeseclassic.com



ခရီးဆက်ကြရအောင်"

ဟု ဆိုကာ ယူဆောင်လာသော သစ်သီးနှင့်ရေကို သုံးယောက်သား မျှတစားသောက်ပြီး ထုံးကျောက် နွံအိုင်များကို သတိထားရှောင်ရှားကာ ခရီးဆက်ခဲ့ကြသည်။

အကယ်၍ သွားရင်းလာရင်း မိမိတို့ အထဲမှာ လူတစ်ယောက် ထုံးကျောက်နွံအိုင်ထဲကျသွားပါလျှင် ပြန်တက်လာပါက ကျန်နှစ်ယောက်က ကျောက်ရည်များကို အလျင်အမြန် ဖယ်ရှားပေးရန် တိုင်ပင်ထားကြလေသည်။

သူတို့သုံးယောက်မှာ တောနက်ကြီးထဲသို့ တစ်ဖန်ပြန်ဝင်ခဲ့ကြရပြန်သည်။ သည်တစ်ကြိမ်တော့ ပင်လယ်ကမ်းခြေနှင့် မနီးမဝေးရှိ ကွေ့တစ်ခု အတွင်းရှိ သစ်တောများအတွင်းမှ ခရီးဆက်ကြသည်။

အတန်ကြာသော် ချောက်တစ်ခုအနီးသို့ ရောက်ခဲ့သည်။ ထိုချောက်မှာ နယ်မြေတစ်ခုနှင့်တစ်ခု စည်းခြားထားသကဲ့သို့ ရှိပြီး အတော်အတန် နက်သည်။

ချောက်ကမ်းတစ်လျှောက်မှာ သစ်ပင်များ လုံးဝမပေါက်ဘဲ တောကျော ပေါ်မှာတော့ သစ်ပင်အချို့ ကျိုးတို့ကျဲတဲ ပေါက်ရောက်လျက်ရှိသည်။ ချောက်ကမ်းပါး





တစ်လျှောက်မှာတော့ သဲမှုန်ကလေးလေးများ ပြန့်ပြန့်ပြူးပြူးရှိနေသည်။ ထိုအချိန်တွင် နေရောင်ခြည်သည် သစ်ပင်မရှိသော ချောက်ကမ်း ပါးပေါ်သို့ ထိုးကျနေရာ ထိုနေရာမှ ထူးခြားသော အရောင်များ ထွက်နေသည်ကို လှမ်းမြင်ကြရသည်။

သူတို့ရပ်သော နေရာနှင့် ဓင်းအရောင်များ ထွက်နေသော နေရာမှာ မဝေးလှပေ . . .။

ကြားတွင် စည်းခြားထားသော ချောက်ကမ်းပါးတစ်ခုသာ ခြားနေသည်။ သို့ကြောင့် သုံးယောက်သား ချောက်ကမ်းပါးအတွင်းသို့ ဆင်းကာ တစ်ဖန်ပြန်တက်ပြီး တစ်ဖက်ကမ်းသို့ ကူးသွားကြသည်။ ဒါကပင် သူတို့ သုံးယောက်အတွက် လွန်စွာကြီးမားသော အမှားဖြစ်ကြောင်း နောက်မှ သိကြရလေသည်။

တဖက်ကမ်းသို့ ရောက်သောအခါ နေရောင်ကြောင့် အရောင်တလက်လက် တောက်ပနေသော အရာဝတ္ထုများဆီ ကောက်ယူကြည့်လိုက်သောအခါ သလင်းကျောက်များ ထုံးရည်များ ပေကျံနေသော ရွှေတုံးရွှေခဲများ ဖြစ်နေသည်ကို အံ့သြဖွယ်ရာ တွေ့ကြရသည်။ ထိုရွှေတုံးရွှေခဲ တစ်ခုများမှာ မလှမ်းမကမ်းရှိ ချောက်ကမ်းပါး နံရံကြီး တစ်ခု

www.burmeseclassic.com



ပွဲကျလာတာဖြစ်ကြောင်း သိရသည်။ ထိုနံရံကြီးမှာ နေရောင်ဖြင့် ထိတွေ့နေရာ ဝင်းဝါသော အရောင်များ ထွက်နေသည်ကို လှမ်းမြင်ရသည်။

အောင်မင်းအောင်က ပြုတ်ကျနေသော ရွှေတုံးတစ်ခုအား ကောက်ယူ၍ လက်ဖြင့် အသေအချာ ပွတ်သပ်ကြည့်သည်။

"ဦးမွန်ထော် . . ဒါ ရွှေတုံးရွှေခဲတွေဗျ၊ ကျွန်တော်တို့တော့ ဟန်တာပဲ"

ဟု ဝမ်းသာအားရ ပြောလိုက်သည်။

ဦးမွန်ထော်က ၎င်း၏ အကျီအိတ်ထဲမှာ အသေအချာ ထည့်သိမ်းထားသော ကွမ်းယာတစ်ယာကို ထုတ်၍ ပါးစပ်ထဲသို့ ထည့်ကာ ဝါးနေသည်။

"ဒီလောက် အသက်အန္တရာယ်များလှတဲ့ ကျွန်းပေါ်မှာ ရွှေကတန်ဖိုး မရှိပါဘူး စာရေးဆရာရယ် . . ."

"ဘာကြောင့်လဲဗျ . . ."

"ဒီကျွန်းပေါ်မှာ ကျုပ်တို့အတွက် စားစရာနဲ့ အသက်က တန်ဖိုး အရှိဆုံးပဲ . . .။ အသက်သေသွားရင်သော်လည်းကောင်း၊ ဒါမှမဟုတ် ဒီကျွန်းပေါ်မှာချည်း တစ်သက်လုံးနေရမယ်၊ နေရတော့မယ်ဆိုရင် ဒီရွှေတွေဟာ ကျုပ်တို့အတွက် အုန်းသီးတစ်လုံးလောက်တောင် တန်ဖိုးရှိတော့မှာ မဟုတ်ပါဘူး"

ဟု အေးအေးဆေးဆေး ပြောသည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တော့ ဒီရွှေတုံးလေးတွေ နည်းနည်းလောက်တော့ အိတ်ထဲ ထည့်ထားလိုက်ဦးမယ်၊ ဒါမှ ကံကောင်းလို့ ရွာပြန် ရောက်သွားရင် ဒီရွှေကို ရောင်းပြီး ဂါးဖောင်တစ်ဖောင်၊ နှစ်ဖောင်လောက်တော့ ထောင်လိုက်ဦးမယ် . . ."

နီမောင် စကားကြောင့် ကျန်လူကြီးနှစ်ယောက်က သဘောကျစွာ ပြုံးလိုက်ကြသည်။

"ရွှေတွေရပြီးတာတောင်မှ ဂါးဖောင်ဆက်ထောင်ဦးမှာလားကွာ . .၊ တခြားအလုပ်များ စိတ်မကူးတော့ဘူးလား"

"ကျွန်တော်က ပင်လယ်ထဲမှာ စွန့်စွန့်စားစား လုပ်ရတာကို ဝါသနာ ပါတော့ ပင်လယ်အလုပ်ပဲ လုပ်မှာပဲ တခြားအလုပ်တွေကို ဝါသနာမပါပါဘူး"

"ကဲ ဦးမွန်ထော် ကျွန်တော်တို့ အခွင့်အရေးရတုန်း ဟိုမှာ မြင်နေရတဲ့ ရွှေကျောက်ကြီးကို သွားကြည့်ရအောင်ဗျာ"

အောင်မင်းအောင်က အဖော်ညှိသဖြင့် ထိုနေရာဘက်







www.burmeseclassic.com

www.burmeseclassic.com



သို့ သုံးယောက်သား လျှောက်လာကြသည်။ ထိုသို့ လျှောက်လာစဉ် သူတို့ပတ်ဝန်းကျင် တစ်ဝိုက်ရှိ သစ်ပင်များတွင် ရှိသော သစ်ရွက်များမှာ အလုံးကြီးများ ဖြစ်နေသည်ကိုသော် လည်းကောင်း၊

လွှစာမှုန့်ကဲ့သို့ တောင်ပို့ကြီးများကိုသော်လည်းကောင်း၊ သစ်ကိုင်း သစ်ခက်အပုံများကိုသော်လည်းကောင်း တွေ့သော်လည်း သာမန် သဘာဝအတိုင်း ဖြစ်နေသည်ဟု သာ ထင်ပြီး အမှတ်တမဲ့ ဆက်လျှောက်လာကြသည်။

ရွှေရောင်များ ထွက်နေသော တောင်နံရံကြီးနှင့် မလှမ်းမကမ်းသို့ ရောက်သောအခါ ထိုနေရာတစ်ဝိုက်တွင် ပြန့်ကျဲနေသော လူရိုးများ တိရစ္ဆာန် အရိုးများကို လှမ်းမြင်လိုက်ရသဖြင့် သုံးယောက်သား ခြေလှမ်းများ တုံ့သွား ကြသည်။

"ဦးမွန်ထော် ဟိုမှာ လူရိုးတွေ မဟုတ်လား၊ အဲဒီနေရာကို ဝင်တဲ့ လူတိုင်း သေကုန်တယ်ထင်တယ်၊ သတိလည်းထားဦး"

"အခုမှတော့ မထူးဘူး၊ အဲဒီနားရောက်အောင် သွားကြည့်ကြမယ်"

သုံးယောက်သား တောင်ခြေသို့ ကပ်သွားသောအခါ တောင်ခြေတစ်ဝိုက်မှာ လူအရိုးပေါင်း၊ တိရစ္ဆာန်အရိုး ပေါင်းများစွာကိုပါ တွေ့ကြရသည်။ အချို့ရွှေတုံးရွှေခဲကြီးများဆို





လျှင် အတော့်ကို ကြီးသည်။ လောလောလတ်လတ် သေဆုံးသွားဟန်ရှိသော အရိုးစုတစ်ခု၏ နံဘေးနားတွင် အိတ်ဖြင့်ထည့်ယူလာဟန်ရှိသော ရွှေတုံးများကို တွေ့ရသည်။ ရွှေတုံးများက ၎င်း၏ အနီးမှာ ပြန့်ကျဲနေသည်။

ထိုလူမှာ ရွှေတုံးများကို ဝင်ယူရင်း အသတ်ခံလိုက်ရဟန်ရှိသည်။ သို့သော် မည်သို့မည်ပုံ အသတ်ခံရသည်ကိုတော့ သူတို့မသိပေ။ မကြာခင်မှာတော့ ထိုအဖြေကို သူတို့ကိုယ်တိုင် လက်တွေ့မြင်ကြရလေတော့သည်။

သူတို့ ရွှေကျောက်ကြီးအနီးသို့ ကပ်သွားသောအခါ စောစောက ငြိမ်သက်နေသော တောမှာ တဖြည်းဖြည်း အသက်ဝင်လှုပ်ရှားလာလေတော့သည်။ သစ်ပင်များ၏ အောက်မှာသော်လည်းကောင်း၊ အပေါ်မှာသော်လည်းကောင်း အလုံးလိုက်ဖြစ်နေသော သစ်ရွက်များမှာ တဖြည်းဖြည်း ပွတက်လာသည်။

လွှစာမှုန့်ကဲ့သို့ ဖြစ်နေသော တောင်ပို့ကြီးများမှာလည်း ပွတက်လာသည်။ စောစောက ငြိမ်သက်နေသော ခြတောင်ပို့ကဲ့သို့ ဖြစ်နေသော သစ်သားချောင်းအပုံကြီးများမှာလည်း တအိအိ လှုပ်ရှားလာလေတော့သည်။ မကြာမီ သစ်ရွက်လုံးများ တောင်ပို့များ သစ်ခေါင်းများ၊ သစ်ချောင်းပုံ အသိုက်



www.burmeseclassic.com

www.burmeseclassic.com



များအောက်မှ သတ္တဝါများ ထွက်လာကြလေပြီ . . . .။

ထိုသတ္တဝါများမှာ အခြားမဟုတ်ပေ . . .။

လူ၏ လက်မ၊ လက်သန်း အရွယ်ခန့်အထိ ကြီးမားသော ခေါင်းကြီး ကိုယ်သေးနှင့် 'ခါချဉ်နက်'ကြီးများပင် ဖြစ်တော့သည်။ အချိန်အနည်းငယ် အတွင်းမှာပင် လေးဘက်လေးတန်မှ ခါချဉ်နက်ကြီးများ ထွက်လာပြီး သူတို့ကို စက်ဝိုင်း သဏ္ဍာန် ပတ်ဝိုင်းထားလိုက်ပြီဖြစ်သည်။

အကောင်အရေအတွက်မှာ မည်ရွေ့မည်မျှ များပြားသည်ဆိုသော် တစ်တောလုံး တစ်တောင်လုံး မြေပြင်နှင့် သစ်ရွက်ရောင်များကို မမြင်ရတော့ဘဲ အနက်ရောင်များသာ ဖုံးလွှမ်းသွားလေတော့သည်။ အရွယ်အစားမှာ နှစ်လက်မ သုံးလက်မခန့် ကြီးပြီး၊ ပသန်ပျားကြီးများထက် ပို၍ အရွယ်အစားကြီးလေသည်။

ကိုယ်လုံးကြီးသလို ဦးခေါင်းကြီးများကလည်း ကြီးပြီး၊ ကြောက်စရာ အကောင်းဆုံးမှာ ဦးခေါင်းထိပ်မှ အစွယ်ကြီးနှစ်ချောင်းပင်ဖြစ်၏။ ကဏန်းလက်မကဲ့သို့ လှုပ်ရှားနိုင်သော ထိုအစွယ်ကြီးနှစ်ချောင်းမှာ ချွန်ထက် လှပြီး ထိုအစွယ်နှင့် ထိုးညှပ်၍ အဆိပ်ရည်များ ပန်းထည့်လိုက်ပါက မိမိတို့အတွက်





အဘယ်မျှ အန္တရာယ်ကြီးလှကြောင်း ရိပ်မိလိုက်ကြသည်။

ခါချဉ်နက်များ၏ လှုပ်ရှားလာပုံမှာ စိတ်ဝင်စားဖွယ်ရာ ကောင်းလှပေသည်။ ရှေ့သို့ ချီတက်လာပုံမှာ စနစ်တကျ လေ့ကျင့်ပေးထားသော စစ်တပ် ကြီးတစ်တပ်ကဲ့သို့ ရှေ့တိုးခြင်း၊ နောက်ဆုတ်ခြင်းများမှာ ညီညာလှသည်။

ရှေ့မှ ကင်းထောက်တပ်ဖွဲ့ကဲ့သို့ ခါချဉ်နက် အချို့က ရှေ့သို့ တရွေ့ ရွေ့တိုးလာသည်။ သူတို့ သုံးယောက်လှုပ်ရှားလိုက်လျှင် တညီတညာတည်း ရပ်တန့်သွားကြကာ ပြီးလျှင် ဆက်တိုးလာကြသည်။ နောက်မှ ပတ်ဝိုင်းထား သော ခါချဉ်နက်များကတော့ နည်းနည်းလေးမှ မလှုပ်ကြပေ . . .

သို့သော် မြေပြင်ကို မမြင်နိုင်လောက်အောင် များပြားကာ တစ်တောလုံး အနက်ရောင်များ လွှမ်းနေပေတော့သည်။

"ဘယ်လိုလုပ်မလဲ အဘထော်၊ ဒီခါချဉ်အုပ်ထဲ ရောက်သွားလို့ကတော့ မိနစ်ပိုင်းအတွင်း အရိုးစုဘဝ ရောက်မှာပဲ"

ဟု နီမောင်က ပြောသည်။

"သူတို့အပေါ်က နင်းပြီး ဖြတ်ပြေးရင်ကော ဘယ်လိုဖြစ်မလဲ . ."

"ပိုဆိုးမှာပေါ့ ဖြတ်ပြေးတာနဲ့ အဲဒီ အုပ်ကြီးကို မလွန်



www.burmeseclassic.com

www.burmeseclassic.com



ခင်မှာပဲ ကျုပ်တို့အပေါ် အကုန်ဝိုင်းတက်ပြီး ကိုက်မှာပဲ၊ ခါချဉ်ရှည်က အဆိပ်ရှိတယ်။ အသားကို အစွယ်နဲ့ ကိုက်ထိုးပြီး အဆိပ်ရည်ထည့်လိုက်ရင် ဘယ်လိုမှ ခံနိုင်မှာ မဟုတ်ဖူး"

"ဒါဖြင့် ဘယ်လိုလုပ်ကြမှာလဲ ဒီလိုပဲ အသေခံကြရမှာလား"

"ဒီလိုလည်း မဟုတ်သေးပါဘူး၊ အရမ်းလုပ်လို့တော့ မဖြစ်သေးဘူး၊ အခြေအနေကြည့်ကြသေးတာပေါ့"

ထိုသို့ ဆိုကာ သုံးယောက်သား လူရိုးတစ်ချောင်းစီကို ကောက်ကိုင်ကာ ရွှေကျောတောင်နံရံကြီးဘက်သို့ ဆုတ်ပေးလိုက်သည်။

သူတို့ဆုတ်ပေးသည်နှင့် ခါချဉ်နက်များကလည်း တရွေ့ရွေ့ ရှေ့သို့ တိုးလာကြသည်။ လက်ထဲမှာ အရိုးဖြင့် မြှောက်၍ ခြောက်လိုက်လျှင် ရပ်တန့်သွားသော်လည်း နောက်ကိုတော့ ဆုတ်မသွားပေ။ သူတို့ လက်မြှောက်လိုက်လျှင် ရှေ့တန်းမှ ခါချဉ်ကောင်များကပါ တညီတည်း ပတတ်ရပ်လိုက်ကြသည်။

၎င်းတို့ တညီတညာတည်း ပတပ်[illegible]က်ပုံမှာ ယိမ်းကနေသူများ ထက်ပင် ညီညာလှသည်။

တဖြည်းဖြည်းနှင့်အနီးသို့ ရောက်လာသောအခါမှ





ရှေ့ဆုံးမှ တက်လာသော ခါချဉ်နက်ကြီးများမှာ သာမန်အကောင်များထက် အနည်းငယ်ပိုပြီး ကြီးကြသည်။ ထို့ထက် ရှေ့ဆုံးတန်းမှ ဦးဆောင်လာသော ခါချဉ်နက်ကြီး တစ်ကောင်မှာ သာမန်အကောင်များထက် ထူးထူးခြားခြား ပိုကြီးပြီး ၎င်း၏ ခေါင်းကြီးမှာ အနက်ရောင်များ တောက်ပနေသည်။ အရွယ်ပမာဏမှာ ကွမ်းသီးလုံးခန့်ရှိလေသည်။ ရှေ့မှ ထိုခါချဉ်နက်ကြီး၏ လှုပ်ရှားမှုအတိုင်း နောက်မှ ခါချဉ်များစွာက တညီတည်း လိုက်လုပ်ကြခြင်းဖြစ်၏။

၎င်း၏ သဏ္ဌာန်မှာ တိုက်ပွဲခေါင်းဆောင် စစ်သူကြီးတစ်ဦးပမာပင် ဖြစ်တော့သည်။

ခါချဉ်ကောင်များ အတန်းလိုက် ညီညာစွာ ရှေ့သို့ ချီတက်လာပုံ၊ သူတို့ သုံးယောက်အား ပတ်ဝိုင်းလာပုံ၊ မကြောက်မရွံ့ ဝင်ရောက်တိုက်ခိုက်ကြမည့်ပုံများမှာ ကြောက်မတ်ဖွယ်ဖြစ်သည်။

သူတို့ သုံးယောက်အတွက် လွတ်လမ်းမရှိတော့သော အဖြစ်ကို ရိပ်မိလိုက်သောအခါ သုံးယောက်သား ဘယ်လိုထွက်ပေါက်ရအောင် လုပ်ရမည်ကို မသိတတ်အောင် ဖြစ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်တွင် ရွှေကျောတောင်နံရံကြီး ခံနေသော ကြောင့် ၎င်းတို့၏ ထွက်ပေါက်မှာ ခါချဉ်နက်များ တန်းစီနေသော နေရာသာ ဖြစ်သည်။ ယခုအခါ ထိုခါချဉ်နက်များရှိသော နေရာမှာ မြေကြီးကိုသော်လည်းကောင်း၊ သစ်ပင်သစ်ရွက်ကိုသော်လည်းကောင်း လုံးဝမမြင်ရတော့ဘဲ မျက်စိတစ်ဆုံး အားလုံးအနက်ရောင်များသာ မြင်နေရသောကြောင့် ဘယ်လိုမှ ထွက်ပေါက် မရနိုင်တော့ပေ။

ခါချဉ်နက်များကလည်း လက်တစ်ကမ်းအကွာအဝေးသို့ပင် ရောက်လာကြပြီ . . .။

သုံးယောက်သား ကျောချင်းကပ်ကာ ရပ်လိုက်သည်။

နောက်ဆုံး အခြေအနေမှာတော့ ခါချဉ်ကောင်များအပေါ်မှ နင်းကျော် ဖြတ်၍ ပြေးကြရန်သာ ဆုံးဖြတ်လိုက်ကြတော့သည်။ ထိုအချိန်တွင် ရွှေကျောကြီးရှိရာ တောင်ကုန်းပေါ်မှ စူးရှသော ပလွေသံကဲ့သို့ အသံတစ်သံ ပေါ်လာသည်။

ထိုအသံမှာ စူးရှကျယ်လောင်လှပြီး ပတ်ဝန်းကျင်တောအနှံ့ ပျံ့နှံ့သွားလေသည်။

ထိုပလွေသံ ပေါ်လာသောအခါ ခါချဉ်နက်ကြီးများမှာ ပတတ်ရပ်၍ ခေါင်းထောင်လိုက်ကြသည်။ ရှေ့သို့ ရွေ့ရှား





နေရာမှ ရပ်တန့်သွားကြသည်။

ထို့နောက်တွင် သူတို့ဘက်သို့ ခေါင်းလှည့်နေရာမှ တစ်ပြိုင်နက်တည်း နောက်ဘက်သို့ ဦးခေါင်းပြန်လှည့်လိုက်ကြသည်။

ရှေ့မှ အကောင်များနောက်သို့ နောက်မှ အကောင်များကလည်း တရွေ့ရွေ့ လိုက်သွားကြရာ အတန်ကြာသောအခါ မျက်စိတစ်ဆုံး မြင်နေရသော ခါချဉ် ကောင်များမှာ တစ်ကောင်မှ မရှိကြတော့ပေ . . .။

သည်တော့မှ သုံးယောက်သား သက်ပြင်းချနိုင်လေတော့သည်။ သို့သော်လည်း ကြာရှည်တော့ ဝမ်းမသာနိုင်ကြပါပေ . . .၊ အဘယ့်ကြောင့် ဆိုသော် . . . .၊

မကြာမီ သစ်ပင်များပေါ်မှ ဘီလူးမျက်နှာကဲ့သို့ အရုပ်ဆိုးလှသော မျောက်ခန္ဓာကိုယ်နှင့်လူများ ဆင်းလာကာ သူတို့သုံးယောက်ကို ဖမ်းဆီး ခေါ်ဆောင်သွားလေတော့သည်။

သူတို့အဖြစ်က ဆီပူအိုးထဲမှ လွတ်မြောက်သည်ဆိုသော်လည်း ပြာ ပူထဲသို့ ရောက်ရသော အဖြစ်မျိုးပင် . . .၊



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

အခန်း (၇)

## တျှန်းဝေါ်မှ ထယ်ထင်ရှင်

သူတို့ကို ဖမ်းဆီးသွားသော လူများမှာ ရှေးက ဖော်ပြခဲ့သည့်အတိုင်း လူတစ်ပိုင်း မျောက်တစ်ပိုင်း သတ္တဝါဆိုက မများပေ . . .၊ မည်းနက်သော အသားအရောင်၊ ကျစ်လျစ်တောင့်တင်းသော ခန္ဓာကိုယ်များရှိကာ လက်တံ ခြေတံများက ရှည်လှသည်။ လက်များမှာ မျောက်လက်များကဲ့သို့ ရှိလေသည်၊

မျက်နှာမှာ နဖူးမောက်မောက်၊ နှာယောင်ကောက်ကောက် ပါးစပ်ပြဲပြဲနှင့် အကြည့်ရဆိုးလှသည်။

မိန်းမများရော ယောကျ်ားများပါ တိရစ္ဆာန် သရေများဖြင့် အရှက် လုံရုံကလေး ဝတ်ဆင်ထားကာ ပြောသော စကားများမှာလည်း ၎င်းတို့ နားမလည်သော စကားများ ဖြစ်ကြသည်၊





သူတို့ ပြောသော စကားများမှာ မနုဿဗေဒ ဘာသာစကားဖြစ်သော်လည်း ယဉ်ကျေးမှုရှိသော နေရာများမှာ လူများပြောသော စကားများကဲ့သို့ မဟုတ်ကြပေ . . .။

ထိုအုပ်စုများမှာ ရွှေဖြင့် ပြုလုပ်ထားသော ဓား လှံများကို အဓိက လက်နက်အဖြစ် ကိုင်ဆောင်ကြပြီး၊ အချို့ကလည်း လေးနှင့်မြားကို ကိုင်ဆောင်ကြသည်။

ထိုအုပ်စုများထဲတွင် လူနှင့်အတော်တူသော သူများလည်း ပါလေသည်။ ထိုလူရိုင်းများက သူတို့သုံးယောက်ကို ဖမ်းမိလာသဖြင့် လွန်စွာ ပျော်ရွှင်နေပုံရကာ တောနက်ထဲသို့ ခေါ်သွားကြလေသည်။ ထိုအထဲတွင် မိန်းမနှင့် ကလေးများက ပိုမိုပျော်ရွှင်နေကြဟန် ရှိပေသည်၊

လူရိုင်းများမှာ အတော်များပြားလှပြီး အချို့က မျောက်ကဲ့သို့ ခြေလက်နှင့် အမွေးအမျှင်များပင် ရှိကြသည်၊ အချို့ကတော့ မျက်နှာပေါက်အတော် ဆိုးသည်မှ လွဲ၍ လူနှင့် အတော်တူလှသည်၊ ထိုလူများ၏ လှုပ်ရှားသွားလာမှုမှာ သာမန်လူကဲ့သို့ မြေပြင်ပေါ်တွင် သွားလာသောအခါ သိပ်မထူးခြားလှသော်လည်း သစ်ပင် သစ်ကိုင်းများပေါ်သို့ ခုန်ပျံကျော်လွှားသွားလာသောအခါ များစွာ လျင်မြန်သွက်လက်



www.burmeseclassic.com

www.burmeseclassic.com



လှသည်။ ၎င်းတို့၏ လက်များမှာ သစ်ပင်တစ်ပင်မှ တစ်ပင် ခုန်လွဲ၍ သွားလာသောအခါ မျောက်တစ်ကောင်ကဲ့သို့ပင် လျင်မြန် သွက်လက်လှသည်။

အချို့ဆိုလျှင် နိမ့်ရာမှ မြင့်ရာ၊ မြင့်ရာမှ ပို၍ မြင့်ရာသို့ ဆင့်ကာ ဆင့်ကာ ခုန်သွားပုံမှာ ကျွမ်းကျင်လှပေသည်။ သစ်ပင်များပေါ်သို့ ရောက်သွားပြန်လျှင်လည်း သစ်ရွက် သစ်ခက်များကြားမှာ ကိုယ်ယောင်ဖျောက် ပုန်းကွယ် နည်းများ လည်း ကျွမ်းကျင်လှကြောင်း နောင်သောအခါ သိရပေသည်။

မျောက်လူများသည် လမ်းတစ်လျှောက်လုံး ၎င်းတို့ဘာသာ စကားများဖြင့် တကွိကွိ တကွကွ ပြောဆိုရင်း နီမောင်တို့ သုံးယောက်အား ခေါ်သွားကြသည်။ နီမောင်စိတ်ထဲမှာ တော့ နောက်မှဖြစ်လာမည့် အန္တရာယ်ထက်၊ ခါချဉ်နက်ကြီး များ၏ ကိုက်ဖြတ်စားသောက်ခြင်း ရန်မှသော်လည်းကောင်း မျောက်လူများက တစ်ခါတည်း သတ်မပစ်ခြင်းသည် လည်းကောင်း ကံကောင်းသည်ဟု စိတ်သက်သာရာ တွေးနေမိတော့သည်။

ညနေစောင်းအချိန်ရောက်သောအခါ တောနက်ကြီး တစ်ခုအတွင်းမှာ ရှိသော အဆောက်အအုံ အပြိုအပျက်ကြီး များ ရှိသော နေရာသို့ ရောက်သွားတော့သည်။





ထိုနေရာမှာ တောနက်အတွင်းမှ မြို့ဟောင်းပျက်ကြီး တစ်ခု ဖြစ်ဟန်ရှိသည်။ ထိုနေရာတစ်ဝိုက်သည် မျောက်တစ်ပိုင်း လူတစ်ပိုင်း သတ္တဝါများ နေထိုင်ကြရာ နေရာတစ်ခု ဖြစ်ဟန် ရှိသည်။ ယောကျ်ား မိန်းမ၊ ကလေး များစွာတို့ကို မြင်ရသည်။

သူတို့ကို အုတ်တိုက်ပျက်ကြီး တစ်ခုအတွင်းမှာ ထည့် ပြီး အပြင်မှာ တံခါးပိတ်ထားလိုက်သည်။

"အဘထော် သူတို့ ကျွန်တော်တို့ကို ဖမ်းလာတာ ဘာလုပ်ကြမယ် ထင်သလဲဟင် . . ."

"နောက်ဆုံး ချက်စားရုံအပြင် ဘာရှိမှာလဲ ကောင်လေးရာ" ဟု အားရှိစရာ စကားပြောသည်။

"သူတို့က လူသားစားမယ့် သူတွေလားဟင်"

"ရုပ်ရည်တွေ ကြည့်ပါလား၊ လူသားမဟုတ်ဘူး၊ တွေ့ သမျှအကုန် စားမယ့် ရုပ်မျိုးတွေပဲ . .၊ နောက်ဆုံး သူတို့ မစားချင်ရင်တောင်မှ တို့ကို ခါချဉ်အစာ ကျွေးမယ်ဆိုရင် လည်း ကျွေးမှာပေါ့"

"ခါချဉ်တွေက သူတို့ မွေးထားတာလားဟင်"

"မွေးထားတာတော့ ဟုတ်ချင်မှ ဟုတ်မယ်၊ ဒါပေမယ့် သူတို့နဲ့တော့ ယဉ်ပါးနေကြပုံရမယ်၊ ငါစဉ်းစားနေတာက



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တို့သုံးယောက်ကို ခါချဉ်ကောင်တွေ ဝိုင်းစားတော့မယ် အချိန်မှာ ကြားလိုက်ရတဲ့ တံပိုးမှုတ်သံလိုလို၊ ပလွေ သံလိုလိုပဲ ဒီအသံကြောင့် တို့သုံးယောက် လောလောဆယ် အသက်ဘေးက ချမ်းသာရာ ရသွားတာပဲ၊ ဒီပလွေသံကို ဘယ်သူမှုတ်တာလဲ မပြောတတ်ဘူး"

ဦးမွန်ထော်က စဉ်းစဉ်းစားစား ပြောလိုက်သည်။

"ဦးမွန်ထော်ကလည်း အဲဒီတံပိုးမှုတ်သံကြောင့် ဒီလူရိုင်းတွေ ရောက်လာတာရော မဖြစ်နိုင်ဘူးလား"

အောင်မင်းအောင်က ပြောလိုက်သည်။

"ပလွေသံကြောင့် လူရိုင်းတွေ ရောက်လာတယ်ဆိုပေမယ့် အခုလော လောဆယ်မှာတော့ တို့ သုံးယောက်အသက်ရှင်နေခွင့်ရတာကိုတော့ ကျေးဇူးတင်ရမှာပဲ၊ ကိုင်း မသေခင်တရေးလောက်တော့ အိပ်ရေးဝအောင် အိပ်လိုက်ရအောင်"

ဟုဆိုကာ သစ်ရွက်ခြောက်များ ခင်ထားသော ကြမ်းပြင်ပေါ်မှာ လှဲလိုက်သည်နှင့် တစ်နေကုန် စိတ်ပင်ပန်း လူပင်ပန်းမှုကြောင့် အိပ်ပျော်သွားကြသည်။

နောက်တစ်နေ့ နံနက်လင်းစမှာပင် နိမောင်တို့သုံးယောက်ကို မျောက်လူများက လာရောက်ခေါ်သဖြင့် လိုက်သွား





ကြရသည်။ သူတို့ကို ကွက်လပ်ကျယ်ကြီးတစ်ခုရှေ့ရှိ အဆောက်အအုံ ဖျက်ကြီးအတွင်းသို့ ခေါ်ဆောင်သွားသည်။

ထိုခန်းမဆောင် အတွင်းမှာ ဓား လှံ လေးများ ကိုင်ဆောင်ထားသော မျောက်လူအချို့ရှိနေပြီး စင်မြင့်ပေါ်တွင် သားမွေးအင်္ကျီ၊ ဘောင်းဘီများ ဝတ်ထားသော လူမည်းကြီး တစ်ယောက်ထိုင်နေသည်။

၎င်း၏ ဦးခေါင်းတွင် ရွှေသရဖူကဲ့သို့ အရာတစ်ခုကိုဆောင်းထားပြီး လက်ထဲမှာတော့ ဖြက်ကျယ်၍ ရှည်လျားလှသော ဓားရှည်ကြီး တစ်လက်ကို ကိုင်ထားသည်။ သူ၏ ဓားက အခြားသူများကိုင်သော ဓားထက် တစ်ဝက်ခန့် ပိုရှည်သည်။

သူ၏ ရုပ်ရည်ကို မြင်တော့ သုံးယောက်သား အံ့သြသွားကြသည်။

အဘယ်ကြောင့်ဆိုသော် . . ။

၎င်းမှာ မျောက်လူတို့နှင့် အသွင်မတူဘဲ သာမန်လူကြမ်းကြီးတစ်ယောက်နှင့်သာတူလေသည်။ အနီးစပ်ဆုံးပြောရလျှင် မြို့တော်၊ ထားဝယ်ကျွန်းများဘက်မှ ဆလုံ တစ်ယောက်နှင့် တူလှသည်။

သူ့နံဘေးတွင် အသက်နှစ်ဆယ်ကျော်ခန့်ရှိသေး



www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုတစ်ဦး ရပ်နေသည်။ မိန်းမပျိုမှာ အသားမဖြူ သော်လည်း ကျွန်းသားများလောက်တော့ မမည်းလှပေ . . .။

သားမွေးအကျီနှင့် ကျွဲသစ်ရေတစ်ခုကို ဝတ်ဆင်ထားပြီး ဦးခေါင်းပေါ်တွင် ရွှေဖြင့်ပြုလုပ်ထားသော သရဖူနှင့် တူသော အရာတစ်ခုကို ဆောင်းထားသည်။

သူမသည် ရုပ်ရည်အတန်အသင့် ချောမောလှပပြီး ကျွန်းသား အကြီးအကဲ၏ သမီးဖြစ်ဟန်ရှိသည်။ မိန်းကလေးက ငယ်ရွယ်သူလည်း ဖြစ်ပြန်၊ အကျည်းတန်အရုပ်ဆိုးသော မျောက်လူများကြားတွင် နေရသဖြင့် ရုပ်ရည် အတန့်အသင့် ချောမောသော နီမောင်အား စိတ်ဝင်စားစွာဖြင့် လှမ်းကြည့်နေသည်။

ဒါကို ဦးမွန်ထော်က သတိပြုမိသွားသည်။

"နီမောင် . . . မင်းကိုတော့ ဟိုကောင်မလေးက မျက်စိကျနေပုံရတယ် များများ သဘောကျလေ တို့အတွက် ကောင်းလေပေါ့ကွာ"

ဟု တိုးတိုးပြောလိုက်သည်။

"ကျွန်ပ်ော်က ဒီသုံးယောက်ထဲမှာ အငယ်ဆုံးဆိုတော့ အရင်ဆုံး ချက်စားဖို့ သဘောကျနေတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့"





"ဒီလိုကြည့်တဲ့ အကြည့်မျိုးတော့ မဟုတ်ပါဘူး၊ သူ့မျက်နှာပေါ်မှာ ရက်စက်မှုကို မတွေ့ရပါဘူး၊ နှစ်သက်မှုပဲ တွေ့ရတယ်"

"အဘထော်ကလည်း အရေးထဲမှာလာပြီး ကဗျာဆန်နေပြန်ပြီ၊ ဟောဟိုမှာ စင်ပေါ်က လူကြီးဆင်းလာနေပြီ . . "

နီမောင် သတိပေးလိုက်သဖြင့် ကြည့်လိုက်တော့ အကြီးအကဲ လုပ်သူက စင်ပေါ်မှ အောက်သို့ ဆင်းလာသည်။

သူတို့အနီးသို့ ရောက်သောအခါ သုံးယောက်စလုံးကို အကဲခတ်သလို ဝေ့ကြည့်လိုက်ပြီး မေးလိုက်သည်။

"ဘယ်ကလာတာလဲ"

မပီသသော်လည်း ဂုဏ်တို့ နားလည်သော မြန်မာစကားနှင့် မေးလိုက်သဖြင့် သုံးယောက်သား ဝမ်းသာအားတက်မှုဖြစ်သွားကြသည်။

သည်မျှ သီခေါင်လှသော တောနက်ထဲမှာ သူ့စကားကိုယ်မသိ၊ ကိုယ် မသိသော လူရိုင်းများ လက်ထဲမှာ ရောက်နေသော အချိန်မျိုးမှာ မိမိလူမျိုးများ၏ စကားကို ရုတ်တရက် ကြားလိုက်ရသဖြင့် ဝမ်းသာသွားခြင်း ဖြစ်၏။

"မြန်မာပြည်ကပါ . . "



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် ဒီကို ရောက်လာတာလဲ"

"မုန်တိုင်းကြောင့် ဖောင်ပျက်ပြီး ရောက်လာတာပါ"

ဦးမွန်ထော်စကားကို အကြီးအကဲက ယုံကြည်ဟန်မတူပေ။

အဘယ့်ကြောင့်ဆိုသော် သူတို့ ဖောင်ပျက်လာတာကို မမြင်ရဘဲ စက်လှေကြီးနှင့် ရောက်လာသည်ကို တွေ့သောကြောင့်ဖြစ်သည်။

"ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် ဒီကျွန်းပေါ် ရောက်တဲ့ လူမှန်သမျှ အသက်ရှင်လျက်နဲ့တော့ ဘယ်သူကိုမှ ပြန်ခွင့်မပေးနိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ကျုပ်တို့ဆီမှာ ရှိတဲ့ ရွှေတောင်ကြီးရဲ့ အကြောင်းကို သိသွားရင် တခြားလူတွေဟာ ကျုပ်တို့ကျွန်းကို မဖြစ်မနေ ရှာဖွေပြီး ရောက်လာကြလိမ့်မယ်"

အကြီးအကဲစကားကြောင့် ဘာမှ ဆင်ခြေပေးစရာအကြောင်းမမြင်တော့၊ သူတို့ ခလေ့ထုံးစံအရ ဘယ်လိုလူမျိုးဖြစ်ဖြစ်၊ သည်ကျွန်းကို ရောက်လာရင် သတ်ပစ်လေ့ရှိသည်မှာ သေချာတော့သည်။

"ဘာပဲဖြစ်ဖြစ် သင်တို့က မြန်မာလူမျိုးတွေ ဖြစ်နေတာကြောင့် ကျုပ် သဘောတစ်ခုတည်းနဲ့တော့ မဆုံးဖြတ်ပါဘူး၊





ဒီကျွန်းမှာ ကျုပ်တို့ လူမျိုးတွေ အလေးအမြတ်ထားရတဲ့ လူနှစ်ဦးရှိတယ်၊ တစ်ဦးက ကဝေမယ်တော်ကြီး ဖြစ်ပြီး၊ ကျန်တစ်ဦးကတော့ နက္ခတ်ဆရာကြီး သူရဲ့ဖြစ်တယ်၊ သူတို့နှစ်ဦး ရဲ့ အစီအရင်အတိုင်း စီရင်ရလိမ့်မယ်"

ဟု ပြောကာ စင်ပေါ် ပြန်တက်သွားသည်။

အခန်းထဲမှာ တိတ်ဆိတ်ငြိမ်သက်ခြင်းက မင်းမူသွားပြန်သည်။ နီမောင်တို့ သုံးယောက်ကတော့ မိမိတို့ သေရမည့်အရေးထက် မိမိတို့ ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့်လူနှစ်ဦးကိုသာ စိတ်ဝင်စားနေကြသည်။

မကြာမီ အခန်းတွင်းသို့ ဝင်လာသော တောင်ဝှေးသံ တဒေါက်ဒေါက် ကြားရပြီး အခန်းတွင်းသို့ အလွန်အသက်အရွယ် ကြီးရင့်ပြီးဖြစ်သော အဘွားကြီးတစ်ဦး ဝင်လာသည်။

ထိုအဘွားကြီးကို ဘုရားကျောင်းပျက်ကြီး အတွင်းမှာ တစ်ကြိမ်တွေ့ခဲ့ဘူးသော ကဝေမယ်တော်ကြီး ဟူ၍ မှောက်လူများက ကြောက်ရွံ့ရိုသေရသော 'မယ်ဇာအို'ပင်ဖြစ်ပေတော့သည်။

မယ်ဇာအို ရောက်လာသောအခါ စင်ရှေ့ရှိ ဒယ်အိုးနှင့် သဏ္ဌာန်တူသော ခွက်ကြီးတစ်ခုထဲမှာ ဖိုထားသော မီးပုံရှိရာ



www.burmeseclassic.com

www.burmeseclassic.com



သို့ လျှောက်သွားပြီး ဂုဏ်အိတ်တွင်းမှ အသင့်ဆောင် ယူလာသော ဆေးမှုန့်အချို့ကို ဖြူးချလိုက်သောအခါ အစိမ်း အနီ အဝါ အပြာ မီးခိုးငွေ့များ တလိမ့်လိမ့် တက်လာပြီး အခန်းတစ်ခုလုံး ပျံ့နှံ့သွားလေတော့သည်။ ထိုမီးခိုးငွေ့များနှင့် ထိတွေ့လိုက်သော လူအားလုံးမှာ စိတ်ထဲမှာ ထိုင်းမှိုင်း နောက်ကျိသွားတော့သည်။

နီမောင်လို လူငယ်တစ်ဦးပင်လျှင် တစ်ကိုယ်လုံး မလှုပ်မရှားချင်အောင် ဖြစ်သွားပြီး စိတ်တွေ ပျော့ကျသွားသည်။

"နင်တို့ဟာ ငါတို့ အထွတ်အမြတ်ထားတဲ့ ရွှေတောင်ကြီးကို ဖျက်ဆီး ဖို့ လာကြတဲ့ ငမိုက်သားတွေ မဟုတ်လားဟဲ့"

မယ်ဇာအို၏ စူးရှကျယ်လောင်သော အသံက နားထဲသို့ ထိုးဖောက် ဝင်ရောက်လာသည်။

"ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် . . "

သုံးယောက်သား တစ်ပြိုင်နက်တည်း အဖြေပေးလိုက်ကြသည်။

"နင်တို့မှာ အပြစ်ရှိတယ် မဟုတ်လား"

"ရှိ . . ရှိပါတယ် . . "



BURMESE CLASSIC .com



"တို့ ကျွန်းရဲ့ ထုံးစံအတိုင်း အပြစ်ရှိတဲ့ လူတွေကို ရွှေကျော့ ရတနာ သိုက်ကို စောင့်တဲ့ သိုက်စောင့်တွေကို အစာကျွေးရမယ်၊ မနက်ဖြန် နံနက် အလင်းရောက်တာနဲ့ ရွှေတောင်ရဲ့ တောင်ခြေကို သူတို့ကို သွားပို့လိုက်ကြ"

ဟု ပြောကာ မယ်ဇာအိုသည် တောင်ဝှေးကို တဒေါက်ဒေါက် ထောက်ကာ အပြင်ဘက်သို့ ပြန်ထွက်သွားတော့သည်။

သူတို့သုံးယောက်ကိုတော့ တိုက်ပျက်ကြီးအတွင်း ပြန်ပို့လိုက်ကြသည်။

ထိုအထဲသို့ ပြန်ရောက်သောအခါ သုံးယောက်သားမှာ စိတ်များ လေးလံထိုင်းမှိုင်းမှုဖြစ်ကာ အသီးသီး အိပ်ပျော်သွားကြလေသည်။

ညဉ့်အတော်နက်မှ သုံးယောက်သား အိပ်ပျော်ရာမှ နိုးလာကြသည်။ အခန်းထဲမှာ မှောင်နေသော်လည်း အပြင်မှာ လရောင်က တစ်ခွန်းတစ်စ ထိုးဆင်းကျနေသည်။ သို့ကြောင့် ဝိုးတဝါး အလင်းရောင်ရနေသည်။ ပတ်ဝန်းကျင်မှာတော့ ဘိတ်ဆိတ်ခြင်းက မင်းမူနေသည်။

"အဘထော် နိုးပြီးလား"

"အေး နိုးပြီး . . . စာရေးဆရာရော နိုးပြီးလား"



www.burmeseclassic.com

www.burmeseclassic.com



"နိုးပါပြီ၊ ဗိုက်ထဲကလည်း ဆာလိုက်တာဗျာ အခုနေ ရေလေး တစ်ခွက်လောက်များ သောက်ရရင် သိပ်ကောင်းမှာပဲ"

ဟု အောင်မင်းအောင်က ပြောသည်။

နီမောင်ကလည်း . . ၊

"ဟုတ်တယ် အဘရာ နောက်မှ သေမှသာသေရော အခုနေ တစ်ခုခု လောက်စားရမှ ဖြစ်မယ်ထင်တယ်"

"ငါလည်း ဆာတာပါပဲ ဒီမှာက ဘာစားစရာရှိလို့လဲ နေဦး ဒီအခန်းထဲမှာ ဘာရှိသလဲ မသိဘူး၊ ငါ့နှာခေါင်းထဲမှာ တို့ ဟိုဘုရားကျောင်းထဲမှာ စားခဲ့ရတဲ့ သစ်သီးနံ့တွေ့ရနေတယ်၊ လိုက်ရှာကြည့်ပါဦး"

ဟု ဆိုသဖြင့် နီမောင်က လှုငယ်ပီပီ သွက်သွက် လက်လက် ထ,ကာ ဗိုးတဝါး အလင်းရောင်နှင့် အခန်းထဲသို့ လိုက်လံ ရှာကြည့်သောအခါ တောနက်ထဲက ဘုရားကျောင်းမှာ တွေ့ခဲ့ရသည့်အတိုင်း သစ်သီးမှည့် ထည့်ထားသော ခြင်း တစ်လုံးနှင့် သောက်ရေထည့်ထားသော ဝါးဆစ်ပိုင်းတစ်ခုကို တွေ့ရသဖြင့် သုံးယောက်သား ဘာမှ စဉ်းစားမနေတော့ဘဲ သစ်သီးနှင့် သောက်ရေကို ဝေမျှစားသောက်ကြလေသည်။





အတန်ငယ် ဝမ်းပြည့်သွားသောအခါမှ . .

"ကျွန်တော် သတိထားမိတာ တစ်ခုရှိတယ် ဦးမွန်တော်ရဲ့"

"ဘာများလဲ စာရေးဆရာ"

"ကျွန်တော်တို့ ဟိုဘုရားကျောင်းထဲမှာတုန်းကလည်း ဒီသစ်သီးခြင်းနဲ့ ဒီရေဘူးမျိုးပဲ တွေ့တယ်၊ အခု ဒီမှာလည်း ဒါမျိုးပဲ တွေ့ရပြန်တယ်၊ တိုက်ဆိုင်မှုတော့ မဖြစ်နိုင်တော့ဘူး"

"ဘယ်လိုများ ထင်လို့လဲ"

"တစ်ယောက်ယောက်ကများ၊ ကျွန်တော်တို့ကို အကူအညီပေးနေ သလားမသိဘူး၊ မျောက်လူတွေကတော့ ကျွန်တော်တို့ကို ဒီလိုသစ်သီးတွေ ရေတွေ တကူးတက ပို့ပေးမှာ မဟုတ်တာသေချာတယ်"

"အင်း စာရေးဆရာကတော့ ဒီလောက် ဒုက္ခရောက်နေတာတောင် စိတ်ကူးက ယဉ်နိုင်သေးတာကိုး၊ ဒီတောထဲမှာ ကျုပ်တို့ကို စေတနာရှိမယ့် လူဆိုလို့ နီမောင်ကို မျက်စိကျနေတဲ့ ဟိုလူရိုင်းမလေးပဲဖြစ်မှာပေါ့ဗျာ . ."

ဟု ခတ်ပေါ့ပေါ့ ပြောလိုက်သည်။

"အဲဒါက အရေးမကြီးဘူး အဘထော်ရဲ့ ကျွန်တော် အခုမှ စဉ်းစားကြည့်မိတယ်၊ ဟို အဘွားကြီးက ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်ကို ခါချဉ်အစာ ကျွေးရမယ်လို့ ပြောသွားတာ ကျွန်တော်တို့က ဘာကြောင့် ငြိမ်နေမိသလဲ မသိဘူးနော် ”

ဟု နီမောင်က ပြောလိုက်သည်။

“ကျွန်တော့် အထင်ပြောရရင်တော့ အဘွားကြီးက မီးပုံထဲကို ဆေးမှုန့်တွေ ဖြူးလိုက်တဲ့အခါ ထွက်လာတဲ့ မီးခိုးငွေ့တွေကြောင့်ပဲလို့ ထင်တယ် ဦးမှန်ထော် . . ”

အောင်မင်းအောင်ကပါ မှတ်ချက်ချသည်။

“ဖြစ်နိုင်ပါတယ် ဒါကြောင့် ကျုပ်တို့တစ်တွေ ထိုင်းမှိုင်းငြိမ်လေးသွားတာ ဖြစ်မှာပေါ့၊ ဒီအတိုင်းဆိုရင် ကျုပ်တို့တော့ မနက်လင်းရင် ခါချဉ်တွေရဲ့ အစာဖြစ်တော့မှာ သေချာတယ် ”

“ဒီလောက်လည်း အားမလျော့ပါနဲ့ အဘထော်ရယ်၊ အဘွားကြီးက ခါချဉ်စာကျွေးလို့ ပြောသွားပေမယ့် မနက်ဖြန် သူတို့ ကိုးကွယ်တဲ့ နက္ခတ် ဆရာကြီးနဲ့တွေ့ရင် ကျွန်တော်တို့အတွက် လွတ်မြောက်ဖို့လမ်းစ ပေါ်ချင်ပေါ်ဦးမှာပေါ့၊ လူဆိုတာ ကံဆိုးကံကောင်းဆိုတာရှိတာပဲ၊ သေနေ့မစေ့သေးရင် လွတ်မြောက်ဖို့လမ်းစ ပေါ်ချင်ပေါ်လာမှာပါ . . . ”

ဟု ပြောလိုက်ပြီး သုံးယောက်သား သစ်သီးနှင့်ရေကို ဝမ်းပြည့်အောင် စားသောက်ကြကာ ပြန်အိပ်ကြလေတော့သည်။





နံနက်လင်းသောအခါ သူတို့ကို မျောက်လူတွေက လာခေါ်ပြီး အကြီးအကဲရှေ့သို့ ခေါ်သွားကြပြန်သည်။ သူတို့ကတော့ ဘာမှ ထပ်မံ စစ်ဆေးခြင်း မရှိဘဲ တစ်စုံတစ်ယောက်ကို စောင့်ဆိုင်းနေကြဟန်ရှိသည်။

အတန်ကြာမှ အကြီးအကဲက . . ၊

“နက္ခတ်ဆရာကြီး ကြွလာပြီ . . အားလုံး အရိုအသေပေးကြ”

ဟု အော်ဟစ်အမိန့်ပေးလိုက်သဖြင့် ကျွန်းသား အားလုံး မြေသို့ ဝပ်ကာ အရိုအသေပြုကြရာ နီမောင်တို့လည်း ခေါင်းငုံ့ထားလိုက်ရသည်။

ခေါင်းငုံ့ထားသော်လည်း အပြင်မှ လူတစ်ယောက် ဝင်လာသော ခြေသံနှင့် ဟန်အမူအရာကို မြင်နေကြားနေရသည်။

သူတို့နံဘေးမှ ဖြတ်လျှောက်သွားသော နက္ခတ် ဆရာကြီး၏ ပုံကိုလည်း ရိပ်ခနဲ တွေ့လိုက်ရသည်။

အတန်ကြာသောအခါ နက္ခတ်ဆရာကြီး၏ အသံကို စတင်ကြားရသည်။

“ညတုန်းက နက္ခတ်တာရာတွေကို စစ်ဆေးကြည့်တဲ့ အခါမှာ စန္ဒော ဆိုတဲ့ လ,ဟာ၊ မိဂသီနဲ့ ရောဟဏီ နက္ခတ်တို့



www.burmeseclassic.com

www.burmeseclassic.com



အကြားကို လမ်းပြုပြီးသွားမယ့် နိမိတ်လက္ခဏာတွေကို
တွေ့ရတယ်၊ ဒီလက္ခဏာမျိုးတွေ့ရင် ဒီကျွန်းမှာ အတိတ်
နိမိတ်အနေနဲ့ လျှောင်ကြီးတွေ ပြင်းစွာလှုပ်မယ်၊ မီးတောင်
ကြီးတွေ ပေါက်ကွဲဖို့ ဖြစ်လာမယ်၊ နောက်ပြီး တို့ကျွန်းကို
မကြာခင်မှာ ရန်သူတွေ ရောက်လာမယ်လို့ နက္ခတ်တွေကို
စစ်ဆေးတဲ့အခါမှာ တွေ့ရှိရတယ် . . .”

ဟု ပြောလိုက်သည်။

ထိုစကားကြားသောအခါ ကျွန်းသား အကြီးအကဲမှာ
အတော်ကို တုန် လှုပ်သွားဟန်ရှိသည်။

“အဲဒီတော့ ကျုပ်တို့ ဘယ်လိုလုပ်ရမှာလဲ ဆရာကြီး”

“ညက ငါတွက်ကြည့်ရသလောက်တော့ တို့တစ်တွေ
နေတဲ့ ကျွန်းကို ရန်သူတွေ လာရောက်တိုက်ခိုက်တဲ့အခါမှာ
တို့ကို ကူညီတိုက်ခိုက်ပေးနိုင်မယ့် လူတွေ ဒီကျွန်းပေါ် ရောက်
အောင် ပို့ပေးလိုက်တယ်လို့ ပင်လယ်စောင့် နတ်မင်းက ပြော
တယ်၊ အဲဒါတခြားတော့ မဟုတ်ဘူး၊ ဒီလူတွေပဲဖြစ်လိမ့်မယ်

ဟု ပြောလိုက်ရာ ကျွန်းသားအကြီးအကဲမှာ ဇဝေဇ
ဖြစ်သွားပုံရသည်။ မယ်တော်ကြီးက ရတနာသိုက်စော
သတ္တဝါတွေကို အစာအဖြစ် ကျွေးရမယ်လို့ အမိန့်ချသွား





တယ် ဆရာကြီး . . .”

“အခြားရန်သူတွေ လာတိုက်တဲ့အခါမှာ တိုက်ရည်
ခိုက်ရည်ရှိတဲ့ လူတစ်ယောက်ဟာ တို့တစ်တွေအတွက်
ဘယ်လောက်အသုံးဝင်တယ်ဆိုတာ သိတယ်မဟုတ်လား၊
နောက်ပြီး သူတို့မှာ မီးပေါက်လက်နက်တွေလည်း ရှိတာ
ဆိုတော့ တို့က သူတို့ကို အသုံးချရလိမ့်မယ်”

“ဆရာကြီး အမိန့်ချသလို လုပ်ပါ့မယ်”

“ကောင်းပြီ၊ သူတို့ကို ငါမသိဘဲ ဘာမှမလုပ်ကြနဲ့၊
ကောင်းမွန်စွာ ထားပေတော့”

“ကောင်းပါပြီ ဆရာကြီး၊ ဒါပေမယ့် သူတို့ကိုတော့
ဒီကျွန်းက ကျွန်းသားတွေရဲ့ ဓလေ့တွေကို သင်ပေးရမယ်”

ဆရာကြီးက ခေါင်းညိတ်ပြပြီး စင်ပေါ်မှ ပြန်ဆင်းသွား
လေတော့သည်။ ထိုအခါမှ သုံးယောက်စလုံး ရင်ထဲမှ အပူ
လုံးကြီးများ ကျသွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)
## ဓောမာထာနှင့် ထရုကာထရား

နီမောင်တို့ သုံးယောက်မှာ ကျွန်းသားများ၏ အဖမ်းခံရပြီး နက္ခတ် ဆရာကြီး၏ ကောင်းမှုကြောင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ရသော်လည်း လွတ်လွတ်လပ်လပ်တော့ နေထိုင်ခွင့်မရခဲ့ပေ။ ၎င်းတို့ကို အုတ်တိုက်ပျက်ကြီးထဲမှာပင် ထားကာ ကျွန်းသားအစောင့်အရှောက်များက အမြဲပင် စောင့်ကြည့်လျက်ရှိသည်။

အစားအသောက် စားချိန်ရောက်လျှင် စားစရာများနှင့် သောက်ရေများ လာပို့ပေးသည်။ စားစရာမှာလည်း အခြားတော့မဟုတ်၊ အမဲ သားငါးဟင်း များ၊ သစ်သီးသစ်ဥများပင်ဖြစ်သည်။ အချို့သစ်သီးများမှာ တစ်ကြိမ်တစ်ခါမှ မမြင်ဖူး





သော်လည်း စားလို့တော့ ကောင်းလှသည်။

ထိုရက်အတွင်းမှာ သူတို့ဆီသို့ လူတစ်ယောက်လာတွေ့သည်။ ထိုလူမှာ မြန်မာစကားကို ကောင်းစွာ ပြောနိုင်သူဖြစ်ပေသည်။

ခင်ဗျားတို့ မြန်မာပြည်က လူတွေဆိုလို့ ကျုပ်လာတွေ့တာပါ၊ ကျုပ်လည်း ငယ်ငယ်တုန်းက မြန်မာပြည်မှာ နေခဲ့ဖူးပါတယ်၊ ကျုပ်ရဲ့နာမည်က အဂ္ဂိပါ"

"အေးဗျာ . . အခုလို ဝေးလံတဲ့ နေရာမှာ ကိုယ့်တိုင်းပြည်က ကိုယ့်လူ မျိုးတစ်ယောက်နဲ့ တွေ့ရတာ ဝမ်းသာစရာပါပဲ၊ ဒါထက် ခင်ဗျားက ဒီကျွန်း ရောက်တာ ဘယ်လောက်ကြာပြီလဲ၊ ဒီမှာ ဘာလုပ်ရသလဲဟင်"

"ကျုပ်က ငယ်ငယ်ကလေးထဲက ပင်လယ်ထဲမှာ မုန်တိုင်းမိပြီး ဒီကျွန်းပေါ် ရောက်ခဲ့တာ၊ အဖေတို့ကတော့ ပင်လယ်ထဲမှာ သေပြီးကျန်ခဲ့ကြတယ်၊ ကျုပ်က ဒီကျွန်းပေါ်မှာ လက်နက်တွေ အသုံးအဆောင် ပစ္စည်းတွေ လုပ်ပေးရတဲ့ ပန်းထိမ်ဆရာပေါ့ဗျာ . . . "

"ပန်းထိမ်ဆရာ ပန်းထိမ်ဆရာဆိုတော့ ဘာပစ္စည်းတွေနဲ့ လုပ်တာလဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဗျ၊ ဒီကျွန်းပေါ်မှာ ရွှေကြောကြီးတစ်ခုရှိတယ်၊ အဲဒီက ရွှေတွေနဲ့ သူတို့လိုချင်တဲ့ ဓားတွေ၊ လှံတွေ၊ လက်ဝတ်တန်ဆာတွေ အသုံးအဆောင် ပစ္စည်းတွေ လုပ်ပေးရတာပေါ့၊ ဒီမှာတော့ ရွှေတွေက ရွှံ့တွေလောက်ကို ပေါတာကိုးဗျ"

"ဒါပေမယ့် အဲဒီ ရွှေတွေကို ယူလို့မရဘူး မဟုတ်လား၊ ဝင်ယူတဲ့လူဟာ ခါချဉ်နက်တွေ ဝိုင်းကိုက်တာနဲ့ သေတာပဲ မဟုတ်လား"

"ဟုတ်တယ် အဲဒီရွှေတောင်ကြီးကို စည်းတားထားတဲ့ နေရာတွေ ရှိတယ်၊ အဲဒီစည်းကို ကျော်ပြီး ဟိုဘက်ကို ဝင်လို့ မရဘူး၊ မသိဘဲနဲ့ လောဘ ဇောတက်ပြီး ရွှေတွေကို ဝင်ယူတာနဲ့ ခါချဉ်နက်ကြီးတွေ ဝိုင်းကိုက်ရင် မိနစ်ပိုင်းအတွင်းမှာ အရိုးစုဘဝ ရောက်သွားတာပဲ၊ ဘယ်ကိုမှ လွတ်လမ်းမရှိနိုင်ဘူး"

"ဒါဖြင့် ခင်ဗျားရော အဲဒီရွှေတွေကို ဘယ်လို ဝင်ယူတာလဲ၊ ခင်ဗျားဝင် ယူတော့ရော ခါချဉ်နက်တွေက ဝိုင်းမကိုက်ကြဘူးလား ဟင်"

"ကျုပ်ကိုတော့ မကိုက်ပါဘူး အဲဒီ ရွှေတောင်ဆီကို ဝင်ခွင့်ရတဲ့ လူနည်းနည်းပဲရှိတယ်၊ ကျုပ်ရယ်၊ ဒီကျွန်းက အကြီးအကဲရယ်၊ သူ့ရဲ့ သမီးရယ်၊ နက္ခတ်ဆရာကြီးရယ်၊





ဇာဝေမယ်တော်ကြီးရယ်နဲ့ ခါချဉ်တွေကို တစ်ပတ်တစ်ခါ အစာကျွေးရတဲ့ လူတွေရယ် ဒါပဲရှိတယ် . . ."

"ဟင် . . ခါချဉ်တွေကို အစာကျွေးရတယ် ဟုတ်လား၊ ဘာအစာတွေ ကျွေးရတာလဲဟင်"

"ဒီတောမှာ သူတို့စားတဲ့သစ်သီးတစ်မျိုးရှိတယ်၊ အဲဒါတွေကို သယ်ပြီး ကျွေးရတာ"

"ဒါထက် နေပါဦး ဒီကျွန်းရဲ့ အကြီးအကဲရဲ့ နာမည်က ဘယ်သူလဲ၊ သူ့ရဲ့ သမီးရဲ့နာမည်ကိုရော ခင်ဗျားသိလား"

"ကျုပ်က ဒီကျွန်းကို ငယ်ငယ်ကလေးတည်းက ရောက်ဘာမသိဘဲ နေပါ့မလား၊ ဒီကျွန်းရဲ့အကြီးက ဒီကျွန်းမှာ ပေါက်ဖွားတဲ့ မျောက်လူတွေရဲ့ လူမျိုးမဟုတ်ဘူး၊ သူလည်း တစ်ခြားက ဒီကိုရောက်လာတာပဲ၊ သူရောက်စက ဒီကျွန်းပေါ်မှာ မျောက်လူတွေက နည်းနည်းပဲ ရှိကြတယ်၊ သူက အဲဒီမျောက်လူ ခေါင်းဆောင်ကို ယှဉ်ပြိုင်သတ်ဖြတ်ပြီးတော့ ကျွန်းရဲ့ အကြီးအကဲ လုပ်နေတာကြာပြီ၊ သူ့နာမည်က သဝဏ်ီ လို့ခေါ်တယ်၊ သူ့သမီးရဲ့ နာမည်က စောမာလာလို့ ခေါ်တယ်"

ဟု ပြောပြသည်။

"ဒါထက် နက္ခတ်ဆရာကြီးရဲ့ နာမည်က ဘယ်သူလဲ



www.burmeseclassic.com

www.burmeseclassic.com



. . သူလည်း ဒီကျွန်း သားတစ်ယောက်ပဲလား"

"နက္ခတ်ဆရာကြီးရဲ့ နာမည်က သူရဋ္ဌလို့ခေါ်တယ်၊ သူလည်း ဒီကျွန်း ပေါ်ရောက်လာတာ သိပ်မကြာသေးဘူး၊ ဒါပေမယ့် သူက ဆေးဝါးမန္တရားတွေ သိပ်ပြီး စွမ်းတယ်၊ ဘယ်လောက်စွမ်းသလဲဆိုရင် ကဝေမယ်တော်ကြီး မယ်ဇာအို ထက်တောင် စွမ်းသေးတယ်၊ ဒါကြောင့် မယ်ဇာအိုကပါ ဆရာကြီးဆိုရင် ကြောက်ရတဲ့ပုံ ပေါ်တယ်ဗျ၊ ကိုင်း ကျုပ်သွားတော့မယ်၊ ရွှေတောင် ဘက်သွားပြီး ပစ္စည်းတွေလုပ်ပေး ရဦးမယ်"

ဟု ဆိုကာ ပန်းထိမ်ဆရာ အဂ္ဂိက သူတို့ကို နှုတ်ဆက်ပြီး ပြန်ထွက် သွားလေတော့သည်။

နောက်တစ်နေ့တွင် သူတို့ရှိရာသို့ ကျွန်း၏ အကြီးအကဲ၏ သမီးဖြစ်သူ စောမာလာ ရောက်လာပြီး နီမောင်ကို လာခေါ်သည်။

"ရှင်လိုက်ခဲ့ပါ၊ ရှင့်ကို ကျွန်းသားတွေရဲ့ ရှေ့မှာ ခါချဉ်တွေကို အစာ ကျွေးဖို့ တာဝန်ပေးဖို့ ပြောရလိမ့်မယ်၊ ဟိုနှစ်ယောက်ကိုတော့ ပန်းထိမ်ဆရာက တာဝန်ယူပြီး ခေါ်လိမ့်မယ် ထင်တယ်၊ ဒါထက် ရှင်နာမည် ဘယ်လိုခေါ်သလဲ"

"နီမောင်ပါ"

"ရှင်ကျွန်မနဲ့လိုက်ခဲ့ပါ၊ ဟိုရောက်တော့ ကျွန်မပြော





တာကို ကြည့်ပြီး အခြေအနေ ကြည့်လုပ်ပေါ့၊ ဟုတ်ပြီလား"

"ဟုတ်ပါပြီ . . ."

ထို့နောက် နီမောင်သည် စောမာလာဆိုသော မိန်းကလေး ခေါ်ဆောင် သွားရာနောက်သို့ လိုက်သွားလေသည်။

စောမာလာမှာ နီမောင်နှင့် မတိမ်းမယိမ်း အရွယ်ခန့်ဖြစ်ပြီး အသက် နှစ်ဆယ်ကျော် အရွယ်ခန့်ရှိသည်။ အသားညိုညို၊ ကိုယ်လုံးကိုယ်ထည် ကျစ်ကျစ်နှင့်အိန္ဒိယ တိုင်းရင်းသူတစ်ယောက်နှင့် မျက်နှာပေါက် ဆင်လှသည်။ မျက်ခုံးထူထူ၊ မျက်တောင်ကော့ကော့၊ နှာတံပေါ်ပေါ်နှင့်ဖြစ်သည်။

စောမာလာက သူ့အား ယမန်နေ့က ခေါ်သွားသော ကွက်လပ်ရှိရာသို့ ခေါ်သွားသည်။ ထိုကွက်လပ်နေရာ တစ်ဝိုက်တွင် မျောက်လူများ ရောက်နေကြပြီး ၎င်းတို့ဘာသာစကားဖြင့် ကွိကွိကွကွပြောဆိုနေကြသည်။ သူတို့သည် နီမောင်အား စောမာလာက ခေါ်လာသည်ကို မြင်သောအခါ လှမ်းကြည့်ကာ အချင်းချင်း ပြောဆိုမှုများ ပိုမိုများပြားလာရာ အသံများက ဆူညံနေတော့သည်။

သူတို့နှစ်ယောက် ယှဉ်တွဲလျှောက်လာသည်ကို ရှေ့တန်းတွင် ထိုင်နေသော အရပ်အမောင်းကောင်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ဗလတောင့်တောင့်နှင့် မျောက်လူတစ်ယောက်က မကျေမနပ် လှမ်းကြည့်နေသည်။

ရှင်း၏ ကြောက်မက်ဖွယ်ကောင်းသော မျက်နှာပြင်ပေါ်မှာ မကျေမနပ်ခြင်း၊ မနာလို မရှုစိမ့်ခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်းများ အထင်းသားပေါ်လွင် လျက်ရှိသည်။

သူသည် ခေါင်းပေါ်တွင် သရေမာဖြင့် ပြုလုပ်ထားသော ခေါင်းဆောင်း တစ်ခုကို ဆောင်းထားကာ ကျားသစ်သရေ ဖြင့် ချုပ်ထားသော ကိုယ်ကြပ် အင်္ကျီကို ဝတ်ထားပြီး ကျောတွင် လေးတစ်လက်နှင့် မြားဘူးကို လွယ်ထားသည်။

လက်ထဲမှာတော့ အသွားထက်လှသော ရဲဒင်းကြီးတစ်လက်ကို ကိုင် ထားလေသည်။

စင်မြင့်ပေါ်မှာတော့ ကျွန်း၏ အကြီးအကဲ သဝဏ်ကထိုင်နေသည်။ စောမာလာက နီမောင်အား လူမျောက်များ ဝိုင်းထိုင်နေသော အလယ်သို့ ခေါ်သွားသည်။ အားလုံး၏ မျက်လုံးများက သူတို့အပေါ်သို့ စုပြုံရောက်ရှိနေသည်။

စောမာလာက ဘာသာစကားတစ်မျိုးဖြင့် အားလုံးကြားအောင်ပြောပြ နေသည်။ သူမပြောပြသော အကြောင်းမှာ နီမောင်အား သူမ အခိုင်းအစေအဖြစ် အသုံးပြုခွင့် ပေး





ရန်နှင့်ခါချဉ်များကို အစာကျွေးရာတွင် သူမနှင့်အတူ အစာကျွေးခွင့်ပြုရန် ပြောပြနေခြင်းဖြစ်၏။

ထိုစကားကြားသောအခါ စောစောက မျောက်လူကြီးမှာ နေရာမှ ဝုန်းခနဲ ထလာပြီး သဘောမတူနိုင်ကြောင်း ကန့်ကွက်ပြောဆိုလေသည်။

ထိုအခါ သဝဏ်က . . .၊

"တိတ်စမ်း ယက္ခနီ . . .၊ ဒီကိစ္စမှာ မင်းအနေနဲ့ ဘာမှ ဝင်ပြောစရာ မရှိဘူး၊ ဒါက ငါဆုံးဖြတ်ရမယ့် ကိစ္စပဲ ထိုင်စမ်း"

ဟု ပြောလိုက်မှ ယက္ခနီ ဟူသော လူကြမ်းကြီးက မကျေမနပ်ဖြင့် နေရာတွင် ပြန်ထိုင်သွားသည်။

အတော်ကြာမှ လူရိုင်းများ အုပ်စုထဲမှ အသက်ကြီးကြီးနှင့် လူတစ်ယောက်က ထပြောလေသည်။

"ဒီလူကို သခင်မလေး အခိုင်းအစေအဖြစ် အသုံးပြုမယ်ဆိုတာတော့ ကန့်ကွက်စရာ မရှိပါဘူး၊ ဒါပေမယ့် သတ္တဝါတွေရှိတဲ့နေရာကိုတော့ တခြားက ရောက်လာတဲ့ လူစိမ်းတွေ ဝင်ခွင့်မပြုစေချင်ပါ . . ."

ထိုစကားကြားသောအခါ စောမာလာက . .၊

"ကျွန်မကလည်း သူ့ကို ရွှေကြောရှိတဲ့ နေရာအထိ



www.burmeseclassic.com

www.burmeseclassic.com



မသွားစေဖို့ တာဝန်ယူပါမယ်၊ နောက်ပြီး သူနဲ့ပတ်သက်တဲ့ ကိစ္စအားလုံးကို တာဝန်ယူပါတယ်၊ ဒါ့အပြင် သူ့ကို ခေါ်ခွင့်ရမယ်ဆိုရင် ဒီတစ်ပတ် ကျွန်မအတွက် ရလာတဲ့ သားကောင်တွေနဲ့ စားသောက်စရာတွေကိုလည်း ကျွန်းသူ ကျွန်းသားတွေအတွက် ပေးပါမယ်"

ဟု ပြောလိုက်သောအခါ ကျွန်းသူကျွန်းသားများ မျက်နှာပေါ်မှာ ကျေနပ်မှု အပြုံးများ ဖြစ်ပေါ်သွားသည်ကို သတိပြုမိလိုက်သည်။

ထိုအခါ ယက္ခနီဆိုသော လူကြမ်းကြီးက ထလာပြန်သည်။

"ဒါပေမယ့် ဒီကျွန်းရဲ့ ဓလေ့ထုံးစံအရ ကဝေမယ်တော်ကြီးရဲ့ ရှေ့မှာ အစမ်းသပ် ခံရပါမယ် . . ၊ စမ်းသပ်မှု အောင်မြင်မှ ဒီကျွန်းနဲ့ ပတ်သက်တဲ့ တာဝန်တွေကို ပေးသင့်ပါတယ် "

ဟု ထပြောပြန်သည်။

"ကောင်းပြီး ကျွန်းရဲ့ ဓလေ့ထုံးစံအတိုင်း၊ မနက်ဖြန် သူ့ကို စမ်းသပ် စစ်ဆေးမှုပြုရန် မယ်တော်ကြီးရှိရာသို့ ပို့ဆောင်ပေးကြပေတော့"

ဟု ပြောသောအခါ အားလုံးက ကျေနပ်သွားကြသည်။

စောမာလာက နီမောင်အား ပြန်ခေါ်လာရင်း လမ်း





ရောက်လာသောအခါ ပြောပြသည်။

"ရှင့်ကို ကျွန်မက သူတို့ပိုင်တဲ့ အထဲက ဝယ်ယူရတာဆိုပါတော့၊ ဒီအတွက် နောက်တစ်ခါ ရလာမယ့် ကျွန်မရဲ့ ဝေစုတွေအားလုံး သူတို့ကို ပေးရမယ်လေ . . . ၊ ရှင်သူတို့ လက်ထဲရောက်ရင် သတ်ပစ်ရုံကလွဲပြီး တခြား ဘာမှမရှိဘူး၊ ဒါပေမယ့် လောလောဆယ်သာ အသက်ဘေးချမ်းသာရာရမယ် ဆိုပေမယ့် ရှင့်ကို တာဝန်ပေးဖို့ ကိစ္စအတွက် နောက်ထပ် စမ်းသပ်မှုတစ်ခု လုပ်တာ အောင်မြင်မှ ဖြစ်မယ် . . ."

"သူတို့က ဘယ်လိုစမ်းသပ်ကြမှာလဲ"

"မနက်ရောက်တော့ ရှင့်ကို ကဝေမယ်တော်ကြီး မယ်ဇာအိုဆီကို ခေါ်သွားလိမ့်မယ်၊ သူက ရှင့်ကို ဆေးတွေနဲ့ အမျိုးမျိုး စမ်းသပ်လိမ့်မယ်၊ အဲဒီ စမ်းသပ်မှု အောင်မြင်မှ ရှင် ကျွန်မပြောတဲ့ အလုပ်ရမှာ . ."

"မအောင်မြင်ရင်တော့ သတ်ပစ်မှာလား . . ."

ထိုစကားကြောင့် စောမာလာက စကားကို ဆက်ပြောသင့်မပြောသင့် အတန်ကြာအောင် စဉ်းစားနေသည်။

"ကျွန်မ ရှင့်ကို အမှန်အတိုင်း ပြောရရင် မယ်ဇာအိုရဲ့ ဆေးတွေက အတော့်ကို အစွမ်းထက်တယ်၊ သူ့ဆေးဒဏ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ မခံနိုင်ဘူး၊ အဲဒီဆေးငွေ့တွေကို ရှူမိတာနဲ့ တစ်ခ တည်း သေလျှင်သေ၊ မသေလျှင် သွက်သွက်ခါအောင် ရူးပြ ကိုယ့်ကိုယ်ကို သတ်သေသွားကြတာပဲ၊ အမှန်တော့ ကျွန်ေ တင်ပြတာကို အများက သဘောတူရင် ဒီလိုလုပ်စရာ မလို ဘူး၊ ရှင့်ကို ယက္ခနီက ကျွန်မနားမှာနေတာကို မကျေနပ် သက်သက်သေအောင် လုပ်တာပဲ၊ သူက ကဝေမယ်တော ကြီးနဲ့ အဆက်အသွယ်ရှိတယ်လေ"

ဟု ပြောပြလေသည်။

"ဒါပေမယ့် ကျွန်တော့်ကို ခင်ဗျား အခုလို ကယ်ပေး အတွက် ကျေးဇူးတင်ပါတယ်၊ ဒါထက် ကဝေမယ်တော်ကြီး ဆေးတွေကို နိုင်တဲ့လူ ဒီကျွန်းပေါ်မှာ မရှိဘူးလား"

"တစ်ယောက်တော့ ရှိတယ်"

"ဘယ်သူလဲ . . . "

"နက္ခတ်ဆရာကြီး သူရဋ္ဌပေါ့၊ သူကတော့ က မယ်တော်ကြီးရဲ့ ဆေးတွေရော၊ အစီအရင်တွေရော အား ကို နိုင်တယ်၊ ဒါကြောင့် မယ်တော်ကြီးကပါ ကြောက်နေရတာ

"ဒါဖြင့် ကျွန်တော် နက္ခတ်ဆရာကြီးနဲ့ အရင်တွေ့လို ရင် ကောင်းမလား"





ဟု ရေနစ်သူက ကောက်ရိုးတစ်မျှင်ဆွဲသကဲ့သို့ အကြံ ဉာဏ်တောင်းလိုက်သည်။

"အဲဒါတော့ မလွယ်ဘူးထင်တယ်၊ ဘာ့ကြောင့်လဲဆို တော့ နက္ခတ် ဆရာကြီးက အကြောင်းကိစ္စရှိမှ လာတာ၊ သူ့ကို ဘယ်သူမှ သွားတွေ့ခွင့် မရှိဘူး၊ ဘယ်နေရာမှာ နေတယ် ဆိုတာလည်း ကျွန်မ မသိဘူး၊ ကျွန်မထင်တာတော့ ခါချဉ် နက်သိုက်တွေရှိတဲ့ အလယ်က ရွှေတောင်ကြီးရဲ့ နေရာ တစ်နေရာမှာလို့တော့ ထင်တာပဲ၊ သူရှိတဲ့နေရာကို ဘယ်သူမှ မသွားဝံ့ကြဘူး၊ အရဲစွန့်ပြီး စည်းကျော်ဝင်သွားရင်လည်း သေမှာပဲ။

"ဒါပေမယ့် အချိန်တော့ ရှိပါသေးတယ်၊ ထွက်ပေါက် တစ်ခုခု ရအောင်တော့ ကျွန်တော် ကြိုးစားပါ့မယ်၊ ဒီအခက်အခဲ ကို ကျော်နိုင်မှ ကျွန်တော် ခင်ဗျားနားမှာ နေခွင့်ရမှာ မဟုတ်လား"

နီမောင်က ရိုးရိုးသားသား ပြောလိုက်သော်လည်း စောမာလာက အစီပွါယ်တစ်မျိုးပေါက်သွားသဖြင့် သူမ မျက်နှာလေးပေါ်မှာ ရှက်သွေးကြောင့် ပန်းနုရောင်များ သမ်း သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၉)

## ကဝေမယ်တော်၏ သေတွင်းထောင်ချောက်

ညသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

တောတစ်ခွင်လုံး မျှောက်အော်သံ၊ ငှက်အော်သံများ လောက်သာ တစ်ခါတစ်ရံ ကြားရလေသည်။

တန်ဆောင်မုန်းလရာသီဖြစ်သောကြောင့် ဆောင်းဝင်စ ရာသီဖြစ်လာပြီမို့ မြောက်လေနှင့်အတူ နှင်းမှုန်နှင်းစက်များက တဖွဲဖွဲ ကျဆင်းလာလေရာ ၎င်းနှင့်အတူ အအေးဓာတ်ကလည်း ပါလာသည်။ ထိုညက အတော် ညဉ့်နက်သည် အထိ နီမောင် ကောင်းစွာ အိပ်မပျော်ပေ၊ မနက်ဖြန်တွင် ကဝေမယ်တော်ကြီး မယ်ဇာအိုနှင့် တွေ့ဆုံရမယ့် ကိစ္စအတွက် ရင်ဖိုနေမိသည်။





၎င်းကိစ္စမှာ သူ့အတွက် သေရေးရှင်ရေး ကိစ္စတမျှ အရေးကြီးလှပေသည်။ မယ်အိုဇာ၏ ကဝေဆေးမှုန့်များနှင့် စမ်းသပ်စစ်ဆေးခြင်းကို ခံနိုင်မှ သူ့အသက်ချမ်းသာရာ ရပေမည်။

မဟုတ်ပါက . . . . !

သူ့ဆက်မတွေးတော့ . . . . !

ဦးမွန်ထော်နှင့် အောင်မင်းအောင်တို့ကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေလေသည်။

သန်းခေါင်ယံ အချိန်လောက် ရောက်လာလေလေ . . အအေးဓာတ်က ပိုလာလေလေဖြစ်၏။ မလှမ်းမကမ်းတွင် မီးပုံတစ်ပုံဖိုထားရာ ၎င်းမှ အနွေး ဓာတ်အနည်းငယ်ရနေသဖြင့်သာ တော်ရော့သည်။ တိမ်များကြားတွင် အစွမ်းကုန် ထွန်းလင်းနေသော လရောင်က အမိုးပေါက်များမှ တစ်ဆင့် ကြမ်းပြင်ပေါ်သို့ အလင်းစက်များ ထိုးကျလျက် ရှိသည်။ နီမောင်သည် မီးပုံနံဘေးမှာ လဲလျောင်းရင်း အတွေးကောင်းနေရာ အားထဲမှာ သစ်ရွက်များပေါ်မှ နင်းလျှောက်လာသော ခြေသံကို ကြားလိုက်ရသည်။ ခြေသံမှာ ခတ်ဖွဖွ နင်း လျှောက်လာ ဟန်ရှိသော်လည်း တိတ်ဆိတ်သော အချိန်ဖြစ်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သဲသဲကွဲကွဲ ကြားနေရသည်။

နီမောင် အသာငြိမ်နေလိုက်သည်။

ခဏကြာသောအခါ ဝင်ပေါက်တွင် မည်းမည်း သဏ္ဍာန် တစ်ခု လာရောက်ရပ်သည်ကို မြင်နေရသည်။ အပြင်မှ လရောင်က ထိုးကျနေရာ အရိပ်မည်းကြီးက အတွင်းသို့ ရှည်လျားစွာ ထိုးကျနေသည်။ အရိပ်မည်းက အတန်ကြာ အောင် အတွင်းမှ အခြေအနေကို အကဲခတ်ပြီးမှ အခန်းထဲ သို့ တစ်လှမ်းချင်း ဝင်လာသည်။

မလှမ်းမကမ်းသို့ ရောက်သောအခါမှ ထိုသဏ္ဍာန်မှာ အဝတ်နက်ကြီး တစ်ခုကို ခေါင်းမှခြုံထားသူ တစ်ယောက် ဖြစ်ကြောင်းသိရသည်။ ထိုသူသည် အခန်းထဲသို့ တစ်လှမ်း ချင်း ဝင်လာပြီး အိပ်နေသူ သုံးယောက်၏ မျက်နှာကို တစ်ယောက်ချင်း လိုက်ကြည့်နေသည်။ နီမောင်က တစ် တစ်ခုလုပ်လျှင် ခုခံတိုက်ခိုက်နိုင်ရန်လည်း အဆင်သင့် ပြင်ထားလိုက်သည်။

ခဏကြာသောအခါ ထိုသဏ္ဍာန်က နီမောင့်အနီး ရောက်လာသည်။ နီမောင့်မျက်နှာကို သေသေချာချာ ကြည့် ပြီး အထဲမှ အရာဝတ္ထုတစ်ခုကို ဆွဲထုတ်လိုက်သည်။





နီမောင်မှာ အသက်ရှူရန်ပင် သတိမရဘဲ ရင်ဖိုနေသည်။

ဓင်းဆွဲထုတ်လိုက်သောအရာမှာ လက်နက်ပစ္စည်း မဟုတ်ဘဲ အဝတ်ဖြင့် ထုပ်ထားသော အရာဝတ္ထုတစ်ခု ဖြစ် သည်။

အရိပ်မည်းကြီးက ဓင်းလက်ထဲမှ အထုပ်ကို နီမောင် အနီးတွင် ချပေးခဲ့ပြီး အပြင်သို့ ပြန်ထွက်သွားတော့သည်။

အပြင်သို့ ထွက်သွားသော ခြေသံမှာ တရွေ့ရွေ့ဝေး သွားပြီး ပျောက်သွားတော့မှ နီမောင် ကပျာကယာ အရိပ် မည်းကြီး ချထားခဲ့သော အထုပ်ကို ကောက်ယူလိုက်သည်။

"ဘာထုပ်လဲ နီမောင်"

"ဟာ . . လန့်လိုက်တာ အဘထော်ရယ် သူဝင်လာ တာကို အဘထော် သိတယ် ဟုတ်လား"

"သိတာပေါ့ကွ . . သူဝင်လာကတည်းက ငါနိုးနေတာ၊ တစ်ခုခု လုပ်ရင် ချက်ချင်း ခုခံနိုင်ဖို့ အဆင်သင့်စောင့်နေတာ၊ လောက် အန္တရာယ်တွေ ဝိုင်းနေ တဲ့ နေရာမှာ ဘယ်သူက စိတ်ချလက်ချ အိပ်နေမှာလဲကွာ . . ."

ဟု ဦးမွန်ထော်က အိပ်ရာမှ မထဘဲ ပြောလိုက်သည်။

နီမောင်က အထုပ်ကို ယူပြီး ဖြေကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အထုပ်မှာ ပိတ်စကောင်းတစ်ခုဖြင့် ထုပ်ထားခြင်းဖြစ်ပြီး အတွင်းမှာ ဆေးလုံးကဲ့သို့ အရာဝတ္ထုသုံးလုံးပါသည်။ အရွယ်အစားမှာ ဆီးကင်းအရွယ် ခန့်ရှိသည်။

ပိတ်စပေါ်မှာ ဆေးအနက်ရည်ဖြင့် စာရေးထားသည်။

(မနက်ဖြန် ဒီဆေးသုံးလုံးကို သောက်ပြီးမှ သွားပါ)

မောင်မှာ အံ့ဩမှုနှင့်အတူ ရင်ထဲမှာ အားရှိလာသလို ခံစားရသည်။

"ဘာတဲ့လဲ ကောင်လေး"

"ဆေးသုံးလုံး လာပေးသွားတာ အဘထော်ရဲ့ ဘယ်သူ လဲတော့ မသိဘူး"

"မင်းကို အသက်မသေစေချင်တဲ့ ကယ်တင်ရှင်ဖြစ်မှာ ပေါ့ကွာ . . ။ သူပြောတဲ့အတိုင်း မနက်ကျတော့ အဲဒီဆေးသုံး လုံး သောက်သွားပေါ့"

"အဆိပ်ဆေးတွေ ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ အဘထော် . ."

"ဆေးမသောက်ဘဲ သွားရင်လည်း ဟိုရောက်တဲ့အခါ မင်းသေချင် သေမှာပဲ ဘာပူစရာရှိလဲ၊ တစ်ခါတစ်ခါ အဆိပ် ကို အဆိပ်နဲ့ကာကွယ်မှ ရတာတွေ ရှိတယ်၊ ဗိန္ဓောပညာ





တော့ ခုတ်ကိုခုတ်ချင်းတိုက်တာပေါ့ကွာ . . ။ ကိုင်း ငါတော့ အိပ်တော့မယ်ဟေ့"

ဟုဆိုကာ ငြိမ်သွားပြီး မကြာမီ ဟောက်သံမှန်မှန်ထွက် လာလေသည်။ ထိုညက နီမောင်မှာ ရင်ခုန်နေသောကြောင့် အိပ်မပျော်တော့ဘဲ မိုးစင်စင် လင်းခဲ့ရသည်။

နံနက်လင်းစတွင် ညက ရသော ဆေးသုံးလုံးကို သောက်ချလိုက်သည်။ ရင်ထဲမှာ ပူနွေးသွားပြီး မကြာမီ သူ့တစ်ကိုယ်လုံး ပူလာသည်။ နံနက် စောစောပင် ဖြစ်လင့်ကစား ချက်ချင်း ချွေးများပြန်တက်လာသည်။ မျက်နှာပြင် တစ်ခုလုံး ထူးအမ်းအမ်း ဖြစ်လာသည်။ ရင်ထဲမှာ အနည်းငယ် စိုးရိမ်ပူပန်မှု ဖြစ်သွားသော်လည်း ထို့ထက်တော့ ဘာမှ မဖြစ်လာပေ . . . ။

သူ့ကို စောမာလာ ကိုယ်တိုင်လာခေါ်သည်။

လမ်းရောက်တော့ စောမာလာကပြောပြသည်။

"ညက ယက္ခနီ . . ကဝေမယ်တော်ကြီးဆီ သွားတယ် လို့ ပြောကြတယ်၊ ဘာကိစ္စသွားတာလဲတော့ မသိဘူး"

နီမောင်ကတော့ ဘာမှ ထင်မြင်ချက် မပေးပေ . . ။

"ကျွန်မက ရှင့် ကဝေမယ်တော်ကြီးရဲ့ ဆေးတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ကို ခံမှခံနိုင် ပါ့မလားလို့ စိုးရိမ်နေတာ၊ တစ်ခုတော့ မှာလိုက်မယ် သူဆေးတွေနဲ့ စမ်းသပ်တဲ့ အချိန်မှာ တတ်နိုင်သမျှ အသက်ရှူအောင့်ထားနိုင်လေကောင်းလေပဲ၊ သူ့ရဲ့ ဆေးငွေ့တွေကို ရှူမိရင် ဘယ်လိုလူမျိုးမှ မခံနိုင်ဘူး"

ဟု ထပ်ပြောပြသည်။

"ကိစ္စမရှိပါဘူး၊ ဒီအတွက် စိတ်မပူပါနဲ့၊ ရွာမှတုန်းက ရေငုပ်ကျွမ်း ကျင်အောင် လေ့ကျင့်ထားတော့ ရေထဲမှာ အသက်မရှူပဲ နာရီဝက်လောက်တော့ အနည်းဆုံး နေနိုင်ပါတယ်"

"ကျွန်မသာ စိတ်ပူနေတာပါ . . ရှင့်ကို ကြည့်ရတာတော့ ဒီအခက်အခဲကို အလွယ်တကူ ကျော်ဖြတ်သွားနိုင်မှာပါ၊ ရှင်နဲ့အတူ နောက်ထပ် ကျွန်းသား နှစ်ယောက်လည်း အစမ်းသပ်ခံကြရမယ်"

"ဘာကြောင့်လဲဗျ . . ."၊

"အော် . . သူတို့ကတော့ ကျွန်မအနားမှာ အမြဲနေပြီး ကျွန်မ ခိုင်းတာကို လုပ်ချင်ကြတယ်လေ . . ."

ထိုစကားကြားတော့မှ နီမောင်က . . .၊

"တကယ်လို့ ကျွန်တော်က ကဝေမယ်တော်ရဲ့ စမ်းသပ်





စစ်ဆေး တာကို အောင်မြင်ခဲ့ရင် ခင်ဗျားရဲ့ အနားမှာ အမြဲ နေရမှာပေါ့နော်"

"ဟုတ်တာပေါ့ ရှင် ကျွန်မ ခိုင်းတာလုပ်ပြီး ကျွန်မရဲ့ အနားမှာ အမြဲနေရမှာပေါ့"

"ဒီလိုဆိုရင် ကျွန်တော်က ခင်ဗျားရဲ့ ကျေးကျွန်ဘဝကို ရောက်သွားဘာပေါ့နော် . . ."

"ရှင့်အသက်ကို လူရိုင်းတွေလက်က လွတ်မြောက်အောင် ကယ်ထုတ်ဖို့က ဒီတစ်လမ်းပဲရှိလို့ပါ၊ အောင်မြင်သွားတော့လည်း ရှင့်အနေနဲ့ လွတ်လွတ်လပ်လပ် နေနိုင်ပါတယ်"

"ကျွန်တော်က ဒီသဘောနဲ့ ပြောတာ မဟုတ်ပါဘူး၊ ကျွန်တော့်ကို သေတွင်းက ကယ်တင်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ခင်ဗျားခိုင်းတာကို လုပ်ပါ့မယ် . . ."

'ဒါက နောက်မှ စီစဉ်ရတဲ့ ကိစ္စတွေပါ . . အခု လောလောဆယ်တော့ ရှင် ကဝေမယ်တော်ရဲ့ စစ်ဆေးမှုကို အောင်မြင်အောင် ကြိုးစားပေတော့၊ ကဲ အချိန်မရှိဘူး သွားကြရအောင် . . ."

သူတို့နှစ်ယောက်သည် စောမာလာ၏ ဦးဆောင်မှုဖြင့် တောလမ်းများအတိုင်း လျှောက်သွားကြပြီး ခဏကြာသော



www.burmeseclassic.com

www.burmeseclassic.com



အခါ လှိုဏ်တစ်ခုအတွင်းသို့ ဆင်းသွားရသည်။ ထိုလှိုဏ် အတွင်း တစ်နေရာတွင် ကျောက်တောင်နံရံကြီးတွင် သဘာဝအတိုင်း ဖြစ်နေသော ကျောက်ဂူကြီးတစ်ဂူရှိသည်။ ထိုဂူအတွင်းမှာ ကဝေမယ်တော်ဟူ၍ ကျွန်းသားများက ကင်ပွန်းတပ်ထားသော မယ်ဇာအို နေသည်။

ဂူကြီး၏ အပေါက်ဝမှာ အတော်အတန်ကျယ်ဝန်းပြီး ဂူအမိုးပိုင်းမှာ ပုံသဏ္ဍာန်အမျိုးမျိုးဖြစ်နေသော ကျောက်ချွန် ကျောက်စွယ်များဖြင့် ပြည့်နေသည်။ ထိုကျောက်စွယ်များ ကြားတွင် လမ်းဆွဲကြီးများနှင့် လင်းနို့များ တွဲခိုနေကြသည်။ ဂူကြမ်းပြင်မှာတော့ လင်းနို့ချေးများ၊ လင်းဆွဲချေးများဖြင့် လှိုင်နေသည်။

မယ်ဇာအိုနေသော နေရာမှာ ဂူအတွင်းပိုင်း တစ်နေရာတွင်ဖြစ်သည်။ ဂူထဲမှာ ကျွန်းအကြီးအကဲ သဝဏ်နှင့် ကျွန်းသားအချို့ရှိနေကြသည်။ သူတို့ ရောက်သွားတော့ မယ်ဇာအိုက ဂူပေါက်တစ်နေရာမှ တောင်ဝှေးတဒေါက်ဒေါက် ထောက်ကာ ထွက်လာသည်။

"ဝိညာဉ်များရဲ့ စမ်းသပ်ခြင်းကို ခံမယ့် လူတွေ ရောက်ပြီလားဟဲ့" ဟု လှမ်းမေးလိုက်သည်။





"ရောက်ပါပြီ မယ်တော်ကြီး"

"ရောက်ရင်အတွင်းကို ခေါ်ခဲ့၊ ကျန်တဲ့လူတွေလည်း ကြည့်ချင်ရင် လိုက်ခဲ့ကြ"

ဟု ပြောကာ အတွင်းသို့ ဝင်သွားရာ အားလုံးက သူနောက်မှ လိုက်ခဲ့ကြသည်။ သူအတွင်းပိုင်းရောက်လေလေ၊ လေဝင်ပေါက်နည်းကာ အသက် ရှူမဝသလို ဖြစ်လာသည်။ အလင်းရောင်လည်း မရှိတော့သောကြောင့် ခပ်ဝါးဝါးသာ မြင်နိုင်သည်။

ဂူအတွင်း တစ်နေရာတွင် လေးထောင့် သဏ္ဍာန် အခန်းတစ်ခုရှိကာ ထိုအခန်းမှာ သိပ်မကျယ်လှပေ . . .၊

ဝင်ပေါက်တစ်ပေါက်သာရှိပြီး အမိုးနှင့် လေးဘက် လေးတန်မှာ အပေါက်မရှိသဖြင့် အခန်းထဲမှာ လှောင်နေသည်။

ထိုအခန်းထဲမှာ ကျောက်ခွက်ကြီးတစ်လုံးနှင့် မီးဖိုထားသည်၊ မီးတောက်များကလည်း အနည်းငယ်သာ ရှိသော်လည်း မီးခိုးငွေ့များက အခန်းတွင်းမှာ လှိုင်နေသည်။

ထိုနေရာသို့ ရောက်သောအခါ အခြားသူများက အပေါက်ဝမှာ နေခဲ့ကြရပြီး အခန်းထဲသို့ မယ်ဇာအိုနှင့် အစမ်းသပ်ခံရမည့် လူသုံးယောက်တို့သာ အခန်းတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်ကြရသည်။

နီမောင်နှင့်အတူ ဝင်ရသော အခြားနှစ်ယောက်မှာ မျောက်လူမျိုး အနွယ်ဝင်များဖြစ်ကြကာ ကြံ့ခိုင်သန်စွမ်းသော လူရွယ်များဖြစ်သည်။ ၎င်းတို့ နှစ်ဦးမှာလည်း စောမာလာ၏ အနီးတွင် အမြဲနေနိုင်ရန်အတွက် မယ်ဇာအို၏ အစမ်းသပ် ခံနိုင်ရန် အစွမ်းကုန် ပြင်ဆင်လာကြပုံရလေသည်။ အရုပ်ဆိုးသော မျက်နှာများပေါ်တွင် တင်းမာခက်ထန်မှုများ ပေါ်လွင်နေသည်။

မယ်ဇာအိုက နီမောင်တို့ သုံးယောက်ကို မီးပုံဘေးနားတွင် ဝိုင်းထိုင် စေပြီး ၎င်းယူဆောင်လာသော ဆေးမှုန့်များကို မီးပုံထဲသို့ ဖြူးချလိုက်လေ တော့သည်။

ချက်ချင်း မီးခိုးငွေ့များက ဝဲပျံတက်လာသည်။

၎င်းမီးခိုးငွေ့များ နှာခေါင်းထဲ ဝင်လာသောအခါ ညှီစို့စို့ မွှန်တွန်တွန် ဖြစ်လာပြီး ခေါင်းထဲမှာ မူးဝေသလို ဖြစ်လာသည်။ မျက်စိရှေ့မှာပင် တစ်ခဲနက် မည်းမှောင်နက်ရှိုင်းသော တိမ်တောင် တိမ်လိပ်ကြီးများသော်လည်းကောင်း၊ ကြီးမားသော လှိုင်းအိကြီး၊ လှိုင်းလုံးကြီးများလို ထင်ယောင်မြင်ယောင်လာပြီး အသည်းနှလုံးထဲက လှိုက်လှိုက်ဖိုဖို ဖြစ်လာ





တော့သည်။

ထိုမှတစ်ဖန် အုပ်ဆိုင်းနက်ရှိုင်းသော တိမ်တိုက်မည်းကြီးများကြားဝယ် ကိုးရိုးကားရား ကြောက်မက်ဖွယ်ရာ၊ ရွံရှာဖွယ်ရာ လွန်စွာ ကောင်းလှသော မကောင်းဆိုးဝါးကြီးများ၏ သဏ္ဌာန်များက သူတို့အနီးသို့ ရောက်လာပြီး ချက်ချင်းစားတော့ ဝါးတော့မလို ကပ်လာတော့သည်။

မျက်လုံးပြူးပြူးများ၊ လျှာကြီးများက တယမ်းယမ်းနှင့် လူကို ဖမ်းစားတော့မည့် သဏ္ဌာန်လို မြင်နေကြရာ ထိုအရာကို မြင်နေရသော လူသုံးယောက်တို့မှာ အသည်းနှလုံး တစ်ခုလုံး ပြုတ်ကျလုမတတ် ကြောက်ရွံ့တုန် လှုပ်လာပြီး တစ်ကိုယ်လုံး သွေးများ ဆုတ်လာသကဲ့သို့ ဖြစ်လာကာ မျက်နှာများ ဖြူဖပ်ဖြူရော် ဖြစ်လာသည်။ နီမောင်ရှေ့မှ လူနှစ်ယောက်တို့မှာ မချိမဆံ့ ဝေဒနာများကို ခံစားနေရဟန် ရှိပြီး ကြည့်နေရင်းနှင့် မီးပုံနံဘေးသို့ တအိအိ ပြိုဆင်း လဲကျသွားတော့သည်။ နီမောင်ကတော့ ဆေးသုံးလုံး၏ တန်ခိုးကြောင့်ပေလား မသိပေ. . ၊ ထိုဒဏ်ကို အတော် အတန် ခံနိုင်လေသည်။ အတော်ကြာသောအခါ ဂူထဲမှာ မီးခိုးငွေ့များ တစ်စတစ်စ ပါးသွားသည်။ ဂူအပြင်မှ လူများ ကတော့ ဂူထဲမှ လူသုံးယောက်၏



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို စိတ်ဝင်စားစွာ လှမ်းကြည့်နေကြသည်။

အားလုံးကတော့ သုံးယောက်စလုံး ကိစ္စချောပြီဟု ထင်လိုက်ကြသည်။ အောင်မင်းအောင်နှင့် ဦးမွန်ထော်တို့ ပင်လျှင် ၎င်းတို့ လူအတွက် များစွာ စိုးရိမ်စိတ် ဝင်သွားသည်။

အတန်ကြာမှ မီးပုံနံဘေးမှ လူတစ်ယောက် ပြန်ထ လာသည်။

"ဟင် . ."

အားလုံးက တအံ့တသြ ဖြစ်သွားကြသည်။

ပြန်ထလာသူမှာ နီမောင်ဖြစ်သဖြင့် စောမာလာ၏ မျက်နှာပေါ်ဝယ် အပြုံးရိပ်ကလေးများ ယှက်သမ်းသွားသည်။

ဂူထောင့်တစ်နေရာမှ အခြေအနေကို ကြည့်နေသော မယ်ဇာအိုကတော့ မမျှော်လင့်ဘဲ နီမောင်ပြန်ထလာသည်ကို မြင်သောအခါ မယုံကြည်နိုင်အောင် ဖြစ်နေတော့သည်။

အဆိုးဆုံးကတော့ ယက္ခနီဆိုသော လူပင်ဖြစ်သည်။ သူက နီမောင် တစ်ခါတည်း သေသွားလောက်ပြီဟု တစ်ထစ်ချထင်ထားရာမှ ယခုလို ပြန်ထ လာနိုင်သည်ကို မြင်သောအခါ များစွာ အံ့သြနေဟန်ရှိသည်။

ဘီလူးကဲ့သို့ အရုပ်ဆိုးသူ၏ မျက်နှာပေါ်မှာ မကျေ





မနပ်မှုများက အထင်းသား ပေါ်လွင်နေတော့သည်။

မယ်ဇာအိုက နီမောင့်အနီးသို့ ကပ်လာပြီး . . .၊

"နင့်မှာ ဘာအစီအရင်တွေရှိလို့ ဝါးဆေးတွေရဲ့ အစွမ်းကို အံတုနိုင်တာလဲ"

ဟု အသံစာစာဖြင့် မေးလိုက်သည်။

"ကျုပ်မှာ ဘာဆေးပဲရှိရှိ အခု ခင်ဗျား စမ်းသပ်တာကို အောင်ပြီဆိုတော့ ပြီးပြီမဟုတ်လား၊ ခင်ဗျားတို့ ကျွန်းသားတွေရဲ့ ဓလေ့အတိုင်း ကျုပ်ဟာ ဒီအချိန်ကစပြီး ကျွန်းသား တစ်ယောက်ဖြစ်သွားပြီ မဟုတ်လား"

ဟု ခပ်မာမာ ပြောကာ ဂူအပြင်သို့ ထွက်လာသည်။

သူအပြင်သို့ ရောက်လာတော့ ၎င်း၏ မိတ်ဆွေများ ဖြစ်သူ ဦးမွန်ထော်၊ အောင်မင်းအောင်တို့ မျက်နှာပေါ်မှာ ကျေနပ်မှု အပြုံးများ ပေါ်နေသလို စောမာလာ၏ မျက်နှာမှာလည်း ဝမ်းသာပျော်ရွှင်မှု အရိပ်များကို တွေ့နေရသည်။

ကိစ္စပြီးသွားပြီမို့ သဝဏ်နှင့် ကျွန်းသားများက အသီးသီး ပြန်သွားကြသည်။

"ရှင် အတော်ကံကောင်းတဲ့လူပဲ"

"ဘာကြောင့်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဝေမယ်တော်ကြီးရဲ့ သေတွင်းက ပြန်ထွက်နိုင်တဲ့ လူဆိုလို့ ရှင်တစ်ယောက်ပဲ ရှိသေးတယ် . ."

"ဒါလည်း ကံကောင်းလို့ဖြစ်မှာပါ . . ဒါဖြင့် ဂူထဲမှာ ကျန်ခဲ့တဲ့ နှစ် ယောက်ကရော . . ."

"သေပြီလေ . . . ကဝေမယ်တော်ရဲ့ ဆေးတွေက သိပ်ပြီး အစွမ်းထက်တာ လူ့ဆေးဒဏ်ကို ဘယ်သူမှ မခံနိုင်ဘူး၊ ဒါကြောင့် သူ့ကို ကဝေမယ်တော်ကြီးလို့ အမည်ပေးထားပြီးတော့ အားလုံးက ကြောက်နေကြရတာ . .၊ အခု ရှင်က သူ့ရဲ့ ဆေးတွေကို ခံနိုင်တယ်ဆိုတော့ ကျွန်းသားတွေက ရှင့်ကို လူစွမ်းကောင်းလို့ ထင်နေကြတယ် . ."

"ထားပါတော့လေ . . ဒါဖြင့် စမ်းသပ်တာ အောင်မြင်ပြီဆိုတော့ ကျွန်တော်က ခင်ဗျားရဲ့ ကျေးကျွန်ဖြစ်ခွင့်ရပြီပေါ့၊ ခင်ဗျားခိုင်းတာ လုပ်ရတော့မှာပေါ့နော် . . ."

"ဒီလိုလည်း သဘောမထားပါနဲ့လေ . . ကျွန်မက ရှင့်ကို ကျွန်တစ်ယောက်လို သဘောမထားပါဘူး၊ ကျွန်မယူထားရတဲ့ တာဝန်တစ်ခုကို ရှင်က ဝိုင်းကူ လုပ်ပေးရုံပါပဲ . . ."

"ရပါတယ် လုပ်ပေးပါ့မယ် . . ဒါထက် ဘာလုပ်ရမှာလဲဟင် . ."





"ခါချဉ်နက်တွေကို အစာကျွေးရတဲ့ အလုပ်ပါ . . ."

"ဟင် . . ."

နီမောင် လွန်စွာ အံ့သြသွားလေတော့သည်။

အဘယ့်ကြောင့်ဆိုသော် . . .

သူ့တစ်သက်တာတွင် သည်မျှ ခက်ခဲပြီး အန္တရာယ်များလှသော အလုပ်မျိုးကို ဘယ်သောအခါမှ လုပ်ရလိမ့်မည်မထင်ထားသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

## အခန်း (၁၀)
## ဒါချဉ်များကို အစာကျွေးရခြင်း

စောမာလာ ဟူ၍ မြန်မာဆန်ဆန် အမည်ပေးထား သော မိန်းမပျိုလေးသည် ၎င်းအနေနှင့် နီမောင်အား ပိုင်ဆိုင်ခွင့်ရသွားသောအခါ ၎င်းနေထိုင်ရာ တဲရှိရာသို့ ခေါ်ဆောင်လာသည်။

တဲထောင့်တစ်နေရာတွင် သစ်သားဖြင့် ပြုလုပ်ထားသော ခုံတစ်လုံး ချထားပြီး တိရစ္ဆာန်သရေများ ဖုံးအုပ်ထားသည်။

တဲအတွင်း၌ မျိုးစုံလှသောတိရစ္ဆာန် သရေများရှိရာ ကျားသရေ ကျားသစ်သရေ ဝံသရေများအပြင် အခြား အမျိုး အမည်မသိသော တိရစ္ဆာန် သရေများစွာတို့လည်းရှိသည်။ အချို့ကို အခင်းအကာအဖြစ် အသုံးပြုပြီး အချို့ကိုတော့





အဝတ်အစား အသုံးအဆောင်အဖြစ် အသုံးပြုဟန်ရှိသည်။

တဲအတွင်းသို့ ရောက်သောအခါ စောမာလာက အပြင်သို့ အသံပြု လိုက်သောအခါ အသားမည်းမည်း အရုပ်ဆိုးဆိုးနှင့် မိန်းမပျိုနှစ်ယောက် ရောက်လာပြီး သောက်ရေနှင့် အစားအသောက်များ လာပို့ပေးသည်။ သူတို့ကိုတော့ စောမာလာ တွန်းသားစကားနှင့်ပင် ပြောကြသည်။ ထိုမိန်းမ နှစ်ဦးက တွန်းသားများနှင့် ရုပ်ရည်ကွာခြားသော နီမောင်ကို သဘောကျစွာ ကြည့်လိုက်၊ သူတို့အချင်းချင်း တီးတိုးပြောလိုက်နှင့် လုပ်နေကြရာ စောမာလာက ရိပ်မိသဖြင့် နှင်ထုတ်လိုက်မှ အပြင်သို့ ပြန်ထွက်သွားကြသည်။

ထိုအခါမှ စောမာလာက . . .၊

"ကဲ သစ်သီးတွေလည်းစား၊ ပြီးရင် ဒီအရည်ကို စ်ခွက်လောက် သောက်လိုက်၊ ရှင် ခွန်အားတွေ ပြန်တိုး ာလိမ့်မယ်"

ဟု ပြောကာ ရွှေခွက်နှင့်ထည့်ထားသော အရည်များ ပေးသည်။ ထိုအရည်များမှာ သွေးရောင်နှင့် သဏ္ဌာန်တူ ာ ရဲရဲနီလျက်ရှိသည်။

"ဒါဘာတွေလဲ သွေးတွေလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သွေးတော့ သွေးပဲ၊ ဒါပေမယ့် လူသွေး တော့မဟုတ်ဘူး၊ ကျောက်သွေးပါ . ."

ထိုအခါ စိတ်ချလက်ချ ဖြစ်ကာ မော့သောက်လိုက်ရာ ရင်ထဲမှာ အေးသွားပြီး တစ်ကိုယ်လုံး လန်းဆန်းတက်ကြွမှုဖြစ် လာသည်။

နေ့လယ်ဘက်တွင် စောမာလာက သူ့အား တောနက် တွင်းသို့ ခေါ်ဆောင်သွားလေသည်။ ယခုအခါ နီမောင်သည် စောမာလာ၏ အစေအပါး တစ်ယောက်ဖြစ်လာပြီမို့ လက်နက် များ ကိုင်ဆောင်ခွင့်ရပြီဖြစ်၍ အသင့် တွေ့သော ရဲဒင် တစ်လက်ကို ကိုင်ဆောင်လာခဲ့သည်။

နောက်ပိုင်းတွင် စောမာလာကိုပါ ခေါ်၍ မိမိတို့ သဘော ပျက်ရှိရာသို့ ဆင်း၍ သေနတ်နှင့် ကျည်ဆန်များ ယူရန်နှ သေနတ် ပစ်နည်းကိုတော့ အောင်မင်းအောင်အား ပြသ ခိုင်းမည်ဟု စိတ်ကူးထားသည်။ သူသည် လက်နက်နှင့် ကင် ကွာနေသည်မှာ ကြာပြီဖြစ်သောကြောင့် ယခုကဲ့သို့ ရဲဒင် တစ်လက်လောက် ကိုင်ရသည်ကိုပင် အတော်အားရှိ သည်။ ရွာမှာ နေစဉ်က ကိုယ်ခံ ပညာများကို ဝါသနာအ သင်ကြားထားခဲ့ဖူးရာ တော်ရုံ ရန်သူလောက်တော့ ယှဉ်ပြိ





နိုင်စွမ်းရှိသည်ဟု မိမိကိုယ်ကို ယုံကြည်ထားသည်။

စောမာလာထံတွင် လေးနှင့်မြားဘူးပါလာသည်။ သူမသည် လေးနှင့် မြားကို ကျွမ်းကျင်စွာ အသုံးပြုတတ် ဟန်ရှိပေသည်။

သူတို့နှစ်ယောက်သည် တောနက်ထဲမှ ဖြတ်ကာ ပင်လယ် ကွေ့ ကလေးရှိရာ ကမ်းစပ်တစ်လျှောက်သို့လာကြသည်။

ထိုနေရာမှတစ်ဆင့် ရွှေတောင်ကြောရှိရာသို့ ရောက်ခဲ့ ကြသည်။ ချောက်နက်နက်တစ်ခုဖြင့် စည်းခြားထားသော နေရာသို့ ရောက်သောအခါ ရပ်တန့်လိုက်ကြသည်။

သူတို့ ရောက်နေသော နေရာမှာ ရွှေကြောကြီးနှင့် လွန်စွာ နီးသော နေရာဖြစ်သည်။ ထိုရွှေကြောကြီးနှင့် မနီးမဝေး တွင် ကျောက်ဂူသဏ္ဍာန် ဂလိုင် တစ်ခုရှိနေပြီး ထိုနေရာတွင် မီးဖိုများ၊ ထင်းချောင်းများ၊ မီးသွေးတုံးများ၊ သရေဖြင့် ပြုလုပ် ထားသော ဖားဖိုကြီးများနှင့် လုံများရှိသည်။

ထိုနေရာသည် ရွှေများကို ကြိုက်သလောက်ယူပြီး သူတို့လိုချင်သော ပစ္စည်းများကို ပန်းထိမ်ပညာဖြင့် ပြုလုပ် ပေးရသော ရွှေပန်းထိမ်ဆရာ အဂ္ဂိ၏ အလုပ်လုပ်သော နေရာဖြစ်ပေသည်။

ယခင်က ထိုနေရာတွင် အဂ္ဂိတစ်ယောက်တည်းနေခဲ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ် လေ့ရှိသော်လည်း နောင်မကြာခင်မှာ ရွှေပန်းထိမ် ဆရာက ဦးမွန်ထော်နှင့် အောင်မင်းအောင်တို့ နှစ်ယောက်အား ၎င်း၏ လုပ်ငန်းများ ဝိုင်းကူရန်အတွက် ခေါ်သွားကြောင်းသိရလေသည်။

ထိုနေရာတစ်ဝိုက်တွင် ရှိသော ရွှေများမှာ သလင်းကျောက်များနှင့် ရောနှောလျက်ရှိသည်။ နီမောင်က အစိုင်အခဲတစ်ခုကို ကောက်ယူပြီး လက်ဖြင့် ခပ်ကြမ်းကြမ်းလေး ပွတ်ချေလိုက်သောအခါ သလင်းကျောက်များ ကျေကျသွားပြီး လက်ထဲမှာ ရွှေတုံးကလေး ကျန်တော့သည်။ နီမောင်က ရွှေတုံးကလေးကို အိတ်ထောင်ထဲ ထည့်လိုက်သည်။

စောမာလာက ထိုသို့ ပြုလုပ်သည်ကို မြင်သော်လည်း ဘာမှ မပြောပေ။ သူတို့နှစ်ယောက် စည်းခြားထားသော ချောက်အနီးသို့ ရောက်သောအခါ ခါချဉ်အုံကြီးများမှာ တဖြည်းဖြည်း ကြွတက်လာကြသည်။

နီမောင်ကျောထဲမှာ စိမ့်ခနဲ ဖြစ်သွားသည်။ ယခင် တစ်ခါက ခါချဉ်နက်ကြီးများ အဝိုင်းခံရသည်ကို ပြန် အမှတ်ရလာသည်။ ခါချဉ်ကောင်ကြီးများမှာ သတ်မှတ်ထားသော စည်းနားသို့ လူကပ်လာပြီဖြစ်သောကြောင့် အသိုက်မှ





ထဲက ခေါင်းများ ပြူထွက်လာရာ ၎င်းတို့မျက်လုံးပြူးပြူးများကို မြင်လာရသည်။

တောင်ပို့ကြီးများ၊ သစ်ဆွေးပုံကြီးများမှာ တဖြည်းဖြည်း ကြွတက်လာပြီး သစ်ရွက်ထုပ်ကြီးများကလည်း ပြေကျလာသည်။ အနီးကပ် မြင်ရသောအခါမှ ၎င်းခါချဉ်နက်ကြီးများမှာ လွန်စွာကြီးမားလှကြောင်း သတိပြုမိသည်။ ဦးခေါင်းထိပ်တွင်ရှိသော အစွယ်ကြီး နှစ်ချောင်းမှာ နက်မှောင်ချွန်ထက်လျက် ရှိသည်။

၎င်းတို့ ထကြွလှုပ်ရှားလာပုံမှာ တစ်ညီတည်း တစ်ပြိုင်နက်တည်း ဖြစ်သည်။ တစ်စုံတစ်ယောက်က အမိန့်ပေးလိုက်သဖြင့် တညီတညာတည်း ထလာပုံမျိုး ဖြစ်သည်။ ၎င်းတို့သည် အရှေ့အနောက်၊ တောင်မြောက် ဝဲယာမှ ထွက်လာရာ ခဏချင်းမှာပင် ကြည့်လေရာ နေရာတိုင်းမှာ အနက်ရောင်များ ပြည့်သွားတော့သည်။

ခါချဉ်နက်များက သူတို့နှစ်ယောက်ကို ပတ်ဝိုင်းထားလိုက်သည်။ ထိုအခါ စောမာလာ၏ မျက်နှာမှာ သွေးမရှိတော့သလို ဖြူဖပ်ဖြူရော် ဖြစ်သွားသည်အထိ ကြောက်ရွံ့ထိတ်လန့်မှု ဖြစ်သွားသည်။ သူမ၏ အမူအရာမှာ တစ်စုံတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



မှားယွင်းမှုဖြစ်နေပြီဖြစ်ကြောင်း သတိပြုမိဟန်ဖြင့် ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းရင်းကို အပြေးအလွှား စဉ်းစားနေဟန်ရှိသည်။

အတန်ကြာမှ သတိရသွားဟန်ဖြင့် နီမောင်ကို ရုတ်တရက်ဖက်ကာ ၎င်းအိတ်ထဲမှာ ထည့်ယားသော ရွှေတုံးကလေးကိုနိုက်ယူကာ မူလကောက် ယူသော နေရာသို့ ပြန်ပစ်ချလိုက်သည်။

ထိုအခါမှ ခါချဉ်နက်ကြီးများမှာ ရပ်တန့်သွားကြပြီး သူတို့နှစ်ယောက်ကို မျက်လုံးပြူးကြီးများဖြင့် စိုက်ကြည့်နေကြသည်။

၎င်းတို့၏ အမူအရာမှာ တစ်စုံတစ်ခုသော အင်းအားတစ်ခုက အမိန့် ပေးစေခိုင်းသည်ကို စောင့်နေကြဟန်ရှိသည်။

ခဏကြာသောအခါမှ ရှေ့တန်းမှ ခါချဉ်နက်ကြီးများက ၎င်းတို့၏ ရှေ့လက်နှစ်ချောင်းကို တညီတညာတည်း မြှောက်ပြကြရာ ကျန်ခါချဉ်များကလည်း ရှေ့မှ သတ္တဝါများ လုပ်သလိုလုပ်လုပ်ကြရာ လှိုင်းထသွားသကဲ့သို့ ရှိတော့သည်။

ထိုအခါမှ စောမာလာမှ စိတ်သက်သာရာ ရသွားဟန်ဖြင့် သက်ပြင်းချလိုက်လေသည်။

"တော်ပါသေးရဲ့ရှင် ကျွန်မတော့ ခက်ပြီလို့တောင်





အောက်မေ့နေတာ"

"ဘာကြောင့်လဲဟင် . . ."

"စောစောက ရှင်အိတ်ထဲမှာ ထည့်ထားတဲ့ ရွှေတုံးကိုသာ ပြန်ချ မပေးလိုက်ရင် အခုလောက်ဆိုရင် ရှင်ရော ကျွန်မရော နှစ်ယောက်စလုံး အရိုးစုဘဝ ရောက်သွားလောက်ပြီပေါ့"

"ဟင် . . . ဟုတ်လား"

ထိုအခါမှ နီမောင်မှာ ကျောထဲမှာ စိမ့်ခနဲ ဖြစ်သွားတော့သည်။

"ဟုတ်တယ် သူတို့က ဒီနယ်မြေကို ဘယ်လူ ဘယ်တိရစ္ဆာန်မှ ဝင်ခွင့်မပေးတာ၊ ဝင်မိရင်လည်း ဘယ်တော့မှ အသက်ရှင်လျက်နဲ့ ပြန်ထွက်ခွင့် မပေးဘူး၊ ရှင့်ကိုတော့ သူတို့နဲ့ ယဉ်ပါးသွားအောင် မိတ်ဆက်ပေးရမယ်"

"အလိုလေး . . . ကျွန်တော်က ဒီသတ္တဝါတွေနဲ့ ဘယ်လိုမိတ်ဆက်ရမှာ လဲဗျာ . . ."

"ကဲ . . လာပါ ကျွန်မ စီစဉ်ပေးပါ့မယ်"

ဟု ဆိုကာ နီမောင်ကို လက်ဆွဲပြီးအပြင်သို့ ပြန်ထွက်ခဲ့သည်။ သူတို့ ပြန်ထွက်လာတော့ ခါချဉ်နက်ကြီးများက လူတစ်ယောက် သွားသာရုံ လမ်းဖယ်ပေးကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်လျှောက်လုံး စောမာလာက ခါချဉ်နက်ကြီးများနှင့် ပတ်သက်သော အခြေအနေများကို ရှင်းပြရင်းနှင့် လျှောက်လာရာ တောတွင်း တစ်နေရာ သို့ရောက်လာကြသည်။

ကွက်လပ်ကြီးတစ်ခုသို့ ရောက်သောအခါ နေခြောက်လှန်းထားသော လိမ္မော်သီးခြောက်ကဲ့သို့ သစ်သီးများကို တောင်ပုံရာပုံ လှမ်းမြင်ရသည်။ မည်သို့သော အသီးဖြစ်ကြောင်းကို မသိရသော်လည်း လိမ္မော်သီးနံ့သင်းနေ သည်။

ထိုသစ်သီးများက ကျွန်းပေါ်တွင် အနှံ့အပြားရှိနေသည့်ကို စုဆောင်း ထားခြင်းဖြစ်ဟန်ရှိသည်။

"ရှင် ဒီသစ်သီးတွေကို နိုင်သလောက်သယ်ယူခဲ့ပါ"

"ဘာလုပ်ဖို့လဲဟင်"

"ခါချဉ်တွေကို အစာကျွေးဖို့လေ . . အဲဒါ ရှင်လုပ်ရမယ့် နေ့စဉ် တာဝန်ပဲ"

စောမာလာသည် နီမောင် အသက်ကို ကယ်တင်ခဲ့ခြင်းမှာ ထိုအလုပ်ကို တာဝန်ပေးရန်အတွက်ဖြစ်ကြောင်း နောင်သောအခါ ရှင်းပြလေသည်။ နီမောင်အတွက်တော့ ကျွန်းပေါ်မှာ လူရိုင်းများ၏ အသတ်ခံရတာထက် စောမာလာ၏





အနီးမှာနေရပြီး ယခုလို အလုပ်မျိုး လုပ်နေရတာက ပိုကောင်းသည် ဟုတော့ ထင်မိသည်။

နီမောင်သည် သစ်သီးခြောက်များကို အကျီကို ချွတ်ပြီး နိုင်သမျှ ထည့်ယူလေသည်။ သယ်ယူစ,က ငှင်းသစ်သီး အနံ့များက နှာခေါင်းထဲမှာ စူးရှ မွှးဝေစေသော်လည်း အတန်ကြာသောအခါ သက်သာသွားသည်။

စောမာလာကလည်း သူမ ယူဆောင်လာသော ခြင်းတစ်လုံးဖြင့် သစ်သီးခြောက်များကို တနိုင်သယ်ယူပြီး ခါချဉ်ကောင်များရှိရာသို့ တစ်ခေါက် ပြန်လာသည်။

ထိုနေရာသို့ ရောက်သောအခါ ခါချဉ်ကောင်များကို တစ်ကောင်တစ် လေမှပင် မတွေ့ရတော့ပေ။ သို့သော် သူတို့ လှုပ်ရှားမှုကိုတော့ မျက်ခြည် မပြတ် စောင့်ကြည့်နေလိမ့်မည် ဟုတော့ စိတ်ထဲမှာ သိနေသည်။ ကွက်လပ် နေရာသို့ ရောက်သောအခါ သစ်သီးခြောက်များကိုချပြီး ထိုကွက်လပ်တွင် (ပ)စောက်ပုံသဏ္ဌာန် စီခိုင်းလေသည်။

အားလုံး စီပြီးသောအခါ စောမာလာက သူမ အိတ်ထဲမှ ပလွေကဲ့သို့ လေမှုတ်တံတစ်ခုကို အသာအယာ မှုတ်လိုက်သည်။

ထိုလေမှုတ်သံမှာ တတွီတွီနှင့် သာယာနာပျော်ဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလှသည်။ ထိုအသံကို စက်လှေပေါ်မှာတုန်းက တစ်ကြိမ် ခါချဉ်နက်များ ဝိုင်းထားစဉ်က တစ်ကြိမ် ကြားဘူးပြီးဖြစ်ရာ ယခုအခါမှပင် ထိုအသံမှာ ခါချဉ်များကို အချက် ပေးသော အသံဖြစ်ကြောင်း သိရတော့သည်။

ထိုအသံကြားသောအခါ စောစောက ငြိမ်သက်ဟန်ရှိနေသော ခါချဉ်ကောင်းများမှာ တစ်ပြိုင်နက် ထကြွလာတော့သည်။

သည်တစ်ခါတော့ ၎င်းတို့မှာ မည်သူတစ်ဦး တစ်ယောက်ကိုမှ ရန်ပြုလိုဟန်မရှိဘဲ (ပ)စောက်ပုံသဏ္ဍာန်ချထားသော သစ်သီးများရှိရာသို့ လာကြခြင်းဖြစ်၏။

ထိုသို့ လာရာမှာလည်း ပရမ်းပတာ ဖြစ်သလို လာကြသည် မဟုတ်ကြဘဲ ရှေ့နောက်တန်းစီးပြီး လာကြခြင်းဖြစ်၏။ ရှေ့မှ အကောင်များက သစ်သီး ခြောက်များကို လိုအပ်သလောက် ကိုက်ဖဲ့စားသောက်ပြီး လှည့်ထွက်သွားသောအခါ နောက်မှ အကောင်များက ဝင်စားကြသည်။ ရှေ့မှ တန်းစီစားနေသော ခါချဉ်ကောင်များ စားသောက်၍ မပြီးသေးလျှင် နောက်မှ အကောင်များက ငြိမ်သက်စွာဖြင့် ရပ်စောင့်ပေးကြသည်။ သူ့အလှည့်ရောက်မှ အေးအေး





ဆေးဆေး ဝင်စားသည်။ နီမောင်မှာ ထိုမျှ အံ့ဩဖွယ်ကောင်းသော မြင်ကွင်းကို အနီးကပ် တွေ့ရသဖြင့် အသက်ရှူရန်ပင် မေ့လျော့နေတော့သည်။

ခဏကြာသောအခါ သူတို့နောက်ဘက်မှ လျှောက်လာသော ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်သောအခါ ပန်းထိမ်ဆရာ အဂ္ဂိနှင့် ဦးမွန်ထော်တို့ကို တွေ့ရသည်။

သူတို့က နီမောင်တို့ကို အသိအမှတ်ပြုရုံသာ နှုတ်ဆက်သွားပြီး ဘာစကားမှ မပြောဘဲ ဆက်လျှောက်သွားကြသည်။

ခါချဉ်ကောင်များက သူတို့ဝင်လာသည်ကို မြင်သောအခါ ဘယ်လိုမှ အန္တရာယ်ပြုလိုဟန်မပြဘဲ လူတစ်ယောက်သွားသာရုံလမ်းပင် ဖယ်ပေးလိုက်ကြသည်။

အဂ္ဂိနှင့် ဦးမွန်ထော်တို့က ရွှေကြောကြီးအနီးတွင်ရှိသော ၎င်းတို့ ကျောက်ဂူနေရာသို့ လျှောက်သွားကြသည်။

ခဏကြာသောအခါ ထိုနေရာမှ မီးခိုးများ ထွက်လာပြီး မီးရောင်များ မြင်ရပြီးနောက် အတန်ကြာလျှင် တူသံပေသံများ ကြားရလေတော့သည်။

ဦးမွန်ထော်နှင့်အဂ္ဂိတို့သည် ရွှေကြောကြီးမှ ရွှေများကို ဖဲ့ယူကာ အသုံးအဆောင် လက်ဝတ်တန်ဆာများ ပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com



နေကြဟန်ရှိသည်။

"ဒီရွှေတွေနဲ့ ပစ္စည်းတွေလုပ်ပြီးတော့ ဘာလုပ်ကြသလဲ ဟင်၊ ကျွန်တော်မြင်တာတော့ ဒီမှာ ခင်ဗျားတို့ ဝတ်ဆင်တာလည်း မမြင်မိပါလား"

ဟု နီမောင်က စောမာလာကို မေးလိုက်သည်။

"ကျွန်မတို့က သတ္တုဝါတွေနဲ့ ပစ္စည်းတွေလုပ်ပြီးရင် ဖန်တီးလူရိုင်းတွေ နဲ့ ပစ္စည်းချင်း အလဲအလှယ် လုပ်ကြတယ်၊ ဒီက သတ္တုဝါတွေပေးရင် သူတို့က စားစရာတွေ၊ တိရစ္ဆာန်သရေနဲ့ သံထည်တွေပြန်ပေးတယ်၊ သူတို့ပေးတဲ့ သံထည်တွေက ကျွန်မတို့အတွက် အသုံးဝင်တယ်၊

ဒီမှာရှိတဲ့ သတ္တုဝါတွေက ပျော့တော့ လက်နက်တွေ လုပ်လို့မကောင်းဘူး၊ သံနဲ့လုပ်တဲ့ ဓား၊ လှံ၊ ရဲဒင်း၊ မြားသွားတွေကမှ ကောင်းတာ"

"အဲဒီ ဖန်တီးလူရိုင်းတွေက ဘယ်မှာရှိသလဲ"

"ဒီကျွန်းနဲ့ မဝေးလှတဲ့ နေရာတွေမှာရှိတယ်၊ သူတို့က ဒီမှာရှိတဲ့ သတ္တုဝါတွေကို သိပ်ပြီး မက်မောကြတာ၊ သတ္တုဝါနဲ့ လုပ်ထားတဲ့ ပစ္စည်းတွေကို လည်ပင်းမှာရော၊ လက်ချောင်း ခြေချောင်းတွေမှာပါ အမြဲတမ်း ဆွဲကြတယ်၊





နောက်ပြီး သူတို့က ဒီမှာရှိတဲ့ သတ္တဝါတွေကို လိုချင်တော့ မကြာခဏ လာပြီး ရန်စ တိုက်ခိုက်ကြတယ်၊ စစ်ဖြစ်တယ်ဆိုရင် သူတို့လည်း သေ၊ ဒီကလူတွေလည်း အများကြီးသေတာပဲ၊ သူတို့အသုံးပြုတဲ့အဆိပ်တွေရော ကျွန်မတို့အသုံးပြုတဲ့ အဆိပ်တွေပါ ထိလိုက်တာနဲ့ သေစေတဲ့ အဆိပ်တွေ ဆိုတော့ ဘယ်ခံနိုင်မလဲ . . ."

ဟု ပြောပြလေသည်။

ထို့နောက်တွင် ခါချဉ်ကောင်များကို အစာကျွေးခြင်းကိစ္စ ပြီးသွားသောအခါ နီမောင်နှင့် စောမာလာတို့လည်း မိမိတို့နေရာသို့ ပြန်လာခဲ့ကြသည်။

ရွှေကြောများရှိသော တောင်နံရံဘက်ဆီမှာတော့ ဦးမွန်ထော်နှင့် ပန်းထိမ်သမား အဂ္ဂိတို့၏ တူသံ၊ ပေသံများကို ကြားနေရသေးသည်။

အချိန်မှာ သစ်ညွန့်များ၏ ထိပ်ဖျားသို့ နေသက်တမ်းစီးသော အချိန် ရောက်ပေပြီ . . .။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၁)

## တောနယ်ထဲမှ ယူသတ်ပွဲ

နီမောင့်တာဝန်က နေ့ဘက်တွင် စောမာလာနှင့် အတူတွဲ၍ ခါချဉ်များ အစာကျွေးသော ကိစ္စများကိုလုပ်ရပြီး ညဘက်ရောက်သောအခါ စောမာလာ နေထိုင်သောတဲနှင့် မနီးမဝေးရှိ တဲတစ်လုံးတွင် သီးသန့်သွားနေရသည်။ အချို့ကတော့ ညဘက်တွင် တောရိုင်းတိရစ္ဆာန်များ ရန်ကိုကြောက်သဖြင့် သစ်ပင်များပေါ်တက်ကာ လင့်စင်ထိုး၍ နေကြလေသည်။

၎င်းတို့နေထိုင်ရာနှင့် မနီးမဝေး တောတစ်နေရာတွင် ကျဉ်းမြောင်း သော တောင်ကြားရှည်တစ်ခုရှိသည်။

၎င်းနေရာမှာ စောမာလာပြောသော ဖန်တီးလူရိုင်းနှင့်





နယ်မြေခြားထားသော နေရာဖြစ်ပြီး အစောင့်များ ထူထပ်စွာ စောင့်နေကြသည်။ အခြား အကြောင်း တစ်ခုကတော့ ဖမ်းဆီးထားသောလူများ ထိုနေရာမှ ကျော်၍ ထွက်ပြေးမည်ကို စိုးသောကြောင့် ဖြစ်သည်။

တောကြီးမှာ တကယ့်ကို နက်ရှိုင်းပိတ်ဆီးလျက်ရှိရာ လူများတစ်ခါ တစ်ရံ သွားလာဖူးသော လမ်းမှ အခြားနေရာမှ သွားလာရန် မလွယ်ကူလှအောင် ရှုပ်ထွေးလှသည်။

နီမောင်သည် ထိုလမ်းများကိုသော်လည်းကောင်း ခါချဉ်များကို အစာကျွေးရန် သွားသောလမ်းများကို လည်းကောင်း ကောင်းစွာ မှတ်သားထားလေသည်။ ညဘက်ရောက်သောအခါ မိမိအတွက် ပေးထားသော တဲအတွင်းမှာ သရေပြား တစ်ချပ်ကို ခင်း၍ လဲလျောင်းရင်း အတွေး နယ်ချဲ့လျက်ရှိသည်။

အတွေးထဲမှာ မိမိမိတ်ဆွေများ အကြောင်းသော်လည်းကောင်း၊ ယခု လောလောဆယ် မိမိ၏ ကယ်တင်ရှင် စောမာလာ၏ အကြောင်းများကို တွေးတောနေမိသည်၊

ထို့ထက်ပို၍ သတိရနေသည့်အချက်မှာ တစ်မျှော်တင် ခေါ်မြင်နေရသော ရွှေကြောကြီးပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းရွှေကြောကြီးမှ ရွှေတုံးရွှေခဲတစ်ခုလောက် ရထားလျှင်၊ အကယ်၍ ကံအားလျော်စွာဖြင့် မိမိတို့ နေရပ်သို့ ပြန်ရောက်ခဲ့ပါက ထိုရွှေများဖြင့် လူချမ်းသာဘဝသို့ ပြောင်းလဲရောက်ရှိနိုင်ပေသည်။ သို့ကြောင့် ထိုရွှေများကို မည်သို့မည်ပုံရရှိအောင် နည်းအမျိုးမျိုးတွေးတောနေလေသည်။

ယခုလို အားလုံးအိပ်မောကျနေသော အချိန့်တွင် ခါချဉ်ကြီးများလည်း ငြိမ်သက်နေကြရော့မည်။

ထိုအချိန်မျိုးတွင် ရွှေကြောကြီးရှိရာသို့ ဝင်နိုင်ရန်အခွင့်အရေးရ လောက်သည်ဟု စဉ်းစားမိသည်။ သို့ကြောင့် အိပ်မပျော်သည့်အတူ လရောင် မှုန်ပျပျဖြင့် ရွှေကြောကြီးရှိရာဘက်သို့ အခြေအနေ သွားကြည့်ရန် ဆုံးဖြတ်ကာ အပြင်သို့ ထွက်လာခဲ့သည်။

သူ့အကြံအစည်က အခြေအနေကောင်းလျှင် ရွှေကြောကြီးရှိရာ ဘက်သို့ကူးကာ ရွှေအနည်းငယ် ဖဲ့ယူထားရန် ဖြစ်သည်။

ထိုလမ်းကိုတော့ သူကောင်းစွာ မှတ်မိနေသည်။

အမှောင်ရိပ်များသော တောထဲမှာ ဖြစ်လင့်ကစားအမှားအယွင်းမရှိ သွားနိုင်လေသည်။ အဘယ်ကြောင့် ဆိုသော်စောမာလာနှင့် ခါချဉ်များကို အစာကျွေးရန်အတွက် အမြဲ





သွားခဲ့ရသောကြောင့် ဖြစ်သည်။

တောမှာ နက်ရှိုင်းလွန်းသောကြောင့် ကောင်းကင်မှာ လရောင်ရှိမည်ဆိုသော်လည်း အမှောင်ရိပ်များက လွှမ်းနေမြဲဖြစ်၏။

တိတ်ဆိတ်ငြိမ်သက်မှုကြောင့် ပင်လယ်ကမ်းခြေဘက်မှ လှိုင်းပုတ်သံများကိုပင် သဲ့သဲ့ ကြားနေရသည်။

နီမောင်သည် တောပေါ်ရောက်ခါမှ စောမာလာ ပေးထားသော သရေခြေသိုင်းဖိနပ်ကို စီးထားရာ ယခုလို အမှောင်ထဲမှာ သွားရသောအခါ အတော်အတန် အကာအကွယ်ရလေသည်။

ခြေသိုင်းဖိနပ်မှာ ခြေထောက်နှင့်တသားတည်း ဖြစ်နေသောကြောင့် လမ်းလျှောက်သောအခါ ခြေသံလုံလုံသွားနိုင်ကြပေသည်။

လမ်းတစ်လျှောက်လုံး မည်သည့်အနှောင့်အယှက်အခက်အခဲကိုမှ မတွေ့ရသော်လည်း ရွှေကြောကြီးနှင့် နီးသက်နီးလာသောအခါ များစွာ အရေးကြီးလာပြီ ဖြစ်ကြောင်းသတိပြုမိလိုက်သည်။

သို့ကြောင့် အသွားနှုန်းကို လျှော့ချလိုက်ပြီး ခြေသံလုံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်သမျှ လုံအောင်ထားကာ တဖြည်းဖြည်း ချဉ်းကပ်သွားသည်။

ထိုနေရာတစ်ဝိုက်တွင် သွားလာနေကျ လမ်းမှလွဲပြီး အခြားနေရာသို့ လမ်းမှား၍ မရပေ။ အကယ်၍ လမ်းမှားထဲ ရောက်သွားပါက ခါချဉ်တွင်း၊ ဒါမှမဟုတ် ၎င်းတို့အသိုက်ထဲ ရောက်သွားမည်မှာ ေ ာချာလှသည်။

နီမောင်အနေနှင့် စိတ်ပူမည်သာ ပူနေရသည်၊ လမ်းမှားစရာတော့ မရှိပေ . . .။

တောမာလာနှင့်နေ့စဉ် အစာကျွေးရန် သွားသော လမ်းနှင့် ပန်းထိမ် ဆရာနှင့် ဦးမွန်ထော်တို့ အသုံးပြုသောလမ်းမှာ တစ်လမ်းတည်း ဖြစ်သောကြောင့် ထိုလမ်းမှာ အခြားလမ်းများထက် ရှင်းလင်းနေသည်။ တစ်ဖက်နှင့် တစ်ဖက် စည်းခြားထားသော နေရာသို့ ရောက်သောအခါ ရွှေတောင်ဘက်မှ မီးရောင်နှင့် မီးခိုးငွေ့များကို လှမ်းမြင်ရသည်။

ပန်းထိမ်ဆရာနှင့်ဦးမွန်ထော်တို့ကတော့ သည်အချိန်လောက်ဆိုလျှင် စခန်းသို့ ပြန်အိပ်နေကြပြီဖြစ်သောကြောင့် ထိုနေရာတွင် ရှိကြမည်မဟုတ်ပေ။ ထိုနေရာမှ ထွက်နေသော မီးရောင်နှင့် မီးခိုးငွေ့များက လမ်းပြပေးသကဲ့သို့ ရှိသောကြောင့် နယ်ခြားအစပ်နေရာသို့ ရောက်အောင် အမှား





အယွင်းမရှိ သွားနိုင်ခဲ့သည်။

နယ်ခြားအစပ်အနီးသို့ ရောက်သောအခါ နီမောင်သည် မိမိနှင့် မလှမ်းမကမ်းနေရာဆီမှ လှုပ်ရှားသွားသော အရာတစ်ခုကို မြင်လိုက်ရသဖြင့် သစ်တောစပ်သို့ ကပ်ကာ အခြေအနေကို လှမ်းကြည့်လိုက်သည်။ တောတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လွန်းနေသဖြင့် ရှေ့မှ လှုပ်ရှားနေသူထံမှ အသံ အချို့ကို မသဲမကွဲကြားနေရသည်။ သစ်ပင်များပေါ်မှ ကွက်တိကွက်ကျား ကျဆင်းနေသော လရောင်ရိပ်ကြောင့်လည်း ၎င်း၏ ပုံသဏ္ဍာန်ကို မသဲမကွဲ မြင်နေရသည်။

သေချာပြီ . . .၊

သူနှင့် မလှမ်းမကမ်းရှေ့နားမှာ လူတစ်ယောက်ရှိနေသည်။

ထိုလူမှာ ဘယ်လိုအကြံအစည်နှင့် ယခုလို အချိန်အခါမှာ ထိုနေရာသို့ ရောက်နေရသည် မသိရသော်လည်း သူလိုပင် လျှို့ဝှက်စွာ လှုပ်ရှားနေကြောင်း ရိပ်မိလိုက်သဖြင့် နောက်မှ အခြေအနေကို စောင့်ကြည့်နေလိုက်သည်။

ထိုလူသည် အခြေအနေကြည့်ပြီး တောစပ်မှ အပြင်သို့ ထွက်လိုက်သည်။ ထိုအခါမှ လူမည်းတစ်ယောက်ဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သိရတော့သည်။ လူမည်းသည် ပတ်ဝန်းကျင်ကို အကဲခတ်ပြီး အခြေအနေငြိမ်သက်နေသည်ကို သိရသောအခါ စည်းခြားထားသော ချောက်ကမ်းပါးကို ကျော်ပြီး တစ်ဖက်သို့ ခုန်ကူးသွားသည်။

ထို့နောက် ရွှေကြောကြီးရှိရာသို့ အလျင်အမြန် ကပ်သွားပြီး ရွှေတုံးများကို ဖွဲ့ကာ အိတ်တစ်လုံးထဲသို့ ထည့်နေသည်ကို လှမ်းမြင်နေရသည်။ နီမောင် စိတ်ထဲမှာ ကျေနပ်သွားသည်။

ထိုလူမည်းသည် သူလုပ်မည့် အစီအစဉ်များကို ရှေ့မှ စမ်းသပ်လုပ်ပြ နေသကဲ့သို့ ရှိသည်။

အကယ်၍ ထိုလူမည်း အန္တရာယ်ကင်းစွာဖြင့် ပြန်လာနိုင်လျှင် သူသွားရောက်ယူမည်ဟုလည်း စိတ်ကူးထားသည်။

ခဏကြာတော့ လူမည်းက နောက်ကြောင်းပြန်လှည့်လာသည်။

နီမောင် မြင်ကွင်းမှာပင် လူမည်းမှာ လှမ်းနေသော ခြေလှမ်းများ ရုတ်တရက် ရပ်တန့်သွားသည်။ ၎င်းအမူအရာမှာ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာများကို မြင်တွေ့လိုက်ရသဖြင့် ရုတ်တရက် ရပ်တန့်သွားခြင်းမျိုးဖြစ်၏။ ခဏကြာသောအခါ





ထိုလူမှာ လျှပ်စစ်ဓာတ်နှင့် အထိခံလိုက်ရသလို တွန့်လိမ်ကွေးကောက်နေပြီး ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် အော်သံကြီး ထွက်ပေါ်လာတော့သည်။

ထိုသူမှာ ခြေကားရား လက်ကားရားနှင့် ပုံပျက်ပန်းပျက်ဖြစ်ကာ တွန့်လိမ်ကွေးကောက်လျက်ရှိသည်။

သူသည် နီမောင်ပုန်းနေရာနှင့် မလှမ်းမကမ်းနေရာအထိ ရောက်အောင် ပြေးဖို့ ကြိုးစားသော်လည်း မအောင်မြင်ပေ။

မြေအောက်မှ စီစီညံညံအသံများ၊ သစ်ရွက် လေတိုးသံလိုလို အသံများ ပေါ်လာပြီး မြေကြီးများ ကွဲတက်လာသည်။ ခါချဉ်နက်ကြီးများ အဆုပ်လိုက် အခဲလိုက် တက်လာပြီး ထိုလူမည်းကိုယ်ပေါ်သို့ ဖက်တက်ကာ ဝိုင်းကိုက်ကြရာ လူမည်းထံမှ ကြောက်မတ်ဖွယ်ရာ ကောင်းလောက်အောင် ငယ်သံပါအောင် အော်သံကြီးမှာ တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တစ်ဝိုက် ဆူညံနေတော့သည်။

ထိုအဖြစ်အပျက်ကို မြင်ရသောအခါ နီမောင်ရင်ထဲမှာ သွေးပျက်လု မတတ်ဖြစ်သွားသည်။ အကယ်၍ ထိုလူမည်းသာ မရောက်လာလျှင် ထိုနေရာသို့ သူဝင်သွားမိမှာသေချာသည်။ ဝင်သွားမိလျှင်လည်း ယခုလူမည်းကြီး ခံသလို



www.burmeseclassic.com

www.burmeseclassic.com



မရှုမလှ ခံရမည်မှာ သေချာလှသည်။ ထိုကြောက်စိတ်က တစ်ကိုယ်လုံး လွှမ်းခြုံနေရာမှ မလှုပ်ဝံ့အောင် ဖြစ်နေတော့သည်။

သွေးဆာနေသော ခါချဉ်နက်များက သူ့ကို တွေ့သွားလျှင်ဟူသော အတွေးက လူကို သွေးပျက်လောက်အောင် တုန်လှုပ်စေသည်။ လူမည်းကြီးသည် မြေပြင်တွင် ဘယ်လိုမှ ရပ်တန့်၍ မရတော့သဖြင့် မလှမ်းမကမ်းရှိ သစ်ပင် တစ်ပင်ပေါ်သို့ မိုက်မဲစွာ ဖက်တက်သွားလေတော့သည်။ ဒါကပင် သူ့ရဲ့ အမှားပင်ဖြစ်တော့သည်။

သူသစ်ပင်ပေါ်တက်သွားသည်နှင့် ခါချဉ်နက်များက သစ်ပင်အောက် ခြေကို ပတ်ဝိုင်းလိုက်ကြသည်။ ခဏချင်းမှာပင် သစ်ပင်အောက်ခြေတစ်ဝိုက်မှာ အနက်ရောင် လွင်ပြင်ကြီးဖြစ်သွားတော့သည်။

ထို့နောက်တွင် သစ်ပင်ပေါ်သို့ ခါချဉ်နက်များ တက်လိုက်သွားကြလေရာ ပြဒါးတိုင်ပေါ်သို့ အနက်ရောင် ဆေးရည်များ တဖြည်းဖြည်း တက်သွားသည်နှင့်ပင် တူနေသည်။ သစ်ပင်မှာ အောက်ခြေမှစ၍ တဖြည်းဖြည်း အနက်ရောင်များ ဖုံးသွားပြီး မကြာမီ အပေါ်သို့ ရောက်သွားရာ တစ်ဆက်တည်း လူမည်းကြီး၏ မခိုမဆံ့အော်ဟစ် ညည်းညူ သံကြီးကို နားမချမ်း





သာစရာ ကြားလိုက်ရတော့သည်။

လူမည်းအတွက်တော့ ပြေးပေါက်မရှိသော လမ်းဆုံးသို့ ရောက်သွား ပြီဖြစ်တော့သည်။

ခဏကြာသောအခါ လူမည်းကြီး၏ အော်ဟစ်ညည်း ညူသံမှာ တစ်စတစ်စ တိုး၍ ပျောက်ကွယ်သွားလေတော့သည်။

ထိုသစ်ပင်မှာ နီမောင် ပုန်းနေရာနှင့် မဝေးလှသော ကြောင့် လေနှင့်အတူ ပါလာသော သွေးညှီနံ့များကိုသော် လည်းကောင်း၊ သစ်ပင်ပေါ်မှ နှင်းစက်များကျလာသလို သွေး စက်များ ကျလာသံများကိုသော်လည်းကောင်း ကြားနေရသည်။

ခါချဉ်နက်များမှာ သစ်ပင်ပေါ်တက်လိုက်၊ အောက် ဆင်းလိုက်နှင့် များစွာ အလုပ်ရှုပ်နေကြသည်။

နောက်ဆုံးတွင် တိတ်ဆိတ်ငြိမ်သက်ခြင်းက ပြန်လည် ကြီးစိုးသွားပြီး သစ်ပင်ပေါ်မှ မြေပေါ်သို့ တစ်စုံတစ်ခု ပြုတ်ကျ လာသည်။ နီမောင်လှမ်းကြည့်လိုက်တော့ မိနစ်ပိုင်းအတွင်း အသားဟူ၍ မရှိတော့သလောက် ဖြစ်ကာ အရိုးစုဘဝ ရောက်သွားသော လူမည်းကြီး၏ ကိုယ်အပိုင်းအစများကို သွေးပျက်စရာ တွေ့လိုက်ရသည်။

ထိုအဖြစ်ကြောင့် နီမောင်မှာ ပို၍ ကြောက်ရွံ့စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



ကာ နေရာမှ တစ်လက်မမျှ မလှုပ်ဝံ့အောင် ဖြစ်သွားတော့သည်။

သူ့အနေနှင့် စည်းမကျော်သေးသော်လည်း တိရစ္ဆာန်များက သွေး ဆာနေပြီဖြစ်သောကြောင့် မိမိအား ရန်မမူမည်မှုမည်ကို အသေအချာ မသိနိုင်ပေ . . .။

သို့ကြောင့် ကံအတိုင်းရှိစေတော့ ဟူ၍ သဘောထားကာ မျက်စိမှိတ်ပြီး ငြိမ်သက်နေလိုက်သည်။

နားထဲမှာတော့ သစ်သားချောင်းကို မီးစွဲနေသံကဲ့သို့ 'ဖျစ် . . ဖျစ်'ဟူ သော အသံများကို အဆက်မပြတ် ကြားနေရသည်။ ခါချဉ်ကောင်များ တစ်နေရာမှ တစ်နေရာ ရွေ့လျားသွားလာနေသော ခြေသံများပင်ဖြစ်၏။ အတန်ကြာသော အခါ အသံများ တဖြည်းဖြည်း ပျောက်ကွယ်သွားလေတော့သည်။ တောတစ်တောလုံး အပ်ကျသံမျှပင် မကြားရလောက်အောင် ပြန်လည် တိတ်ဆိတ်ငြိမ်သက်သွားတော့မှ မျက်စိပြန်ဖွင့်ကြည့်လိုက်တော့ မြေပြင်ပေါ်မှာရော သစ်ပင်များပေါ်မှာပါ ခါချဉ်များ တစ်ကောင်မှ မရှိတော့ကြပေ . .။

လရောင်မှုန်ပျပျ စွန်းထင်နေသော မြေပေါ်မှာ ကျန်နေခဲ့သည်ကတော့ ဖြူဖွေးသော လူအရိုးစုအချို့နှင့် ပြန့်ကျဲနေသော ရွှေတုံးရွှေခဲများပင်ဖြစ်တော့သည်။





ရွှေတုံးရွှေခဲများမှာ စည်းရဲ့သည်ဘက် ရောက်နေသောကြောင့် ကောက်ယူမည်ဆိုက ကောက်ယူနိုင်သော်လည်း သူမကောက်ဝံ့တော့ပေ။ ရွှေတုံးကို ကောက်ယူပြီးခါမှ ခါချဉ်ကောင်တွေ ထွက်လာပြီး မိုးမဆုံး မြေမဆုံး လိုက်လာလျှင် ခက်မည်ဟူသော အတွေးကြောင့်ပင် ကြောက်လန့်လျက်ရှိနေသည်။

တောစောပိုင်းက ရွှေများကို မက်မက်မောမောကောက်ယူနေသော လူမည်းကြီးသည် ယခုအခါ ရွှေတုံးရွှေခဲများက သူ့အနီးတွင် ပြန့်ကျဲနေသော်လည်း အရိုးစုဘဝရောက်သွားပြီ ဖြစ်သောကြောင့် လုံးဝ မလှုပ်နိုင်တော့ပေ။

အမှန်တော့ ထိုလူမည်းကြီးမှာ သူ့အစား ခံစား ဝင်ခံသွားသည့်ဆိုက မမှားပေ . .။

အကယ်၍ ထိုလူမည်းကြီး ရောက်မလာလျှင် ယခုမြင်နေရသော အရိုးစုမှာ သူ၏ အရိုးစုဖြစ်နေမည်မှာ သေချာသလောက်ပင်၊ နီမောင်၏ စိတ်ထဲမှာ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ စိတ်မကောင်းစွာဖြင့် မိမိနေထိုင်ရာ တဲရှိရာသို့ ပြန်လာခဲ့သည်။

သူ့စိတ်ထဲမှာတော့ ထိုအကြောင်းများကို မည်သူ့ကိုမှ



www.burmeseclassic.com

www.burmeseclassic.com



မပြောတော့ဟု ဆုံးဖြတ်ထားလေသည်။

တဲသို့ ပြန်ရောက်သော်လည်း လုံးဝအိပ်မပျော်နိုင်တော့ပေ . . ။ လူမည်းကြီး၏ ကြောက်မက်ဖွယ်ရာ အော်သံများက နားထဲမှာ ကြားနေသလို လူစင်စစ်မှ မိနစ်ပိုင်းအတွင်း အရိုးစုဘဝ ပြောင်းသွားသော အဖြစ်အပျက်များကလည်း သွေးပျက်ဖွယ်ရာ ဖြစ်တော့သည်။

လောလောဆယ်မှာတော့ ရွှေတောင်ကြီးမှ ရွှေများကို လုံးဝလိုချင်စိတ် မရှိသလောက်ဖြစ်သွားသော်လည်း နောက်တစ်နေ့မှစပြီး စောမာလာနှင့် ခါချဉ်များကို အစာကျွေးရန် လိုက်သွားသောအခါ နေရောင်ခြည်အောက်ဝယ် အရောင်တဝင်းဝင်း လက်နေသော ရွှေကြောကြီးကို မြင်ရပြန်တော့လည်း လောဘရှိသော လူသားတစ်ယောက်ပီပီ လိုချင်တပ်မက်စိတ်များ ပြန်လည် ဝင်ရောက်လာပြန်တော့သည်။

ထိုရက်များတွင် နီမောင်အတွက် တိုးတက်လာသော အခြေအနေမှာ စောမာလာသည် သူ့အား အစေအပါးတစ်ယောက်လို မဆက်ဆံတော့ဘဲ မိတ်ဆွေရင်းချာတစ်ဦးလို ရင်းရင်းနှီးနှီး ဆက်ဆံလာခြင်းပင်ဖြစ်၏။ အတူသွား အတူလာ နေရဖန်များလာတော့ ရင်းနှီးမှုဖြစ်လာသည်။ နီမောင်





သိလိုသော အကြောင်းများအား စိတ်ရှည် လက်ရှည် ပြောပြပေးသည်။ ကျွန်းအကြောင်း၊ ကျွန်းသားများအကြောင်း၊ ဖန်တီးလူရိုင်းများအကြောင်း၊ ရွှေကြောကြီးအကြောင်း၊ ရွှေကြောသိုက်စောင့် ခါချဉ်နက် သတ္တဝါများ အကြောင်းများကို သွားရင်းလာရင်းနှင့် စိတ်ရှည်လက်ရှည်နှင့် ပြောပြလေသည်။

ထိုအခြေအနေများကို သိသောအခါ နောက်ရက်တွင် နီမောင်ခေါင်းထဲမှာ အလွန်ကောင်းမွန်သော အကြံသစ်တစ်ခု ပေါ်လာသည်။

ထိုအကြံမှာ အခြားမဟုတ်ပေ . . . ။

ခါချဉ်များသည် ၎င်းတို့ ခွင့်ပြုပါက ရွှေကြောကြီးဆီသို့ သွားနိုင်လာ နိုင်ရုံသာမက ရွှေများကိုပါ ကြိုက်သလို လုပ်နိုင်ပေသည်။

ပန်းထိမ်ဆရာဆိုလျှင် ထိုနေရာသို့ အချိန်မရွေး ဝင်နိုင်ထွက်နိုင်ရုံမက ရွှေများကို ယူပြီး ကြိုက်သလို လုပ်ခွင့်ရှိသည်။

သို့ဆိုလျှင် ခါချဉ်များနှင့် ရင်းနှီးအောင် လုပ်နိုင်လျှင် မိမိကြိုက်သလို လုပ်နိုင်လောက်သည်ဟု တွေးမိသည်။

ထိုသို့ လုပ်ရန်မှာလည်း ခါချဉ်များကို အစာကျွေးစဉ်မှာ တစ်စတစ်စ လုပ်ယူ၍ရသော်လည်း ခါချဉ်များကို အစာ



www.burmeseclassic.com

www.burmeseclassic.com



ကျွေးသောအခါ ကျွန်း၏ အကြီးအကဲဖြစ်သူ စောမာလာ ကိုယ်တိုင် ကျွေးရသောကြောင့် ဖြစ်သည်။

အခြားသူများက ကိုယ်ထိလက်ရောက် ဝင်ရောက် ကျွေးမွေးခွင့် မရှိပေ။

ခါချဉ်များနှင့်ရင်းနှီးမည်စိုးသဖြင့် ခွင့်မပြုတာလည်း ဖြစ်ချင်ဖြစ်မည်။ သို့မဟုတ် အခြားအကြောင်းများလည်း ရှိချင် ရှိပေမည်။

သို့သော်လည်း ရွှေကြောကြီးရှိရာသို့ အလွယ်တကူ ဝင်နိုင်ရန်မှာ သည်တစ်လမ်းသာ အနီးကပ်ဆုံးဖြစ်သဖြင့် စောမာလာနှင့်အတူသွား၍ အစာကျွေးစဉ် ခါချဉ်များ၏ အကြောင်းကို စူးစမ်းလေ့လာရပေသည်။

အနီးကပ်လေ့လာကြည့်သောအခါမှ ခါချဉ်နက်ကြီး များမှာ သူထင်သလို အသိဉာဏ်မဲ့သော တိရစ္ဆာန်အရိုင်း များ မဟုတ်ကြောင်း သိရလေသည်။

စနစ်တကျ လေ့ကျင့်ထားပြီး အသိဉာဏ်ကြွယ်ဝသော တိရစ္ဆာန်များ ပင်ဖြစ်၏။

အဘယ်ကြောင့်ဆိုလျှင် . . . .

သူတို့ကို အမြဲတမ်း အစာကျွေးနေသော စောမာလာ





ဆိုလျှင် ရွှေကြောကြီးအနီးသာမက ၎င်းတို့အသိုက် အမြုံ များအထိ ဘယ်နေရာသွားသွား မည်သို့မှ အန္တရာယ် မပေး ကြပေ၊ လမ်းမလွှတ်လျှင်သော်မှလည်း ဖယ်ပေးကြသည်။

ထိုကဲ့သို့ပင် ပန်းထိမ်ဆရာ အဂ္ဂိဆိုရင်လည်း အချိန် မရွေး သွားလာဝင် ထွက်ခွင့်ရှိလေသည်။ ၎င်းတို့အတွက် မည်သို့မှ အန္တရာယ်မရှိပေ။ ယခုဆိုလျှင် ပန်းထိမ်ဆရာနှင့် စပ်လျဉ်း၍ ဦးမွန်ထော်ကိုပါ ရွှေကြောတစ်ဝိုက်သို့သွား လာ ဝင်ထွက်ခွင့်ရနေပေပြီ . . .။

သို့ဆိုလျှင် မိမိသည်လည်း စောမာလာကဲ့သို့ အစာ ကျွေးသူတစ် ယောက်ဖြစ်အောင် လုပ်နိုင်လျှင် ထိုနေရာသို့ အချိန်မရွေးသွားလာနိုင်မည်ဟု တွေးတောမိသည်။

ထိုသို့မဟုတ်ပါဘဲ လူမည်းကြီးလို ဇွတ်ဝင်သွားပါက ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်နေမည်မှာ သေချာသည်။

လူစိမ်းတစ်ယောက် ဝင်သွားသည်နှင့် ခါချဉ်သိုက်မှ ခါချဉ်များသည် တပ်လှန့်လိုက်သော တိရစ္ဆာန်ဖြစ်စေ မိနစ် ပိုင်းအတွင်း အရိုးစုဘဝ ပြောင်းပစ် ကြသည်။

ခါချဉ်နက်များ၏ တိုက်ခိုက်ပုံမှာ လွန်စွာစနစ်ကျသော တိုက်ခိုက်နည်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်က ဝင်လာပြီး ရွှေများဆီတွင် မက်မော နေချိန်တွင် ခါချဉ်နက်များက နောက်မှ ပတ်ဝိုင်းလိုက်ကြသည်။

ထိုသို့ ဝိုင်းရာမှာလည်း တစ်ထပ်ပြီး တစ်ထပ် ပတ်ဝိုင်း ခြင်းဖြစ်ရာ ဘယ်လိုမှ ထွက်ပေါက်မရနိုင်ပေ။

ထို့နောက်တွင်မှ ရှေ့သို့ တဖြည်းဖြည်း ဝင်လာပြီးနောက် စုပြုံဝိုင်း တက်ကာ ၎င်းတို့၏ ချွန်ထက်သော အစွယ်များဖြင့် ကိုက်ကာ အဆိပ်ရည် များဖြင့် ထိုးသွင်းခြင်းဖြစ်၏။ အစွယ် များမှာ ချွန်ထက်သန်မာသောကြောင့် ကိုက်လိုက်သည်နှင့် အသားစများ ပြုတ်ပါသွားမည်ဖြစ်သည်။ အကောင်ရေများ သဖြင့် ခြေထောက်ကြောများပြတ်အောင် အကိုက်အခဲရ သောအခါ ဘယ်လို လူမှ ကြာရှည်မခံနိုင်ဘဲ မြေသို့ ဗုန်းဗုန်း လဲကျသောအခါမှ စုပြုံတက်ပြီး အသားများကို ကိုက်ဖဲ့ စားသောက်လိုက်ကြတော့သည်။

ခါချဉ်ကောင်များမှာ သိန်းပေါင်းများစွာရှိသောကြောင့် တစ်ကောင်ကို သတ်လျှင် နှစ်ကောင်တက်လာသည်။ နှစ်ကောင် သတ်လျှင် လေးကောင် တက်လာသော စနစ်ဖြင့် ဆတိုးပွား ကာ တိုက်ခိုက်သော နည်းဖြစ်သောကြောင့် လွတ်လမ်း မရှိပေ.

အကောင်းဆုံးမှာ ရွှေများကို လိုချင်လျှင် ၎င်းတို့နှင့်





ရန်သူဖြစ်ခြင်းထက် မိတ်ဆွေဖြစ်အောင် ကြိုးစားမှ အဆင် ပြေနိုင်မည်ကို တွေးမိသဖြင့် ထိုနည်းအတိုင်း ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်သည်။

သို့ကြောင့် စောမာလာထံမှ ပလွေကို ယူပြီး ပလွေမှုတ် သော ပညာကို စတင် သင်ကြားသည်။

သူ၏ အကြောင်းပြချက်က စောမာလာအကြောင်း တစ်ခုကြောင့် ခါချဉ်များကို အစာကျွေးရန် မသွားနိုင်လျှင်၊ သူသွားကျွေးမည်ဟူသော အကြောင်းပြချက်ဖြစ်၏။

စောမာလာလည်း သူ့အပေါ် သံယောဇဉ်ရှိနေပြီမို့ ခါချဉ်များကို အစာ ကျွေးသည့်အခါ မှုတ်သော သံစဉ်များကို သင်ကြားပေးသည်။ အနည်းငယ် ကျွမ်းကျင်လာသောအခါ စောမာလာနှင့်အတူ လိုက်သွားပြီး ပလွေကို စမ်းမှုတ်ကာ ခါချဉ်များကို ခေါ်ကြည့်သည်။

သူပလွေမှုတ်၍ ခေါ်စ,က ခါချဉ်များက ရုတ်တရက် ထွက်မလာကြ ပေ။ တစ်ကြိမ်နှစ်ကြိမ် ကြိုးစားကြည့်တော့မှ ပလွေသံစဉ်မှန်လာပြီး တစ်စ တစ်စ ထွက်လာကြသည်။ ထို့နောက် အစာ လာစားကြသည်။

သူ့လက်နှင့်အစာကို ထိကိုင်ကျွေးမွေးခွင့် မရှိသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း စောမာလာကို စည်းရုံးခွင့်တောင်းပြီး သူကိုယ်တိုင် အစာကျွေးကြည့်သည်။

နောင်သောအခါ စောမာလာက သူ့အား ပလွေပေးထားပြီး အစာကျွေးခါနီးတိုင်း ပလွေမှုတ်စေသည်။

အစာများကို ထိကိုင်ကျွေးမွေးစေသည်။

သို့တိုင်အောင် စိတ်ချလက်ချတော့ မရှိသေးပေ၊

အနီးတွင် စောမာလာရှိနေသောကြောင့် မိမိအား လက်ခံနေသလား ဟု သံသယရှိသေးသည်။

သို့ကြောင့် လက်တွေ့စမ်းသပ်ကြည့်ရန် စိတ်ကူးပြီး နောက်တစ်နေ့ နံနက်မလင်းခင်ထကာ သစ်သီးခြောက်များကို သယ်ယူကာ (ပ)စောက် ပုံသဏ္ဌာန် ချပြီး ပလွေမှုတ်လိုက်သည်။

ပလွေသံကြားတော့ အသိုက်ထဲမှ ခါချဉ်ကြီးများ ခေါင်းပြူ၍ ထွက်ကြည့်ကြသည်၊ အစာကျွေးချိန်မဟုတ်သဖြင့် ဇဝေဇဝါဖြစ်နေကြဟန်ရှိသည်၊ အတန်ကြာတော့မှ ထွက်လာပြီး အစာရှိရာသို့ လာကြသည်၊ သူတို့၏ အမူအရာမှာ နီမောင်ကို သင်္ကာမကင်းဖြစ်နေကြဟန်ရှိသည်၊ အစာကို ရုတ်တရက် လာမစားကြပေ . . .၊

ထိုသို့ အနီးကပ်အစာကျွေးရသောအခါမှ ခါချဉ်နက်





များထဲမှာ ခေါင်း ဆောင်ဖြစ်ဟန်ရှိသော ခါချဉ်နက်ကြီး တစ်ကောင် ရှေ့ဆုံးမှ ထွက်လာသည်ကို သတိပြုမိသည်၊ ၎င်းခါချဉ်ကြီးမှာ သာမန်ခါချဉ်များနှင့်မတူဘဲ အကောင်အရွယ်အစားကြီးသည်၊ ၎င်း၏ ကိုယ်လုံးမှာ ပသန်ပျား တစ်ကောင်ခန့်အရွယ်ရှိသည်။

ပလွေသံကြားသောအခါ ၎င်းက ဦးစွာ ထွက်လာပြီး နီမောင်အနီးသို့ ကပ်လာကာ ချကျွေးသော အစာကို စားကြည့်သည်၊ သို့သော် စိတ်ချလက်ချ စားဟန်မရှိဘဲ သတိနှင့် စားနေခြင်းဖြစ်သည်၊

နောက်အတန်ကြာသောအခါမှ ခါချဉ် ခေါင်းဆောင်ကြီးက နီမောင်ကို ကောင်းစွာ မှတ်မိသွားဟန်ဖြင့် အစာကို စိတ်ချလက်ချ စားသောက်ကာ ပြန်ထွက်သွားပြီးနောက်တွင် ကျန်ခါချဉ်များကပါ အစဉ်အတိုင်း လာရောက် စားသောက်ကြလေတော့သည်၊

နီမောင်တစ်ယောက်မှာမူ မိမိစမ်းသပ်မှုအတွက် နိဒါန်း အဆင့် အောင်မြင်သွားသဖြင့် ဝမ်းသာပျော်ရွှင်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)
## ဖန်တီးလူရိုင်းများနှင့် တိုက်ခိုက်ရခြင်း

နောက်ပိုင်းတွင် နီမောင်သည် စောမာလာနှင့် တစ်ကြိမ် အစာလိုက် ကျွေးပြီးလျှင် ညအချိန်တွင် သူတစ်ယောက် တည်း အစာသွားကျွေးလေ၏။ နောက်ပိုင်းရောက်သောအခါ ခါချဉ်နက်ကြီးများက သူ့အား အစာကျွေးသူ လူတစ်ယောက် အဖြစ် လက်ခံကာ သူကျွေးသမျှ အစားအစာများကို ယုံယုံ ကြည်ကြည် စားသောက်ကြသည်။

အချိန်အနည်းငယ် ကြာလာသောအခါ နီမောင်သည် ပလွေကိုလည်း ကောင်းစွာ မှုတ်နိုင်ပြီး၊ အစာကျွေးခြင်း အလုပ်ကိုလည်း အခက်အခဲမရှိ လုပ်နိုင်ခဲ့သည်။

သို့သော် . . .





ရွှေကြောကြီးရှိရာသို့ စတင်ဝင်ရောက်စဉ် အချိန်က တော့ အသက်စွန့်ပြီး လုပ်ရသောကြောင့် အသက်မရှူဝံ့ အောင်ပင် ကြောက်ရွံ့တုန်လှုပ်မိလေသည်။

မိမိမျက်စိရှေ့မှာပင် လူစင်စစ်ကနေ မိနစ်ပိုင်းအတွင်း အရိုးစုဘဝ ပြောင်းသွားသော လူမည်းကြီး၏ အဖြစ်ကို တွေ့ခဲ့ရသဖြင့် ယခု သူကိုယ်တိုင် ဝင်သောအခါ များစွာ စိုးရိမ်ထိတ်လန့်မှုဖြစ်မိလေသည်။

အစာကျွေးသည့်နေရာမှ နယ်ခြားစည်းကို စ,တင် ကျော်ဝင်စဉ်က ကြောက်ရွံ့မှုကြောင့် တစ်ကိုယ်လုံး တုန်လှုပ် လျက်ရှိသည် မိမိနောက်မှာ ခါချဉ်များ ပတ်ဝိုင်းလေမည် လားဟု စိုးရိမ်စိတ်ဖြစ်မိသဖြင့် စိတ်မချစွာဖြင့် မကြာခဏ လှည့်ကြည့်မိသည်။

လရောင်ဖြင့် မိမိနောက်တွင် မြင်နေရသော အရိပ် ည်း အချို့ကိုပင် ခါချဉ်နက်များဟု ထင်မိသဖြင့် ရင်ထဲမှာ ရလုံးကြီး တစ်ခုက တက်ဆောင့် မိသေးသည်။ အသေအချာ ကြည့်၍ မဟုတ်မှန်းသိမှ ရွှေကြောကြီးရှိရာ ခြေတစ်လှမ်းချင်း ်းဝင်သွားသည်။

သို့တိုင် မည်သည့် အန္တရာယ်အယှက်မှ မတွေ့ရတော့မှ



www.burmeseclassic.com

www.burmeseclassic.com



စိတ်နည်းနည်း ရဲလာကာ ရွှေကြောကြီးအနီးသို့ အခက်အခဲ မရှိတိုးကပ်သွားနိုင်သည်။ တောင်ခြေအနီးတွင် မီးပုံ အဟောင်းများကို အနှံ့အပြားမြင်ရသည်၊ ပန်းထိမ် ဆရာ အင်္ဂ၏ ဖိုထိုးသော နေရာများပင်ဖြစ်၏။

နောက်ဆုံး တိုးသွားသောနေရာမှ မီးဖိုမှာ မီးများရှိနေသေးသောကြောင့် မီးရောင်အချို့က ရွှေကြောကြီးဆီသို့ အရောင်ဟပ်နေရာ ဝင်းဝါသော အလင်းရောင် အချို့ကို တွေ့ရသည်။

ရွှေကြောကြီးမှာ မြေအောက်အတန်ငယ် နက်သော နေရာတွင်ရှိသည်။ မျက်နှာပြင်ကို လှီးချထားရာ မုန့်စိမ်းပေါင်းကို ဓားဖြင့် လှီးထားသကဲ့သို့ အဖြူတစ်ထပ်၊ အဝါတစ်ထပ်၊ အမည်းတစ်ထပ် ဖြစ်နေသည်။

အဖြူမှာ ကျောက်သားမျက်နှာပြင်ဖြစ်ပြီး၊ အောက်ဆုံးမှ အမည်းရောင်များမှာ မြေသားအရောင် ဖြစ်သည်။

အလယ်မှ အဝါရောင်မှာ ရွှေကြောကြီးပင်ဖြစ်၏။

ရွှေကြောနေရာမှ ရွှေများကို ပန်းထိမ်ဆရာက နွံ့လိုသလို လှီးဖြတ် ယူထားရာ ဝင်းဝါသော အရောင်များ ထွက်နေခြင်းဖြစ်သည်။ နီမောင်သည် မိမိတစ်သက်တွင် တစ်ကြိမ်





တစ်ခါမှ မမြင်ဘူးသော ရွှေကြောကြီးအနီးသို့ ရောက်သောအခါ ရင်ထဲမှာ ဝမ်းသာတုန်လှုပ်မှု ဖြစ်မိသည်။

ထိုနေရာတွင် ဒူးထောက်ထိုင်ပြီး ရွှေများကို လက်ဖြင့် လိုက်စမ်းကြည့်သည်။ ရွှေများမှ အေးစက်သော အတွေ့အထိသည် လက်များမှ တစ်ဆင့် အသည်းနှလုံးထဲအထိ စိမ့်ဝင်သွားသည်ဟု ခံစားရသည်။

ထို့နောက်တွင် သူသည် ရွှေတုံးရွှေခဲအနည်းငယ်ကို အိတ်ထဲထည့် ယူခဲ့ပြီး ထိုနေရာမှ ပြန်ထွက်လာခဲ့သည်။

တစ်ကြိမ်တည်းနှင့်တော့ ရွှေကိုများများ မယူဝံ့ပေ . . ။

ပန်းထိမ်ဆရာကြီး ရိပ်မိသည်ကတစ်ကြောင်း၊ ခါချဉ်များ သိသွားမည်ကိုလည်း စိုးရိမ်သည်က တစ်ကြောင်းကြောင့်၊ တစ်ကြိမ်ယူလျှင် အနည်းငယ် ယူပြီး နေ့စဉ်ယူနိုင်ရန်သာ စိတ်ကူးမိသည်။ သူပြန်ထွက်လာတော့ အစာ စားနေကြသော ခါချဉ်များက သူသွားနိုင်ရန်ပင် လမ်းဖယ်ပေးကြသည်။

ထိုအဆင့်သည် နီမောင့်အတွက် ရည်ရွယ်ချက်များ အောင်မြင်စေရန် အခက်အခဲ အန္တရာယ်များကို အသက်နှင့်ရင်း၍ ကြိုးစားဖြတ်သန်းရသော ကြီးစွာသော ပထမအဆင့် အောင်မြင်ခြင်းဆိုက မမှားပေ . . . ၊



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစ၍ နီမောင်သည် ညဘက်များတွင် ခါချဉ်များကို အစာ တစ်ကြိမ်ထပ်ကျွေး၍ ရွှေအနည်းငယ်ကို နေ့စဉ်ယူခဲ့ပြီး သူနေထိုင်ရာတဲနှင့် မနီးမဝေး တောတွင်း တစ်နေရာမှာ သိုဝှက်သိမ်းဆည်းထားခဲ့သည်။

ကျွန်းပေါ် ရောက်ခဲ့ပြီး ရက်ပေါင်း အတော်ကြာခဲ့သည့်တိုင် သူ၏ မိတ်ဆွေများဖြစ်သော ဦးမွန်ထော်သည်လည်းကောင်း စာရေးဆရာ အောင်မင်းအောင်ကိုသော်လည်းကောင်း၊ တစ်ကြိမ်တစ်ခါမှပင် တွေ့ခွင့်မရတော့ပေ။

ဦးမွန်ထော်က ပန်းထိမ်ဆရာ အဂ္ဂိနှင့် အတူနေ၍ အလုပ်လုပ်နေရသောကြောင့် တစ်ကြိမ်တစ်ခါ ဖြတ်သွား ဖြတ်လာ တွေ့ခွင့်ရသေးသော်လည်း နက္ခတ်ဆရာကြီး သူရဋ္ဌခေါ်သွားသော စာရေးဆရာ အောင်မင်းအောင်ကိုတော့ တစ်ခါမှ မတွေ့ရတော့ပေ . . .။

ထိုသို့ မတွေ့ရသဖြင့် အသက်ရှင်လျက်မှ ရှိပါသေးရဲ့လားဟု တွေးမိသည်။

နီမောင်အဖို့ကတော့ စောမာလာနှင့် နေ့စဉ်နီးနီးကပ်ကပ်နေရသောအခါ တစ်ဦးနှင့်တစ်ဦး သံယောဇဉ်ဖြစ်ကာ ချစ်ခင်တွယ်တာ မိကြလေသည်။





နီမောင်က စောမာလာကို ချစ်နေသလို စောမာလာဟလည်း သူ့အပေါ် သံယောဇဉ်တွယ်တာနေကြောင်း၊ ရိပ်မိသည်။ သို့ကြောင့် သူမအတွက် အစေအပါး ဆိုသော်လည်း အစေအပါးတစ်ယောက်လို မဆက်ဆံဘဲ နီမောင့်ကို လွတ်လွတ်လပ်လပ် နေထိုင်ဆက်ဆံခွင့်ပေးထားလေသည်။

နှုတ်မှ ဖွင့်မပြောကြသော်လည်း၊ တစ်ယောက်ရင်ထဲမှ သံယောဇဉ်ကို တစ်ယောက်က မြင်နေသလို၊ တစ်ယောက်ရင်ထဲမှ အချစ်ကိုလည်း တစ်ယောက်က သိနေကြသည်။

"နီမောင်"

"ဟင် . . ."

"နင် ဒီမှာနေရတာ ပျော်လားဟင်"

"ပျော်လည်းနေရမှာပဲ၊ မပျော်လည်းနေရမှာဘဲ မဟုတ်ဖူးလား"

"ဒါတော့ ဒါပေ့ါ . . အခုနေ နင်တို့နေတဲ့ဆီကို ပြန်ရမယ်ဆိုရင် ပြန်မှာ လားဟင်"

"ပြန်မှာပေ့ါ . . ဟိုမှာ ငါ့အဖေ အမေတွေ ကျန်ခဲ့တယ်၊ အခုလောက် ဆိုရင် သူတို့ ငါ့အတွက်နဲ့ စိတ်ဆင်းရဲနေကြမှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့ နင်က ဒီနေရာမှာ ဘယ်ပျော်မှာလဲ၊ ဒီတောထဲမှာက ပျော်စရာကောင်းတာဆိုလို့ ဘာတစ်ခုမှ မရှိတာကိုး"

ဟု ဝမ်းနည်းသံလေးနှင့် ပြောလိုက်သည်။

စောမာလာ စိတ်မကောင်းဖြစ်သွားသည်ကို ရိပ်မိသော နီမောင်က

"ငါ့အတွက်တော့ ဒီမှာနေရတာ ပျော်စရာ စိတ်ချမ်းသာစရာ ရှိပါတယ်"

ဟု ပြောလိုက်သည်။

"ဘယ်မှာလဲဟင် . . ."

"ငါ့ ဘေးနားမှာလေ . . ငါ့အနားမှာ နင်ရှိနေတဲ့အချိန်ဆိုရင် ငါပျော် ပါတယ်၊ နင်မရှိရင်သာ ပျင်းတာ . . ."

ထိုစကားကြောင့် စောမာလာ မျက်နှာပေါ်မှာ ရှက်သွေးနှင့်အတူ ကျေနပ်မှု အပြုံးရိပ်များ ယှက်သန်းသွားလေသည်။

"နင်က ငါ့အနားမှာ အမြဲနေချင်ရင် နေရအောင် ကြိုးစားရင် ရတာပေါ့"

"ဘယ်လို ကြိုးစားရမှာလဲ . ."

"ငါ့အနားမှာ နေချင်ရင် ငါ့ကို ပိုင်ဆိုင်ခွင့်ရအောင်





ကြိုးစားပေါ့"

"ဘယ်လိုလုပ်ရမယ်ဆိုတာ နင်ပြောပြလေ . . ."

"ငါနဲ့ အဆင့်အတန်းတူအောင် လုပ်ရင်လုပ်၊ ဒါမှမဟုတ် ပိုပြီး မြင့်အောင် လုပ်မှရမှာပေါ့၊ အခု ဘာပဲ ပြောပြော၊ နင်က ငါ့ရဲ့ အခိုင်းအစေ အဆင့်မှာပဲ ရှိသေးတယ်၊ ဒီကျွန်းရဲ့ ဓလေ့ထုံးစံအရ ကျွန်းရဲ့ အကြီးအကဲ တစ်ဦးရဲ့ သမီးက သူ့ထက်အဆင့်အတန်းနိမ့်တဲ့ လူတစ်ယောက်နဲ့ ယူလို့ မရဘူး"

"အင်း ပြောပါဦး"

"နင် ငါ့ကိုလိုချင်ရင် ငါနဲ့ အဆင့်အတန်းတူအောင်၊ ဒါမှမဟုတ် ပိုပြီး မြင့်အောင် လုပ်ရမှာပေါ့၊ ငါ့အဖေ အပါအဝင် ဒီကျွန်းမှာရှိတဲ့လူတွေအားလုံးက နင့်ကို လူစွမ်းကောင်းတစ်ယောက်၊ ဒါမှမဟုတ် အဆင့်အတန်းမြင့်တဲ့ လူတစ်ယောက်လို သတ်မှတ်ရင် နင်ငါ့ကို အဖေ့ရှေ့မှာ ခွင့်တောင်းပြီး ငါ့ကို သိမ်းပိုက်ခွင့်ရှိတယ်"

ဟု ပြောပြလေသည်။

"အေးလေ . . တစ်နေ့ကျရင်တော့ နင့်ကို သိမ်းပိုက်နိုင်ဖို့အတွက် အဆင့်အတန်းမြင့်အောင်တော့ ငါကြိုးစားပါ့မယ်"

ဟု ကတိပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ကတိပေးလိုက်သော်လည်း မည်သို့မည်ပုံလုပ်ရမည်ကိုတော့ သူမသိသေးပေ . . .။

တစ်နေ့သောအခါ ထိုအခွင့်အရေးရရှိရန်အတွက် အကြောင်းကိစ္စ တစ်ခုက ပေါ်လာလေတော့သည်။

နီမောင်သည် ညဘက်ခါချဉ်များကို အစာသွားကျွေးပြီး ရွှေအနည်းငယ် ယူလာပြီးနောက် မိမိတဲအတွင်းမှာ အိပ်ပျော်ရန် ကြိုးစားနေသည်။ ဆောင်းရာသီဖြစ်သောကြောင့် နှင်းစက်များက မိုးပေါက်များသဖွယ် တဖျောက်ဖျောက် ကျဆင်းနေသည်။ သစ်ရွက်များပေါ် ကျနေသံမှာ မိုးရွာနေသကဲ့သို့ ရှိသည်။

နီမောင်သည် တဲအတွင်းရောက်သောအခါ အအေးဒဏ်မှ ကာကွယ်ရန် အတွက်သော်လည်းကောင်း၊ မှက်ခြင်များရန်မှ ကာကွယ်ရန်အတွက်သော် လည်းကောင်း မိမိအတွက်ပေးထားသော သရေပြားကြီးကို ဖက်ကာ အိပ်ပျော်ရန် ကြိုးစားနေစဉ် နားထဲသို့ ဆူဆူညံညံအသံများ တိုးဝင်လာလေတော့သည်။

ထိုအသံများမှာ တောင်ကြားဘက်မှ အစောင့်များ အော်လိုက်သော အသံများဖြစ်သည်။

ထိုအသံများနှင့်တစ်ဆက်တည်း လူရိုင်းတို့သည်





၎င်းတို့၏ ဘာသာ စကားများနှင့် ဆက်ကာ ဆက်ကာ အော်သံများကြားရသည်။ ခဏကြာသောအခါ အော်ဟစ်ပြောဆိုသံတွေက ကမ္ဘာပျက်သလို တောတစ်တောလုံး ဆူညံ သွားတော့သည်။

ညဉ့်အတော်နက်ပြီးဖြစ်သော်လည်း လရောင်က ဖြာဆင်းကျနေသောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်မှ လှုပ်ရှားမှုအားလုံးကို မြင်နေရသည်။ နီမောင် အိပ်ရာဘေးမှာ ချထားသော ဓားရှည်ကိုဆွဲပြီး အပြင်သို့ ထွက်ကြည့်လိုက်သည်။

မိမိတို့ဘက်မှ လူရိုင်းများသည် တဲအတွင်းမှ ပြေးထွက်လာကြသည်။ အချို့ဆိုလျှင် အိပ်ရာမှ ကပျာကယာ ထလာကြသောကြောင့် ခါးပေါ်တွင် အဝတ်အစားပင် မပါပေ။

သူတို့အတွက် အရေးအကြောင်း ပေါ်လာသောအခါ အဝတ်တန်ဆာက အရေးမကြီးလှပေ . . .။

တိုက်ပွဲဝင်ရန်အတွက် လူတစ်ယောက်လျှင် သစ်သားဖြင့် ပြုလုပ်ထားသော ဒိုင်းကာတစ်ခု၊ လှံတစ်ချောင်း၊ ဓားတစ်လက်၊ ဒါမှမဟုတ် အသွား ထက်သော ရဲဒင်း တစ်လက်စီတော့ ကိုယ်စီကိုယ်င ပါလာကြသည်။ ၎င်းတို့သည် ရှေးယခင်ကတည်းက ကျူးကျော်လာသော ဖန်တီလူရိုင်းများနှင့်



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ပေါင်းများစွာ တိုက်ခိုက်ခဲ့ကြဘူးသောကြောင့် တိုက်ပွဲအတွေ့အကြုံများကတော့ ကိုယ်စီကိုယ်င ရှိကြသည်။

သို့ကြောင့် လှုပ်ရှားပုံများမှာ အကွက်စေ့လှသည်။ တစ်ဖက်မှ ပစ်လွှတ်လိုက်မည့် အဆိပ်လူးမြားချက်များကို ကာကွယ်ရန် သစ်သား ဒိုင်းကာကြီးများနှင့် ဓား၊ လှံ၊ ရဲဒင်း ကိုင်ထားသော လူရှိုင်းများက ရန်သူများတက် လာမည့် လမ်းများဘက်ရှိ သစ်ပင်များ၊ ကျောက်တောင် ကျောက်တုံးများ နောက်သို့ အကာအကွယ်ယူလိုက်ကြသလို အဆိပ်လူးမြားနှင့် လေးများ ကိုင်ထားသူများ သစ်ပင်မြင့်များပေါ်သို့ မျောက်တစ်ကောင်ပမာ ပေါ့ပါးလျှင်မြန်စွာ တက်သွားကြသည်။

ခဏကြာသောအခါ တောတွင်းတစ်နေရာဆီမှ ညာသံပေးကာ တက်လာသော အသံများ ကြားကြရပြီး အသံများက တစ်စတစ်စ နီးလာသည်။

နယ်ခြားစည်းကျော်သည်နှင့် လှံကိုင်၊ ဓားကိုင်၊ ရဲဒင်းကိုင် လူများက ထွက်တိုက်ကြသည်။ သစ်ပင်ပေါ်မှ အဆိပ်လူးမြားများကို မိုးသီးမိုးပေါက်များလို ပစ်လွှတ်ကြသည်။

ဒင်းတို့ အသုံးပြုသော အဆိပ်မှာ ထိလိုက်တာနှင့် တုံးခနဲ လဲကျ သေဆုံးနိုင်သော ထိ သေ အဆိပ်များဖြစ်သလို





ဖန်တီလူရိုင်းများဘက်မှ ပစ်လိုက်သော မြားချက် ထိသည်နှင့်လည်း ချက်ချင်းသေဆုံးသွားကြလေသည်။

ဒင်းတို့ စစ်ပွဲမှာ အမြောက်သံ၊ သေနတ်သံ၊ ဗုံးသံများမပါသော်လည်း အသံတိတ်ကျည်ဆန်များပမာ ကြောက်မက်ဖွယ် ကောင်းလှသော မြားချက် များ ဓား၊လှံ၊ ရဲဒင်းချက်များကြောင့် တစ်ဖက်နှင့် တစ်ဖက် သေဆုံးသူများလာသည်။

စောစောပိုင်းက အော်ဟစ်တိုက်ခိုက်ကြသော်လည်း ကြာသောအခါ မာန်ဖီသံများလောက်သာ ကြားရတော့သည်။

ပစ်လွှတ်လိုက်သော မြားများကတော့ လေထဲမှာ သော် လည်းကောင်း သစ်ရွက်များကို ဖြတ်သွား၍သော်လည်း ကောင်း ပိတုန်းကောင်များ အုပ်စု လိုက်ပျံနေသလို တရွှီရွှီ . . တဝီဝီ ကြားနေရသည်။

ဖန်တီလူရိုင်းအုပ်စုများမှာ အုပ်စုများလှသောကြောင့် သည်ဘက်မှ အကျအဆုံးများလာပြီး၊ တစ်စတစ်စ အရေးနိမ့်လာသည်။

နီမောင်၏ လက်ရှိတာဝန်မှာ စောမာလာအား ရန်သူများ မထိပါးစေရန် ကာကွယ်ပေးရသော တာဝန်ဖြစ်သည်။

အကယ်၍ ထိုအချိန်တွင် မိမိသိမ်းဆည်းထားသော



www.burmeseclassic.com

www.burmeseclassic.com



ရွှေများကို ယူပြီး ထွက်ပြေးမည်ဆိုလျှင် အခွင့်ကောင်းရကာ လွတ်မြောက်ရန်အကြောင်းရှိသော်လည်း ထိုမျှ အောက်တန်းကျသော အလုပ်မျိုးကို သူမလုပ်လိုပေ . . . "

မြန်မာလူမျိုးတစ်ယောက်အနေနှင့် ထိုမျှ သူရဲဘောကြောင်သော အလုပ်မျိုးကို ဘယ်သောအခါမှ လုပ်လိမ့်မည် မဟုတ်ပေ . . .။

သူနှင့်စောမာလာတို့ နေထိုင်ရာတဲနှစ်လုံးကြားမှာ မီးပုံတစ်ပုံရှိသည်။ တိုက်ပွဲဖြစ်သံကြားကတည်းက စောမာလာက ထိုမီးပုံထဲသို့ ထင်းချောင်း အများအပြားကို ပစ်ထည့်သည်။ သူ့ကိုလည်း ထည့်စေသည်။ အကြောင်းကတော့ ထင်းချောင်းများကို မီးစွဲသောအခါ မီးတောက်ကြီးများကြောင့် အလင်းရောင်ရစေရန်သော်လည်းကောင်း၊ မီးစွဲသော ထိုထင်းချောင်းများအား လက်နက်အဖြစ် အသုံးပြုရန် ရည်ရွယ်ချက်ဖြစ်သည်။

အလင်းရောင်များကြောင့် တိုက်ပွဲဝင်သူများက သူလုကိုယ့်လူ ခွဲ၍ တိုက်ခိုက်နိုင်ကြလေသည်။

ထို့အပြင် မီးစွဲနေသော ထင်းချောင်းများကို ချီတက်လာသော ဖန်တီ လူရိုင်းအုပ်ထဲသို့ အဆက်မပြတ်ပစ်ထည့်





ခြင်းဖြင့် ၎င်းတို့မှာ မီးအပူကြောင့် ဖရိုဖရဲဖြစ်နေစဉ် ဒီဘက်က လူများက တရှမန်းကြမ်း ဝင်တိုက်ကြသည်။ သို့သော် ထိုနည်းမှာ ကြာရှည်မအောင်မြင်ပေ။ အဘယ့်ကြောင့်ဆိုသော် မကြာခင်မှာပင် မီးစွဲသော ထင်းချောင်းများသော်လည်းကောင်း၊ အခြားဆက် ထည့်ရန် ထင်းချောင်းများလည်း ကုန်သွားသောကြောင့် ဖြစ်သည်။

အစက မိမိတို့ဘက်မှ သာသယောင်ရှိသော်လည်း ကြာသောအခါ မိမိတို့ ဘက်မှ အကျအဆုံးများလာကာ တစ်ဖန်ပြန်၍ အရေးနိမ့်လာ ပြန်သည်။ လူရိုင်းများက တစ်စတစ်စ နီးကပ်လာပြီ၊

နိမောင် ဆုံးဖြတ်ချက်တစ်ခုချကာ မိမိအနီးတွင် လဲကျသေဆုံးနေသူ တစ်ဦးထံမှ လှံရှည်နှင့် ဒိုင်းကာကို ကောက်ယူပြီး တိုက်ပွဲအတွင်းသို့ ပြေးဝင်လာခဲ့သည်။

လူရိုင်းများမှာ အတန်ကြာအောင် အားသွန်ခွန်စိုက် တိုက်ခိုက်နေကြ ရသောကြောင့် စောစောကလို အော်ဟစ်ကြိမ်းမောင်းသံပင် မကြားရတော့ဘဲ အံကြိတ် မာန်ဖီသံ လောက်သာ ကြားရတော့သည်။

ထိုးခုတ်နေကြသော ဓားချက် လှံချက်များမှာ တဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းလေးလံ နှေးကွေးလာသည်။

လေးမြားသမားများလည်း ဆောင်ယူထားသော မြားများ ကုန်ပြီဖြစ်၍ မြားချက်များကလည်း စောစောကလောက် မများတော့ပေ။

နှစ်ဖက်စလုံးမှာ အားအင်ကုန်ခန်းပြီး ခြေကုန်လက်ပန်းကျကာ မောပန်းနေကြပြီ၊ ရေကုန်ရေခန်း တိုက်ခိုက်နေသော တိုက်ကြက်နှစ်ကောင်ကဲ့သို့ တဖြန်းဖြန်း မခွပ်နိုင်တော့ဘဲ လည်ချင်းလိမ်နေသည့် အဆင့်သာ ရှိတော့သည်။

နီမောင်အတွက် တကယ့်ကို အခွင့်ကောင်းဖြစ်တော့သည်။ သူသည် တိုက်ပွဲအတွင်းသို့ ဝင်ကာ ဖန်တီလူရိုင်းများကို တစ်ယောက်ပြီးတစ်ယောက် ထိုးခုတ်သတ်ဖြတ်ပစ်လေသည်။

သူ့ကို မြင်သောအခါ ဖန်တီလူရိုင်းများက တအံ့တသြဖြစ်ကာ ကြောက်ရွံ့ကြလေသည်။ အဘယ့်ကြောင့်ဆိုသော် သူ၏ အသားအရောင်နှင့် ဟန်အမူအရာမှာ မျောက်လူများနှင့် လုံးဝမတူသောကြောင့် ဖြစ်သည်။

ထို့ပြင် နီမောင်မှာ ရွာမှာနေစဉ်က ဦးမွန်ထော်ထံမှာ သိုင်းပညာများကို သင်ခဲ့ဖူးသောကြောင့် တိုက်ခိုက်သတ်ပုတ်ရသော ကိစ္စအတွက် မစိမ်းလှဘဲ သွက်သွက်လက်လက်





လှုပ်ရှားတိုက်ခိုက်နေသည်။

ရယ်စရာတော့ ကောင်းသည်။

ဖန်တီလူရိုင်းများမှာ မျောက်လူများနှင့် ပုံသဏ္ဌာန်လည်းမတူ၊ တိုက်ရည်ခိုက်ရည်လည်း မတူသော လူ တစ်ယောက်က သူတို့ လူများကို တစ်ယောက်ပြီး တစ်ယောက် ထိုးခုတ်သတ်ဖြတ်နေသည်ကို မြင်သောအခါ ကြောက်ရွံ့ ထိတ်လန့်မှုဖြစ်ခါ နောက်သို့ တဖြည်းဖြည်း ပြန်ဆုတ်သွားလေတော့သည်။

သူတို့တစ်တွေမှာ တစ်ယောက်နှင့်တစ်ယောက် စုစည်းမရအောင် ဖရိုဖရဲဖြစ်ကာ တပ်ပျက်သွားလေသည်။

တပ်ဦး ယိုင်သွားပြီး အခြေအနေပျက်ပြီကို သိသောအခါ နောက်ပိုင်းမှ တိုက်နေသူများက နောက်ကြောင်းသို့ ပြန်လှည့်ပြေးကြလေတော့သည်။

အဖြစ်အပျက်ကို မြင်သော မျောက်လူများမှာ အားတက်လာပြီး ညာသံပေး၍ တရမန်းကြမ်းလိုက်လံ တိုက်ခိုက်သောအခါ နောက်ဆုံး ဖန်တီ လူရိုင်းများ တပ်ပျက်ကာ နောက်ကြောင်းသို့ ပြန်လှည့်ပြေးကြလေတော့သည်။

တိုက်ပွဲက ပြီးသွားပေပြီ . . .။



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်မှာ အရုဏ်ဦး အလင်းရောင်များ တက်လာချေပြီ..။

အလင်းရောင်များက နီမောင်၏ အောင်ပွဲအတွက် ဂုဏ်ပြုသော အလင်းရောင်များဆိုက မမှားပေ ...။





အခန်း (၁၃)

## အချစ်ဖြင့် ရွေ့ပြောင်းသည့်သောက

နံနက်လင်းသောအခါ ကျွန်း၏ အကြီးအကဲ၊ သဝဏ် ခေါင်းဆောင်သော အကြီးအကဲများ၊ ကျွန်းသူကျွန်းသားများ စုဝေး၍ တိုင်ပင်ဆွေးနွေး မှုများ ပြုလုပ်ကြသည်။

ထိုပွဲသို့ ဆရာကြီး သူရဋ္ဌကိုယ်တိုင်လာသည်။

သူသည် အဝတ်နက်ကြီးတစ်ထည်ကို ဦးခေါင်းပေါ်မှာ ခြုံထားလေ သည်။ မျောက်လူများက ဆရာကြီး သူရဋ္ဌကို ကြောက်ရွံ့ရှိသေကြသည်။ ကျွန်းသူကျွန်းသားများ တိုင်ပင် ဆွေးနွေးနေသော ကိစ္စမှာ နီမောင်အား အစေ အပါးအဖြစ်မှ ကင်းလွတ်ခွင့်ပေးကာ မျောက်လူများ၏ သူရဲကောင်းအဖြစ် ရွေးချယ်ကြရန်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဆရာကြီး သူရဇ္ဇက . . .

"ဤသူရဲကောင်းသည် ဤကျွန်းပေါ်သို့ ရောက်လာခြင်းမှာ အကြောင်းမဲ့ မဟုတ်ပေ . . .၊ နက္ခတ်တာရာကို စောင့်ရှောက်သော နတ်မင်းများ စေလွှတ်လိုက်ခြင်းသာ ဖြစ်တယ်။ သင်တို့ လူမျိုးများအတွက် ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်ပေးရန်အတွက် ရောက်လာခြင်းဖြစ်ပေတယ်၊ သူ့အား နတ်မင်းများက စေလွှတ်လိုက်သည်ဆိုခြင်းကို ယုံမှားသံသယ မဖြစ်ကြနှင့်။

တခြား သာဓကကို မကြည့်နှင့် အစွမ်းထက်မြက်သော ကရော မယ်တော်၏ ဆေးများကို တွန်းလှန်နိုင်ခဲ့သည်ကပင် သာဓက မဟုတ်ပါလား"

"ဟုတ်ပါတယ်၊ မှန်ပါတယ် . . ."

"ယခုလည်း ဖန်တီလူရိုင်းများက သူ့ကို မြင်သည်နှင့် တစ္ဆေသရဲ မြင်သည့်အတိုင်း ကြောက်လန့်တကြား ထွက်ပြေးကြသည်မှာ နတ်မင်းများ၏ ကူညီစောင့်ရှောက်မှုကြောင့်သာဖြစ်ပေသည်။

သို့ကြောင့် ဤပုဂ္ဂိုလ်အား အစေအပါးအဖြစ်မှ ကင်းလွတ် ခွင့်ပေးကာ သူရဲကောင်းအဖြစ် ရွေးချယ်တင်မြှောက်ကြပေတော့ . . ."





ဟု ပြောလိုက်ရာ လူရိုင်းအားလုံးက တညီတညွတ်တည်း ထောက်ခံ အားပေးကြသည်။

သို့ကြောင့် . . .၊

သဝဏီက နီမောင်အား လူပုံအလယ်သို့ ထွက်လာစေပြီးနောက်၊ စောမာလာ၏ အစေအပါးအဖြစ်မှ ကင်းလွတ်ခွင့်ပေးလိုက်ကြောင်း အများ သိအောင် ပြောကြားလိုက်ရာ အားလုံးက သဘောကျကြသည်။ သဘော မကျသူ တစ်ယောက်ကတော့ စောမာလာကို နှစ်သက်နေသော ယက္ခနီဆို သော လူရိုင်းတစ်ယောက်သာရှိသည်။

၎င်းကတော့ အများရှေ့တွင် စောမာလာရှေ့မှာ နီမောင်ကို ယခုလို ဂုဏ်ပြုခြင်းကို လုံးဝမကျေနပ်ပေ . . .၊

သို့သော် လောလောဆယ်တော့ သူ့အနေနှင့် ဘာမှ မတတ်သာပေ၊ အခွင့်အရေးရအောင် စောင့်ရုံသာ ရှိတော့သည်။

ထို့နောက်တွင် ကျွန်းအကြီးအကဲ သဝဏီက နီမောင့် လက်ထဲသို့ သွေးစွန်းနေသော လုံရှည်တစင်းနှင့် ဒိုင်းကာကြီး တစ်ခုကို ပေးအပ်လိုက်ရာ အားလုံးက လက်ခုပ်သြဘာ တီး၍ဂုဏ်ပြုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင် သဝဏ်ကြီးက နီမောင် ရင်ဘတ်နှင့် မျက်နှာပေါ်သို့ ဆေးနီများ သုတ်လိမ်းပေးလိုက်သောအခါ ကျန်လူရိုင်းများက သံပြိုင်အော်ဟစ်ကြ ပြီး၊ လှံများဒိုင်းများ မြှောက်ကာ အားပေးကြသည်။ ထိုတွင် မကသေးဘဲ နီမောင်ကို ပတ်ဝိုင်းကာ ခြေထောက်များဆောင့်ကာ ကခုန်ကြသည်။

ထိုအကြောင်းများကို နောင်သောအခါ စောမာလာက ရှင်းပြသည်။ သူ့အား နက္ခတ်ဆရာကြီးပြောသည့်အတိုင်း နတ်မင်းများက စေလွှတ်လိုက်သော နတ်စစ်သည် တစ်ဦးပမာ သတ်မှတ်ကြပြီး၊ စောမာလာ၏ အခိုင်းအစေဘဝမှ ကင်းလွတ်ခွင့်ပေးလိုက်ကြသည်။

ယခု သူ့အား ချီးမြှင့်ပေးလိုက်သော အဆင့်မှာ လူရိုင်းစစ်သည်များကို ဦးဆောင်ရသော တိုက်ခိုက်ရေးခေါင်းဆောင် တာဝန်ဖြစ်တော့သည်။ ထိုအချိန် မှစ၍ ယခင်နေသော တဲမှာ မနေရတော့ဘဲ အုတ်တိုက်ပျက်ကြီးတစ်ခု အတွင်းသို့ ရွှေ့ပြောင်းနေရကာ စောမာလာနှင့် ခါချဉ်များကို အစာကျွေးရ သော အလုပ်ကိုလည်း မလုပ်ရတော့ပေ။

သို့သော် နီမောင်က စောမာလာကို သံယောဇဉ် ဖြစ်နေသောကြောင့် ခါချဉ်များ အစာကျွေးသွားလျှင် ခါတိုင်း





ကဲ့သို့ လိုက်လံအကူအညီပေးသည်။ ဒါကလည်း သူ့အတွက် ရည်ရွယ်ချက်နှစ်မျိုးရှိသည်။

တစ်ချက်က စောမာလာကို စောင့်ရှောက်ရန် အတွက် ဖြစ်ပြီး၊ ကျန် တစ်ချက်က ခါချဉ်များက သူ့အား အစဉ်အမြဲ မှတ်မိနေစေရန်အတွက် ဖြစ်သည်။

နောက်ပိုင်းမှာလည်း စောမာလာမှာ နီမောင် အပေါ် ဆက်ဆံပုံ ပြောင်းလာသည်။ ခါတိုင်းထက် ပို၍ အရေး ပေးလာသလို၊ အထင်ကြီးသော ဟန်အမူအရာများလည်း ရှိလာသည်။

တောထဲရောက်၍ ခါချဉ်များကို အစာကျွေးနေစဉ် နီမောင်က မေးသည်။

"ငါ အခု မင်းပြောတဲ့ အဆင့်အတန်းရောက်အောင် လုပ်ပြခဲ့ပြီးပြီ၊ မင်းကို သိမ်းပိုက်နိုင်ဖို့ ဘာတွေ လုပ်ရဦးမလဲ"

"အဖေ့ဆီက ကျွန်မကို မယားလုပ်ဖို့ တောင်းရမှာပေါ့"

"ဘာတွေလိုသေးလဲ"

"ကျွန်မက ဒီတောထဲက ဘုရင်ရဲ့ သမီးဆိုတော့ ဘုရင့်သမီးတော်ပေါ့၊ ကျွန်မကို သိမ်းပိုက်နိုင်တဲ့လူဟာ တစ်နေ့ကျလို့ အဖေမရှိတော့ရင် ဒီတောမှာ ဘုရင်လုပ်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ ဒါကြောင့် ကျွန်မကို လိုချင်လို့ တင်တောင်းတဲ့ ပစ္စည်းတွေကလည်း များတယ်"

"ဘာတွေလဲဆိုတာ ငါ့ကို ပြောပြလေ . ."

"ကျားသစ်ရေသုံးချပ်၊ ကျားခေါင်းသုံးလုံးရယ်၊ ဖန်တီလူရိုင်းတွေ ဆီမှာ ရှိတဲ့ သံရိုင်း သုံးပိဿာရယ်၊ ရွှေသုံးပိဿာရယ် တင်တောင်းရတယ်၊ ကျားသရေသုံးချပ်က ကိုယ်တိုင်သတ်တဲ့ ကျားသုံးကောင်ရဲ့ သရေ ဖြစ်ရတယ်"

"ဖန်တီလူရိုင်းတွေဆီက သံရိုင်းသုံးပိဿာကို ဘယ်လိုယူရမှာလဲ၊ သွားခိုးယူရမှာလား"

"မဟုတ်ဘူး၊ သူတို့က ရွှေသိပ်မက်တာဆိုတော့၊ ဒီကရွှေနဲ့လဲယူ ရင် ရနိုင်တယ်၊ ရွှေသုံးပိဿာရဖို့ကတော့ လွယ်ပါတယ်၊ နင်ကြိုးစားရမှာ က ကျားသုံးကောင်ရအောင် သတ်ဖို့ပဲ အရေးကြီးတယ်"

"မပူပါနဲ့ ငါရအောင် ကြိုးစားပေးမယ်၊ ကျားသုံးကောင်ကိုလည်း ရအောင် သတ်ပေးမယ်၊ သံရိုင်းသုံးပိဿာနဲ့ ရွှေသုံးပိဿာလည်း ရအောင်ယူ ပေးမယ်၊ နောက်ပြီး နင့်ကိုလည်း ရအောင်ယူမယ်" ဟု အားရပါးရ ပြောလိုက်သည်။

"နင် တကယ်ပြောတာလား နီမောင်"





"တကယ်ပြောတာပေါ့၊ နင်ပြောတာတွေကို မကြာခင်ရအောင် လုပ်ပေးမယ် . ."

"ငါ ဝမ်းသာလိုက်တာ နီမောင်ရယ် . . ."

ဟု ဆိုကာ စောမာလာက နီမောင်လည်ပင်းကို သိုင်းဖက်လိုက်လေတော့သည်။ နီမောင်ကလည်း စောမာလာ ကိုယ်ကလေးကို ပြန်ဖက်ထား လိုက်သည်။ သူသည် နှုတ်မှလည်း တတွတ်တွတ် ရွတ်ဆိုနေကာ၊ မျက်နှာ ပေါ်မှာ မျက်ရည်များလည်း ကျနေသည်။

သူမသည် လက်ထဲမှာ ကိုင်ထားသော သစ်သီးခြောက်များကို ပစ်ချလိုက်ကာ နီမောင်အား ဖက်လိုက်သဖြင့် သစ်သီးခြောက်များက နှစ်ယောက် သားခြေရင်းမှာ ပြန့်ကျဲကာ နေလေရာ ထိုသစ်သီးခြောက်များကို ခါချဉ်ကောင်များက လာရောက်စားသောက်နေကြသည်။

လူသတ်ရာတွင် ရက်စက်လှသော ခါချဉ်နက်ကြီးများက သူတို့နှစ်ယောက်၏ ခြေထောက်ပေါ်မှ သော်လည်းကောင်း၊ ကိုယ်ပေါ်မှသော်လည်းကောင်း တွယ်တက်ဖြတ်ကျော်ကာ သွားလာ စားသောက်ကြလေသည်။

နှစ်ယောက်သားကတော့ ပတ်ဝန်းကျင်ကို လုံး



www.burmeseclassic.com

www.burmeseclassic.com



ဂရုမပြုတော့ပဲ တစ်ဦးနှင့်တစ်ဦး တင်းတင်းဖက်ကာ စကားလက်ဆုံ ပြောမကုန်နိုင်အောင် ရှိနေကြတော့သည်။

နီမောင်စိတ်ထဲမှာတော့ စောမာလာပြောပြသော ပစ္စည်းများ ရှာဖွေရန်ထက် မိမိရှာဖွေစုဆောင်းထားသော ရွှေများနှင့် စောမာလာကိုပါ တစ်ခါတည်း ခေါ်ကာ မြန်မာပြည်သို့ ပြန်နိုင်ရန်သာ ကြိုးစားမည်ဟု စိတ်ကူးနေမိသည်။

အကယ်၍သာ မိမိရှာဖွေထားသော ရွှေများကို သယ်ဆောင်သွားနိုင် မည်ဆိုပါက မြန်မာပြည်သို့ ပြန်ရောက်လျှင် လူချမ်းသာ စာရင်းဝင်တစ်ဦး ဖြစ်ကာ စောမာလာအား တင့်တောင့်တင့်တယ် ထားနိုင်လိမ့်မည်ဟုလည်း တွေးနေမိသည်။

အနီးကပ်ဆက်ဆံကြည့်သောအခါမှ စောမာလာသည် လူရိုင်းမျိုးနွယ် များနှင့်မတူဘဲ ယဉ်ကျေးသိမ်မွေ့သော မျိုးနွယ်စုတစ်ခုမှ ဆင်းသက်ပေါက်ဖွားလာသူတစ်ဦးနှင့် တူကာ အကယ်၍ မြန်မာပြည်ခေါ်သွားနိုင်ပါက မကြာခင်မှာပင် ယဉ်ကျေးလှပသော အမျိုးသမီး တစ်ယောက် ဖြစ်လာနိုင်သည်ဟုလည်း ထင်မိလေသည်။

...ား ကြည်နူးမှု ဖြစ်နေစဉ် မိမိတို့ အပေါ်ရှိ ...ပေါ်မှ သဏ္ဌာန်ကို ရုတ်တရက် မြင်လိုက်





ရသဖြင့် စောမာလာကို တွန်းဖယ်၍ မော့ကြည့်လိုက်သောအခါ သစ်ရွက်များကြားမှာ ယက္ခနီ၏ မျက်နှာကို မြင်လိုက်ရသည်။

၎င်း၏ မျက်နှာပေါ်မှာ မုန်းတီးခြင်း၊ ဒေါသဖြစ်ခြင်း၊ မကျေနပ်ခြင်း၊ ရန်လိုခြင်း စသော မစ္ဆရိယ တရားများကို တစ်ပြိုင်နက် တွေ့ရလေသည်။

၎င်းသည် မကျေမနပ်ဖြင့် ငုံ့ကြည့်ပြီး နောက် သစ်ရွက်များကြားမှ သစ်ပင်တစ်ပင်ကို မျောက်တစ်ကောင်လို လျင်မြန်စွာ ကူးသွားကာ ပျောက်ကွယ်သွားလေတော့သည်။

ယက္ခနီကို တွေ့လိုက်ရတော့ စောမာလာ၏ မျက်နှာမှာ သွေးမရှိတော့ သလို ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

"ဘာဖြစ်တာလဲ မာလာ . . ၊ ဘာကြောက်စရာရှိသလဲ၊ သူ့ကို ကိုယ်တို့က ဘာများ ကြောက်စရာရှိရမှာမို့လဲ . ."

ဟု နီမောင်က ပြောလိုက်သည်။

"မဟုတ်ဖူးမောင်၊ မာလာက သူ့ကို ကြောက်လို့မဟုတ်ပါဘူး၊ ဒါပေမယ့် ယက္ခနီက မာလာကို ရဖို့ ကြိုးစားနေတဲ့ လူတွေထဲမှာ တစ်ယောက်ပါတယ်၊ သူက တိုက်ရည်ခိုက်ရည်လည်းကောင်းတယ်၊ ကဝေမယ်တော်ကြီးဆီက ဆေးကောင်းဝါးကောင်းတွေလည်း ရထားတယ်လို့ သတင်းကြား ရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ကျားနှစ်ကောင်ကိုလည်း ဖမ်းထားပြီးပြီ၊ ဖနတီ လူရိုင်း တွေဆီက သံရိုင်းတွေလည်း ရထားပြီးပြီလို့ သိရတယ်"

"အဲဒီတော့ ဘာဖြစ်သလဲ မာလာ . . ."

"ဒီကျွန်းပေါ်မှာက ထုံးစံရှိတယ်မောင်၊ သတ်မှတ်ထားတဲ့ ပစ္စည်းတွေကို အရင်ရအောင်ရှာပြီး၊ တင်နိုင်တဲ့ လူက အဖေ့ဆီမှာ မာလာ့ကို တောင်းယူခွင့်ရှိတယ်၊ အရင်ကတော့ သူကြည့်ရတာ အေးအေးဆေးဆေးပါပဲ . . ၊ အခု မာလာနဲ့ မောင် ချစ်နေကြတာကို သူသိသွားပြီဆိုတော့ လိုတဲ့ ပစ္စည်းတွေ အမြန်ဆုံးရအောင်ရှာပြီး မာလာကို တောင်းယူရင် ခက်မယ်လို့ တွေးမိလို့ပါ"

"အဲဒီလို တောင်းရင် မာလာအနေနဲ့ ငြင်းပယ်ပိုင်ခွင့် မရှိဘူးလား"

"မရှိဘူး ဒီတောထဲမှာက ဓလေ့ထုံးစံက အရေးအကြီးဆုံးပဲ၊ ဒီမှာ သတ်မှတ်ထားတဲ့ ဓလေ့ထုံးစံတွေကို ဘယ်သူမှ လွန်ဆန်လို့မရဘူးမောင်"

ဟု မျက်နှာလေး ညှိုးငယ်စွာဖြင့် ပြောပြလေသည်။

"ဒီအတွက် ဒီလောက်လည်း စိတ်မပူပါနဲ့ မာလာရယ်၊ အခုဆိုရင် မာလာရဲ့ အနားမှာ မောင်ရှိနေပြီပဲ၊ ဘာမှ





အားငယ်စရာ မရှိတော့ပါဘူး၊ မာလာကို မောင်ဘယ်တော့မှ လက်လွှတ်မခံပါဘူး၊ တကယ်လို့ သူက မောင့်အရင် တင်တောင်းလာရင် မောင်က မာလာကို ဒီနေရာကနေ တစ်ခါတည်း ခေါ်ပြီး ထွက်သွားမှာပေါ့"

"ဒီကျွန်းက ပင်လယ်ရေတွေ ပတ်လည်ဝိုင်းနေတာ ဘယ်မှ သွားလို့ မရဘူး၊ ဘယ်ကိုသွားမှာလဲဟင် . . ."

"လူဆိုတာ အချစ်နဲ့ ပတ်သက်လာရင် အမြဲတမ်း အကြံကောင်း ဉာဏ်ကောင်းတွေ ပေါ်တတ်ပါတယ်၊ ကဲပါ မာလာရယ်၊ ဒီလောက်လည်း စိတ်ပူမနေပါနဲ့ မောင်က သူ့အရင် တင်တောင်းနိုင်အောင် ကြိုးစားပါ့မယ်"

ဟု နှစ်သိမ့်မှုပေးလိုက်မှ ကျေနပ်သွားဟန်ဖြင့် စောမာလာက မျက်နှာ ပေါ်ဝယ် အပြုံးရိပ်ကလေးများ ယှက်သန်းသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)
## ကျားမာန်စွယ် လူရန်စွယ်

အမှန်တော့ လူမျောက်များနေထိုင်ရာ ကျွန်းပေါ်မှာ ကျားသုံးကောင် ရဖို့ မဆိုထားနှင့် ကျားတစ်ကောင် ဖမ်းမိဖို့ ပင် မလွယ်ကူလှပေ။ အဘယ် ကြောင့်ဆိုသော် . . ကျားသုံးကောင်၏ သရေနှင့် ခေါင်းကို ရထားလျှင် ကျွန်း၏ အကြီးအကဲရာထူး၊ ဒါမှမဟုတ် စောမာလာလို အကြီးအကဲတစ်ယောက်၏ သမီးကို တောင်းရမ်းယူနိုင်သောကြောင့်ဖြစ်သည်။

ထိုသို့ ရနိုင်ရန်အတွက် သတ်မှတ်ထားသော ပစ္စည်းများမှာ အခြား သံရိုင်းနှင့် ရွှေပစ္စည်းနှစ်မျိုးမှာ သက်မဲ့ ပစ္စည်းဖြစ်သောကြောင့် အလွယ်တကူ ရနိုင်သော်လည်း ကျားဆို





တာကတော့ အသက်နှင့်ရင်းပြီး တိုက်ခိုက်သတ် ဖြတ်မှ ရသောကြောင့် ခက်ခဲလှပေသည်။

အချို့ ကျားနောက် လိုက်ရင်းနှင့်ကျားစာ မိသွားသူတွေ လည်း အများ အပြားရှိလေသည်။

သို့သော်လည်း ငွဲ့မလျှော့ကြဘဲ ကျားရှိသည်ဟု အသံကြားလိုက်သည်နှင့် သဲကြီးမဲကြီး လိုက်လံရှာဖွေကြမြဲဖြစ်သည်။

သို့ကြောင့်လည်း သည်ကျွန်းပေါ်ရှိ လူငယ်လူရွယ်တိုင်း ဆီမှာ အနည်းဆုံး ကျားသရေတစ်ချပ်နှင့် ခေါင်းတစ်လုံးစီလောက်တော့ ရှိကြသည်ကများသည်။ အရွယ်ရောက်သူတိုင်း ကျားတစ်ကောင်လောက်မှ မဖမ်းဖူးလျှင် လူရာ သိပ်မဝင်လှပေ . .။

ဒါကြောင့် ကျားတစ်ကောင်ရဖို့ ကိစ္စမှာ သူတို့လူမျိုးများအတွက် သိက္ခာတရားအတွက်ဆိုက မမှားပေ . .။

သည်ကျွန်းပေါ်မှာ အခြားသူများထက် သာသူကတော့ ယက္ခနီဆို သော လူရိုင်းပင်ဖြစ်၏။

စောမာလာပြောပြချက်အရ ၎င်းသည် စောမာလာကိုနှစ်သက် သဘောကျနေသဖြင့် တောင်းရမ်းယူနိုင်ရန်အတွက် ရွှေနှင့်သံရိုင်းများကို ရှာဖွေရရှိထားသည့်အပြင် ကျားသရေ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ချပ်နှင့် ခေါင်းနှလုံးကို ပိုင်ဆိုင်ထား သူဖြစ်၏။

သို့ကြောင့် ကျွန်းပေါ်တွင် အကြီးအကဲရာထူးကို ဆက်ခံရန်အတွက် သော်လည်းကောင်း၊ စောမာလာကို တောင်းရမ်းယူနိုင်ရန် အတွက်သော်လည်းကောင်း သူက အနီးစပ်ဆုံးဖြစ်နေသည်။

နောက်ထပ် ကျားတစ်ကောင် ထပ်မံဖမ်းမိလျှင် စည်းကမ်း သတ်မှတ်ချက် ပြည့်စုံတော့မည်ဖြစ်၏။

အမှန်တော့ ယခုအခြေအနေတွင် နီမောင်ကို ကျွန်း၏ အကြီးအကဲ များက တိုက်ရည်ခိုက်ရည်ကောင်းသူအဖြစ် လက်ခံကြသော်လည်း၊ အကယ်၍ ကျွန်းအကြီးအကဲအဖြစ် သော်လည်းကောင်း၊ စောမာလာကို တောင်းရမ်းယူနိုင်ရန် သော်လည်းကောင်း ကျွန်း၏ မလေ့ထုံးစံအရ သတ်မှတ်ထား သော ပစ္စည်းများကို ရအောင် ရှာရမည်ဖြစ်ရာ ယက္ခနီနှင့် စာလျှင် သူ့ဘက်က နောက်ကျနေသည်။

သို့သော် သူ့ဘက်က တစ်ပန်းသာသော အချက်ထ တော့ ကာယကံ ရှင်ဖြစ်သူ မာလာ၏ အချစ်ကို ပိုင်ဆိုင်ရ ထားခြင်းပင်ဖြစ်၏။

ထိုသို့ ဖြစ်နေစဉ်မှာပင် . . . ယခုရက်ပိုင်းအတွင်း





ကျွန်းပေါ်သို့ ကျားပေါက်တစ်ကောင် နယ်ပြောင်းရောက်ရှိ လာသော သတင်းက ပေါ်လာသည်။

ထိုသတင်းကို အားလုံးအတွက် စိတ်ဝင်စားဖွယ်ရာ ဖြစ် တော့သည်။ နီမောင့်အတွက်ရော ယက္ခနီအတွက်ပါ အလွန် အရေးကြီးသော သတင်း တစ်ခုဆိုကလည်း မမှားပေ . . .။

ယက္ခနီအတွက် သူ၏ နောက်ဆုံး ရည်မှန်းချက်ပြည့်စုံ ရန် အတွက် ထိုကျားကို ဖမ်းမိရန် ကြိုးစားရမည်ဖြစ်သကဲ့သို့ နီမောင်အတွက်ကလည်း ဘဝမျှော်လင့်ချက် သိက္ခာတရား အတွက် ထိုကျားကို ယက္ခနီထက် အရင် ဖမ်းမိဖို့ လိုပေသည်။

သို့ကြောင့် ကျားဖမ်းထွက်ရန် ပြင်ဆင်ရတော့သည်။

လည်ဂုတ်အထိ ဝဲကျနေပြီဖြစ်သော ဆံပင်ရှည်များကို သရေပြား တစ်ချပ်နှင့် နဖူးမှ သိုင်းစည်းသည်။ သရေကိုယ် ကျပ် အင်္ကျီနှင့်ဘောင်းဘီကို ဝတ်သည်။ ခြေသိုင်းဖိနပ်ကို စီးသည်။

ဓားတစ်လက်၊ လှံတစ်ချောင်း၊ လေးနှင့် မြားဘူးကို ယူသည်။

တောထဲမှာ စားသောက်ရန် ရေနှင့် ရိက္ခာအချို့ကို သရေအိတ်တစ်လုံးဖြင့် ထည့်ယူကာ တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



တောထဲထွက်ခဲ့သည်။

သူသည် မုဆိုးတစ်ယောက် မဟုတ်စေကာမူ တောနှင့် စိမ်းသူ တစ်ယောက်တော့ မဟုတ်ပေ။

သို့စေကာမူ တောနက်ထဲမှာ သွားလာရာတွင် ယက္ခနီက သူ့ထက် တပန်းသာသောအချက်မှာ မျောက်တစ်ကောင်ကဲ့သို့ သစ်ပင်များပေါ်မှာ တစ်ပင်မှတစ်ပင် လျှင်မြန်စွာကူးသန်းသွားလာနိုင်ခြင်းပင် . . ။

ထို့ကြောင့်လည်း သားကောင်လိုက်ရာတွင် အပေါ်စီးမှ လိုက်သောကြောင့် တောကောင်ကိုအလွယ်တကူ ရှာတွေ့နိုင်သလို သူ့အတွက်လည်း အန္တရာယ်ကင်းသည်။

နီမောင်ကတော့ ထိုသို့မဟုတ်ပေ . . . ။

မြေပြင်မှာသာ သွားလာရှာဖွေရလေသည်။ ထိုသို့ရှာဖွေရာတွင်လည်း တောထဲမှ အခြားတိရစ္ဆာန်များ၏ အန္တရာယ်ကို သတိထားရသလို သစ်ပင်ပေါ်မှ မျောက်တစ်ကောင်လို သွားလာနိုင်သော ယက္ခနီ၏ ရန်ကိုလည်း ဂရုစိုက်ရသေးသည်။ သတိမထားပါက မုဆိုးဘဝမှ သားကောင်ဘဝသို့ ရောက်သွားနိုင်ပေသည်။

တောနက်ထဲမှာ တစ်နေ့နှင့်တစ်ညလိုက်လံ ခြေရာခံ





သောအခါ တော ကောင်ကြီး၏ ခြေရာနှင့် အငွေ့အသက်ကို တွေ့ရတော့သည်။ ပင်လယ်နှင့် မဝေးလှသော တောကြောတစ်ခုအနီးတွင် ဆားတွင်းတစ်တွင်းရှိသည်။ ၎င်းနှင့် မလှမ်းမကမ်းနေရာမှာလည်း တောင်ကျရေအိုင်ငယ် တစ်ခုရှိသည်။ ထိုနေ ရာတစ်ဝိုက်တွင် တောကောင်ကြီး၏ ခြေရာများကို လတ်လတ်ဆက်ဆတ် တွေ့ရသည်။

သွေးကွက်များနှင့်သားကောင်များ၏ အရိုးနှင့် အပိုင်းအစများကို တွေ့သည်။ ရေအိုင်အနီး ပတ်ဝန်းကျင်မှာ စားလက်စ စားကြွင်းစားကျန်များပင် ရှိသေးသည်။

နယ်ပြောင်းရောက်လာသော တောကောင်ကြီးသည် ဆားတွင်းသို့ ရောက်လာသော တိရစ္ဆာန်လေးများကို စောင့်ဖမ်းပြီး ရေအိုင်အနီးမှာ သွားရောက် စားသောက်ခဲ့ဟန်ရှိသည်။

တောတိရစ္ဆာန်ကလေးများမှာ ဆာတွင်းမှ ဆားကိုလျက်၍ ရေသောက်ဆင်းကြသောကြောင့်ဖြစ်သည်။ ထိုအကြောင်းကို သိသော တောကောင်ကြီးက ဆားတွင်းနှင့် ရေအိုင်အနီးမှ တလှည့်စီ စောင့်ကာ လာသမျှ သားကောင်များကို ဖမ်းဆီးသတ်ဖြတ် စားသောက်နေဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ထိုနေရာတစ်ဝိုက်မှာပင် တောကောင်ကြီးကို စောင့်ဆိုင်း ဖမ်းဆီးရန် ဆုံးဖြတ်လိုက်ပြီးနောက် မိမိအတွက် လုံခြုံမှုရှိပြီး ပစ်ကွင်းကောင်း သောနေရာတစ်ခုကို ရွေးချယ်ရသည်။

ထိုနေရာမှာ ဆားတွင်းနှင့်မနီးမဝေးရှိ တောင်ကြောတစ်နေရာတွင် ဖြစ်သည်။ အနီးတွင် သစ်ပင်ကြီးနှင့် ချုံနွယ်များရှိသည်က တစ်ကြောင်း၊ မိမိနောက်ဘက်တွင် ကျောက်တောင်ကြီးရှိသောကြောင့် နောက်ကျောလုံသည်၊ မလှမ်းမကမ်းရှိ သစ်ပင်ကြီးများဆီသို့ ကောင်းစွာမြင်နိုင်သောကြောင့် ယက္ခနီ၏ အန္တရာယ်ကိုလည်း သတိပြုနိုင်သည်။

ဆားကျင်းကို ကောင်းစွာမြင်နိုင်ပြီး၊ မိမိအတွက် ပစ်ကွင်းကောင်းသော နေရာကို ရွေးချယ်ပြီးလျှင် ထိုနေရာမှာပင် စခန်းချရန် ဆုံးဖြတ်လိုက်သည်။

တောကောင်ကြီးတို့၏ သဘာဝမှာ ညဘက်တွင် အစာရှာထွက်လေ့ရှိပြီး၊ နေ့ဘက်တွင် ချောက်ကောင်းကောင်းတွင် အိပ်နေလေ့ရှိသည်။

သို့ကြောင့် နီမောင်သည် မိမိအတွက် လုံခြုံစိတ်ချရသော နေရာကို ရွေးချယ်ပြီးနောက် ပါလာသော ရေနှင့်





အစားအသောက်များကို စားသောက်ကာ တစ်ရေးတစ်မော အိပ်လိုက်သည်။

အဘယ်မျှကြာအောင် အိပ်ပျော်သွားသည် မသိပေ။

နားထဲမှာ ထူးခြားသော အသံကို ကြားလိုက်ရသော အခါ ပြန်နိုးလာသည်၊ သူအိပ်ပျော်သွားတာ နေ့လယ်ဘက် ဖြစ်ပြီး ယခု ပြန်နိုးလာသော အချိန်မှာ ညနေစောင်း အချိန် ရောက်နေပြီ။

တောရိပ်တောင်ရိပ်များကြောင့် အမှောင်ရိပ်များက ကျဆင်းစပြုနေပေပြီ။ တောထဲမှာ ဝိုးတဝါးသာ မြင်နိုင်တော့သည်။

သူ့နားထဲမှာ ကြားလိုက်ရသောအသံက မြေပြင်တောထဲမှ ကြားရသော အသံမဟုတ်ပေ . . .။

မလှမ်းမကမ်းရှိ သစ်ပင်ကြီးများဆီမှ ကြားလိုက်ရခြင်း ဖြစ်သည်။ သတ္တဝါတစ်ကောင် သစ်ပင်တစ်ပင်မှ တစ်ပင်သို့ ခုန်ကူးပြေးကာပ်လိုက်ရာမှ ပေါ်ထွက်လာသော အသံမျိုးဖြစ်သည်။

သို့ဆိုလျှင် ယက္ခနီများ ရောက်လာလေပြီလားဟု သံသယရှိသဖြင့် သစ်ပင်ကြီးများပေါ်သို့ လှမ်းကြည့်ပြန်တော့လည်း အမှောင်ရိပ်များ သမ်းနေ သောကြောင့် ဘာတစ်ခုမှ သဲသဲကွဲကွဲ မမြင်ရပေ။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီးများမှာ မသဲကွဲသော အလင်းရောင်အောက်မှာ မကောင်းဆိုးဝါးကြီးများ ထီးထီးမားမား ရပ်နေသကဲ့သို့ ရှိသည်။

ထိုသစ်ပင်ကြီးများအပေါ်မှ မိမိအသက်ကို ခြွေမည့်သေမင်း တမန် အဆိပ်လူးမြှားများ ရောက်လာနိုင်သဖြင့်သတိတော့ ထားရမည်ဟု တွေး လိုက်မိသည်။

ညဦးပိုင်းရောက်သောအခါ အိပ်တန်းပြန်လာသောငှက်များ၊ တောကောင်ငယ်ကလေးများ၏ အသံများကို ကြားရပြီ၊ အရှေ့ဘက်မှ လရောင် ထွက်လာသောအခါ တဖြည်းဖြည်းတိတ်ဆိတ်ငြိမ်သက်သွားသည်။ မျောက် မောင်းမအော်သံနှင့်ညဥ့်ငှက်အော်သံတို့လောက်သာ တစ်ခါတစ်ရံ ပေါ်ထွက်လာ၏။

မြေပြင်ဆီမှာတော့ (ချေ)ဂျီဟောက်သံ၊ ဆတ်ဟောက်သံ၊ အသံများ အပြင် မြွေတွန်သံများကိုပါ ကြားရသည်။

ညဥ့်နက်လာသည်နှင့် လရောင်တလည်း တဖြည်းဖြည်းမြင့်တက်လာသည်။ သစ်ရွက်ဖပ်ဖျားများကို ကျော် တက်လာပြီး မြေပြင်ပေါ်သို့ ကွက်တိ ကွက်ကြား ကျဆင်းလာသည်၊ လရောင်မြင့်လာသည်နှင့် အအေးဓာတ်ကပါ ပိုလာသည်၊





မကြာမီ ဆားတွင်းရှိရာသို့ လရောင်က အပေါ်တည့်တည့်မှ ကျလာခါ လှုပ်ရှားနေသောအရာဝတ္ထုများကို လှမ်းမြင်နေရသည်။ နီမောင်က လုံ့ရှည်နှင့် ဓားကို နံဘေးတွင်ချထားပြီး လေးနှင့်မြှားကို အဆင်သင့် ပြင်ထားလိုက်သည်။

မြှားဘူးထဲမှာပါသော မြှားများ၏ ထိပ်ဖျားတွင် ထိသေအဆိပ်များလူး ထားသောကြောင့် သတ္တဝါများကို ထိလိုက်တာနှင့် သွေးစို့ရုံနှင့်သေစေနိုင်သော အဆိပ်များ ဖြစ်သည်။ လရောင်ကြောင့် ဆားကျင်းတစ်ဝိုက်မှာ အလင်းရောင်များရလာသောအခါ တောထဲမှာ တောကောင်များ ထွက်လာပြီးဆားကျင်းမှ ဆားများကို လျက်ကြသည်။ ပြီးသည်နှင့် ရေအိုင်ရှိရာဘက်သို့ ထွက် သွားကြသည်။ အကယ်၍ တောကောင်ကြီးသည် ထိုနေရာတစ်ဝိုက်တွင် ရှိမည် ဆိုပါက ဆားကျင်းသို့မဟုတ် ရေအိုင်ရှိရာသို့ မဖြစ်မနေ လာရောက်မည်မှာသေချာလှသည်။

သားကောင်ငယ်ကလေးများမှာ သမင်၊ ဒရယ်၊ ဆတ်၊ တောဝက်၊ (ချေ)ဂျီ အစရှိသည့် သတ္တဝါများဖြစ်ပြီး၊ ဆားကျင်းရှိရာသို့ ရဲရဲတင်းတင်း ဆင်းလာပြီး အေးအေး ဆေးဆေးနှင့်ဆားများလျက်နေပုံထောက်တော့ ထိုနေရာ တစ်ဝိုက်သို့



www.burmeseclassic.com

www.burmeseclassic.com



တောကောင်ကြီး ရောက်မလာသေးဟု ခန့်မှန်းနိုင်သည်။

သူထင်သည့် အတိုင်းအတန်ပင် ညဉ့်နက်လာသောအခါ ဆားတွင်းတွင် ဆားလျက်နေသော သားကောင်ငယ်ကလေးများမှာ တစ်စုံတစ်ရာ၏ အနံ့ကို ရလိုက်သည့်ဟန်ဖြင့် အလန့်တကြား ပြေးထွက်သွားကြသည်ကို လှမ်းမြင်လိုက်ရသည်။

သေချာပြီ . . ။

သူတို့ ကြောက်ရသော သတ္တဝါတစ်ကောင်ကောင်တော့ ဆားတွင်းရှိရာသို့ ဆင်းလာနေဟန်ရှိသည်။

နီမောင်ကိုယ်ကို ပြင်၍ လေးနှင့်မြားကို အဆင်သင့်ပြင်ထားလိုက်သည်။

မကြာမီ လရောင်စွန်းထင်းနေသော ဆားကျင်းနံဘေးရှိ တောစပ်အတွင်းမှ သတ္တဝါကြီးတစ်ကောင်၏ ဦးခေါင်းပိုင်းကြီး ထွက်လာသည်။ တောကောင်ကြီး၏ ဦးခေါင်းပိုင်းဖြစ်သည်။

နီမောင်ရင်ထဲမှာ စိတ်လှုပ်ရှားမှုကြောင့် တုန်လှုပ်လာသည်။ သူ့တစ်သက်တာတွင် ကျားကဲ့သို့ တောကောင်ကြီးတစ်ကောင်ကို ပစ်ခတ်ဖမ်းဆီး ရမည်မှာ ယခုအကြိမ်မှာ ဦးဆုံးအကြိမ်ဖြစ်သောကြောင့် စိတ်လှုပ်ရှားနေမိခြင်းဖြစ်သည်။

ကြောက်ရွံ့စိတ်ကြောင့် မဟုတ်သော်လည်း မိမိဆောင်





ရွက်သော ကိစ္စ မအောင်မြင်မှာ စိုးရိမ်နေသောကြောင့် ရင်ထဲမှာ စိတ်လှုပ်ရှားနေမိခြင်း ဖြစ်၏။

တောကောင်ကြီးက ဦးခေါင်းပိုင်း အရင်ထွက်လာပြီး ပတ်ဝန်းကျင် အခြေအနေကို ကြည့်သည်။ အနံ့ခံကြည့် သည်။ စိတ်ချလောက်သောအခါမှ ရှေ့သို့ ဖြေးဖြေးခြင်း တိုးထွက်လာသည်။

သတင်းကြားစဉ်က ကျားပေါက်တစ်ကောင်ဟု ကြားသော်လည်း ယခု တွေ့သောအခါ ကျားပေါက် တစ်ကောင်ထက် ပိုကြီးသော တောကောင်ကြီးတစ်ကောင်ဖြစ်ကြောင်း တွေ့ရသည်။

တောကောင်ကြီးက သည်တောထဲမှာ ၎င်းကြောက်ရွံ့ရမည့် သတ္တဝါ မရှိလေဟန်ဖြင့် အေးအေးဆေးဆေး ထွက်လာပြီးနောက် ဆားကျင်းရှိရာသို့ သွားကာ အေးအေးဆေးဆေး လျှက်နေသည်။

နီမောင်ဘက်မှ ကြည့်လျှင် တောကောင်ကြီးကို ဘေးတိုက်အနေ အထားမျိုး မြင်နေရသည်။

သူ့အတွက် အခွင့်ကောင်းပင်။

နောက်တစ်ကြိမ် သည်လိုအခွင့်အရေးမျိုး ရဖို့ကမလွယ်တော့၊ အသေအချာဆုံးအချိန်တွင် ရရှိသော အခွင့်



www.burmeseclassic.com

www.burmeseclassic.com



အရေးကို လက်မလွှတ်တမ်း အသုံးချရန် ဆုံးဖြတ်ပြီး စိတ်ကို တည်ငြိမ်အောင်ထားကာ လေးနှင့် မြားကို အသင့်ပြင်လိုက်သည်။

ထို့နောက် တောကောင်ကြီးရှိရာသို့ သေချာစွာ ချိန်ပြီး မြားကို ပစ်လွှတ်လိုက်သည်။

"ဒေါင် . . ."

"ဝှစ် . . ."

"ဝေါင်း . . . ဝေါင်း"

လေးညို့ခတ်သံ။

မြားဖြတ်သံနှင့် တောကောင်ကြီး၏ အော်သံတို့က တစ်ဆက်တည်း ပေါ်ထွက်လာသည်။

ချက်ကောင်းကို ထိသွားဟန်ရှိသော တောကောင်ကြီး သည် ဆားတွင်း ဘေးနားမှာ တစ်ပတ်နှစ်ပတ်လိမ့် ထွက်သွား ပြီးနောက် ပြန်ထရန် ကြိုး စားသော်လည်း မရတော့ဘဲ ပစ်လဲကျသွားတော့သည်။

နီမောင် ဝမ်းသာစိတ်ဖြင့် ဓားနှင့်လှံကို ကိုင်ပြီး အပြင်သို့ ထွက်သွားသည်။ သူ တောကောင်ကြီးနား ရောက်တော့ အနီးရှိ သစ်ပင်ပေါ်မှ လူတစ် ယောက် ခုန်ဆင်းလာသည်။

ယက္ခနီပင်ဖြစ်၏။





"ငါပစ်တဲ့ မြားက အရင်ထိတာ . ."

ဟု သူကပြောသည်။

"မဟုတ်ဘူး၊ ငါပစ်တဲ့မြားက အရင်ထိတာ . . ."

"မဟုတ်ဘူး ငါပစ်တဲ့မြားနဲ့ အရင်ထိလို့ ဒီတောကောင် ကို ငါပဲ ယူရမယ်"

"မပေးနိုင်ဘူး၊ တောကောင်ရဲ့ ကိုယ်ပေါ်မှာ မင်းပစ် တဲ့ မြားရော ငါပစ်တဲ့ မြားရော ရှိနေတာပဲ မင်းယူလို့ မရဘူး"

"ယူလို့ မရလို့ မဖြစ်ဘူး၊ ဒီတောကောင်ကို ရမှဖြစ်မယ်၊ ဒီတောကောင်ကိုရမှ စောမာလာကို တောင်းယူလို့ရမယ်၊ ဒီကျွန်းမှာ ငါအကြီး အကဲလုပ်ရမယ်၊ ငါကတော့ မရ ရအောင် ယူရမှာပဲ . . ."

"ဒီလို မရဘူးလေ . . မင်းအတွက် တောကောင် ကြီးဟာ အရေးကြီးသလို၊ ငါ့အတွက်လည်း ဒီတောကောင် ကြီးက အရေးကြီးတာပဲ၊ ဒီတော့ မင်း တောကောင်ကြီးကို လိုချင်ရင် ငါနဲ့ စာရင်းရှင်းပြီးမှ ယူလို့ရမယ်"

"ကြိုက်တယ်၊ ငါကလည်း မင်းကို ရှင်းပစ်ချင်နေတာနဲ့ အဆင်သင့်ပဲ"

ဟု ဆိုကာ ယက္ခနီက ဋင်းကျောဘက်တွင် လွယ်ထား



www.burmeseclassic.com

www.burmeseclassic.com



သော ဇုင်း၏ လက်စွဲတော် ရဲဒင်းကြီးကို ယူလိုက်သည်။ ရဲဒင်းသွားမှာ လရောင်ကြောင့် အရောင်များ ထွက်နေသည်။

နီမောင်က လှံကို မိမိယူလို့ လွယ်သော နေရာတွင် အဆင်သင့်စိုက် ထားလိုက်ပြီး ဓားဖြင့် ခုခံတိုက်ခိုက်ရန် ပြင်လိုက်သည်။

နှစ်ယောက်သား ဆားကျင်းဘေးမှ ကွက်လပ်ရှိရာသို့ ထွက်လိုက်သည်။ ထိုနေရာတွင် လရောင်ဖြာကျနေသော ကြောင့် အလင်းရောင် ကောင်းစွာရလေသည်။

နှစ်ယောက်သား မျက်နှာချင်းဆိုင်မိသည်နှင့် မိမိတို့ ကိုင်ထားသော လက်နက်များကို အသုံးပြုပြီး တရမ်းကြမ်း တိုက်ခိုက်ကြသည်။

တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တစ်ဝိုက်မှာ ဓားနှင့် ရဲဒင်းတို့ ထိသံများ တချွင်ချွင် ပေါ်ထွက်လာတော့သည်။

နှစ်ယောက်စလုံးမှာ အရပ်အမောင်း၊ ကိုယ်ခန္ဓာနှင့် ခွန်အားချင်းမကွာလှသော်လည်း လက်နက်အသုံးပြုပုံနှင့် တိုက်ခိုက်ပုံချင်းကတော့ မတူပေ။

ယက္ခနီ၏ တိုက်ခိုက်ပုံမှာ လူတစ်ယောက် တိုက်ခိုက်ပုံ နှင့်မတူဘဲ မျောက်တစ်ကောင် တိုက်ခိုက်ပုံကဲ့သို့ အခုန်အပျံ





များကို အားပြု၍ တိုက်ခိုက် ခြင်းဖြစ်၏။ ထိုသို့ တိုက်ခိုက်ရင်း မှ ဇုင်း၏ ပါးစပ်မှ မျောက်အော်သံကဲ့သို့ အော်သံများကို အဆက်မပြတ် ကြားနေရသည်။

နီမောင်ကတော့ အဘ ဦးမွန်ထော် သင်ကြားပေးထား သော မြန်မာ့သိုင်း ပညာကို အသုံးပြုကာ ပြန်လည် တိုက်ခိုက် လေသည်။

အနီးကပ် တိုက်ကြည့်သောအခါမှ ယက္ခနီမှာ သူထင် တာထက် ပိုမို သွက်လက်စွာ တိုက်ခိုက်နိုင်ကြောင်း တွေ့ရသည်။ သူသည် မျောက်တစ် ကောင်လို လှုပ်ရှားနိုင်သည်မှ လွဲပြီး တိုက်ခိုက်ရေး ပညာတော့ ဘာမှ မရှိပေ။

အနိုင်လိုချင်သော စိတ်ဖြင့် အတင်းဝင် အတင်းတိုက် သည်က လွဲပြီး ကြောက်မက်ဖွယ်ရာ ကောင်းသော တိုက် ကွက်မျိုး မရှိသဖြင့်၊ နီမောင်က တိုက်ခိုက်ရေးနှင့် ပတ်သက် ပြီး အတန်အသင့် အတွေ့အကြုံရှိသောကြောင့် အနည်းငယ် အသာစီးတော့ရနေသည်။

သို့သော်လည်း နှစ်ယောက်စလုံးတော့ ဒဏ်ရာများရ ကြသည်။ တစ်ကိုယ်လုံး သွေးများ ချွေးများဖြင့် ရွှဲနေပြီ ။

ယက္ခနီသည် တိုက်ရည်ခိုက်ရည် ပညာမတတ်သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကြံခိုင် သန်စွမ်းသူ တစ်ယောက်ဖြစ်သောကြောင့် အလွယ်တကူ အနိုင်မရနိုင်ပေ။ ရေရှည်တိုက်ခိုက်လျှင် သူ့ဘက်က ခံနိုင်ရည် အားနည်းသွားပြီး အသက်ပေးရ နိုင်သည်ကို ရိပ်မိသောကြောင့် တိုက်ပွဲကို အမြန်ဆုံး အဆုံးသတ်နိုင်ရန် ကြိုးစားရပေတော့မည်။

ထို့ကြောင့် ဥပါယ်တံမျဉ်ဖြင့် မိမိ လှံစိုက်ထားရာဘက်သို့ တဖြည်းဖြည်း ရွေ့လာခဲ့သည်။ ထိုနေရာနှင့်မလှမ်းမကမ်းသို့ ရောက်သောအခါ ဓားဖြင့် တရမန်းကြမ်းဝင် ရောက်ထိုးခုတ်လေရာ ယက္ခနီက နောက်သို့ ဆုတ်ပေးနေရသည်။

ထိုသို့ တိုက်နေရင်းမှ သစ်ငုတ်တစ်ခုကို ခလုတ်တိုက်မိပြီး မြေပေါ်သို့ လဲကျသွားရာ ဓားတခြား လူတခြား ဖြစ်သွားတော့သည်။

ယက္ခနီက ထိုအခြေအနေကို အခွင့်ကောင်းယူခါ လက်ထဲမှ ရဲဒင်း ဖြင့် အပေါ်မှ မိုးခုတ်ရန် ပြေးဝင်လာသည်။

လျှပ်တပြက် အခွင့်အရေးပါပဲ . . .၊

နီမောင်က စောစောက သူစိုက်ထောင်ထားသော လှံကို ဖျတ်ခနဲ နုတ်ကာ တစ်ပတ်လှည့်ပြီး ပြေးဝင်လာသော ယက္ခနီ၏ ရင်ဝကို ထိုးစိုက် လိုက်သည်။





"ဒုတ် . ."

"အား . . ."

ယက္ခနီမှာ မချိမဆံ့အော်ဟစ်ရင်း ရဲဒင်းကြီးကို မြှောက်လျက်သား နှင့် နေရာတွင် ရပ်တန့်သွားတော့သည်။

ခဏကြာသောအခါ တအိအိ ပြိုလဲကျသွားတော့သည်။

တိုက်ပွဲကပြီးသွားခဲ့လေပြီ . . .။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၅)

## နှုတ်ဆက်ချိန်တို့ ဘယ်နှစ်ခါ လာဦးမလဲ …

နားထဲမှာ မသဲကွဲသော အသံများကို စတင်ကြားလာရသည်။ လေတိုးသံလိုလို တီးတိုးစကားသံများလိုလို အသံများဖြစ်သည်။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေမှုများကို သတိပြုမိပြီး မိမိအပြင်းဖျားနေရာမှ သတိရ လာခြင်းကိုပါ သိလာရသည်။

မျက်လုံးကို ဖွင့်ကြည့်တော့ အမှောင်ရိပ်သမ်းနေသော ဂူတစ်ဂူ၏ အမိုးပိုင်းကို မြင်ရသည်။ ဂူအခြေအနေကို ကြည့်ရုံနှင့် မိမိနေရာမဟုတ်ကြောင်း သိလိုက်သည်။

မလှမ်းမကမ်းတွင် မီးဖိုတစ်ဖိုရှိပြီး ၎င်းမှ အနွေးဓာတ်များကြောင့် တစ်ကိုယ်လုံး ချွေးများ ထွက်နေသည်။ ထိုချွေးများ ထွက်လာခြင်းကြောင့် အဖျားကျသွားပြီး သတိပြန်ရ





လာခြင်းပင် ဖြစ်သည်။ ခေါင်းထဲမှာ မူးဝေနေသောကြောင့် မျက်စိကို ပြန်မှိတ်ထားပြီး ပြီးခဲ့သော အကြောင်းများကို ပြန်စဉ်းစားမိသည်။

တောနက်ထဲမှာ ကျားတစ်ကောင်ကို ဖမ်းပြီးနောက် သူနှင့် ယက္ခနီ တို့ အသက်လုပွဲများ ဆင်နွှဲခဲ့ရပုံ၊ ဒဏ်ရာများ ရနေသည့် ကြားမှ ကျားသေကြီးကို စခန်းသို့ ရောက်အောင် သယ်ဆောင်လာခဲ့ပုံ၊ စခန်းမှ လူများက သူ့ကို သူရဲကောင်းအဖြစ် ကြိုဆိုကြပုံနှင့် စခန်းရောက်ပြီး မကြာခင်မှာ သူ သတိလစ်သွားခြင်းများအကြောင်းကိုတော့ အမှတ်ရနေသည်။

သတိလစ်သွားပြီး နောက်ပိုင်းကိစ္စများကိုတော့ သူမသိတော့ပေ။ ယခု ဂူတဂူအတွင်းမှာ ရောက်နေသည်ကိုတော့ သတိပြုမိသည်။ ခဏကြာသောအခါ သူ့အနီးသို့ လူတစ်ယောက် လျှောက်လာသည်။ အနားရောက်၍ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ မမျှော်လင့်သော လူတစ်ယောက်ကို တွေ့ရလေသည်။

ကျွန်းပေါ်ရောက်ကတည်းက မတွေ့ရတာ ကြာပြီဖြစ်သော စာရေး ဆရာ အောင်မင်းအောင်ပင်ဖြစ်သည်။

အောင်မင်းအောင်ကို မြင်သောအခါ နီမောင် ဝမ်းသာ



www.burmeseclassic.com

သွားသောကြောင့် နေရာမှ ထရန် ကြိုးစားသည်။

"မင်း အဖျားကျသွားပြီထင်တယ်၊ ထ,ရင် ခေါင်းမူး နေလိမ့်မယ်၊ ဒီအ တိုင်းနေပါလား"

"ကျွန်တော် ဘယ်ရောက်နေတာလဲ ဆရာ"

"မင်း ဆရာကြီး သူရဋ္ဌရဲ့ ဂူထဲကို ရောက်နေတာ၊ မင်း အဖျား ပျောက်အောင်လည်း သူပဲ ဆေးကုပေးထားတာ "

"ဘယ်လိုဖြစ်တာလဲ ပြောပြပါဦး"

"မင်း တောထဲက ကျားတစ်ကောင်ဖမ်းပြီး ပြန်လာတာ၊ ဒီရောက်တော့ သတိလစ်ပြီး လဲကျသွားတယ်၊ ဒါကြောင့် ဆရာကြီးက သူ့ဂူထဲကို ခေါ်ပြီး ဆေးကုပေး ထားတာ . . ."

"ကျေးဇူးတင်လိုက်တာဗျာ . . ."

"သူနဲ့ တွေ့ရင် ဒီထက်ကျေးဇူးတင်စရာတွေကို တွေ့ရ လိမ့်ဦးမယ် မကြာခင် သူရောက်လာတော့မှာပါ . . ."

ဟု ပြောလိုက်လေသည်။

အောင်မင်းအောင်က သူ့ကို ဆေးတစ်ခွက်တိုက်သည်။ အနီရောင် ဆေးရည်များမှာ ရင်ထဲရောက်သည်နှင့် ပူပြီး အားရှိလာလေသည်။

မကြာမီ ဂူအတွင်းပိုင်းမှ ဆရာကြီး သူရဋ္ဌထွက်လာပြီး





နီမောင့်အနီးတွင် ရပ်ကာ အခြေအနေကို စမ်းသပ်ကြည့်သည်။

ဆရာကြီး သူရဋ္ဌဆိုသူ၏ မျက်နှာကိုမြင်သောအခါ နီမောင် မှာ အသက်ရှူမှားလုမတတ် ဖြစ်သွားလေတော့သည်။

ဆရာကြီး သူရဋ္ဌအမည်ခံ ဦးဝန်ကောင်းက ပြုံးပြီး နှုတ်ဆက်သည်။ နီမောင်က အံ့ဩဝမ်းသာသော အမူအရာ နှင့်နေရာမှ ထလိုက်သည်။

"ဘယ်လိုဖြစ်တယ်ဆိုတာလဲ၊ ကျွန်တော့်ကို ပြောပြပါ ဦး၊ ပင်လယ်ထဲမှာ မုန်းတိုင်းမိပြီး ခင်ဗျား ပင်လယ်ထဲကျ သွားပြီးနောက် သေပြီလို့ ထင်နေတာ ဘယ်လိုကနေ ဘယ်လို ဒီကျွန်းပေါ် ရောက်နေပြီး ဆရာကြီး သူရဋ္ဌ ဖြစ်နေတာလဲ ပြောပြပါဦး"

"ပြောပြပါမယ်ကွာ . . မင်းကို ဒီအကြောင်းတွေ ပြောပြချင်လို့လည်း ဆေးကုဖို့ဆိုပြီး ဒီဂူထဲ ခေါ်ထားတာပေါ့၊ ဒီလို နီမောင်ရဲ့ . ."

ဟု အစချီကာ ၎င်း၏ အဖြစ်အပျက်များကို ပြောပြ လေသည်။

ပင်လယ်ထဲမှာ ဂါးဖောင်ကို မုန်တိုင်းမိသည်၊ ၄င်း ဦးဝန်ကောင်း ရေထဲ လွင့်ကျသွားရာ ဖောင်ပေါ်သို့ ဘယ်လို

www.burmeseclassic.com



မှ ပြန်မတက်နိုင်တော့ပေ။ လှိုင်းပုတ်သည့် ဒဏ်ကြောင့် တဖြည်းဖြည်း ဝေးသွားခဲ့သည်။ သို့သော် ဖောင်ပေါ်မှ ပစ်ချလိုက်တဲ့ ရေပုံးလွတ် နှစ်လုံးကို ရသဖြင့် အသက် ချမ်းသာရာ ရခဲ့သည်။

လှိုင်းပုတ်သည့် အရှိန်ဖြင့် ပါသွားရာ နောက်ဆုံး ယခုရောက်နေသော ကျွန်းပေါ်သို့ ရောက်ခဲ့သည်။

ကျွန်းပေါ်ရောက်ပြီးနောက်တွင် လှည့်လည်ရင်း အစားအစာရှာဖွေ ရင်းနှင့်ပင် အခြားနေရာများတွင် ဘယ်လိုမှ ရှာမတွေ့နိုင်သော ဂမုန်းပင်များ စွာကို ရှာတွေ့ခဲ့သည်။ ထိုဂမုန်းများထဲမှာ "ကဝေသည်းခြေ"အမည်ရှိသော ဂမုန်းပင်လည်းပါသည်။ ကဝေသည်းခြေ ဂမုန်းမျိုးမှာ လွန်စွာ ရှားပါးလှသည်။

အထက်လမ်းအောက်လမ်း ဆရာများ လက်ကိုင်သုံးသော ဆေးလည်း ဖြစ်သည်။ လေလုံသော နေရာတစ်ခုတွင် မီးပုံဖိုထားပြီး ကဝေသည်းခြေ ဂမုန်းဆေးမှုန့်ဖြူးချလိုက်ပါက မီးခိုးငွေ့ထဲမှာ လွန်စွာ ကြောက်မက်ဖွယ် ကောင်းသော ပုံရိပ်များပေါ်လာပြီး ကြည့်နေရသူမှာ နေရာတွင် လုံးဝ လှုပ် မရဘဲ နှလုံးသွေးရပ်ကာ သေဆုံးနိုင်သည်။





ကဝေမယ်တော်ကြီး အသုံးပြုသော ဆေးမှုန့်မှာ ကဝေသည်းခြေ ဂမုန်းဥကို အမှုန့်ပြုထားသော ဆေးဖြစ်၏။ ထို့ပြင် ထိုကျွန်းပေါ်မှာ ကဝေသည်းခြေ ဂမုန်းမျိုးရှိသလို သူတော်စင်ဂမုန်းမျိုးလည်းရှိ၏။

ကဝေသည်းခြေ ဂမုန်းဥမှာ လူ့သည်းခြေနှင့်တူပြီး သူတော်စင်ဂမုန်း ဥတွင် စမ တံဆိပ်နှင့်ဆင်သော စာလုံးများ ပါလေသည်။ သူတော်စင် ဂမုန်း ဥနှင့် စီရင်ထားသော ဆေး ရှိပါက ဆေးဟူသမျှကို နိုင်နင်းလေသည်။

သို့ကြောင့် နောင်သောအခါ ဦးဗန်ကောင်းသည် ထိုဆေးများကို အကျအန ဖော်စပ် စီရင်ပြီး ကျွန်းအကြီးအကဲ သဝဏ်တို့၏ ရောဂါများကို ကုပေးရင်းနှင့် အစွမ်းပြကာ၊ ကျွန်းသားများ ကြောက်ရွံ့ယုံကြည်နေသော မယ်ဇာအိုကိုပင် အနိုင်ယူပြပြီး ကောင်းကင်မှ နတ်များ စေလွှတ်လိုက်သော ဆရာကြီးဟန် အသွင်ပြောင်းကာ နေထိုင်ခဲ့ပေသည်။

သဝဏ် အပါအဝင် ကျွန်းသူကျွန်းသားများကလည်း သူ့အား ကြောက်ရွံ့ရိုသေကြသည်။ နောက်တော့ ကျွန်းပေါ်ကို မမျှော်လင့်ဘဲ မိမိ မိတ်ဆွေများ ရောက်လာသည်ကို သိရပြီးနောက် သစ်သီးနှင့်ရေများပေးခြင်း၊ မယ်ဇာအို၏ စမ်းသ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းကို ကျော်လွှားနိုင်ရန် ဆေးများပေးခြင်းဖြင့် ကူညီနိုင်ခဲ့သည်။

ဟု ရှင်းပြသည်။

"အော် ဒါကြောင့် တောထဲမှာ ကျွန်တော်တို့ အစာရေစာ ပြတ်နေတုန်း သစ်သီးနဲ့ရေတွေ ရောက်လာတာရော . . မယ်ဇာအိုကြီးက ကျွန်တော့်ကို စမ်းသပ်မယ်လုပ်တုန်းက ဆေးလုံးတွေ လာပို့ပေးခဲ့တာကိုး . . . "

"အေးလေ . . အဲဒီညက သူတော်စင်ဆေးတွေ လာပေးလို့ နောက် တစ်နေ့မှာ မင်းမသေတာပေါ့။ မဟုတ်ရင် မင်းလည်း ဟိုကျွန်းသား နှစ်ယောက် နောက်ကိုလိုက်ရပြီပေါ့"

"ကျွန်တော်ကတော့ ဘာပဲဖြစ်ဖြစ် ဦးဗန်ကောင်းကို အခုလို ပြန်တွေ့ရတာ အရမ်းဝမ်းသာတာပဲ၊ အားလည်း သိပ်ရှိတာပဲ၊ ဒါထက် ဦးဗန်ကောင်း ဒီမှာ ရှိနေတာ ဦးမွန်ထော်ရော သိပြီလား"

"သိပါပြီ ငါတို့ချင်းက အဆက်အသွယ်ရှိနေတာကြာပြီ၊ မင်းကတော့ ကောင်မလေးနားကပ်နေတာနဲ့ အခုမှ အသိပေးရတာ . . . "

ဟု ပြောပြသည်။

ထိုအခါ အောင်မင်းအောင်ကပါ ဝင်ပြောပြသည်။





"အသိမပေးလို့လည်း မဖြစ်တော့ဘူးလေ . . တို့ရဲ့ အစီအစဉ်တွေက အောင်မြင်ခါနီးပြီဆိုတော့ မင်းကိုလည်း အသိပေးရတော့မှာပေါ့ . . "

"ဘယ်လို အစီအစဉ်တွေလဲ ကျွန်တော့်ကိုလည်း ပြောပြပါဦး"

"ဒီလို နီမောင်ရဲ့ ငါက ဦးဗန်ကောင်းနဲ့ ပြန်တွေ့ပြီး နောက်မှာ သူစီစဉ် ပေးတဲ့အတိုင်း ဒီကျွန်းက အမြန်ဆုံးပြန်ထွက်ပြေးနိုင်အောင် လုပ်နေတာကွ"

"ဘယ်လို လုပ်တာလဲ . . . "

"ကျွန်းပေါ်မှာတင်နေတဲ့ စက်လှေကို ဗုံးဖိုက်ပေါက်တဲ့နေရာတွေကို ပြုပြင်ဖာထေးတယ်၊ စက်တွေလည်း ပြန်ပြင်ပြီးပြီ . . ၊ သောင်ပေါ်ကနေ ရေထဲ ပြန်ရောက်အောင်လည်း မြောင်းဖောက်သွယ်ထားပြီးပြီ၊ ဒီတစ်ခါ ဒီရေတက် လာရင် တွန်းချရုံပဲ၊ ဦးမွန်ထော်လည်း ငါတို့နဲ့လာလုပ်နေတာကြာပြီ၊ သူက ပန်းထိမ်ဆရာကိုပါ စည်းရုံးထားတော့ သူကလည်း တို့ရဲ့ လူဖြစ်နေပြီကွ၊ သူပါလို့ တို့အတွက် ပိုကောင်းသွားတယ်၊ သံရိုင်းတွေကို မီးဖုတ်ပြီး ငါတို့လိုချင်တဲ့ သံထည်ပစ္စည်းတွေ လုပ်ပေးလို့ စက်လှေက ဒီလောက် အဆင်သင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတာပေါ့”

ဟု ပြောပြလိုက်သည်။

“ဒီသတင်း ကြားရတာ ဝမ်းသာစရာပဲ၊ ဒါဖြင့် ကျွန်တော်တို့ ဒီမျောက် လူတွေလက်က လွတ်တော့မှာပေါ့နော်”

“အေး မကြာခင်မှာ ဒီကလွတ်ကြတော့မှာပဲ၊ ဒါထက် မင်းကရော ကောင်မလေးနဲ့ အခြေအနေ ဘယ်လိုရှိသလဲ”

ဟုမေးသည်။

“ကောင်မလေးကတော့ ကျွန်တော့်ဘက်မှာ ရှိပါတယ်”

“မင်းက သူ့ကို ခေါ်သွားဖို့အထိ ရည်ရွယ်ထားသလား”

“သူလိုက်မယ်ဆိုရင်တော့ ခေါ်သွားချင်တယ်”

“တကယ်လို့ မလိုက်ဖူးလို့ ငြင်းရင်ကော ဘယ်လိုလုပ်မလဲ”

“ဒါကတော့ သူ့သဘောပါပဲ ...”

ထိုစကားပြောလိုက်သော နီမောင်၏ လေသံမှာ အတော်အတန် အားပျော့နေလေသည်။

ထိုအခါ ဦးဗန်ကောင်းက ဤသို့ ပြောပြသည်။

“မင်းတို့ လူငယ်ချင်းရဲ့ သံယောဇဉ်ကိစ္စကိုတော့ ငါတို့အနေနဲ့ ဘာမှ မပြောလိုပါဘူး၊ လူဆိုတာက လောလော





ဆယ်မှာ ဘာအရေးကြီးဆုံးလဲဆိုတာ သိဖို့လိုသလို အခြေအနေကို ကြည့်ပြီး ရဲရဲဝံ့ဝံ့လည်း ဆုံးဖြတ်ဖို့လည်း လိုတယ် ...၊

“လူငယ်တစ်ယောက်အနေနဲ့ ဘဝနဲ့ အချစ်ကို ကြိုက်တာရွေးလို့ရ ပါတယ်”

“ကျွန်တော် သဘောပေါက်ပါတယ်”

“အေးပါ ... ဒါက မင်းစဉ်းစားနိုင်အောင်လို့ ပြောတာပါ၊ နောက်မင်း သိအောင် ပြောစရာတွေ ရှိသေးတယ်”

“ဘာများပါလိမ့် ...”

“ဒီကျွန်းပေါ်မှာ ရှိတဲ့ ရွှေကြောကြီးကို ဖန်တီးလူရိုင်းတွေကပါ မကတော့ဘူး၊ တခြားလူရိုင်းတွေကပါ စိတ်ဝင်စားတော့ သူတို့အားလုံးစုပြီး ဒီက လူတွေကို လာတိုက်ကြလိမ့်မယ် ...၊

အဲဒီလို တိုက်ရင် ဒီမှာရှိတဲ့ လူတွေက ခံနိုင်မှာ မဟုတ်ဖူး၊ အကုန် အသတ်ခံရမှာပဲ”

“ဒီတော့ ဘယ်လို လုပ်ကြမလဲ ...”

“သူတို့ မတိုက်ခင်၊ တို့တစ်တွေ စီစဉ်စရာတွေ စီစဉ်ပြီး ဒီကျွန်းက အမြန်ဆုံး ခွာနိုင်အောင် ကြိုးစားရမယ်၊ မင်းလည်း စီစဉ်စရာတွေ စီစဉ်ထားပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ . . ."

"ကဲ မင်းလည်း နေကောင်းပြီဆိုတော့ ဟန်မပျက် ဟိုကို ပြန်ပေဦး၊ တော်ကြာ ဒီမှာ သိပ်ကြာရင် သူတို့ ရိပ်မိသွားလိမ့်မယ်"

နီမောင် စခန်းသို့ ပြန်ရောက်လာတော့ အားလုံးက ဝမ်းသာကြသည်။ အပျော်ဆုံးကတော့ စောမာလာဖြစ်သည်။

သည်ကျွဲတစ်ကောင်ရလာခြင်းမှာ သူမနှင့် နီးစပ်ဖို့ သုံးပုံတစ်ပုံ အောင်မြင်ပြီဟု ဆိုနိုင်ပေသည်။

"မောင်ထွက်သွားကတည်းက မာလာက စိတ်ပူနေတာ၊ အခုလို ပြန်ရောက်လာမှပဲ စိတ်အေးရတော့ တယ်၊ မောင် ဒီက ထွက်သွားပြီး မကြာဘူး ယက္ခနီလည်း ကျွဲလိုက်ဖို့ ထွက်သွားတယ်လို့ ပြောတယ်၊ သူတော့ ခုဝါ ပြန်မရောက်လာသေးဘူး၊ ဒီကလူတွေတော့ လိုက်ရှာနေကြတယ်"

ယက္ခနီအကြောင်းကို မပြောတော့ဘူးဟု စိတ်ကူးသော်လည်း ယခု လိုက်ရှာနေသည်ဟု သိရပြန်တော့ စိတ်ထဲမှာ နည်းနည်းတော့ လှုပ်ရှားသွားသည်။

ယက္ခနီ သေရခြင်းမှာ မိမိလက်ချက်ကြောင့်ဟု ရိပ်မိပါက အခြေအနေက တစ်မျိုးဖြစ်လာနိုင်သည်။





သို့ကြောင့် မိမိချစ်သူ စောမာလာအား အခြေအနေ အချို့ကို ပြောပြ သင့်ပြီဟု ယူဆသောကြောင့် နောက်တစ်နေ့ ခါချဉ်များကို အစာကျွေးသော အချိန်တွင် မေးလိုက်သည်။

"မာလာကို မောင်ပြောစရာရှိတယ် . . ."

"ဘာများလဲမောင် . . ."

"သတင်းတစ်ခုကြားရတယ်၊ ဖန်တီလူရိုင်းတွေက နောက်ထပ် လူရိုင်းအုပ်စုတွေနဲ့ ပူးပေါင်းပြီး ဒီကို လာတိုက်ပြီး ရွှေကြောကြီးကို အပိုင်သိမ်းဖို့ ကြိုးစားလိမ့်မယ်။ သူတို့တွေ အင်နဲ့အားနဲ့ လာတိုက်ရင် ဒီက လူတွေ ဘယ်လိုမှ ခုခံနိုင်မယ် မထင်ဘူး၊ မောင့်သဘော ပြောရရင်တော့ မာလာတို့ လူမျိုးတွေက ဒီရွှေတွေကို မက်မောကြတာလည်း မဟုတ်တော့၊ သူတို့ လာမတိုက်ခင် ဒီနေရာက စွန့်ခွာပြီး တစ်နေရာကို ရွှေ့ပြောင်းနေရင် ကောင်းမယ်ထင်တယ်"

ဟု ပြောလိုက်သည်။

"မာလာလည်း ဒီလိုပဲ သဘောရပါတယ်၊ ဒါပေမယ့် အဖေတို့ကတော့ သူတို့ မျိုးစဉ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်လာတဲ့ ရွှေကြောကြီးကို ဒီအတိုင်း စွန့်ပစ်ထားခဲ့မှာတော့ မဟုတ်ဘူး၊ ဒီလိုလည်း လုပ်ကြမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ဒါဖြင့် ဘယ်လိုလုပ်ကြမှာလဲ၊ မနိုင်မှန်းသိလျက်နဲ့ ခံတိုက်ပြီး အားလုံး အသေခံပြီးမှ သူများလက်ကို ရွှေကြောကြီးကို အပ်ကြမှာလား မသိဘူး”

“မောင်က ဘယ်လို စဉ်းစားထားတာရှိလို့လဲ၊ ရှိရင် မာလာကို ပြောလေ . . .”

စောမာလာက ချစ်စဖွယ် အမူအရာကလေးနှင့် နီမောင့် လက်မောင်း တစ်ဖက်ကို ကန့်ကလျ ဖက်ရင်း မေးလိုက်သည်။

နီမောင်က မိမိတို့ အစီအစဉ်များကို ပြောသင့်မပြောသင့် စဉ်းစားနေသည်။ အကယ်၍ ပြောလိုက်မိပြီးမှ စောမာလာထံမှ တစ်ဆင့်ပေါက်ကြား သွားပါက မိမိတို့ အစီအစဉ်များ အားလုံး ပျက်လိမ့်မည်။ မပြောမိ၍ အရေးအကြောင်း ပေါ်လာ၍ တစ်စုံတစ်ရာဖြစ်သွားပါက မိမိအတွက် တစ်သက်လုံး နောင်တ ရစရာဖြစ်တော့မည်။

“မောင် ပြောလေ . . ဘာတွေ ဒီလောက် စဉ်းစားနေတာလဲ”

“အော် . . အင်း . . မစဉ်းစားပါဘူး၊ မောင်ပြောပြမယ့် အစီအစဉ်တွေကို မာလာလက်ခံပါ့မလားလို့ စဉ်းစားနေတာပါ”

“ဘာအကြောင်းပြောမှာလဲ မောင် . . မာလာက မောင့်ကို ချစ်သူအဖြစ် တောင်မှ ရွေးချယ်ထားတာပဲ . .၊





ချစ်သူဆိုတာ ဘဝခရီး အတူလျှောက်ကြဖို့ ရည်ရွယ်ထားတဲ့ လူပဲ၊ ဘဝကို ပုံအပ်ရမယ့်လူပဲ . .၊ ဘယ်လို အကြောင်းပဲ ဖြစ်ဖြစ် စိတ်တူကိုယ်တူ ဖြစ်သင့်တယ်မဟုတ်လား၊ ကဲ ပြော . . ဘာပြောမှာလဲ”

“မောင် . . မာလာကို ဒီလောက် အန္တရာယ်များတဲ့ နေရာက ခေါ်ထုတ် သွားချင်တယ် . . .”

“ဘယ်ကို ခေါ်သွားမှာလဲ မောင် . . .”

စောမာလာက ကလေးငယ်တစ်ယောက်လို မျက်လုံး လေးအဝိုင်းသား နှင့် မေးလိုက်သည်။

“မောင်တို့နေတဲ့ မြန်မာပြည်ကိုပေါ့”

“ဟင် မြန်မာပြည်ကို ဟုတ်လား . .၊ ဒီပင်လယ်ပြင်ကြီးကို ဘယ်လို ဖြတ်ပြီး ပြန်မှာလဲဟင်၊ ငှက်လို အတောင်ပံ တပ်ပြီး ပျံသွားမှာလား”

“မဟုတ်ပါဘူး၊ တကယ်လို့ ပြန်ဖို့ အခွင့်အရေးရရင် သာ မာလာ လိုက်ခဲ့မလားဆိုတာပြောတာပါ . .”

စောမာလာက နီမောင့်မျက်နှာကို နားမလည်ဟန်ဖြင့် မော့ကြည့်နေသည်။ သူမ၏ အမူအရာမှာ ဇဝေဇဝါဖြစ် သွားဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာကို ဆုံးဖြတ်ရခက်သွားဟန်လည်း ရှိလေသည်။

"မောင်က တကယ်သွားမှာလား"

"တကယ်သွားမယ်ဆိုရင် . . မာလာလိုက်ခဲ့မယ်၊ မလိုက်ဘူးဆိုတာ ပြောပါ . ."

စောမာလာက အဝေးတွင် မြင်နေရသော ရွှေကြောကြီးရှိသည့် တောင်တန်းကြီးဆီကိုသော် လည်းကောင်း၊ သူ၏မျိုးနွယ်စုများနေထိုင်သော စိမ်းညို့ညို့တောတန်းကြီးရှိရာသို့လည်းကောင်း မျှော်ကြည့်ရင်း သက်ပြင်း တစ်ချက်ချလိုက်သည်။

"ကျွန်မ ဘယ်လို ဆုံးဖြတ်ရမှာလဲ မောင်ရယ် . ."

"ကဲ ဒီလောက်လည်း စိတ်သောက ရောက်မနေပါနဲ့၊ အခြေအနေက ဘယ်လိုဖြစ်လာဦးမယ်ဆိုတာ မပြောနိုင်သေးပါဘူး၊ တကယ်လို့ ဖြစ်လာခဲ့ ရင်သာ မာလာဆုံးဖြတ်ရဖို့လိုတယ် . . ."

နှစ်ယောက်သား ရှေ့ရေးကိစ္စများကို တိုင်ပင် ဆွေးနွေးပြီး စခန်းသို့ ပြန်ခဲ့ကြသည်။





## အခန်း (၁၆)

## နက္ခတ်ဆရာနှင့် ကဝေမယ်တော်တို့ နောက်ဆုံးပညာပြိုင်ခြင်း

နီမောင်တို့တစ်တွေ ကိုယ်လူနှင့်ကိုယ် အဆက်အသွယ်များရကြပြီး ကျွန်းပေါ်မှ ပြန်လည်လွတ်မြောက်ရန် ကိစ္စအတွက် လျှို့ဝှက်ကာ အားတက်သရော ဆောင်ရွက်ကြလေသည်။

အဓိကအချက်မှာ စက်လှေ ပြန်လည်ကောင်းမွန်ရန်နှင့် သောင်ပြင်ပေါ်မှ ရေထဲပြန်ကျရေးသည် သူတို့လွတ်မြောက်နိုင်ရေးအတွက် အရေးကြီး ဆုံးဖြစ်သည်။

စက်လှေဝမ်းထဲမှာ တင်ထားသော စန္ဒကူးသစ်များကို သောင်စပ်သို့ ပြန်ချကာ ပေါက်နေသော ဝမ်းဗိုက်ကို ဖာခြင်း၊ ချို့ယွင်းနေသော စက်များကို ပြန်လည်ပြုပြင်ခြင်းများ ပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

သူတို့အတွက် အလွန်ကံကောင်းသော အချက်က စက်များမှာ ကြီးကြီးကျယ်ကျယ် ပျက်စီးမှု မရှိသောကြောင့် ခက်ခက်ခဲခဲ မပြင်ရဘဲနှင့် ပြန်လည်ကောင်းမွန်ခြင်းနှင့် စက်လှေပေါ်မှာရှိသော စက်ဆီထည့်ထားသော တိုင်ကီများမှာ သည်အတိုင်း ခြေရာလက်ရာ မပျက်ရှိနေခြင်းဖြစ်သည်။

၎င်းတို့ ခန့်မှန်းချက်အရ ၎င်းတို့ စက်လှေတင်နေသော နေရာမှာ ရွှေကြောကြီးရှိသော တောင်နှင့် သိပ်မဝေးလှကြောင်း သိရသည်။ ပင်လယ်ပြင်မှာ ဒီရေတက်နှုန်း အမြင့်ဆုံး အချိန်မှာ လစဉ် လပြည့်ကျော် (၃)ရက်နှင့် လဆန်း (၃)နေ့ဖြစ်သည်။

လဆန်း ရက်သော်လည်းကောင်း၊ လဆုတ်ရက်သော်လည်းကောင်း (၁၁)ရက်နေ့တွင် ရေထလာပြီး (၃)ရက်နေ့တွင် အမြင့်ဆုံး ဒီရေတက်လေ့ရှိသည်။ ၎င်းမှ ကျော်ပါက တဖြည်းဖြည်း ရေပြန်ကျသွားပြီး (၉)ရက် (၁၀) ရက်ရောက်လျှင် ရေသေသွားတော့သည်။ ထိုအချိန်မှာ ရေတက်မှု အနည်းဆုံးအချိန်ဖြစ်သည်။

ယခု သူတို့ စက်လှေတင်နေသော နေရာမှာ ရေတက်





နှုန်း အမြင့်ဆုံး နေရာမှာ ရောက်နေသဖြင့် ရေထရက် (၃)ရက်နေ့လောက်ဆိုလျှင် စက်လှေနှင့် အနီးဆုံးနေရာသို့ ရေရောက်လေ့ရှိသည်။ ထို့ကြောင့် ထိုနေရာမှ စက်လှေ ဝမ်းဗိုက်အောက်သို့ ရေရောက်စေရန် မြောင်းဖောက်သွယ်ဖြီး လူအားဖြင့် တွန်းချရန် ရည်ရွယ်ထားကြသည်။

ယခု လဆန်း (၁၀)ရက်ကျော်ပြီဖြစ်သောကြောင့် မကြာမီ ရေထ,ရက် အမြင့်ဆုံးသို့ ရောက်တော့မည်။ ထိုအချိန်တွင် စက်လှေကို ရေထဲပြန်ရောက်ရန် အရေးကြီးလှသည်။

သူတို့ အဖွဲ့ထဲမှာ ပန်းထိမ်ဆရာ အဂ္ဂိပါ ပါလာသောကြောင့် အားရှိ လာပြီး အချို့နေရာများတွင် ၎င်း၏ အကူအညီများစွာရပေသည်။ ဥပမာ စက်လှေဝမ်းဗိုက်ပေါက်နေသည်ကို ဖာရန် ရွှေကို အပြားခတ်၍ သံစို့များနှင့် ခိုင်မြဲအောင် ပြုလုပ်နိုင်ရန် ကူညီခြင်းနှင့် စက်အတွက် လိုအပ်သော ပစ္စည်းများကို သံရိုင်းများနှင့် ပုံးသွန်းလောင်းပေးခြင်းဖြစ်၏။

ထိုသို့ ရှိနေရာမှ မမျှော်လင့်သော ပြဿနာတစ်ခုက ပေါ်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားမဟုတ်ပေ . . ။

တောထဲမှာ ယက္ခနီ အငုလောင်းကို တွေ့သူများက ယက္ခနီ အသတ်ခံ ရကြောင်း ပြောပြသဖြင့် သတ်သော တရားခံမှာ နီမောင်ဖြစ်မည် ဟု ထင်ကာ လိုက်လံ စုံစမ်းမှုများ ပြုသောကြောင့် နီမောင်မှာ ခါတိုင်းလို လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့်မရတော့ပေ။

ထို့ထက်ဆိုးသည်က ထိုသံသယကြောင့် စောမာလာ နှင့်ပင် ခါတိုင်းလို အတူသွားလာခွင့် မရတော့ပေ။

အဆိုးဆုံးက ကဝေမယ်တော်ကြီး မယ်ဇာအိုဖြစ်သည်။

ယက္ခနီမှာ ၎င်း၏ သွေးသားတော်စပ်သဖြင့် မယ်ဇာ အိုက ယက္ခနီအား ကျွန်း၏ အကြီးအကဲအဖြစ်ရရန် ကြိုးစား နေခိုက်မှာ မမျှော်လင့်ဘဲ နက္ခတ်ဆရာကြီး သူရဇ္ဇအမည်ခံ ဦးဝန်ကောင်းရောက်လာသည်မှ အစပြုကာ ၎င်းတို့၏ တန်ခိုး ပါဝါများ ကျဆင်းခဲ့ရသည်။ နောက် နီမောင်တို့ ရောက်လာ သောအခါ အခြေအနေက ဝေးသည်ထက် ပိုဝေး သွားခဲ့ရာမှ ယခု ယက္ခနီ အသတ်ခံရသည်ဆိုသောအခါ နီမောင်တို့ လက်ချက်ဟု အတပ်စွဲလေတော့သည်။

သို့သော်လည်း နီမောင်တို့ဘက်မှာ ဆရာကြီး သူရဇ္ဇရှိ





နေသောကြောင့် ဆရာကြီးကိုပါ အပြတ်ရှင်းရန် ကြိုးစားလေ တော့သည်။ ထို့ကြောင့် မယ်ဇာအိုက ဆရာကြီး သူရဇ္ဇနှင့် ပညာပြိုင်ကြရန် စိမ်ခေါ်လေတော့သည်။

သူမ၏ စိမ်ခေါ်မှုမှာ ပရိသတ် အများရှေ့မှာ ဆေးစွမ်း ခြင်း ပြိုင်ကြရန် ဖြစ်သည်။

ထိုစိမ်ခေါ်မှုကို ကြားသောအခါ နီမောင်က စိတ်ပူစွာ ဖြင့် . .

"ဦးဝန်ကောင်းဆီမှာ ဘယ်လို ပညာတွေရှိသလဲ . . ဆေးကောင်း ဝါးကောင်းတွေရော ရှိရဲ့လား၊ ဒီ ကဝေ မယ်တော်ကြီးကြည့်ရတာ တယ်မဟုတ်ဘူး၊ တော်ကြာ အနိုင်ရ အောင် ကဝေဆေးတွေ အောက်လမ်းမှော်ဆေးတွေနဲ့ ယုတ်မာ တိုက်ခိုက်ရင် ခံနိုင်ပါ့မလား"

ဟုမေးလိုက်သည်။

သို့စေကာမူ ဦးဝန်ကောင်း၏ အမူအရာက အေးအေး ဆေးဆေးပင် ဖြစ်သည်။

"ဒီလောက်လည်း စိတ်ပူမနေစမ်းပါနဲ့ကောင်လေးရာ . . သူက ဒီကျွန်း ပေါ်မှာ အရင်ကလို ဆရာကြီး မလုပ်ရလို့ ငါ့ကို မကျေမနပ်ဖြစ်ပြီး သတ်ချင် နေတာ၊ ဒါကြောင့် အခုလို



www.burmeseclassic.com

www.burmeseclassic.com



စိမ်ခေါ်တာပဲ . . ။ ဒါပေမယ့် သူငါ့ကို ဘာဆေးတွေနဲ့ ဘယ်လို လုပ်နေတာလဲ ဆိုတာလည်း ရိပ်မိပါတယ်"

"ဦးဇန်ကောင်းဆီမှာ ဘယ်လိုဆေးမျိုးတွေရှိလို့လဲ"

"ငါ့ဆီမှာတော့ သူတော်စင်ဂုမုန်းဆေးပဲရှိတာပေါ့၊ ဒီဆေးက သူ့ဆီ မှာရှိတဲ့ ကဝေသည်းခြေဆေးကို နိုင်တယ် ဆိုပေမယ့် အရံအတားလောက် ပဲရတာ၊ တကယ်လို့သူက အစွမ်းကုန် တိုက်ခိုက်ရင်တော့ တခြားနည်းနဲ့ ကာကွယ်ရမှာပဲ၊ အဲဒီလို ကာကွယ်ဖို့လည်း အစီအစဉ်တွေ လုပ်ထားပါတယ်၊ မပူပါနဲ့"

"ဒါထက် ဘယ်နေရာမှာ လုပ်ကြမှာလဲ"

"ခါတိုင်းအစည်းအဝေးလုပ်တဲ့ ကွင်းမှာပဲ လုပ်မှာပေါ့၊ ဒီတစ်ခါတော့ သူနဲ့ငါနဲ့ နောက်ဆုံး စာရင်းရှင်းရမှာပဲ . . . ၊ သူမရှိမှ ဒီကျွန်းသူ ကျွန်းသားတွေအတွက် အေးမှာ . . ဒီတော့ မနက်ဖြန်လပြည့်နေ့မှာ သူနဲ့ငါ ပညာပြိုင်ကြမှာ ဆိုတော့ ဒီညမှာ မင်းက ငါပြောတဲ့အတိုင်း သွားလုပ်ထားရ မယ်နီမောင်"

"ဘာလုပ်ပေးရမှာလဲ"

"လွယ်လွယ်လေးပါ လာငါပြောပြမယ်"





ဟု ဆိုကာ ဦးဇန်ကောင်းက နီမောင်ကို တစ်နေရာသို့ ခေါ်သွားပြီး ပြုလုပ်ရမည့် အစီအရင်များကို ပြောပြလေသည်။

နောက်တစ်နေ့ နံနက်လင်းသည်နှင့် အစည်းအဝေး ပြုလုပ်ရာ ကွက်လပ်ကြီးသို့ ကျွန်း၏ အကြီးအကဲ သဝဏ်ီ အပါအဝင် ကျွန်းသူကျွန်းသားများ အားလုံးနီးပါး ရောက်နေ ကြသည်။

သူတို့သည် စက်ဝိုင်းသဏ္ဍာန် ဝိုင်းထားပြီး နောက် ဘက်တောစပ်အနီးတွင် သူရဇ္ဇနှင့် မယ်ဇာအိုတို့ ထိုင်ရန် ကျောက်ခုံနှစ်ခု ချထားသည်။ ထိုနောက် ဖက်တွင်တော့ သစ်ပင်များမှလွဲ၍ လူမရှိပေ . . . ၊ နံနက်ပိုင်း နေရောင် ခြည်ပေါ် ထွက်လာသည်နှင့် ဆရာကြီး သူရဇ္ဇနှင့် ကဝေ မယ်တော်ကြီးဟု ကျွန်းသားများက အမည်ပေးထားသော မယ်ဇာအိုတို့ ရောက်လာပြီး သတ်မှတ်ထားသော နေရာတွင် ထိုင်ကြသည်။

ဇင်းတို့ ရှေ့နားတွင် မီးဖိုတစ်ဖိုရှိပြီး မီးတောက်နှင့် မီးကျီးမီးခဲများက အရှိန်ကောင်းစွာရနေပြီ . . . ။

မယ်ဇာအိုက ဇင်း၏ ဘာသာစကားများဖြင့် မိုးပေါ်သို့ လက်နှစ်ဘက် မြှောက်ကာ ရွတ်ဆိုတိုင်တည်မှုများ ပြုသလို



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး သူရဇ္ဇ အမည်ခံ ဦးပန်ကောင်းကလည်း ရွတ်ဆိုတိုင်တည်မှုများကို ဟန်ကျပန်ကျရွတ်ဆိုနေသည်။

ပြီးသောအခါ မယ်ဇာအိုက ၎င်းယူဆောင်လာဟန်ရှိသော ရွှေကရား အိုးတစ်လုံးကို ဘေးနားတွင် ချထားပြီးနောက် ဆေးမှုန့်များကို မီးပုံထဲသို့ ဖြူးချလိုက်ရာ မီးခိုးငွေ့များ တက်လာလေသည်။ ထိုမီးခိုးငွေ့များကို မြင်သောအခါ ကျွန်းသူကျွန်းသားများနောက်ဘက်သို့ အလန့်တကြား ဆုတ်သွားကြသည်။

အဘယ်ကြောင့် ဆိုသော် . . .

ထိုမီးခိုးငွေ့များမှာ သေမင်းတမန် မီးခိုးငွေ့များဟု သိထားကြသောကြောင့်ဖြစ်သည်။

မီးခိုးငွေ့များက ဆိုးဝါးသော ရန်ရှုံ့ ကြောက်မက်ဖွယ်ရာ အသွင်အပြင်များ ပေါ်လာကာ ဆရာကြီး သူရဇ္ဇအား ထွေးပတ်သွားသည်။ မီးခိုးငွေ့များ ဖုံးသွားသောကြောင့် ဆရာကြီးကို မမြင်ရတော့၊ အားလုံးက သေလောက်ပြီ ဟု ထင်လိုက်ကြသည်။

အတန်ကြာ၍ မီးခိုးငွေ့များ ကင်းသွားသောအခါ တရားထိုင်နေဟန်ဖြင့် ငြိမ်သက်စွာ ထိုင်နေသော ဆရာကြီးကို အံ့ဩစွာ တွေ့ကြရသည်။





နောက်တစ်ကြိမ် မယ်ဇာအိုက အခြားဆေးမှုန့်များကို မီးပုံထဲထည့် ပြန်သည်။ ထိုမီးခိုးငွေ့များမှာ အဆိပ်ငွေ့များပမာ အဖြူရောင်များထွက်လာသည်။ ထိုမီးခိုးငွေ့များသည် လေနှင့်အတူ ဝဲထွက်သွားရာမှ ဘေးနားတွင် ကြည့်နေသူများဆီသို့ အငွေ့အသက် ရောက်ရုံမျှဖြင့် မူးမေ့ လဲကျကုန်လေသည်။

သို့ကြောင့် ကျန်လူများက နောက်သို့ ထပ်၍ ဆုတ်သွားကြသည်။ ထိုမီးခိုးငွေ့များ ကင်းသွားသောအခါ ဆရာကြီး သူရဇ္ဇမှာ နေရာတွင် ထိုင်မြဲ ထိုင်နေသဖြင့် အားလုံး အံ့ဩသွားကြသည်။

မယ်ဇာအိုကိုယ်တိုင်လည်း သူ၏ အဆိပ်ဆေးမှုန့်များ၏ ဒဏ်ကို ခံနိုင်သော ဆရာကြီး သူရဇ္ဇကို အံ့ဩနေဟန်ရှိသည်။

"နင့်အစွမ်းကုန်ပြီလားဟဲ့"

"ကုန်ပြီ"

"ဒါဆိုရင် ငါ့အလှည့်ပေါ့၊ ခံနိုင်ရင် ခံပေတော့"

ဟု ဆိုလိုက်သည်နှင့် မယ်ဇာအို အရှေ့တွင် ချထားသော အိုးကိုယူပြီး အတွင်းမှ ထည့်ထားသော အရည်များကို သူမ၏ ခေါင်းပေါ်မှ လောင်းချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအရည်များမှာ အခြားမဟုတ်ပေ . . ။

လူသွေးဖြင့် စီရင်ထားသော ကဝေဆေးရည်များပင် ဖြစ်သည်။

မယ်ဇာအို တစ်ကိုယ်လုံး သွေးရောင်များရဲရဲနီသွားသလို တစ်ကိုယ်လုံး ရွှဲရွှဲစိုသွားတော့သည်။ ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း သွေးညှီနံ့များ လှိုင်သွားတော့သည်။

“နင့်အစွမ်းရှိတာ လုပ်ပေတော့ . . ငါ ကာကွယ်ပြီးပြီ”

ဟု မယ်ဇာအိုက ပြောလိုက်သောအခါ ဆရာကြီး သူရဋ္ဌက နေရာမှ ထရပ်ကာ လက်နှစ်ဖက်ကို ဆန့်တန်းပြီး ပါးစပ်မှ ဂါထာမန္တန်များကို ရွတ်ဆိုနေတော့သည်။

ထိုသို့ ရွတ်ဆိုသည်နှင့် မယ်ဇာအိုနောက်ဘက်နားတွင် ရှိနေသော နွယ်ပင်များမှာ အသက်ဝင်လှုပ်ရှားလာကြကာ နှာမောင်းကဲ့သို့ ရှည်လျားသန်မာသော လက်တံကြီးများ တယမ်းယမ်းနှင့် အပေါ်တက်လာသည်။ ထိုနေရာတွင် ဆရာကြီး သူရဋ္ဌနှင့် မယ်ဇာအိုတို့နှစ်ယောက်ရှိနေသော်လည်း နွယ်ရှင်များက သွေးစွန်းနေသော မယ်ဇာအိုဘက်သို့ တက်သွားကြသည်။ ထိုအချင်း အရာကို မြင်သော မယ်ဇာအိုက ထိတ်လန့်ကြောက်ရွံ့စွာဖြင့် နေရာမှ ထပြေးရန်





ကြိုးစားသည်။

သို့သော် အခွင့်မသာတော့ . . ။

မြွေတစ်ကောင်လို မြန်ဆန်သွက်လက်သော နွယ်ရှင်လက်တံ အချို့က မယ်ဇာအို၏ ခြေထောက်ကို ပတ်ဆွဲချလိုက်သဖြင့် နေရာတွင် လဲကျသွားသောအခါ အခြားနွယ်ရှင်များက မယ်ဇာအို၏ တစ်ကိုယ်လုံးကို ရစ်ပတ် လိုက်တော့သည်။

ဎင်းနွယ်ရှင်များမှာ အခြားမဟုတ်ပေ . . . ၊

သွေးနံ့ရလျှင် မည်သည့် သတ္တဝါကိုမှ အလွတ်မပေး သွေးစုပ်နွယ်ရှင်များပင် ဖြစ်တော့သည်။

“အ . . . အား . . အား . .”

မယ်ဇာအို၏ ငယ်သံပါအောင် အော်သံကြီးက ကြောက်မက်ဖွယ် ကောင်းလောက်အောင် ပေါ်လာသည်။ နွယ်ရှင်များ၏ သွေးစုပ်ခြင်းကြောင့် အချိန်အနည်းငယ်အတွင်းမှာ တစ်ကိုယ်လုံး ဖြူဖပ်ဖြူရော်ဖြစ်ကာ သေဆုံး သွားလေတော့သည်။

သွေးများကုန်သွားသောအခါမှ မယ်ဇာအို၏ အလောင်းကို ပြန်ဖြေချပြီး နွယ်ရှင်များက သူ့နေရာသို့ ပြန်တက်သွားကြသည်။



www.burmeseclassic.com

အားလုံးပြီးသွားသောအခါ ဆရာကြီး သူရဇ္ဇက နေရာမှထကာ အားလုံးကို လက်မြှောက်ပြလိုက်သည်။

လူရှိန်းများက အော်ဟစ်၍ ကောင်းချီးသြဘာ ပေးကြသည်။ ထိုအခါမှ နီမောင်၊ အောင်မင်းအောင်နှင့် ဦးမွန်ထော်တို့မှာ အသီးသီး သက်ပြင်း ချနိုင်ကြလေတော့သည်။

အမှန်တော့ ဦးဗန်ကောင်းသည် ကဝေမယ်တော်ဟု အမည်ရှိသော မယ်ဇာအိုနှင့် ပညာပြိုင်ရန်အတွက် အခြားဘာပညာမှ သုံးသည်မဟုတ်ဘဲ ပညာပြိုင်မည့်နေရာတွင် သွေးစုပ်နွယ်ရှင်များကို ကြိုတင်စိုက်ထားခြင်းဖြင့် သွေးအစိအရင်များကို အသုံးပြုလေ့ရှိသော မယ်ဇာအိုကို အနိုင်ယူလိုက်ခြင်း သာဖြစ်၏။

မယ်ဇာအိုသည် သူကြမ္မာ သူ ဖန်တီးသွားခြင်းသာဖြစ်တော့သည်။





## အခန်း (၁၇)

## နောက်ဆုံးတိုက်ပွဲနှင့် နှုတ်ဆက်ခြင်း

ပင်လယ်ပြင်တွင် ဒီရေအမြင့်ဆုံး အချိန်ဖြစ်သော လပြည့်ကျော် (၃)ရက် နေ့ ညဘက်တွင် သူတို့စက်လှေကို ပင်လယ်ထဲသို့ ပြန်ထုတ်နိုင်ကြသည်။ ထိုသို့ ထုတ်ရာတွင် လွယ်လွယ်နှင့်တော့ မရပေ။

စက်လှေဝမ်းဗိုက်အောက်သို့ ရေရောက်စေရန် မြောင်းသွယ်ခြင်း လူအားဖြင့် တွန်းချခြင်း ပြုလုပ်ရသည်။ စက်လှေ ရေထဲပြန်ရောက်သောအခါ မှ ရေဝင်သော အခြားအပေါက်များကို ထပ်မံရှာဖွေ၍ ပိတ်ရသည်၊ ပြီးမှ စန္ဒကူးသစ်များကို စက်လှေပေါ်သို့ ပြန်တင်ကြသည်၊ စက်လှေကို ရွှေကြောကြီးရှိရာ ဥတောင်၏ နောက်ဘက်ကွေ့ချိုင့်ထဲတွင်

www.burmeseclassic.com



ထားကာ လိုအပ်သော ပစ္စည်းများ ယူဆောင်ရန်အတွက် ကျွန်းပေါ်သို့ ပြန်တက်ခဲ့ကြသည်။

အခြားသူများအတွက်ကတော့ ရွှေ၊ သောက်ရေနှင့် ရိက္ခာများရနိုင်သမျှ ယူရန်ဖြစ်သော်လည်း နီမောင့်အတွက်က တော့ သူ့ဘဝအတွက် အရေးကြီးဆုံး စောမာလာကို ခေါ်ရန် အတွက်ဖြစ်သည်။

အရုဏ်တက်ခါနီး အချိန်လောက်တွင် ဟန်မပျက် ကျွန်းပေါ်သို့ ပြန်တက်ခဲ့ကြရာ ကျွန်းပေါ်သို့ ရောက်ခါမှ အခြေအနေက ရုတ်ခြည်း ပြောင်းလဲသွားလေတော့သည်။

နယ်စပ်တောင်ကြားဘက်မှ အစောင့်များ၏ အော်ဟစ် အချက်ပေးသံများ ပေါ်လာသံကြားရပြီး၊ တစ်ဆက်တည်း လူပေါင်းမြောက်မြားစွာတို့၏ ညာသံပေး အော်ဟစ်လာသံ များကို ဆူညံစွာကြားလိုက်ရသည်။

"ရန်သူတွေတော့ ဝင်လာပြီ ဘယ်လိုလုပ်ကြမလဲ"

ဦးပန်ကောင်းက မေးလိုက်သည်။

"ဒီလိုလုပ်မယ်လေ . . အခြေအနေတွေ ရှုပ်ထွေးနေ ချိန်မှာ ကျွန်တော်တို့ လိုချင်တာတွေ ဝင်ယူပြီး စုရပ်မှာ ဆုံကြမယ်"





နီမောင်က ပြောလိုက်သည်။

"စုရပ်က ဘယ်နေရာလဲ"

"ရွှေကြောကြီးနဲ့ ဒီဘက်နဲ့ စည်းခြားထားတဲ့ နေရာမှာ ပြန်စုမယ်"

"ကောင်းပြီ အချိန်မရှိဘူး၊ လုပ်စရာရှိတာ လုပ်ကြပြီး စက်လှေကို ကျွန်းက အမြန်ဆုံး ပြန်ထွက်ကြမယ်"

ဦးမွန်ထော်က ပြောလိုက်ပြီးသည်နှင့် ဦးမွန်ထော်နှင့် ပန်းထိမ်ဆရာ အဂ္ဂိက ရွှေကြောကြီးဘက် ထွက်သွားသည်။

ဦးပန်ကောင်းနှင့် အောင်မင်းအောင်တို့က သူတို့နေ ထိုင်ရာ ဂူဘက်သို့ သွားကြသည်။

နီမောင်က လှံတစ်ချောင်းကို ယူပြီး စောမာလာရှိရာသို့ ပြေးထွက်ခဲ့လေသည်။

သဝဏ်တို့ နေထိုင်သော စခန်းတစ်ဝိုက်မှာ ရန်သူများ ရောက်နေပြီး တိုက်ပွဲများပင် ဖြစ်နေလေပြီ။

သည်တစ်ကြိမ်မှာတော့ ဖန်တီလူရိုင်းများသာမက အခြားမျိုးနွယ်မှ လူရိုင်းများပင် ပါလာပြီး လူဦးရေမှာ ယခင် ကထက် များပြားလှသည်။ ဓားခုတ်သံ၊ လှံထိုးသံ၊ ဒိုင်းကာ သံများ၊ ဓားမားချင်းထိသံ၊ လှံလှံချင်းထိသံ၊ ဒိုင်းခေါက်သံများ



www.burmeseclassic.com

www.burmeseclassic.com



အပြင် အော်ဟစ်ကြိမ်မောင်းသံ၊ မာန်ဖီသံ၊ အော်ဟစ်ညည်းတွားသံများမှာ အာရုဏ်ဦး၏ မလှပသော မြင်ကွင်းအဖြစ်နှင့် တွေ့မြင် ကြားနေရသည်။

နီမောင်သည် မိမိရှေ့တွင် တွေ့ရသော ရန်သူများကို တိုက်ခိုက် ဖယ်ရှားပြီး စောမာလာရှိရာသို့ ပြေးသွားရာ ထိုနေရာတွင် လူရိုင်း အချို့ရောက်နေပြီး တိုက်ခိုက်နေသည်ကို လှမ်းမြင်ရသည်။ စောမာလာကိုယ်တိုင် ဓားတစ် လက်နှင့် ရန်သူများကို ခုခံတိုက်ခိုက်လျက်ရှိသည်။

နီမောင်က ထိုတိုက်ပွဲအတွင်းသို့ ပြေးဝင်သွားပြီး ရန်သူများကို တရမန်းကြမ်း ဝင်ရောက်တိုက်ခိုက်လေတော့သည်။

ရန်သူများက နီမောင်ကို မြင်သောအခါ "လူဖြူစစ်သည် တော်၊ လူ ဖြူစစ်သည်တော်"ဟု အချင်းချင်း အော်ဟစ်ပြော ဆိုကာ ထိုနေရာမှ ထွက်ပြေးသွားကြသည်။

"မာလာ ဒီနေရာက အမြန်ဆုံးသွားကြရအောင် ရန်သူတွေဟာ ခါချဉ် တပ်တွေထက် များတယ်၊ နောက်ပြီး အခုတောထဲမှာ ရွှေကြောစောင့်တဲ့ ခါချဉ်တပ်တွေ ဆင်းလာကုန်ပြီ၊ သူတို့က အခုအချိန်မှာ တွေ့သမျှကို ကိုက်မှာပဲ သွားကြ





ရအောင်"

ဟု ပြောကာ စောမာလာ လက်ကလေးကို ဆွဲကာ ထိုနေရာမှ အမြန်ဆုံး ပြေးထွက်ခဲ့သည်။ လမ်းတစ်လျှောက်လုံး တွေ့သမျှ ရန်သူများကို တိုက်ခိုက်ဖယ်ရှားကာ ဖောက်ထွက်ခဲ့ရလေသည်။

အမှောင်ရိပ်သမ်းနေသော တောထဲမှာတော့ မျောက်လူများ နှင့် ဖန်တီ လူရိုင်းများ၏ တိုက်ပွဲများ၊

ထို့ထက်ဆိုးသည်က သစ်ပင်များပေါ်မှ သော်လည်းကောင်း၊ သစ်ရွက် သစ်ခေါင်းများထဲမှ သော်လည်းကောင်း၊ မြေတွင်းကျင်းများထဲမှ ထွက်လာသော ခါချဉ်များမှာ တောတစ်တောလုံး မည်းမှောင်နေပြီး တွေ့သမျှ လူများကို ဝိုင်းအုံတိုက်ခိုက်နေတော့သည်။

လူတစ်ယောက်ကို တိုက်ခိုက်တော့မည်ဆိုလျှင် ခါချဉ်များက တစ်ကိုယ်လုံး လူလုံးမမြင်ရအောင် ဖက်တွယ်တိုက်ခိုက်ကြရာ လူမည်းကြီး များအသွင် မြင်နေရသည်။ ဖန်တီလူရိုင်းများမှာ လူလူချင်းတိုက်ခိုက်ရာတွင် အကြောင်းမဟုတ်လှသော်လည်း ခါချဉ်များ ရန်ကို ကာကွယ်ရန်အတွက်ကတော့ ၎င်းတို့တွင် ပါလာသော ဓားလှံလက်နက်



www.burmeseclassic.com

www.burmeseclassic.com



များက ဘယ်လိုမှ အသုံး မကျပေ။

သို့ကြောင့် ခါချဉ်နက်များ၏ ဝိုင်းဝန်းတိုက်ခိုက်မှုကို အလူးအလဲခံနေကြရသည်။ အချို့ဆိုရင် ကြည့်နေရင်း မျက်စိအောက်မှာပင် မြေပေါ်သို့ ဘိုင်းခနဲ ပစ်လဲကာ အသက်ပျောက်သွားကြလေသည်။ နီမောင်နှင့် စောမာလာ နယ်ခြားစည်းနားကို ရောက်သွားသောအခါ ဦးဗန်ကောင်း၊ အောင်မင်းအောင်၊ ဦးမွန်ထော်နှင့် ပန်းထိမ်ဆရာ အင်္ဂါတို့ ရောက်နေကြပြီး . . .။

"အားလုံး ရောက်ပြီလား၊ သွားကြရအောင်"

နီမောင်က ပြောလိုက်သည်။

"မရတော့ဘူး တို့ထွက်ပေါက်ပိတ်သွားပြီ နီမောင်၊ ဟိုမှာလည်း လှမ်းကြည့်လိုက်ပါဦး"

ဦးဗန်ကောင်း ပြသဖြင့် ကြည့်လိုက်သောအခါ သူတို့အားလုံး၏ ထွက်ပေါက်ဖြစ်သော ရွှေကြောကြီးဆီသို့ သွားရာလမ်းနှင့် လွင်ပြင်တစ်ခုလုံး အနက်ရောင်လွင်ပြင်ကြီး ဖြစ်နေလေတော့သည်။

ခါချဉ်နက်များသည် ၎င်းတို့ စောင့်ရှောက်ရသော ရွှေကြောကြီးကို ကာကွယ်ရန်အတွက် အားလုံးနေရာယူကြ





လေပြီ . . .၊

"ဘယ်လိုလုပ်မလဲ တခြားလမ်းက သွားလို့လည်း မရတော့ဘူး"

"ဟုတ်တယ် တို့ စက်လှေက ဒီရွှေကြောကြီးနောက်မှာ ထားတာဆို တော့ ဒီနေရာက ဖြတ်မှ ရတော့မယ် . ."

"ဒီနေရာက သွားမရတော့ဘဲ လူရိုင်းတွေဘက်က ဖောက်ထွက်ကြတာပေါ့"

"အဲဒါဆိုရင် ကျုပ်တို့အားလုံး စက်လှေဆီပြန်ရောက်ဖို့ မသေချာတော့ဘူး၊ ဘာကြောင့်လဲဆိုတော့ ရန်သူလူရိုင်းတွေက အတော်များတယ်"

"ဒါဖြင့် အမြန်စဉ်းစားကြပါဦး၊ တော်ကြာ ရန်သူတွေ ဒီနားရောက်လာရင် အားလုံး ခက်ကုန်ကြလိမ့်မယ် . . ."

ထိုသို့ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြစဉ် စောမာလာက ဤသို့ အကြံပေးလေသည်။

"ကျွန်မကြည့်တော့၊ ဒီမှာရှိတဲ့ လူအားလုံးဟာ ရွှေကြောကြီးဆီကို ဝင်ထွက်သွားလာခွင့်ရှိတဲ့ လူတွေချည်းဆိုတာ သိရတယ် . ."

ထိုအခါမှ ဆရာကြီး သူရဋ္ဌနှင့် အောင်မင်းအောင်



www.burmeseclassic.com

www.burmeseclassic.com



တို့သည်လည်းကောင်း၊ ပန်းထိမ်ဆရာ အဂ္ဂိနှင့် ဦးမွန်ထော်တို့သည်လည်းကောင်း၊ နီမောင်နှင့် စောမာလာတို့သည်လည်းကောင်း စည်းခြားထားသော နယ်နိမိတ်ကို ကျော်ပြီးဝင်နိုင်ထွက်နိုင်သူများဖြစ်ကြောင်း သတိရကြလေသည်။

သို့စေကာမူ . . .

ယခင် သာမန်အချိန်က ၎င်းတို့ကို ဝင်ထွက်ခွင့်ပေးထားသော်လည်း ယခုလို ရန်သူများ ရောက်လာသော အချိန်တွင် ယခင်ကလို ဝင်ထွက်ခွင့် ပေးပါတော့မည်လားဟု စဉ်းစားစရာတော့ရှိသည်။

သို့သော် . . .၊

အခြားရွေးချယ်စရာ လမ်းကလည်း မရှိတော့ပေ . .၊

သည်လမ်းကပင် အရဲစွန့်၍ ဖြတ်သန်းကြရပေတော့မည်။ ထို့နောက်တွင် စောမာလာ အကြံပေးသည့်အတိုင်း ခါချဉ်များကို အစာကျွေးသော သစ်သီးခြောက်များကို နိုင်သလောက် သွားသယ်လာခဲ့ကြသည်။ ထိုအချိန်မှာပင် ရန်သူများ၏ အသံများက ရွှေကြောရှိရာဘက်သို့ တဖြည်းဖြည်းနီးကပ်လာလေပြီ။

သစ်သီးခြောက်များ ယူလာပြီး စည်းနားသို့ အသီးသီး





ပြန်ရောက်သောအခါ စောမာလာက . . .၊

"ကျွန်မတို့ တစ်စုတစ်ဝေးတည်း ဖြတ်ရင် သူတို့က တမျိုးထင်ပြီး ရန်မူနိုင်တယ်၊ ဒါကြောင့် ခါတိုင်းလိုပဲ နှစ်ယောက်တတွဲဖြတ်ကြမယ်၊ တစ်တွဲ ဟိုဘက်ရောက်မှ နောက်တစ်တွဲက ဖြတ်မယ်၊ ဖြတ်တဲ့အခါမှာ သူတို့သဘော တူရင် လူသွားဖို့ လမ်းဖယ်ပေးလိမ့်မယ်၊ လမ်းပိတ်ထားရင် ရှေ့ဆက်မတိုးနဲ့၊ နောက်ကိုသာပြန်လှည့်ခဲ့ကြ၊ သူတို့ လမ်း ဖယ်ပေးရင် ပါလာတဲ့ အစာလေးတွေကို ချကျွေးသွားပေတော့ ကျွန်မပြောတာ ကြားကြလား"

"ကြားပါတယ်"

"ကဲ . . ဒါဖြင့် ဘယ်သူ အရင်ဖြတ်မလဲ"

သူအရင်ဖြတ်၊ ငါအရင်ဖြတ်နှင့် ငြင်းနေပြီးမှ ဆရာကြီးသူရဲ့နှင့် အောင်မင်းအောင်တို့အတွဲ အရင်ဖြတ်ရန်မဲကျသည်။ ဖြတ်ခါနီးသောအခါ စောမာလာက ၎င်းဆီမှာ အမြဲဆောင်ထားသော အစာကျွေးခါနီးတွင် မှုတ်သော ပလွေလေးကို ထုတ်ကာ မှုတ်လေသည်။ ထိုပလွေသံကြားသောအခါ ခါချဉ်နက်ကြီးများက တညီတညွတ်တည်း သည်ဘက်သို့ ခေါင်းလှည့်ကြည့်ကြလေသည်။



BURMESE CLASSIC .com
www.burmeseclassic.com

ဦးဖန်ကောင်းနှင့် အောင်မင်းအောင်တို့ စည်းရိုးကို ကျော်လိုက်တော့ ခါချဉ်တွေက မော့ကြည့်သည်။ လမ်းဖယ် မပေးဘဲ အတန်ကြာအောင် ကြည့်နေသည်။

ဦးဖန်ကောင်းတို့ နှစ်ယောက်ကလည်း ရှေ့သို့ ဆက် မတိုးဝံ့ကြပေ။ အခြေအနေသည် မိမိတို့ထင်သလိုမှ ဖြစ်ပါ့မလား ဟု စဉ်းစားနေကြသည်။ အတန်ကြာသောအခါမှ ခါချဉ်များ က လူတစ်ယောက်သွားသာရုံ လမ်းဖယ် ပေးလိုက်ကြသည်။

သည်တော့မှ ဦးဖန်ကောင်းနှင့် အောင်မင်းအောင်တို့ ရော သည်ဘက်မှ လှမ်းကြည့်နေကြသူများပါ သက်ပြင်းချနိုင် ကြတော့သည်။

ဦးဖန်ကောင်းတို့က ခါချဉ်များ ဖယ်ပေးသော လမ်း အတိုင်း ရှေ့ဆက် သွားပြီး အစာလေးများ ချကျွေးသွားသည်။

သူတို့ လျှောက်သွားပြီးသည်နှင့် နောက်ဘက်မှာ အမည်းပြင်ကြီး ပြန်ဖြစ်သွားသည်။ ခါချဉ်များက သူတို့နှစ် ယောက်သွားသာရုံလမ်းကလေးသာ ဖယ်ပေးနေကြခြင်းဖြစ်သည်။

ထိုသို့ သွားနေရင်းမှ ရှေ့ရောနောက်ပါ ညပ်ပိတ်လိုက် ရင်တော့ ဘယ်လိုမှ လွတ်လမ်းမရှိတော့ကြောင်း သတိရမိ သဖြင့် နှစ်ယောက်သား အသက်မရှူဝံ့အောင် ထိတ်လန့်





ကြောက်ရွံ့နေမိသည်။

သူတို့သတိထားမိသည်မှာ ခါချဉ်များက သူတို့ကို သည်အတိုင်း လမ်းဖယ်ပေးခြင်းမဟုတ်ဘဲ ကျန်ခဲ့သည့် အကောင်က ခေါင်းချင်းတော့ပြီး သတင်း ပို့လိုက်တော့မှ သည် ဘက်မှ ခါချဉ်များက လမ်းဖွင့်ပေးလိုက်ခြင်းဖြစ်၏။

သဘာဝက အတော်ကို ဆန်းကြယ်လှပေသည်။

ဤနည်းအားဖြင့် ဦးဖန်ကောင်းနှင့် အောင်မင်းအောင် တို့ တစ်ဖက်သို့ ရောက်သွားကြသည်။

သူတို့ပြီးတော့ ပန်းထိမ်ဆရာ အဂ္ဂနှင့် ဦးမွန်ထော် တို့ဖြတ်သွားကြသည်။

သူတို့လည်း အခက်အခဲမရှိ တစ်ဖက်ရောက်အောင် ဖြတ်သွားနိုင်ကြသည်။ ပန်းထိမ်ဆရာနှင့် ဦးမွန်ထော်တို့ ဖြတ် နေစဉ်မှာပင် တောတွင်းမှ လူရိုင်းများ၏ အော်ဟစ် ဆူညံ သံများက အတော်နီးကပ်လာချေပြီ။ နီမောင်တို့မှာ ရင်တမမ နှင့် မိမိတို့ အလှည့်ကို စောင့်နေရသည်။ ဦးမွန်ထော်တို့လည်း တစ်ဖက်သို့ ချောချောမောမောရောက်သွားကြသည်။

နီမောင်တို့ အလှည့်ရောက်သောအခါ သူတို့နှစ် ယောက် စည်းကျော် ဝင်လိုက်သည်နှင့် ခါတိုင်း အစာကျွေးလျှင်

www.burmeseclassic.com



ရှေ့ဆုံးမှ လာရောက်စားလေ့ရှိသော ခါချဉ်ခေါင်းဆောင်ကြီးများ ရောက်လာသည်။ ထို့နောက် သူတို့ ဖယ်ပေးသော လမ်းမှ တဖြည်းဖြည်း လျှောက်သွားစဉ် နယ်ခြားစည်းသို့ လူရိုင်းများ ရောက်လာလေတော့သည်။

သူတို့သည် နီမောင်တို့ကို လှမ်းမြင်သောအခါ အချင်းချင်း အော်ဟစ် ပြောဆိုခါ လှံများ၊ မြားများနှင့် လှမ်းပစ်ကြသည်။ မဝေးလှသေးသောကြောင့် ပစ်လိုက်သော လှံများ၊ မြားများက သူတို့ဆီရောက်လာလေရာ နီမောင်က စောမာလာကို ကွယ်ထားရင်း လက်ထဲမှ ဓားဖြင့်သော်လည်းကောင်း ဒိုင်းဖြင့်သော်လည်းကောင်း ကာကွယ်နေရသည်။

သို့သော် မြားများက မိုးသီးမိုးပေါက်များပမာ ကျလာသဖြင့် မိမိ ဒိုင်းတစ်ခုတည်းဖြင့် ကာကွယ်၍မှ ရနိုင်ပါ့မလား ဟု တွေးပူလိုက်မိသည်။

ထိုအချိန်တွင် နယ်ခြားအစပ်တွင် ရောက်နေသော လူရိုင်းများရှိရာသို့ ခါချဉ်ကြီးများ တက်သွားသည်ကို လှမ်းမြင်နေရပြီး မကြာမီ မြားများ ကျဆင်းလာမှုများ တဖြည်းဖြည်း နည်းသွားသည်။

ထိုအခါမှ တစ်ဖက်သို့ ရောက်အောင် တဖြည်းဖြည်း





ဆက်သွားရသည်။ ထိုသို့ သွားနေရင်းမှ တစ်ဖက်နယ်ခြားအစပ်တွင် ရွှေကြောကြီးဆီသို့ လာရန် ဆင်းလာသော လူရိုင်းများမှာ ခါချဉ်ကောင်များအောက်သို့ ရောက်သွားကာ မည်းမည်းလုံးကြီးအဖြစ် မြင်နေရပြီး ပျောက်သွားကြသည်ကို တွေ့လိုက်ကြရသည်။ လူရိုင်းများသည် ရွှေကြောကြီးရှိရာသို့ ဆင်းလာလိုက် လမ်းခုလတ်မှာတင် အရိုးတခြား အသားတခြားဖြစ်ကာ ပျောက်ကွယ်သွား လိုက်နှင့် ဖြစ်နေတော့သည်။

ဤသို့ဖြင့် နီမောင်တို့ တစ်ဖက်တောင်ခြေသို့ ရောက်သွားသည်။ ထိုသို့ ရောက်ပြီး တစ်ဖက်စည်းနားမှ အခြေအနေကို မျှော်ကြည့်နေကြစဉ် ခါချဉ်ကြီးများက သူတို့နှစ်ယောက်ကိုယ်ပေါ်သို့ ဖက်တက်လာတော့သည်။ နှစ်ယောက်သား မည်သို့မှ မလှုပ်သာတော့ဘဲ မျက်စိမှိတ်ကာ ငြိမ်နေလိုက်ရတော့သည်။

စိတ်ထဲမှာတော့ ကြောက်ရွံ့စိတ်ကြောင့် အသက်မရှူမိအောင် ဖြစ်နေသည်။ ခါချဉ်နက်ကြီးများက သူတို့ တစ်ကိုယ်လုံးကို ပြည့်နေအောင် တက်လာကြသော်လည်း တစ်စုံတစ်ရာ အန္တရာယ်ပေးခြင်းမရှိကြပေ။ သူတို့၏ ဦးခေါင်းများဖြင့် ဆိတ့်ေနှုတ်ဆက်ပြီးလျှင် အောက်သို့ ပြန်ဆင်းသွားကြသည်။ အတန် ကြာသည်အထိ ဤသို့ နှုတ်ဆက်ကြ ပြီးမှ အားလုံး



www.burmeseclassic.com

ဆင်းသွားလေတော့သည်။

ထိုအခါမှ နှစ်ယောက်သား သက်ပြင်းချနိုင်တော့သည်။

နောက်ဘက်မှာတော့ တောတွင်းတိုက်ပွဲများမှ အော်ဟစ် ဆူညံသံများကို ကြားနေရသလို စည်းကိုကျော်ပြီး ရွှေကြောကြီးရှိရာသို့ လာရန် ကြိုးစားနေကြသော လူရိုင်းများနှင့် လူသားစားခါချဉ်နက်ကြီးများ၏ တိုက်ပွဲကလည်း ကြောက်ဖွယ်လီလီ လှမ်းမြင်နေရသည်။ သူတို့တစ်တွေ ရွှေကြောကြီးရှိရာ တောင်ကြီးကို ကျော်ပြီး ပင်လယ်ဖက်သို့ ဆင်းကြသည်။

ထိုသို့ ကျော်ဆင်းနေကြစဉ်မှာ သူတို့စိတ်ထဲမှာ သူတို့၏ မိတ်ဆွေ ခါချဉ်နက်များ စောင့်ရှောက်လျက်ရှိသော ရွှေကြောကြီးမှ ရွှေများကို ယူရန် လုံးဝ ဆန္ဒမရှိကြပေ . . .။

တောင်ကြောကို ကျော်ပြီး ချောက်ကမ်းပါးမှ ဆင်းလိုက်သောအခါ သူတို့ အသင့်ဆိုက်ကပ်ထားသော စက်လှေရှိရာသို့ ရောက်ကြလေသည်။

ထိုအခါမှ စောမာလာမှာ နီမောင်ပြောခဲ့သည့်အတိုင်း သူမကို တစ်ခါတည်း ခေါ်သွားတော့မည်ဖြစ်ကြောင်း ရိပ်မိသည်နှင့် မျက်ရည်များ ဖြိုင်ဖြိုင် ကျကာ ဝမ်းနည်းစွာ ငိုကြွေး





လေတော့သည်။

ထိုအခါမှ နီမောင်က ဖျောင်းဖျပြောဆိုပြီးခေါ်မှ စက်လှေထဲသို့ ဆင်း လိုက်ခဲ့သည်။

အားလုံး စက်လှေထဲရောက်သည်နှင့် ဦးဗန်ကောင်းနှင့် အောင်မင်းအောင်တို့က စက်လှေ၏ စက်ကို ကောင်းစွာ နှိုးနိုင်ကြပြီး၊ ဦးမွန်ထော်က တက်မ,ကိုင်ကာ ကမ်းခြေမှ စတင်ထွက်ခွာကြသည်။

ယခုအခါ ပင်လယ်ပြင်မှာ ရာသီဥတုအခြေအနေကောင်းပြီး ရေကြောင်း လေကြောင်း သင့်သဖြင့် အခက်အခဲမရှိ ထွက်နိုင်ခဲ့ကြသည်။ သူတို့စက်လှေ ပင်လယ်ထဲ ရောက်လာတော့ ရွှေကြောကြီးရှိရာ တောင်ကြီး တစ်ခုလုံး ခါချဉ်ကောင်များဖြင့် မည်းနက်နေသည်ကို လှမ်းမြင်ရသဖြင့် အားလုံး စိတ်မကောင်း ဖြစ်ကြရသည်။

နီမောင်ရင်ထဲမှာလည်း သူ၏ အရင်းနှီးဆုံး မိတ်ဆွေများကဲ့သို့ ဖြစ်နေသော ခါချဉ်နက်များကို ကြည့်ပြီး စိတ်မကောင်းဖြစ်ရသည်။ အဆိုးဆုံးကတော့ စောမာလာ ဖြစ်သည်။

သူမသည် ထိုအဖြစ်အပျက်များကို လှမ်းမျှော်ကြည့်ရင်း မျက်ရည် မဆည်နိုင်အောင် ဖြစ်နေတော့သည်။

www:burmeseclassic.com



အဂ္ဂိ ဦးဗန်ကောင်း၊ ဦးမွန်ထော်၊ စာရေးဆရာ အောင်မင်းအောင်တို့ ကတော့ မိမိတို့ နေရပ်သို့ ပြန်နိုင်ပြီမို့ ဝမ်းသာနေကြသည်။ နီမောင်အတွက်လည်း ဝမ်းသာစရာ ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် . . .၊

မိမိနေရပ်သို့ ပြန်ချိန်တွင် မိမိချစ်ရသော စောမာလာပါ ခေါ်လာနိုင်သောကြောင့် ဖြစ်ပေသည်။

စက်လှေကလေးမှာ မျောက်လူတို့နေထိုင်ရာ၊ အဖိုးတန် ရွှေကြောကြီး ရှိရာ ထူးဆန်းသော ရွှေကြောစောင့် ခါချဉ်နက်များရှိရာ ကျွန်းကလေးနှင့် တဖြည်းဖြည်း ဝေးလာခဲ့ရာတွင် ကျွန်ုပ်ရေးသားသော ဤ (သိဂီပါလ သံယောဇဉ်) အမည်ရှိ ဂမ္ဘီရ ဆန်းကြယ် ဝတ္ထုကြီးမှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပါပြီ ဖြစ်ပေတော့သတည်း။ ။

အနိစ္စယော ဟောတု သုခီ အတ္တာနံပရိဟာရတု

(ကြီစက္က)

စာပြီးချိန်

၂၀၀၄ ခုနှစ်၊ ဇူလိုင်လ (၂၇)ရက် အင်္ဂါနေ့

နေ့လယ် ၄း၅၀ နာရီ။

BURMESE CLASSIC .com



www.burmeseclassic.com